www.burmeseclassic.com

တကယ့်ဖြစ်ရပ်

# ရှုခင်း

မဂ္ဂဇင်း

2014 APRIL



ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
ရှာဖော်ချင်ရင် .....

ရွှေမြန်မာ®
အမှတ်တံဆိပ်

SHWE MYANMAR

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

အမှတ်(၁၁၅) ဗညားဒလလမ်း (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ Ph:

www.burmeseclassic.com

www.burmeseclassic.com

# အယ်ဒီတာချုပ်၏ အမှာစကား

တကယ့်ဖြစ်ရပ်မှန်းဂျာနယ်သည် ပြည်သူလူထုအား မှန်းအသိပညာပေးမှုကို အထူးပြုရည်ရွယ်ခဲ့သည့်အပြင် မှန်းဖော်ထုတ်နေသော အမှုစစ်ရဲအရာရှိများအနေဖြင့် မှန်းဖော်ထုတ်ရာတွင် အတွေ့အခေါ်နှင့် ဆက်စပ်၍ လက်တွေ့နယ်ပယ်၌ အသုံးချနိုင်စေရန် ရည်ရွယ်ပါသည်။

တကယ့်ဖြစ်ရပ်မှန်းမဂ္ဂဇင်း၏ အယ်ဒီတာအဖွဲ့တွင် ဘဝ အတွေ့အကြုံများပြားသော နိုင်ငံဝန်ထမ်းဟောင်း အငြိမ်းစားများ ပါဝင်သလို ပညာရေးနယ်ပယ်တွင် ကျောင်းသူ၊ ကျောင်းသားများနှင့် အမြဲထိတွေ့နေသည့် နာမည်ကြီးကျူရှင်ဆရာ၊ ပညာရှင်များလည်းပါဝင်ပါသည်။

BURMESE CLASSIC .com

နယ်ပယ်စုံမှ ပညာရှင်များ၏ စုပေါင်းအားထုတ်မှုဖြင့် ထုတ်ဝေသော တကယ့်ဖြစ်ရပ်မှန်းမဂ္ဂဇင်းသည် လူတိုင်း မှန်းအသိပညာတိုးပွားစေရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းတွင် ပူးပေါင်းပါဝင်စေရေး၊ အိမ်နီးချင်း စောင့်ရှောက်မှုစနစ်ဖြင့် မှန်းကြိုတင်ကာကွယ်ရေး၊ နှိမ်နင်းရေး ဖော်ထုတ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူလူထု ဘက်မှ ပါဝင်တာဝန်ယူနိုင်ခွင့်ရှိသည်များကို သိရှိစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။

တကယ့်ဖြစ်ရပ်မှန်းမဂ္ဂဇင်းသည် ပြည်သူ့မေတ္တာကို ခံယူ၍ ပြည်သူလူထု၏လက်ခံအားပေးမှုဖြင့် ရှေ့ခရီးကို လျှောက်လှမ်းရန် ကြိုးပမ်းအား ထုတ်နေသည်ဖြစ်၍ မည်သူမဆိုလိုအပ်ချက်များကို အကြံပြုနိုင်ကြောင်း လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။

အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

မဂ္ဂဇင်း 2014

APRIL

အတွဲ(၁)၊ အမှတ်(၇)

နာယက - လင်းထက်ကျော်
ညီမြင်းလှိုင်

အယ်ဒီတာချုပ် - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်



ချစ်သူငြိမ်းစုံ
ဓာတ်ပုံ မင်းကို(FM)

ထုတ်ဝေသူ
ဦးအောင်လွင်(ယာယီ/၂၀၈၃)
ပုံနှိပ်သူ
သိန်းသန်းဦးပုံနှိပ်တိုက်
ဒီဇိုင်းအပြင်အဆင်
Min Group
ကွန်ပျူတာစာစီ
နေမျိုးအောင်
ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)

ဖြန့်ချိရေး - အမှတ်(၉၇)၊ မြေညီထပ်(ဝဲ)၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၁ ၃၈၅၃၆၉၊ ၀၉ ၄၅၂၉၄၂၁၈

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# CONTENTS

## APRIL 2014



BURMESE CLASSIC .com

### ကဗျာ

စိုးကိုကို(လေးမျက်နှာ)၊
မာန်အောင်မင်းနီ၊
မိုးသောက်ကြယ်(မြို့သစ်)၊
ရဲဝဏ္ဏ၊
ခက်လှိုင်းကျော်၊
နေရဲချို၊
မန်းစံရွှေ၊
မြတ်နိုးသု(တမာမြေ)


### ကာတွန်း

သူရိန်၊
မောင်တင်ယု၊
စောဟန်၊
ရွှေကိုဦး၊
ပေါက်ကျိုင်း၊
စိန်ထွန်းထွန်း၊
အောင်ချမ်းမြေ့(မင်းဘူး)၊
မိုးမြင့်သူ



www.burmeseclassic.com

www.burmeseclassic.com




ဆောင်းပါး

ညွှန့်ဟံ(ကြူတော)
စာရိုက္ခပျက်ယွင်း မှုခင်းဂဟေဆက် ၂၃

ရွှေကိုဘာမထီခင်အောင်
လူသတ်ဖူးသည့် ရာဇဝတ်အုပ်က ၁၂၈
လူသတ်သမားကို အမှုစစ်ခဲ့စဉ်က

ဘာသာပြန်

လှျမ်းထက်
ကိုလိုနီခေတ် ၇၁
အရေးအခင်းကြီးများ

လှမိုး(ပညာရေး)
ဂျပန်ခေတ် ၉၂
ရန်ကုန်အကျဉ်းထောင်မှ ငရဲခန်းများ

တစ်မျက်နှာဝတ္ထု

အိမ့်(ရှုပဗေဒ)
သကြံန်ခုတုံး ၂၇

ရုပ်ရှင်မိတ်ဆက်

ဦးဝင်းမြိုင်(သရုပ်ဆောင်)
ငြိုးသူ့ချစ်ခြင်း ၈၄

တစ်ခန်းရပ်ဟာသ

ထက်ထက်(ဟာသ) ၁၁၇

ပေဒင်
ဝေဒသုတေသီတစ်ဦး

သတင်း
နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း




www.burmeseclassic.com

www.burmeseclassic.com



## မှုခင်းဝတ္ထုတို



| | | |
|---|---|---|
| နွေအလွန် | အတ္တကင်းတဲ့သကြန် | ၂၈ |
| သန့်မြင့်ဦး | သေသူ့ဗိညာဉ် | ၄၅ |
| ထက်ထက်ဦးဝေ | လွမ်းစေအောင် ဖန်တီးလေသလား | ၅၀ |
| ကြယ်စင်အောင် | ပြေးပြေးလွှားလွှား အတွေးတဒင်္ဂလေးများ | ၇၇ |
| ခင်ဦး(ပုတီးကုန်း) | သတိလက်လွတ်ငှက်တောင်ကျွတ် | ၁၀၀ |
| ထွန်းဆိုင်မြအောက် | တံခါးပေါက် | ၁၀၆ |
| မြမြလှိုင် | ဝန်ဆောင်မှုပေးချင်သည် | ၁၂၁ |
| ခင်လုံးလေး(ဓာတု) | တဒင်္ဂ .. ထာဝရ | ၁၃၂ |
| တိုးမြင့် | မေတ္တာရှင်ကို ကြင်နာသော်လည်း | ၁၄၂ |
| မောင်သာမန်(ဗီကုန်း) | ရထာနှာ | ၁၅၆ |
| မြင့်လွန်းမယ် | ဧတန်ရဲ့ အပ်တစ်စင်း | ၁၆၄ |


www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်သီစေချင်



❁ နွေမကြောက်တဲ့ ရွှေပိတောက်
အတာရောက်မှ ဂုဏ်မောက်ပါလို့
မထောက်မညှာ ပြောရက်တယ်
သူ့ကိုကွယ် မျှော်ပါနဲ့တဲ့။
❁ မိုးနတ်ရှင် ရေစင်ဖျန်းပါမှ
လောကမြေတစ်ခွင် ထိန်လျှံတောက်
ရွှေရောင်ပေါက်နိုင်မယ်တဲ့
မာနကြွယ် သူ့စကား။
❁ သင်္ကြန်ခါနဲ့ ပိတောက်ဝါ
လိုက်ဖက်စွာ တူယှဉ်တွဲလို့
နွဲ့ပျော်ခဲ့ နှစ်စဉ်သာ
မာန်ဝင်ချင်စမ်းပါနဲ့
ပွင့်လန်းဖြာ ရနံ့သင်းစေဖို့
ငွေမိုးတွေ ရွာပါလျက်ကယ်နှင့်
ပျက်ကွက်ကာ မရောက်လာလျှင်ဖြင့်
နောင်နှစ်ခါ တာရေပွဲမှာ
လာလေနဲ့တော့ ပိတောက်ရေ
မင်းကိုလေ အတာပန်းရယ်လို့ ချစ်စိတ်များ
သေခန်းဖြတ်ထားလိုက်မယ်
(ကွယ်) သိအပ်စေသား။ ။


စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# ပိတောက်ပန်းသို့ နွေမှာတမ်း



- မြစိမ်းညှာတံ၊ အလှဖန်၍
ဝသန်မိုးကို၊ လှမ်းလင့်ကြိုလျက်
"နွေ"ကိုမုန်းမိ၊ ရင်ခုန်ကြည့်သော
ပီတိရှင်မြူး၊ "ပိတောက်ဖူး"ကို
ချစ်ဦးမှာထား၊ "နွေ"ပြောကြားသည်
စိမ်းကားပါနဲ့ "ပိတောက်"ရယ်။
- သကြ်န်လက်ဆော၊ မိုးအေးအေးနဲ့
ချစ်ရေးဖော်ကျူး၊ လတန်ခူးမှာ
ဖူးပွင့်ကြိုင်လှောက်၊ "နေ"မကြောက်ဘဲ
"ပိတောက်"နှင့်"နွေ"၊ မေတ္တာဝေလျက်
ချစ်ရေပက်ဖျန်း၊ ဝါထိန်လန်းခဲ့
ချစ်ကျွမ်းငယ်ပေါင်း၊ "နွေ"အကြောင်းကို
ပြန်ပြောင်းတမ်းတ၊ လွမ်းဆွေးရ၍
နောင်တ မရပါစေနဲ့။
- ဩော်.....ငယ်ကချစ်ရ၊ "နွေ"ဘဝကို
မုန်းဆတမ်းတ၊ မေ့မရ၍
နွမ်းလျမောပန်း၊ မလန်းဆန်းဘဲ
ပန်းလည်းမဝေ၊ မိုးရက်တွေမှာ
ညှိုးနေမျက်နှာ၊ ကြုံရမှာကို
သစ္စာ"နွေ"က၊ ခွန်းခြွေသသည်
နှမ"ပိတောက်"၊ ခဏလောက်တော့
ထောက်ထားစဉ်းစားစေချင်တယ်။ ။

မာန်အောင်မင်းနိ


www.burmeseclassic.com

www.burmeseclassic.com



## ခစားပါရစေ

- မျက်စိကိုမှိတ်
ငါ့မှာအိပ်ကာ
ကျိတ်၍ဒီမှာ
လွမ်းလို့ပါ။
- ကျမျက်ရည်လည်း
ချောင်းဖြစ်ဆဲမို့
သည်းသည်းစိမ့်စိမ့်
မိုးစက်လိမ့်သို့
အိပ်၍ဘယ်သို့ရပါနိုင်။
- အမှောင်ဒီလမ်း
ငရဲပန်းခက်
ဆင်မြန်းဆဲမို့။
- ရက်စက်ပါလေ
မေလိုရာစေ
သွေးမဖည့်ကာ
အနားသာပ
ခစားပါရစေ။



မိုးသောက်ကြယ် (မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com





## ယုန်ထောင်ကြောင်မိ

❁ သူခိုး သူခိုး၊ ဟစ်အော်နိုး
သူခိုးဖမ်းရန်၊ ဝိုင်းကာရံ
အားမာန်အသင့်၊ နားကိုစွင့်
ရဲနှင့်ပြည်သူ၊ လက်တွဲကူ
ရန်သူခပင်း၊ တူဖြေရှင်း။

❁ ပစ္စည်းအပျောက်၊ စာရင်းကောက်
မထောက်မညှာ၊ လိမ်လည်ကာ
လွန်စွာစိတ်ယုတ်၊ အမြုတ်ထုတ်
အရှုပ်စာရင်း၊ အပြတ်ရှင်း
လွတ်ကင်းပိုင်ပြီ၊ တန်းချစီ
ပျောက်သည့်အပြ၊ တစ်ခဏ
သူခိုးထကာ၊ ထွက်၍လာ။

❁ ကလေးငါးယောက် ဝမ်းကခြောက်
မပျောက်ရောဂါ၊ လွန်ချူချာ
ခမျာဆင်းရဲ၊ တွင်းနက်နဲ့
အသည်းစူးနစ်၊ အတွေးသစ်
မဖြစ်ဝမ်းစာ၊ ခိုးရရှာ
ဖမ်းပါလူမိုက်၊ ဝမ်းနည်းရှိုက်
နှိမ့်မှုန့်နှစ်ဘူး၊ လက်မှာပိုက်။

❁ သူခိုးကိုဖမ်း၊ ဆိုင်ဝန်ထမ်း
မှန်းချက်မကိုက်၊ ယုန်ထောင်ပိုက်
တိုက်ရိုက်တိုးဝင်၊ စည်းဘောင်ပြင်
ဆင်ခြင်ကင်းမဲ့၊ လမ်းလွဲခဲ့
နှောင်ဖွဲ့ခံရပါတကား။ ။

ရဲဝဏ္ဏ

www.burmeseclassic.com


www.burmeseclassic.com



## သူဌေးဖြစ် ခွေးဖြစ်

▲ သားရေပေါ်အိပ်
သားရေနှားစားမှ
သုနကွတဲ့လား။
▲ အမြီးကောက် ကျည်တောက်စွပ်
ချွတ်လိုက်တိုင်း ပြန့်ကွေးမှ
သုနကွတဲ့လား။
▲ တစ်သက်လုံးပဲခုန်ခုန်
ဖုန်မထလေမှ
သုနကွတဲ့လား။
▲ သူ့ကောင်းစားချိန် တစ်မနက်
မွန်းတည့်ချိန် ဘဝပျက်မှ
သုနကွတဲ့လား။
▲ အသက်ကြီးမှ အတတ်သင်
လက်ကိုင် မပေးတတ်မှ
သုနကွတဲ့လား။
အစိုင်အကဲကို ဆန်းစစ်
ခွေးဖြစ်နိုင်တဲ့ သတ်မှတ်ချက်
ဒီထက်မက ရှိသေးတယ်။
▲ သူဌေးဖြစ်လမ်း မသိတောင်
ခွေးဖြစ်လမ်းတော့ ကြည့်ရှောင်။ ။

ခက်လှိုင်းကျော်




www.burmeseclassic.com

www.burmeseclassic.com



## မနုဿဗေဒ



- အနာဂတ်ကို
  အပိုင်းပိုင်း အပြတ်ပြတ်
  လှီးဖြတ်စားသောက်နေလိုက်ကြတာ။
- ရှေ့သို့ဆိုတာမရှိ
  နေ့ဖို့ညစာလောက်ပဲ ရတဲ့လူတွေ
  သေရင်ပက်လက် နတ်ပြည်ပဲတက်မလား
  ဇနီးမယား သမီးသား
  မီးပွားတွေ ချန်ရစ်ပြီး
  လောင်တိုက်ပဲသွင်းပစ်မလား။
- စကြဝဠာအရှည်ကို
  အိုင်ကျူ တိုင်ထူနည်းနဲ့လက်ချိုး
  ဉာဏ်ပေကြိုးမမီလို့ ခက်တယ်ပဲထား။
- တည်ဆဲသက်ရောက်
  မျိုးဆက်အရှည်လောက်တော့ တိုင်းတာ
  လူတိုင်းမှာ နီတိဘာသာရှိတယ် သူငယ်ချင်း။ ။

**နေရဲချို**


www.burmeseclassic.com

www.burmeseclassic.com



# သံသရာခရီးသည်တွေ

❑ လူဆိုတာဟာ
အပြန်တစ်ရာမပြီးတဲ့
သံသရာခရီးသည်လို့တော့ ဆိုကြပါရဲ့။



❑ ဒီမနက်စောစောထပြီးလေ
လောကကြီးကို ကျောခိုင်းသူအတွက်
ရက်လည်တရားနာ သွားရပါပေါ့
အမျှဝေ သာဓုခေါ်ပြီး
ကြေးစည်သံလည်းဆုံးရော
ပြုံးပြုံးလေးနဲ့ စားကြသောက်ကြတာ
နောက်ဘဝအရေး တွေးမိကြမယ်မထင်ပါဘူး။

❑ အိုးကြီးအိုးငယ်တွေနဲ့ ချက်ကာပြုတ်
တစ်ရက်တာအလုပ် သေသေသပ်သပ် ယဉ်ယဉ်ကျေးကျေးပေါ့
ပြင်ဆင်ကြ၊ ကျွေးမွေးကြ၊ နှုတ်ဆက်ကြနဲ့
ရုတ်တရက်တော့ ဟုတ်သလိုလိုပဲ
အပုပ်ကောင် သရုပ်ဆောင်တာတွေတောင် ခပ်မှေ့မှေ့။

❑ အပူမီးပွားတွေကြားက
သောကဗျာပါဒနဲ့ လူသားတွေ
အာူယားဖားယားနဲ့ သွားရမယ့်ခရီးကိုတောင်
မနီးဘူးပဲ ထင်နေကြလား မပြောတတ်
သွားတဲ့လူက သွားနေတုန်းမှာ
စားတဲ့လူတွေကလည်း စားနေကြတုန်းပါလား။ ▪

မန်းစံရွှေ


www.burmeseclassic.com

www.burmeseclassic.com



## တိမ်လိုပျောက်တဲ့ . . . ပိတောက်

- ဥသြတွန်သံကို ယီးလေးခိုရင်း
သကြံန်ရေ စိုစိုအောက်
ရင်ဖိုအောင် မွှေနှောက်သွားလိုက်တာ
ဒီဂျေတီးလုံးတွေနဲ့အပြိုင်။
- မြနန္ဒာ မြို့မသံ မြိုင်မြိုင်တွေကြား
အလွမ်းတွေနဲ့ ဖျားသွားတဲ့
ရှာပုံတော်မင်းသားကြီး
လွတ်လပ်ခြင်းတွေ စီးမျောနေတဲ့
သံချပ်သံတွေကြားမှ
အိပ်မက်က လန့်နိုးသွားခဲ့တယ်။
- တစ်နှစ်တစ်ခေါက်
စင်ပေါ်ရောက်တိုင်း
တစ်ယောက်ဆို တစ်ယောက်
ပိတောက်ဆို ပိတောက်ပါလို့
သစ္စာရတုတွေ ဟာစ်ကြွေးရင်း
ထိန်နေအောင်ပွင့်ခဲ့တဲ့ ပိတောက်
ခုတော့လည်း.....
တိမ်တွေလို ခြေရာဖျောက်သွားလိုက်တာ
တစ်နှစ်တင်းတင်းပြည့်မြောက်ပြီ။
- တစ်ရက်ထက်တစ်ရက်
နက်လာတဲ့ ဒဏ်ရာ
သစ်လာတဲ့ အလွမ်း
ဝေဒနာဖွဲ့ မတမ်းတချင်ပေမယ့်
ပင်ယံထက်မှာ ဥသြတွန်သံကြားရင်
နားထဲမှာ တူးပို့သံတွေကြားရင်
ဟိုး.....တစ်ချိန်က ပိတောက်သခင်
ရင်မှာတော့ လွမ်းမိအစဉ်။ ။



မြတ်နိုးသူ (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com




ငွေကျည်ဆန်ကြောင့်
ဘဝနစ်မွန်းကြရ၏။
ရုန်းမထွက်နိုင်
အခြေမခိုင် ယိုင်လဲကာ
တောင့်မခံနိုင်ဘဲ
မှုခင်းနယ်ထဲရောက်ကြရသည်။
ရိုးသားပါသည်ဆိုသော
လူကောင်းများသည်
မိန်းမကျည်ဆန်ကြောင့်
အထိနာကြရကြောင်း
...

# သွန်းဟုံ (ကြူတော)
## စာရိတ္တယွင်းပျက် မှုခင်းဂယောဆက်

ရှေးထုံးစဉ်လာ မြန်မာစကားများသည် ဘာသာတရားအပေါ် အခြေခံလေ့ရှိပေ၏။ မရိုးနိုင်သော သွန်သင်မှု ဩဝါဒများက စာရိတ္တသီလကို ဦးစားပေးသည်။ ဒုစရိုက်ကို မပွား၊ သုစရိုက်တရားကို မြှင့်တင်၊ လူနေမှုအဆင့်၊ စိတ်ဓာတ်၊ ခွန်အား၌ ကောင်းမှုမြတ်နိုးကောင်းအောင်ကြိုးပမ်းလိုစိတ်ဖြင့် ဆောက်တည်ကာ လူချင်းတူတူ သျှင်းမျှမျှဖြစ်အောင် ပျိုးထောင်ခြင်းဖြစ်၏။ တိုတောင်းလှသော လူ့ဘဝတွင် စိတ်ချမ်းသာစွာနေထိုင်ခွင့်ရဖို့က ပဓာနကျ၏။ သို့ရာတွင် **အသက်တစ်ရာမနေရ အမှုတစ်ရာ** ရင်ဆိုင်ကြုံတွေ့ရတတ်သည့် သဘာဝလည်းရှိ၏။ ယင်းတို့တွင် ကိုယ်တိုင်ကျူးလွန်မှုလည်း ပါဝင်သကဲ့သို့ စာရိတ္တယွင်းပျက်စေသည့် ဝိပါက်ကြမ္မာ မလွတ်သာသည့်အကြောင်းတွေလည်း ပါ ဝင်လေသည်။

စာရိတ္တမထိန်းနိုင် ကြံခိုင်နေပါက မှုခင်းနှင့်ပြစ်မှုအစစုသည် ကင်းလွတ်နေမည်ဖြစ်၏။ ရုံးရောက်၊ ဂါတ်ရောက် ဖြစ်ဖွယ်မရှိ။ လူမှုကျင့်ဝတ်နှင့်သိက္ခာ စောင့်စည်းပါက ဆင်းရဲချမ်းသာ အလွှာအသီးသီး မှုခင်းကြုံငယ် ဖြစ်ဖွယ်မရှိ။ သို့သော် ကြားတွေ့မြင်သိရသမျှတော့ ရှုလေ့လာရသမျှ လောဘစိတ်ကို အခြေခံသော မှုခင်း

www.burmeseclassic.com



တွေက စုံလင်လှ၏။ ထိန်းကျောင်းရမည့် စာရိတ္တသီလ ပျက်ယွင်းမှုကြောင့်ဖြစ်၏။ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပါ၏။ စောင့်စည်းခြင်းအရာ အလှမ်းကွာ၍မဖြစ်။

လောကသင်ခန်းစာ၊ ဘဝသင်ခန်းစာတွေ ကြွယ်ဝသောကာလတွင် မှုခင်းတွေ ပါးလျားရမည့်အစား လောဘဒေါသကို အတောမသတ်နိုင်။ အဂတိတရားကို မပယ်ရှားနိုင်ခြင်းက မှုခင်းဖြစ်ပွားမှုကို ဖိတ်ခေါ်သည်နှင့် တူ၏။ ထို့ကြောင့် လူကြီးသူမများက ငွေကျည်ဆန်၊ မိန်းမကျည်ဆန်၊ လာဘ်လာဘကျည်ဆန်တို့နှင့် ပစ်လိုက်ပါက ထိမလွဲဖြစ်ကောင်း၊ ရှောင်ရှားနိုင်ဖို့လို ကြောင်း သွန်သင်ကြလေ့ရှိ၏။ သို့သော် သိလျက်နှင့်ပင် ဝိပါက်ကြမ္မာငင်ကြပေသည်။ ငွေကျည်ဆန်ကြောင့် ဘဝနစ်မွန်းကြရ၏။ ရုန်းမထွက်နိုင် အခြေမခိုင် ယိုင်လဲကာ တောင့်မခံနိုင်ဘဲ မှုခင်းနယ်ထဲ ရောက်ကြရသည်။ ရိုးသားပါသည်ဆိုသော လူကောင်းများသည် မိန်းမကျည်ဆန်ကြောင့် အထိနာကြရကြောင်း ထုံးဟောင်းသက်သေတွေ ရှိပေသည်။

သို့ကြောင့် **ငွေနှင့်မိန်းမစပ်လျဉ်းကြ ရိုးကြသူပင်ဆန်း**ဟူသော မြန်မာဆိုရိုးစကား ပေါ်လာခဲ့၏။ အကြောင်းမဲ့မဟုတ်ပေ။ ရိုးသားမှုကို တိုင်းတာခြင်းဖြစ်၏။ စာရိတ္တသီလပျက်သဖြင့် နာမည်ဆိုးဖြင့် ကျော်ကြားရုံမက ရုံးပြင်ကနားရောက်ကာ ဖြေရှင်းရသည့်အမှုတွေ၊ ကြိတ်မှိတ်ဖြေရှင်းကာ လူမသိသူမသိဖြစ်အောင် ဖြေရှင်းကြရသည်။ ငွေကုန်သံပြာဘဝဖြင့် ရှန်းကန်ရမှုတွေလည်းပါ၏။ သူတစ်ပါးမသိသော်လည်း ကိုယ်စောင့်နတ်တွေ သိကြမည်သာဖြစ်၏။

အင်္ဂလိပ်ဘာသာ ဆိုရိုးစကားတစ်ရပ်ရှိပေသည်။ Poverty is one cause of crimes ဟူ၍ ဖြစ်ပါသည်။ ဆင်းရဲမွဲတေ နုံချာမှုသည် မှုခင်းကျူးလွန်ခြင်း၏ အကြောင်းတစ်ရပ်ဖြစ်သည်ဟု ဆိုပါသည်။ အလုပ်အကိုင် မည်မည်ရရမရှိ၊ လုပ်သမျှ မအောင်မြင်၊ မိသားစုဘဝက ညှိုးနွမ်းနိမ့်ကျ မလှသည့်ဘဝအခြေအနေတွင် ကြံရာမရဘဲ ဖြစ်သလို လွယ်လင့်တကူဖြင့် မရိုးသားမှုများ လုပ်ကိုင်ကြခြင်းဖြစ်၏။ ခိုးဝှက်မှု၊ လိမ်လည်မှု၊ အလစ်သုတ်မှုတွေ ဖြစ်လာကြ၏။ ရာဇဝတ်ဘေး ပြေး၍မလွတ်သည့် အခြေအနေတွင် အမှုနှင့်တန်းလန်း ပရမ်းပတာ ဖြစ်ရကာ ကြေကွဲရသည့် မလှသောအခြေအနေ ကြုံရမှုများကား အတိတ်နှင့် ပစ္စုပ္ပန်တွင် တွေ့ခဲ့၊ တွေ့ရဆဲဖြစ်၏။ သို့သော် ဆင်းရဲသားတိုင်း စာရိတ္တမပျက်ကြ။ အကြောင်းကံခေလှသဖြင့် ဆင်းရဲတွင်းနက်ကြသော်လည်း သီလကို အပျက်အယွင်းမခံ။ စာရိတ္တကို စောင့်ရှောက်သူများပေသည်။ ကျေးလက်နေလူများစွာသည် ပတ်ဝန်းကျင်၏ အလေ့အထ၊ ဘာသာတရား၏ဩဝါဒများကြောင့် ယင်းအဖြစ်မျိုး ပါးလျားကြသည်ဟု ဆိုချင်ပါ၏။ သို့သော် အံ့ဩစရာကောင်းသည်မှာ အူမတောင့်မှ သီလစောင့်မည်ဟုဆိုသော်လည်း အူမတောင့်ရုံမက ပေါက်ပြဲအောင် ကြွယ်ဝနေသော်လည်း စာရိတ္တပျက်ကြသည်။ လောဘသက္ကာယကို မထိန်းကျောင်းနိုင်။ ရလေလိုလေ အိုတစ္ဆေဖြစ်ကြကာ မရဒသကချိုင်ရင်း အမှုအခင်းဖြစ်ကြရသည်။

သို့ဖြစ်၍ အင်္ဂလိပ်ဝေါဟာရ M နှစ်လုံးကို သတိထားသင့်ပေသည်။ ပထမ M မှာ Money ဖြစ်၏။ ငွေကြေးနောက်သို့ အရမ်းကာရော မလိုက်မိဖို့ဖြစ်ပါ၏။ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းပကား၊ သမ္မာအာဇီဝဖြင့် ရအပ်သော ငွေကြေးစည်းစိမ်သည် တန်ဖိုးရှိ၏။ လိုအပ်သည်ထက် ရလိုမှုက လောဘကြီးကာ မလိုလားအပ်စရာ ဖြစ်ရပေသည်။ မတန်တဆ လိုချင်တပ်မက်မှုကြောင့် မသင့်သော အတွေးအကြံများ အစီအမံပြုကြ၊ အကောင်အထည်ဖော်ကြ၏။ ထိုအခါ မှုခင်းက ဖဝါးခြေထပ်လိုက်ပါပေသည်။ များစွာသော အမှုအခင်းသည် Money ဆိုသော M ကြောင့် ဖြစ်ကြ၏။ မိသားစုချင်း ရုံးပြင်ကနားရောက်၏။ ဆွေမျိုးအကြား စိတ်ဝမ်းကွဲ၏။ သူစိမ်းတစ်ရံဆံနှင့် အမှုဖြစ်၏။ အများနှင့်ဆိုင်သော ဘဏ္ဍာရန်ပုံငွေများ ထိပါးခြင်းခံရ၏။ **ခွေးရူးကောင်းစား တစ်မွန်းတည့်**တွေများ၏။ ထို့ကြောင့် စာနယ်ဇင်းများတွင် ငွေကြေးအလွဲသုံးစားကာ အရေးယူခံရသော ဝန်ထမ်းတွေ၊ အဖွဲ့အစည်းဝင်တွေအကြောင်း ရေးသားဖော်ပြမဆုံးနိုင်အောင် ရှိရပေသည်။ ငွေကြေးက လူကိုဖျက်ဆီးသည်နှင့်တူ၏။ တန်ရုံသင့်ရုံကောင်း၏။ မတန်မရာကြံပါက လိုရာမရောက်။ မှုခင်းဆီသို့ ခရီးပေါက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာပေနှင့် ယဉ်ကျေးမှုများ ... 

အဂတိတရားတွေ၊ လာဘ်ပေးလာဘ်ယူမှုတွေ များလှသည့်ကာလတွင် မကြာမီကပင် နိုင်ငံတော်က လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးကော်မတီ ဖွဲ့စည်းပေးခြင်းက သက်သေပြ၏။ အပေးနှင့်အယူ ကြည်ဖြူကြသော်လည်း ဥပဒေက ခွင့်မပြုနိုင်။ ပြည်သူအတွက် နစ်နာစေ၏။ ရာထူးနှင့်မမျှ ကြွယ်ဝသူတို့ကို တွေ့ဖူး၏။ လာဘ်ယူမှု၌ ရဲတင်းကြသည်။ ထိုအခါ ပြည်သူတို့ ရုံးပြင်ကနားသွားရမည်ကို ကြောက်ကြသည်။ အဆင်ပြေသူတို့က အဆင်ပြေကြပြန်သည်။ ခက်လှ၏။ ငွေကြေးနှင့် မှုခင်း ဒွန်တွဲခြင်းက ချမ်းမြေ့မှုမဖြစ်နိုင်။ ကျူးလွန်သူတို့သည်လည်း အိပ်ပျော်စားဝင် ဖြစ်ဖွယ်မရှိပေ။ အခြေခံစာရိတ္တသည် တစ်ဦးချင်းရော၊ ပတ်ဝန်းကျင်နှင့်ပါ သက် ဆိုင်ကြပေသည်။ ရိုးသားမှုကဆင်းရဲနိုင်သော်လည်း မှုခင်းဖြစ်ပွားမှုမရှိ၊ ကြောင့်ကြရန်မလို။ ရိုးသားမှုကင်း သော ငွေကြေးသည် လိပ်ပြာသန့်ဖွယ်မရှိပါပေ။ အမှောင် ထုကို အမှောင်ဖြင့် မထိုးဖောက်နိုင်။ အလင်းရောင်က သာလမ်းစကောင်းပေးနိုင်ကြောင်း မာတင်လူသာကင်းကဆိုဖူး၏။ စာရိတ္တအလင်းဖြင့် မှုခင်းအမှောင်ကို ခွင်းကြရန်သာဖြစ်၏။ ဘာကိုမဆို ငွေကသာလွှမ်းမိုးသည်ဟူသော အတွေးအဆက နေရာတိုင်းမမှန်သည်ကို နားလည်သင့်၏။

'လွယ်လျှင်သူကြွယ်ပင်သူခိုးဖြစ်'ဟု ဆိုကြပါ၏။ ကွယ်လျှင် သူကြွယ်ပင် သူခိုးဖြစ်သည်ဟုလည်း ဆိုကြပါသေးသည်။ မမြင်ကွယ်ရာ လွယ်လင့်တကူတွေ့ပါက အချောင်လိုချင်စိတ် ရှိတတ်ပေသည်။ ဒုစရိုက်မှုသာဖြစ်၏။ အချောင်မလိုချင်စေပါ။ အလေ့အကျင့်ဖြစ်ကာ စွဲမြဲပါက မှုခင်းနှင့်တိုးတတ်ပေသည်။ အမျိုးသမီးများ သတိရှိသင့်သည့်အချက်ရှိ၏။ ငွေကြေးကြောင့် ခန္ဓာကိုယ်ရောင်းစားမှုဖြစ်၏။ ပြည့်တန်ဆာအမှုတွေက အတော်ပင် ဖြေရှင်းရသည်။ နာမည်ဆိုးဖြင့် ကျော်ကြားရုံမက ဥပဒေစကၠာင်း မလွတ်ကင်းပေ။

ဒုတိယ M မှာ Moral Courage ဖြစ်သည်။ စိတ်ဓာတ်ကြံ့ခိုင်မှုဖြစ်၏။ စိတ်ဓာတ်နှင့် စာရိတ္တ ကြံ့ခိုင်ခြင်းသည် မှုခင်းနှင့် ဝေးကွာပေမည်။ ငွေ၊ မိန်းမ၊ လာဘ်လာဘ စသည်တို့နှင့် ကြုံတွေ့သည့်တိုင်အောင် အထိအရှမခံနိုင်သော စာရိတ္တမျိုးဖြစ်၏။ မိမိ၏ဂုဏ်သိက္ခာကို မိမိကိုယ်တိုင် လေးစားစွာ ကျင့်သုံးခြင်းဖြစ်၏။

စိတ်ဓာတ်ကြံ့ခိုင်ခြင်းမရှိပါက ငွေကြေးနှင့် တပ်မက်စရာများ ရင်ဆိုင်ကြုံတွေ့လျှင် ပျက်ယွင်းခြင်းဆီသို့ ဦးတည်ဖို့သာရှိ၏။ အခွင့်အရေးယူတတ်၊ ဖြတ်စားလျှပ်စား လုပ်တတ်သူတို့သည် စိတ်ဓာတ်ကြံ့ခိုင်မှု ချို့တဲ့သူများဖြစ်ကြသည်။ အထူးသဖြင့် ယောကျ်ားသားများအဖို့ အမျိုးသမီးများနှင့် ထိတွေ့ခွင့် မမျှော်လင့်ဘဲ ဆုံစည်းမှုနှင့်ကြုံပါက ရှောင်တိမ်းနိုင်ရန် ခက်ခဲတတ်၏။ ထိုအခါ မမျှော်လင့်ဘဲ မုဒိမ်းမှုလို အဓမ္မပြုကျင့်မှုတွေ ဖြစ်ပွားပေသည်။ မြင်ကွင်းရော၊ မြင်ကွင်းမဟုတ်သည့် နေရာများ၌ပါ တည်တံ့သောစိတ်ဓာတ် တစ်သမတ်တည်းထားဖို့ ကြိုးစားရပေမည်။

တင့်တယ်သော လူနေမှုဘဝနှင့် အိပ်ပျော်စားဝင် ချမ်းသာစွာနေထိုင်ခွင့်သည် မိမိ၏အမူအကျင့်၊ စိတ်ထားနှင့်ဆိုင်၏။ စာရိတ္တနှင့်နွယ်သော အမှုတွေက များကြရာ အလိမ်အညာ၊ အတုအယောင် ကျူးကြောင်းလျော်ညီခြင်းကင်းသော ကိစ္စများကို သတိနှင့်ယှဉ်သင့်၏။

လောက၌ စိတ်ချမ်းသာမှုက အရေးအကြီးဆုံးဖြစ်၏။ ထိုသဘောကို တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက ဩဝါဒဆို မိန့်ကြားခဲ့၏။ မြန်မာအင်္ဂလိပ် နှစ်ဘာသာဖြင့်ပြဆိုရာ မှုရင်းအတိုင်းပင် တင်ပြအပ်ပေသည်။

***<u>စိတ်ချမ်းသာဖို့ အရေးအကြီးဆုံး</u>***

**အာရုံခံစားတယ်ဆိုတာ စိတ်ချမ်းသာအောင် ခံစားကြတာပဲ၊ လောကကြီးမှာ စိတ်ချမ်းသာဖို့ အရေးကြီးတယ်။**

***Enjoyment of Pleasures***

Enjoyment of pleasures is for attaining happiness, but happiness resulting form mental stability is the most important.

ညွန့်ဟံ (ကျူးလေး)

www.burmeseclassic.com


ဆေးခန်း၊ ဆေးရုံ၊ ဆေးမျိုးစုံနှင့် ကုသလို့ မပျောက်လျှင်
"ကုံလုံ"ဆေးခန်းသို့ ကြွခဲ့ပါ၊ အပြောမဟုတ် လက်တွေ့ပြမည်။

# ကုံလုံတိုင်းရင်းဆေးကုခန်း

**ဦးနှောက်နှင့် အာရုံကြောရောဂါများနှင့် နာတာရှည်ရောဂါအထူးကု**

အရိုး၊ အကြော၊ အဆစ်၊ ဦးနှောက်နှင့် အာရုံကြော၊ အဆစ်လွဲ၊ အဆစ်ရောင်၊ နားအူ၊ နားလေထွက်၊ ပါးရောင်၊ ပါးရွဲ့ရောဂါကြောင့် မျက်လုံးစောင်း၊ မျက်လုံးပြူးထွက်၊ မျက်ခွံတွဲကျ၊ ခါးနာ၊ ခါးကိုက်၊ အကြောညပ်၊ လက်မောင်းကိုက်၊ ပေါင်ကိုက်၊ တင်ပါးဆုံကြောညပ်၊ ခြေသလုံးဘေးကြောထုံကျဉ်ကိုက်၊ လက်၊ ခြေ၊ ကွေးဆန့် မြှောက်မရ၊ ဒူးရောင်၊ ဒူးကိုက်၊ အကြောထိုး၊ အကြောတက်၊ သွေးကြောပိတ်၊ အပေါ်တစ်ပိုင်း ချွေးထွက်လွန်၊ ခြေဖနောင့်နာ၊ ခြေဖနောင့်အတက်ထွက်၊ နှလုံးရောဂါအမျိုးမျိုး ဆီးချို၊ သွေးချို၊ ကျောက်ကပ်နှင့် ဆီးရောဂါအမျိုးမျိုး၊ အစာအိမ်ရောဂါအမျိုးမျိုး၊ လေဆန်နာ၊ တင်းတိပ် စသည့်ရောဂါမျိုးစုံ ချက်ချင်းသက်သာ အမြစ်ပြတ်ပျောက်ကင်းစေရမည်။

လေးဘက်နာ၊ လေငန်း၊ မသန်မစွမ်းနှင့် နာတာရှည်ရောဂါများ၊ လည်ပင်းရိုး၊ ကျောရိုး၊ ကျိုးပေါင်းတက်၊ အသည်း၊ လိပ်ခေါင်း၊ ဒူလာ၊ မီးယပ်-ငှပ်-လွန် အဖြူဆင်းရောဂါများ အမြစ်ပြတ်ပျောက်ကင်းရန်. . . . .

ကုံလုံဆရာကြီး (တဆ-၀၁၂၀၄)က သိပ္ပံ-ဝိဇ္ဇာတိုင်းရင်းဆေးပညာစုံလင်စွာဖြင့် ကုသပေးသည်။

## အချိန်မနှောင်းမီ အမြန်လာတွေ့ပါ။

**ဆေးခန်းဖွင့်ချိန် နံနက် [၁၁း၀၀]နာရီမှ ညနေ [၇း၀၀]နာရီထိ**

တိုက်အမှတ်-၁၅၊ စက်မှုရိပ်သာ၊ ၁၂ ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်-အင်းစိန်လမ်းမကြီး
(ဘတ်စ်ကားမှတ်တိုင်သင်္ချိုင်း ဝင်းသူမာဆေးရုံဆိုင်ဘေးက ယ်မေးမှ ဝင်ခဲ့ပါ)
ဖုန်း ၇၃၀၁၀၃၄၄


www.burmeseclassic.com

www.burmeseclassic.com



"မဖြူရေ..မပြီးသေးဘူးလားဟေ့"

အိမ်ရှေ့ဆီမှ အညိုတို့တစ်သိုက် ရောက်လာသည့်နောက် မဖြူလည်း တဘက်လေးကိုခြုံကာ အိမ်ရှေ့သို့ ထွက်လာတော့သည်။

"သမီး မဖြူ ဘယ်လဲကွယ်"

"အညိုတို့နဲ့ ရေပက်ခံထွက်မလို့ အမေ၊ ကိုမဲက လိုက်စောင့်ရှောက်မှာပါ၊ ပြီးတော့ မနီနဲ့အဝင်းတို့လည်း လိုက်ကြမယ်"

"အန္တရာယ်များတယ်အေ၊ သမီးတို့ ကလမ်းလျှောက်ထွက်ကြမှာမဟုတ်လား"

"ကားမှမငှားနိုင်တာဘဲ အမေရယ်၊ မဏ္ဍပ်တွေလိုက်ကြည့်ရင်း ရေပက်ခံထွက်ကြမှာပါ၊ ဒီမှာလေ..အကာအကွယ်အဖြစ် တဘက်ပါတယ်"

ဒေါ်တင်မြင့်က မပြောတော့ပေ။ ကိုမဲကိုသာ မှာစရာရှိသည်ကို ထွက်မှာပြီး အပျိုမတစ်သိုက် ထွက်သွားရာဆီသို့ ရပ်ကြည့်ကျန်ရစ်ခဲ့၏။

+++

"ဟဲ့.....ရေပက်တာလား၊ ရေမွှန်းအောင်လုပ်နေကြတာလား၊ အသက်ရှူလို့ မရတော့ဘူး"

"တို့ဘာသာတို့ ဘယ်လိုပက်ပက်လေ၊ နင်တို့က ခံဖို့ထွက်လာကြတာ မဟုတ်လား"

"ဘာပြောတယ်....."

"ဩြော်.....ရေပက်ခံထွက်တာကို ပြောတာပါဗျာ"

"ဟေ့ကောင်တွေ...ပက်ဟေ့၊ ပက်ကြဟေ့....."

တစ်ယောက်က ညာသံပေးသည်နှင့် တစ်ပြိုင်နက် လက်ပံပင် ဆက်ရက်ကျသည့်နှယ် ဝိုင်းအုံလာကြတော့၏။ ကိုမဲလည်း မိန်းကလေးများကို စောင့်ရှောက်ဖို့နေနေသာသာ သူ့ကိုယ်သူပင် အသက်ထွက်မည်ကို စိုးရိမ်နေရသည်။ မဖြူပင် ကိုယ့်ကိုယ်ကိုယ် တဘက်ဖြင့်ကာ ကွယ်နေရင်းနှင့် လက်တစ်ဖက်က သူမ၏ ရင်သားအား ပွတ်သပ်ကိုင်တွယ်လာခြင်း ကို ခံလိုက်ရသည်။

"ဟဲ့ကောင်တွေ.....နင်တို့ မယုတ်မာကြနဲ့နော်"

ထိုစကားဖြင့်သာ ပြောလိုက်နိုင်၏။ ပြဿနာဖြစ်မည်စိုး၍သာ ငြိမ်နေလိုက်ရသည်။ ကိုယ်ခံစားရသည်မှာ ကိုယ်ပဲသိ၏။ မဖြူလည်း ထိုနေရာတွင် ဆက်မနေရဲတော့သည့်အတွက် ထွက်ပြေးသွားလိုက်ရသည်။



# သင်္ကြန်ခုတုံး

အိမ့် (ရူပဗေဒ)

"ယေား..ကြောက်ပြီလား၊ ထွက်ချင်ကြဦးလေ"

"အဲဒါ သင်္ကြန်အရသာပဲ၊ ဟဲ...ဟဲ"

သဘောက မဖြူတို့ မိန်းကလေးများအား မှတ်သားလောက်အောင် သင်ခန်းစာပေးလိုက်ခြင်းပင်။ အညို၊ အဝင်းနှင့် မနီတို့လည်း မဖြူကဲ့သို့ပင် ခံခဲ့ရမည်ကို သိနေ၏။ ဤသည်မှာ သင်္ကြန်ကို ခုတုံးလုပ်ပြီး မိန်းကလေးများအား ကာယိန္ဒြေပျက်လောက်အောင် ပြုမူလိုက်သည့် လက်ရောက်မှုတစ်ခုဖြစ်နေ၏။ ယုတ်မာသည့်စိတ်ဓာတ်ရှိသူများကြောင့် အမျိုးကောင်းသမီးလေးများ နစ်နာစေမည့် လုပ်ရပ်မျိုးပါ။

"ကိုမဲက ဘာမှအသုံးမကျဘူး ကျွန်မတို့ကို စောင့်ရှောက်ပေးမလားမှတ်တယ်၊ ဟင်း.....ပါလာတာ အလကားပဲ"

"ပြောတော့ မဖြူရေ ငါ့ကိုတောင် ဝိုင်းနှိုက်ကြလို့ ထွက်ပြေးလာရတာ၊ ဘယ်လိုကောင်တွေလဲ မသိပါဘူး"

"ဟောတော်....."

ဒါကြောင့်မို့ ကိုမဲလည်း ပုဆိုး ကျွတ်ဘောင်းဘီ ကျွတ်ဖြင့် ပြေးထွက်လာခြင်းဖြစ်မှန်း သိရတော့၏။

+++

မဖြူတို့အုပ်စုလည်း ရေပက်ခံ မထွက်ရဲတော့ဘဲ မဏ္ဍပ်တစ်ခုရှိ ဖျော်ဖြေရေးရှိရာနေရာသို့ ရောက်လာကြသည်။

"ဟယ်.....အညိုကြိုက်တဲ့ အဆိုတော်လေးပဲ၊ ချစ်စရာလေးပါလား"

သီချင်းဆိုနေသည့် အဆိုရှင် မိန်းကလေးက ပေါင်ပေါ်ဘောင်းဘီတိုနှင့် ဗိုက်သားကပေါ်နေသည်မှာ ချက်အထိမြင်နေရ၏။ လှုပ်လိုက်ခါလိုက်တိုင်း ဆံပင်ခွေကောက်ကောက်များက ဖွာခနဲ ဖွာခနဲဖြင့် ခါယမ်းနေတော့သည်။ စင်အောက်တွင် မြူးကြွသော တေးသီချင်းသံနှင့်အတူ ကခုန်နေကြသည်မှာ နိုက်ကလပ်များ၊ ဒေးကလပ်များနှင့်မခြားပေ။

"ကိုမဲ.....ကျွန်မတို့အနောက်မှာ နေနော်"

"အေးပါဟ"

မိန်းကလေး လေးယောက်အား အကာအကွယ်ပေးရန်မှာ ကိုမဲလည်း မတတ်နိုင်တော့ပါ။ အမူးသမားများက ကပ်လာကြ၏။ အံ့ဩစရာကောင်းသည်မှာ မိန်းကလေးများပါ မူးရူးကခုန်နေကြခြင်းပင်။ အမြင်မကောင်းသော အဝတ်အစားများဖြင့် ပုရိသများအား အန္တရာယ်ပေးရန် ဖိတ်ခေါ်နေသလိုပါ။ တချို့က မူခင်းဖြစ်ရန် ဖန်တီးနေကြ၏။ သင်္ကြန်တွင် လူအမျိုးမျိုးကို တွေ့မြင်နေရ၍ မဖြူအံ့ဩနေမိသည်။ မိန်းမကောင်းများပါ အထင်မှားခံကြရ၏။

"တော်ပါပြီဟယ်၊ ပြန်ကြပါစို့၊ သင်္ကြန်ဟာ တို့ငယ်ငယ်တုန်းကလောက် ပျော်စရာမကောင်းတော့ပါဘူး၊ တဖြည်းဖြည်းနဲ့ ယဉ်ကျေးမှုတွေ ပျက်ကုန်ကြပြီ၊ စာရိတ္တကို မပြုပြင်နိုင်သေးသမျှ သင်္ကြန်ထွက်လည်ဖို့ မကောင်းတော့ဘူး"

"ဟုတ်ပ၊ တချို့ဆို အပျော်ရှာရင်း ဘဝပျက်ကြတာတွေလည်း ရှိကြတယ်၊ အဘိုးကြီးတွေဆို ကောင်မလေးငယ်ငယ်တွေနဲ့ ဖြစ်ပျက်နေလိုက်တာများ သူ့မိန်းမကို ခေါ်ပြလိုက်ချင်ပါရဲ့၊ တစ်ခဏတာ ပျော်ရွှင်မှုကို ဘဝနဲ့လဲလိုက်ရတာမျိုး မခံစားရသေးဘူးနဲ့တူပါရဲ့"

"မဖြူနဲ့အညိုတို့ပြောတာ မှန်တယ်၊ ဒေါ်မြခင်ရဲ့သမီးကိုသိတယ်မဟုတ်လား၊ အခု အိမ်မှာမတွေ့တာ ကြာပြီနော်"

"ဟုတ်တယ်၊ သန္တာခင်လည်း သင်္ကြန်မှာ သူ့Boss ကခေါ်လို့ လိုက်သွားခဲ့တာ ဖျက်ဆီးခံလိုက်ရတယ်လေ၊ ဒီတော့ လူမသိသူမသိ အငယ်ဘဝနဲ့ ထား ရာနေ၊ စေရာသွားရတဲ့ဘဝမျိုးကို ရောက် သွားရတော့တာပေါ့၊ ဒါကြောင့်မို့ အိမ်မှာ မရှိတာလေ၊ ဒေါ်မြခင်က သူ့ သမီးဆီ သွားပြီး အိမ်စရိတ်တောင်းရတာပေါ့၊ တို့ တောင် အိမ်နီးချင်းကလည်းဖြစ်၊ အမေနဲ့ လည်း ရင်းနှီးနေတော့ ဒေါ်မြခင်က ရင်ဖွင့်ရှာတာပါ၊ အခုဆို ကလေးနှစ်ယောက်တောင် ရနေပြီတဲ့"

"အေးလေ၊ တို့မိန်းကလေးတွေ အတွက် မှတ်သားစရာပေါ့၊ ယောကျ်ားဆိုတာ မိန်းမဘယ်နှယောက်ယူယူ သူတို့မှာ ဝန်လေး ကြတာမဟုတ်ဘူး၊ ရှောင်ဖို့က တို့မိန်းကလေးတွေပဲ"

နောက်ဆုံးတော့ မဖြူတို့လည်း စိတ်ပျက်ခြင်းများစွာဖြင့် အိမ်ပြန်လာခဲ့ကြရတော့သည်။

အိမ့် (ရူပဗေဒ)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တမာပင်ကြီးက ပင်လုံး ကျွတ်ပွင့်နေချိန်၊ ပိတောက်ပင်မှ သစ်ရွက်ကြွေချိန်ရောက်တိုင်း ကျွန်မ က ရင်မောမိ၏။ မကြာမီတွင် ပိတောက်ဖူးလေးများ ထွက်လာ တော့မည်။ ပြီးလျှင် တန်ခူးပုံရိပ် များဖြစ်သည့် မြေသင်းနံ့ပါသော လေနုအေး၊ သင်္ကြန်တေးသီချင်းနှင့် သင်္ကြန်နှင့်သက်ဆိုင်သော ပစ္စည်း များအပြင် သင်္ကြန်အိမ်မက်က နေ ရာယူ စိုးမိုးနေတော့မည်။ မနှစ်က အဖြစ်ကလေးအား ကျွန်မက သတိ ရသွား၏။

\+ \+ \+

“သဒ္ဓာရေ.....မောင့်ညီမတွေ က သင်္ကြန်လည်ဖို့ ရောက်လာကြ မယ်တဲ့၊ မေမေလည်း ပါလာမယ် ကွာ”

ကျွန်မမှာ အစွမ်းကုန် စိတ်ညစ် သွားရတော့သည်။ စဉ်းစားကြည့် လေ။ ယောက္ခမက ပစိပစပ်၊ ယောက်မတွေက ပွစိပွစိ၊ သူတို့တွေ အိမ်အလည်လာတိုင်း စိတ်ဆင်းရဲ ခဲ့ရ၏။ ကျွန်မဘက်က ယောက်ျား မျက်နှာနှင့် မည်မျှပင်ကောင်းအောင် လုပ်ဆောင်ပေးစေကာမူ သူတို့ဘက် က ဘဝင်မကျတတ်ပေ။ အမြဲလိုလို အပြစ်မြင်နေတတ်ကြသည်။

“ဟုတ်လား၊ ဒါဆိုလည်း လို အပ်တာတွေ ကြိုဝယ်ထားတော့ မောင်ရေ၊ ဒီတစ်ခါတော့ သဒ္ဓာ အပြောမခံနိုင်တော့ဘူး”

“သဒ္ဓာကလည်းကွာ၊ သူတို့ အကြောင်း သိသားနဲ့၊ စိတ်မဆိုးပါ နဲ့ မိန်းမရာ”

မောင်က ကျွန်မကိုချော့၏။ သူ့အမျိုးများ လာမည်ဆို၍ မိန်းမ ကျေနပ်အောင် သူ့မှာ တာဝန်ကျေ ပြနေသည်။ အမျိုးချစ်သော မောင့် ကို ကျွန်မက သနားမိ၏။ မောင်က သားကြီးပီပီ မိဘနှင့် ညီအစ်ကို မောင်နှမများအပေါ်တွင် သိတတ် သည်။ သူတို့မိသားစုတစ်စုလုံး၏ အပူက သူ့ခေါင်းပေါ်တွင် ပုံကျနေ ၏။ မောင့်မှာ အိမ်ထောင်ကျသည့် တိုင် သူ့မိသားစု ဝဲဂယက်ထဲမှရုန်း ထွက်မရနိုင်သေးပေ။

ယောက္ခမ ဒေါ်ပုက အပြော ကောင်း၏။ သားအပေါ်တွင် Control ကောင်းသူဖြစ်၏။ သည်တော့ သားလိမ္မာ မောင်က ကျွန်မအတွက် လင်ဆိုးမဖြစ်သည့်တိုင် ဟိုဘက်၊ သည်ဘက် အဆင်ပြေအောင်ထား နိုင်သူပါ။ မောင့်ဖခင် ဆုံးပါးသွားချိန် တွင် မောင်က လူပျိုဘဝဖြင့် ၁၀ နှစ်နီးပါး လုပ်ကျွေးခဲ့၏။ ခုတော့ လည်း မောင့်ညီက နယ်တွင်တာဝန် ထမ်းဆောင်နေရင်း အိမ်ထောင်ကျ သွားသလို မောင့်နှမနှစ်ယောက်က အလုပ်အကိုင်ကိုယ်စီဖြင့် အိမ် ထောင်မပြုသေးဘဲ မိခင်ကြီးနှင့် အတူတူနေကြသည်။ သို့တိုင်.....

“သီတာက ကုမ္ပဏီမှာ တစ် လ သုံးသိန်းလောက် ဝင်ငွေရှိတာ သဒ္ဓာ၊ နီလာက ဟိုတယ်မှာလုပ် တာ ငါးသိန်းလောက်ရတာတဲ့”

“ကောင်းပါတယ်၊ သူတို့တွေ အဆင်ပြေမှ မောင်အသက်ရှူချောင် တာပေါ့”

“ဒါပေမဲ့ ဝဏ္ဏက အဆင် မပြေဘူးတဲ့ကွာ၊ သူ့မိန်းမက ဝန် ထမ်းပဲ၊ ကလေးက နှစ်ယောက်ရ နေပြီ၊ ဘယ်လောက်ပေါ့မလဲလေ”

ကျွန်မက မောင့်ကိုကြည့်ပြီး ပင့်သက်မောကိုချမိ၏။ သည်စကား များက ယောက္ခမဒေါ်ပု စကား သွင်းထားခြင်းဖြစ်ပေမည်။ သဘော က သားကြီးထံမှ သားငယ်အား ငွေ ကြေးပံ့ပိုးရန် ပြောလိုက်ခြင်းဖြစ်၏။

“သူလည်း သူ့အိမ်ထောင်နဲ့ သူပဲ မောင်၊ အကုန်လုံးလိုက်တွေး ပြီး စိတ်မကောင်းဖြစ်နေရင် မောင် ပဲ ရောဂါရလိမ့်မယ်၊ မောင့်အတွက် ရော သူတို့က တွေးပေးကြလို့လား၊

www.burmeseclassic.com

www.burmeseclassic.com


ငါတို့အစ်ကိုကြီး နေထိုင်ကောင်းလား၊ အဆင်ပြေရဲ့လား၊ ငါတို့ဘာပြန်ကူညီရမလဲလို့ မေးဘူးကြလို့လားဟင်၊ မောင့်မှာ လုပ်ငန်းအဆင်မပြေတာ၊ ငွေကြေးလိုအပ်နေတာမျိုးမှာ ဘာများအကူအညီပေးနိုင်ကြလို့လဲ မောင်''

မောင်က ကျွန်မကို ပြုံးကြည့်ကာ.....

''အဲဒီစကားတွေ မပြောပါနဲ့ မိန်းမရာ၊ ဘယ်သူကောင်းကောင်း မကောင်းကောင်း ကိုယ်ကောင်းနေဖို့ အရေးကြီးတယ်မဟုတ်လား''

''ဩော်.....ကိုယ်ကောင်းပြီး မကောင်းအပြောခံနေရတော့ ဘယ်သူက ကျေနပ်မှာလဲ မောင်၊ သဉ္ဇာက မတရားပြောနေတာလည်း မဟုတ်ဘူး၊ အားလုံးနဲ့အဆင်ပြေအောင် နေပါလျက်နဲ့ သဉ္ဇာ့ကိုတိုက်ခိုက်လာကြတယ်''

''သည်းခံပါကွာ''

''ဟင်း..မောင်ပဲခံ၊ အပိုအလုပ်တွေ သိပ်လုပ်တယ်''

မောင်က သည်မျှထိ အနစ်နာခံသည့် ယောက်ျားမျိုးပါ။ သူ့အား မကောင်းပြောသည့်တိုင် အပြစ်တော်မမြင်ဘဲ အချစ်တော်ဝင်သည့် ယောက်ျားတစ်ယောက်ဖြစ်နေသည်။

✦ ✦ ✦

မောင့်ဆွေမျိုးသားချင်းများလာမည်ဆို၍ လိုအပ်သည့် နေရာထိုင်ခင်းကအစ သစ်သစ်လွင်လွင် ပြင်ဆင်ထားရ၏။ ယောက္ခမ ဒေါ်ပုက သားအိမ်ကို ရောက်လာသည်နှင့် အမျိုးမျိုး ချေးများတတ်သည်။ သူ့အိမ်၌ ဤသို့မဟုတ်ပေ။ တစ်နည်းအားဖြင့် ချွေးမအပေါ် ပညာပြနေခြင်းဟု မြင်မိ၏။

''ဟော.....ဖုန်းလာတယ် မောင်''

''ကိုင်လိုက်လေ၊ မောင်လက်မအားဘူး''

မောင်က အမှိုက်ရှင်းလင်းနေသည့်အတွက် ကျွန်မက ဖုန်းကိုင်လိုက်ရာ.....

''ဟေ့...ငါ့သားရှိလား၊ ငါ့သားနဲ့ပဲ စကားပြောချင်တယ်''

ကျွန်မ၏ဒေါသက မိုးပေါ်ရောက်သွားရ၏။ ယောက္ခမ ဒေါ်ပု၏အသံက တစာစာနှင့် ခပ်ကျောကျောပါ။ ကျွန်မမှာ သည်းခံနိုင်သည့် အင်အားမရှိတော့ပေ။ သည်တော့ ဖုန်းကိုချပစ်လိုက်၏။ မောင်ကလှမ်းကြည့်သော်လည်း ဖုန်းမှားသည်ဟုသာ ထင်ပေမည်။ ပြန်ခေါ်မည်ကို သိနေ၏။

''ဟော....လာပြန်ပြီ ဒီဖုန်း၊ ကိုင်လိုက်ဦး မိန်းမရေ''

ကျွန်မက မကျေမနပ်ဖြင့်ကိုင်လိုက်ရာ.....

''ညည်းက ဘာကြောင့် ဖုန်းကိုချပစ်လိုက်ရတာလဲ''

''သူမအားဘူး၊ ပြောစရာရှိရင် ကျွန်မနဲ့ပြော အန်တီ''

''မအားရအောင် အမေတစ်ယောက်လုံး ဖုန်းဆက်တာတောင် မကိုင်နိုင်ဘူးလား...ဟင်၊ ဘယ်လိုကောင်လဲ၊ မွေးရကျိုးမနပ်လိုက်တာ''

ဒေါ်ပုက စိတ်တိုနေသေးသည်။ သို့ပေမယ့် ယောက္ခမက အကျောကြီးဖြင့် ပြောပြန်၏။

''ငါတို့လာရင် ဘူတာရုံမှာ လာကြိုလို့ နှစ်ရက်လည်မယ်၊ နှစ်ဆန်းတစ်ရက်နေ့ ရွှေတိဂုံသွားမယ်၊ နှစ်ရက်နေ့မှ ပြန်မယ်၊ နီလာ့သူငယ်ချင်းနှစ်ယောက်လည်းပါမယ်လို့ ဒါပဲ.....ဒါပဲပြော.....''

ယောက္ခမစကားဆုံးသည်ထိ မစောင့်တော့ဘဲ ကျွန်မက ဖုန်းချလိုက်၏။ ဒေါ်ပုတစ်ယောက် ဆွေ့ဆွေ့ခုန်ကျန်ရစ်ခဲ့မည်ကို သိနေ၏။

''ဟင်း.....သူတို့သားအမိတင် မဟုတ်ဘူး မောင်ရေ့၊ နီလာ့ညီ့သည်နှစ်ယောက်ပါ ခေါ်လာမယ်တဲ့''

''ဟာကွာ.....ကိုယ့်မိသားစုပဲလာတာမဟုတ်ဘူး၊ ဒီကောင်မလေးအလိုက်မသိတတ်ပါလားနော်၊ အိပ်ခန်းတစ်ခန်း ထပ်ရှင်းရဦးမယ်ကွာ''

''ရှင်းပေါ့၊ ရှင်က သဘောကောင်းတော့ လာတဲ့ညီ့သည်တွေက အလိုက်မသိဘူးပေါ့၊ အိမ်ဖော်တစ်ယောက်တော့ ခေါ်ထားတော့ မောင်ရေ့၊ သဉ္ဇာမလုပ်နိုင်ဘူး''

မောင်က သဘောပေါက်နေ၏။ အထူးသဖြင့် သူ့အမျိုးများအကြောင်း သူသာလျှင် အသိဆုံးပါ။

''အေးပါကွာ၊ ရုံးက မောင်ချစ်တို့လင်မယားကို ခေါ်ထားရတော့မှာပဲ၊ သကြန်မှာလည်းဖို့ပါ သူ့ကိုပဲ မောင်းခိုင်းရမယ်''

www.burmeseclassic.com



မောင့်မှာ ဝယ်စရာခြမ်းစရာ မကုန်နိုင်တော့ပေ။ အလုပ်မှပြန်လာလည်း သကြၤန်တွင်းစားရန် ငါးပိ၊ ငါးခြောက်၊ လက်ဖက်နှင့် အပူအအေးအတွက်ပါ ကြိုတင်ဝယ်ယူစုဆောင်းနေရ၏။

"ဝယ်လို့မပြီးနိုင်သေးဘူးလား မောင်၊ ရှင့်အမျိုးတွေက အကုန်စားနိုင်ကြမှာလား"

ကျွန်မက တမင်ပင်ငေါ့လိုက်ခြင်းဖြစ်ရာ ဤသည်ကို မောင်ကလည်းသိ၏။ သည်အချိန်မှာ ကျွန်မကို မောင်က တင်းမာမည်မဟုတ်ပေ။ ကျွန်မစိတ်ကို မောင်သိ၏။ ကျွန်မတွင် သည်းခံနိုင်သည့်အတိုင်းအတာ ကျော်လွန်သွားလျှင် ဟန်ဆောင်နိုင်မည်မဟုတ်ပါ။

"သကြၤန်မှာစားဖို့ သဇ္ဈာတို့မိဘတွေအတွက်ပါ မောင်ဝယ်လာတယ်၊ ယောက္ခမအိမ် သွားပို့ဦးမယ်လေ"

မောင်ကထိုသို့သောယောက်ျားမျိုးဖြစ်နေ၏။ သည်တော့လည်း မောင့်ကို ကျွန်မက သနား၏။ ကျွန်မဘက်က နားလည်မှုအပြည့်အဝရှိသည့် မိဘအသိုင်းအဝိုင်းကြောင့် ပြဿနာမရှိသော်လည်း မောင့်ဘက်က ထိုသို့ နားလည်မှုရှိကြလျှင် မည်မျှကောင်းလိုက်ပါမည်နည်း။

ချွေးမဖြစ်သည့် ကျွန်မအား သူတို့ သဘောမကျစရာ မရှိခဲ့ပါ။ ပညာတတ်၊ ဘွဲ့ရ၊ အလုပ်အကိုင်နှင့် မိသားစုမျိုးရိုးလည်းကောင်း၏။ မောင်နှင့် သုံးနှစ်သုံးမိုး ချစ်ခဲ့ကြပြီး

ကျွန်မကိုယ်ကျွန်မ
နောင်တရမိ၏။
စေတနာနှင့်
မတန်သူများက
ကျွန်မအား
နည်းမျိုးစုံဖြင့်
တိုက်ခိုက်နေပေမည်။
ကျွန်မက
ပျော့ပေးလေ
သူတို့က
ကမ်းတက်လာလေပင်
...



www.burmeseclassic.com

www.burmeseclassic.com



မှ လက်ထပ်ခဲ့ကြခြင်းဖြစ်သည်။ သူတို့ကိုယ်တိုင်လည်း သဘောတူကြည်ဖြူပြီး ခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးခဲ့ကြ၏။ ယခုမှတော့ ချွေးမအပေါ် ကြီးစိုးချင်စိတ်ဖြင့် ခလောက်ဆန်ချင်လျှင် မည်သူက ကြည်ဖြူပါမည်နည်း။

✦ ✦ ✦

သင်္ကြန်မတိုင်ခင် နှစ်ရက်အလိုတွင် မောင့်ဆွေမျိုးများ ရောက်လာကြ၏။ ကျွန်မက အလုပ်မအားလပ်သည်ကို အကြောင်းပြ၍ ဘူတာရုံသို့ မလိုက်ပေ။ မောင်သာ သူ့တပည့်နှင့် သွားကြို၏။

အိမ်သို့ ကျွန်မက ကြိုရောက်နေသည်။ မောင်ချစ်မိန်းမ မအေးနှင့်အတူ ညစာအတွက် စီစဉ်ရ၏။ အားလုံးကျက်သည်နှင့် ရေမိုးချိုးပြီး ဧည့်သည်ကို စောင့်နေမိသည်။

"နောက်ကျလိုက်တာနော်၊ ရထားဝင်ချိန်က စောပါတယ်၊ ကြည့်ပါဦး၊ နှစ်နာရီလောက်ကြာနေပြီ"

ကျွန်မက စိုးရိမ်စိတ်ဖြင့် ဖုန်းဆက်သော်လည်း မောင့်ဖုန်းက ဆက်သွယ်ရေးဧရိယာပြင်ပသို့ ရောက်ရှိနေသည်ဟုသာ ပြန်လည်ဖြေကြား၏။ သည်တော့ မဆက်ဘဲထားလိုက်သည်။ ခဏအကြာတွင် ကားရပ်သံကြောင့် တံခါးဝသို့ထွက်ကြည့်ရာ

"ဟော...မောင်တို့ပြန်လာပြီ"

"နေ.....နေ မိန်းမ၊ မောင်နဲ့မောင်ချစ်တို့သယ်မယ်"

မောင်က ညှာတာစိတ်ဖြင့် ကျွန်မကို ပြောလိုက်သော်လည်း ယောက္ခမ ဒေါ်ပုက ခါးကိုထောက်၍.....

"အမယ်လေးတော်...သယ်ပေ့စေပေါ့၊ မင်းက အဖြစ်သည်းမနေစမ်းပါနဲ့"

မောင်က ကျွန်မမျက်နှာကို လှမ်းကြည့်ရာ တင်းခနဲဖြစ်သွားသည့် မျက်နှာထားနှင့် ကျွန်မက အိမ်ထဲဝင်သွားလိုက်တော့၏။

အနောက်မှကျန်ခဲ့သောအမေ့စကားကို မကြားချင်ယောင်ဆောင်နေလိုက်၏။

"မင်းမိန်းမအချိုးကိုတွေ့တယ်နော်၊ ယောက္ခမအပေါ် ဆက်ဆံတာ ပြင်ခိုင်းဦး"

"ဟုတ်ပါ့၊ ကိုကြီးတို့များ မယကအဖွဲ့ဝင်တွေပါပဲလား"

မောင်က မကြားချင်ယောင်ဆောင်ကာ ပစ္စည်းများကို တနင့်တပိုး သယ်လာရ၏။ သင်္ကြန်တွင်း တစ်ပတ်လောက်နေမည်များ တစ်နှစ်စာ အဝတ်အစားများ သယ်လာသလားမသိပါ။ ခရီးဆောင်သေတ္တာလေးလုံးပါ၏။

"လာ...နွေးနွေး ဒါ တို့ကိုကြီးအိမ်ပဲ"

ဧည့်ခန်းသို့ရောက်သည်နှင့် ကျွန်မက ပန်ကာကို ဖွင့်ပေးလိုက်သည်။

"Aircon ရှိတယ်မဟုတ်လား၊ ဖွင့်လေ"

ဒေါ်ပုက မျက်နှာထိမျက်နှာထားဖြင့် မာမာထန်ထန်ပြောလိုက်ပြန်၏။ ကျွန်မမှာ စိတ်ကိုလျှော့ကာသည်းခံလိုက်ပြီး Aircon ကို ဖွင့်ပေးလိုက်သည်။

"ဟင်း.....ခုမှပဲ နေသာထိုင်သာ ရှိတော့တယ်အေ၊ ဒီမှာတော်တော်ပူပါလားနော်"

"အန်တီတို့ ခဏနားပြီးရင် ထမင်းအရင်စားမလား၊ ရေအရင်ချိုးကြမလား"

ကျွန်မက မောင့်ကိုသနားပြီး အောက်ကျို့ခံပြောလိုက်သော်လည်း ယောက္ခမဒေါ်ပုက.....

"အမယ်လေးတော်.....သေအောင်လို့ ရေချိုးခိုင်းဦးမယ်၊ ဒီလောက်ပူနေတဲ့ဟာ"

စိတ်ပျက်သွားရလောက်အောင် ကျွန်မကိုယ်ကျွန်မ နောင်တရမိ၏။ စေတနာနှင့် မတန်သူများက ကျွန်မအား နည်းမျိုးစုံဖြင့် တိုက်ခိုက်နေပေမည်။ ကျွန်မက လျှော့ပေးလေ သူတို့က ကမ်းတက်လာလေပင်။

"အေးလေ မသဇ္ဈာကလည်း စဉ်းစဉ်းစားစားပြောရောပေါ့၊ ရေပြောင်းရေလွဲမှာ ရေချိုးမှားရင် ဒုက္ခဖြစ်သွားမယ်"

ယောက်မကပါ စောဒကတက်လာ၏။ စိတ်ကိုလျှော့ပြီး ကျွန်မထွက်သွားလိုက်၏။ မောင်က ကျွန်မရှိရာသို့ တော်တော်လေးကြာမှ ရောက်လာသည်။

"သဇ္ဈာ.....မောင်တောင်းပန်တယ်နော်၊ စိတ်လျှော့ပါကွာ၊ မင်းကို မောင်နားလည်တယ်၊ မေမေကလည်းကွာ စကားပြောတာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



နားမဝင်ဘူး၊ မောင်စိတ်ညစ်တယ်''

''ညှော်သည်ဆိုတာ အိမ်ရှင်စိတ်ကျေနပ်အောင် နေဖို့တော့လိုတာပေါ့၊ တချို့ညှော်သည်တွေများ အိမ်ရှင်မျက်နှာကို ကြည့်နေကြရတာ၊ မောင့်ဟာတွေနဲ့တော့ တခြားစီပဲ၊ ကိုယ်ကတောင် ဆင်းပြေးရမယ့်ပုံတွေ''

''အေးပါ မိန်းမရာ၊ စိတ်မဆိုးပါနဲ့ကွာ၊ သည်းခံခြင်းက မြတ်ပါတယ်နော်''

''ဟင်း....ခုမှရောက်လာတာ၊ တစ်ရက်မပြည့်သေးဘူး၊ စိတ်ဆင်းရဲနေရပြီ၊ နောက်ရက်တွေဆို ဘယ်လိုဖြတ်ကျော်ရပါ့မလဲ''

မောင်က ကျွန်မစကားကိုရယ် မောပြီး ကျွန်မအား ရင်ခွင်ထဲပွေ့ ဖက်ထားလိုက်၏။

''မောင့်ကိုချစ်လို့ သဇ္ဇာ သည်းခံနေတာပါနော်''

''မောင် သိပါတယ်ကွာ''

+ + +

''မမ.....ညစာပြင်ဆင်လိုက်ရတော့မလား''

''ဟုတ်သားပဲ၊ တော်ကြာ အပြောအဆိုခံနေရဦးမယ် အေးရေ''

ကျွန်မတို့နှစ်ဦးသားထမင်းစားခန်းထဲတွင် ညစာအတွက် ပြင်ဆင်လိုက်ကြ၏။ မောင်က မောမောနှင့် ခဏအိပ်ပျော်သွားသည့်အတွက် မောင့်ကို မနှိုးရက်တော့ပေ။

''သနားပါတယ်၊ သူ့မှာ စိတ်မော၊ လူမောနဲ့၊ တခါခါနဲ့ အိပ်နေလိုက်တာများ သနားစရာ''

ကျွန်မက မအေးကိုခေါ်ပြီး မောင့်ဆွေမျိုးများ၏ အခန်းများဆီသို့ လွှတ်လိုက်သည်။ ခဏကြာတော့ မအေးပြန်လာ၏။

''မမရေ.....ညှော်သည်တွေက အိမ်မလာခင် ထမင်းဆိုင်မှာ ဝင်စားပြီးကြပြီတဲ့၊ မစားတော့ဘူးလို့ ပြောပါတယ်''

''ဟင်း.....ဒါကြောင့်မို့ ငြိမ်နေကြတာကိုး။ ငါတို့မှာတော့ ချက်လိုက်ရတာ၊ ငွေကုန်၊ အချိန်ကုန်၊ ဒီလိုဆိုလည်း စားလာပြီးပြီလို့ပြောကြပါလား၊ သက်သက်သွန်ပစ်ရတော့မယ်''

မအေးလည်း စိတ်မကောင်းပေ။ ကျွန်မက မောင့်ကိုပိုပြီးဒေါသဖြစ်ရ၏။ သူ့အမျိုးများကို တဝတပြကျွေးလာပြီးမှ မသိချင်ယောင်ဆောင်နေခဲ့သည်။ တကယ်ဆိုလျှင် ကျွန်မကိုဖွင့်ပြောပြဖို့ကောင်း၏။ အခုတော့ ငွေသုံးသောင်းက အလကားဖြစ်သွားတော့သည်။

''မောင်ဟာလေ ဒီအတိုင်းပဲ၊ မပွင့်တပွင့်နဲ့၊ အဲဒါတွေကိုမကြိုက်တာ၊ သဇ္ဇာက ဘာပဲလုပ်လုပ် ပွင့်ပွင့်လင်းလင်းပဲ၊ သူတို့စားပြီးပြီဆိုပြီးပြီပေါ့၊ မအေးလည်း မပင်ပန်းတော့ဘူး၊ သဇ္ဇာလည်း မစီစဉ်ရတော့ဘူး၊ အခုတော့ အကုန်လုံး Wave ဖြစ်ကုန်ပြီ''

''မောင်တောင်းပန်ပါတယ်ကွာ၊ ပြောဖို့မေ့သွားလို့ပါ၊ အခုကျွေးတာလည်း မောင့်ပိုက်ဆံနဲ့မဟုတ်ပါဘူး၊ နီလာ့ညှော်သည်တွေကျွေးတာပါ''

''ဘယ်သူ့ငွေပဲဖြစ်ဖြစ် မောင်၊ သဇ္ဇာ စိတ်မဝင်စားဘူး၊ သဇ္ဇာ့ကို ဘယ်အချိန်ထိ စိတ်ဆင်းရဲအောင် လုပ်နေကြဦးမှာလဲ၊ အခါတွင်းမှာ ကုသိုလ်ကောင်းမှုပဲ သဇ္ဇာလုပ်ချင်တယ်၊ အကုသိုလ်မဖြစ်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



**ညှော်သည်ဆိုတာ**
**အိမ်ရှင် စိတ်ကျေနပ်အောင် နေဖို့တော့လိုတာပေါ့၊**
**တချို့ညှော်သည်တွေများ အိမ်ရှင်မျက်နှာကို ကြည့်နေကြရတာ၊**
**မောင့်ဟာတွေနဲ့တော့ တခြားစီပဲ၊**
**ကိုယ်ကတောင် ဆင်းပြေးရမယ့်ပုံတွေ . . .**

မောင်က ထုံးစံအတိုင်း မျက်နှာငယ်လေးနှင့် တောင်းပန်နေတော့သည်။ ပွင့်လင်းမှုမရှိသည့် မောင့်စိတ်ခါတ်ကြောင့် မောင့်ဆွေမျိုးများက ဝိုင်းနိုင်နေကြသည်လားမပြောတတ်ပေ။ မောင့်ကိုပါ ကျွန်မက စိတ်ပျက်သွားမိ၏။ ထိုနေ့က ကျွန်မနှင့် မအေးတို့လင်မယားသာ ထမင်းဝိုင်းတွင် စားလိုက်ကြသည်။ ပိုလျှံသော ထမင်းဟင်းများအား ပတ်ဝန်းကျင်သို့ ဝေငှလိုက်ရ၏။

"ပိုတောင် ကုသိုလ်ရသေးတယ်အေးရေ၊ အလှူတစ်ခုပေါ့ကွယ်"

"ဟုတ်တယ်နော် မမ၊ ဆရာ့အမျိုးတွေက ထမင်းစားပြီးရင် အပြစ်က ပြောလာကြဦးမှာပဲ"

မအေးပင် တစ်ရက်မကြာပေ။ မောင့်ဆွေမျိုးများအကြောင်းကို သိသွား၏။ မောင်ချစ်က.....

"ဆရာတော့ စိတ်ပျက်မှာပဲဗျာ၊ ရောက်တာနဲ့ အပြစ်ပြောခံလိုက်ရသေးတယ်၊ အမေကတစ်မျိုး၊ နှမတွေကတစ်မျိုး၊ ညှော်သည်နှစ်ယောက်က တစ်မျိုးနဲ့၊ သနားမိတယ်"

"အိမ်ရောက်တော့ မိန်းမက တစ်မျိုးဆိုတာလည်း ထည့်ပြောဦးမောင်ချစ်ရဲ့၊ မင်းတို့က မင်းတို့ဆရာပဲ သနားနော်၊ အစ်မကိုတော့ မသနားကြဘူး"

"ဆရာကတော်ကိုလည်း သနားမိပါတယ်၊ အိမ်မှာတောင် မိအေးနဲ့ ပြောနေတာပါ၊ ချွေးမနဲ့ယောက္ခမတို့၊ သမီးယောက်မတို့ဆိုတာမျိုးတို့က ကမ္ဘာ့ရန်ပဲလို့"

"အစ်မက ရန်မလုပ်ပါဘူးကွယ်၊ ကိုယ်ဘာပြောပြော သူတို့က အကောင်းမထင်ကြတာပါ"

"ဟုတ်တယ် ကိုချစ်၊ အန်တီကြီးက ပွစိပွစိနိုင်တယ်၊ စောစောက ထမင်းစားသွားခေါ်တာတောင် ညည်းက အိမ်ဖော်လားတဲ့၊ မိအေးရုပ်က အိမ်ဖော်နဲ့တူနေလို့လားရှင်"

ကျွန်မက မအေးကို အားနာသွား၏။ သူတို့လင်မယားက လာရောက်ကူညီကြသူတွေပါ။ စေတနာဖြင့် ကူညီကြသူများဖြစ်၍ ကျေးဇူးတင်မိ၏။

"မသိလို့ပြောတာပါ မိအေးရာ"

"မိအေး စိတ်မဆိုးပါဘူးရှင်"

မအေးပါ ခန့်တရား ရသွားစေ၏။

✦ ✦ ✦

နောက်တစ်နေ့တွင် စောစောအိပ်ရာထကာ မအေးနှင့်အတူ Breakfast အတွက် စီစဉ်ရပြန်သည်။ ညကပိုသောထမင်းအား ပဲထမင်းကြော်လုပ်လိုက်၏။ မောင်ချစ်ကိုလည်း ဈေးတွင် မုန့်ဟင်းခါးဝယ်ခိုင်းပြီး လက်ဖက်ရည်ဖျော်ကာ ခါတ်ဘူးထဲထည့်ထားလိုက်သည်။ အားလုံးပြီးစီးချိန်အထိ ညှော်သည်များက အိပ်ရာမှမထကြသေးပေ။

"မိန်းမရေ..အဆင်သင့်ဖြစ်ပြီလားဟေ"

မောင်က မျက်နှာသန့်စင်ပြီးနောက် ဗိုက်ဖြည့်ရန် ရောက်လာသည်။

"ပြီးပြီ မောင်၊ သွားခေါ်လိုက်ဦးလေ"

"အိပ်ပါစေကွာ၊ ခရီးပန်းလာတော့ အိပ်ကောင်းကြမှာပေါ့၊ လာ.. မောင်တို့စားကြရအောင်"

သည်လိုတော့လည်း မောင်က သူ့အမေကို ဦးချဖို့ မေ့သွား၏။

"လုပ်ပြန်ပြီ၊ တော်ကြာ မိဘထက်အရင် စားဦးစားဖျားစားလို့ အပြောခံနေရဦးမယ်"

"ရတယ်၊ ဦးချထားလိုက်မှာပေါ့"

မောင်က ထမင်းကြော်ကို အားပါးတရ ထည့်စားနေစဉ် ကျွန်မက မုန့်ဟင်းခါးကို စားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မောင်ချစ်နှင့် မအေးလည်း သူတို့ နှစ်သက်ရာကိုထည့်ကာ အတူတူ စားနေကြစဉ် ယောက္ခမ ဒေါ်ပု နိုး လာသည်။

"ဟင်...မင်းတို့က ညှော်သည့် တွေစားတာ ကုန်မှာစိုးလို့ ခိုးစားနေ ကြတယ်ပေါ့လေ၊ ငါတို့တောင် မခေါ်ဘဲ ဦးဦးဖျားဖျား စားနေကြ ပါလား"

ဝက်ဝက်ကွဲ သောင်းကျန်းလေ တော့သည်။ အစားတစ်လုတ်ဖြင့် အပြောခံရသည်မှာ ရှက်စရာပါ။

"မဟုတ်ဘူး မေမေ၊ မေမေ တို့ အိပ်ပါစေဆိုပြီး စားလိုက်ကြတာ ပါ၊ သဏ္ဌာက တားပါသေးတယ်"

"တော်.....တိတ်စမ်း သုတ၊ ဟင်းကို လူကြီးမိဘတွေ မစားရသေး ဘဲ ဘယ်တုန်းက စားခိုင်းလို့လဲ ဟင်၊ မင်းဟာ အရာရှိကြီးပဲဖြစ်နေ ပြီ၊ ဒါလေးတောင် နားမလည်တော့ ဘူးလား၊ မဘက်လိုက်တော့ မိုက် ဘက်ပါသတဲ့"

"ဒီမှာ အန်တီ၊ သဏ္ဌာက ယုတ် မာတဲ့မိန်းမမျိုး မဟုတ်ဘူး၊ သဏ္ဌာ တို့မိဘတွေကိုယ်တိုင်လည်း ငယ် ငယ်ကတည်းက ဆုံးမထားပြီးသား ပါ၊ အန်တီ့စကားကို ပြန်ရုပ်သိမ်း ပေးပါ အန်တီ"

"ဟေ့..ငါ့မျက်စိနဲ့ တပ်အပ် မြင်တာနော်၊ ငါ့သားတစ်ယောက် တည်း စားနေတာမဟုတ်ဘူး"

"မေမေ သားဗိုက်ဆာလို့ စား တာပါ၊ ပြီးတော့ သူတို့လည်း မိုး လင်းကတည်းက စောစောအိပ်ရာ ထပြီး Run နေကြတာလေ၊ ဗိုက်



ဆာကြမှာပေါ့၊ ဒါကြောင့်မို့ စားနေ ကြတာပါဗျာ"

ဒေါ်ပုကသူ့သားစကားကြောင့် ထမင်းစားခန်းထဲမှ ပြန်ထွက်သွား ၏။ နံနက်ခင်းသည် ကျက်သရေ မင်္ဂလာနှင့် မပြည့်စုံတော့ပေ။

ဒေါ်သာ၊ မောဟနှင့် မာန်မာန များကြောင့် မင်္ဂလာမရှိဖြစ်ရတော့ သည်။ ကြားမှ မောင်ချစ်တို့လင် မယားလည်း နောက်ဖေးမီးဖိုခန်းထဲ သို့ ဝင်ပြေးကြရ၏။

"တွေ့လား၊ ဒါကြောင့်မို့ မောင့်ကိုတားတာပေါ့၊ မိဘဖြစ်ပြီး မိဘစိတ်မှ မရှိကြဘဲကိုး၊ မိဘစိတ် ရှိရင် သားသမီးအမှားကို ခွင့်လွှတ် နိုင်ကြတယ်။ နားလည်ပေးနိုင် ကြတယ်၊ တော်ပြီ မောင်၊ သဏ္ဌာ ဘယ်လိုမှ သည်းမခံနိုင် တော့ဘူး၊ ကိုယ့်မိဘအိမ် မှာ ပြန်နေမယ်၊ မောင်ပဲ သိပ်ချစ်တဲ့ မောင့်ဆွေမျိုးတွေနဲ့ နေခဲ့တော့"

"မသွားပါနဲ့ ကွာ၊ မောင့်ကို သနားပါနော်၊ မင်းမရှိရင် မောင် မနေ တတ်ဘူး၊ နော်..မိန်းမ"

"သဏ္ဌာကို အကုသိုလ်မ ပေးကြပါနဲ့၊ သဏ္ဌာ နား အေးပါးအေး ပဲနေချင်တယ် မောင်၊ မောင့် ယောက္ခမအိမ်ကို သွားလည်ရင် ဖေဖေနဲ့မေမေက မောင့်မေမေလို တတွတ်တွတ် အပြစ်ပြောနေတတ် လား၊ သမက်လေးကို သား.....သား နဲ့ ဖူးဖူးမှုတ်ထားကြတာပါ၊ သဏ္ဌာ့ ကို ဖူးဖူးမှုတ်လို့ ပြောတာမဟုတ် ဘူး၊ ချွေးမကို သမီးလိုသဘောထား တတ်ရင် ဘာပြဿနာမှ ဖြစ်မလာ နိုင်ဘူး မောင်"

မောင့်မျက်ဝန်းလေးများက ကျွန်မကို တားဆီးနေကြ၏။ ကျွန်မ ခြေလှမ်းများအား တွန့်ဆုတ်စေ၏။ ကျွန်မနှလုံးသားတွင်လည်း မောင် နှင့်ဝေးဝေးမနေနိုင်ပေ။ အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရေးတွင် အဆင်ပြေပြန်တော့လည်း ဆွေမျိုးသားချင်းများက ဝင်နှောင့် တတ်၏။ မိဘတွင် အဆင်ပြေပြေ မပြေပြေ သားသမီးတို့ဝတ္တရား အတိုင်း တစ်လတစ်ကြိမ် ထောက် ပံ့ခဲ့၏။ သို့ပေမယ့် ယောက္ခမ ဒေါ်ပု က အကြောင်းပြချက်အမျိုးမျိုးဖြင့် တောင်းဆို၏။ ကျွန်မက မောင့် ဘက်က အဆင်ပြေအောင် ဖန်တီး ပေးလိမ့်မည်ကို သိနေ၍ မမေးချင် တော့ပေ။

"လာကွာ.....ဈေးသွားကြရ အောင်"

မောင်က ကျွန်မစိတ်ကိုသိ၍ အပြင်ဘက်ခေါ်ထုတ်သွား၏။ မောင် ချစ်တို့လင်မယားအား အိမ်တွင်ထား ခဲ့လိုက်သည်။ ဒါတောင် မောင့်နှမ သီတာက ပြေးထွက်လာပြီး.....

"ကိုကြီး ဘယ်သွားမှာလဲ၊ သီ တာလည်း လိုက်မယ်လေ"

"နေခဲ့စမ်းပါဟာ"

စိတ်ညစ်ဟန်ဖြင့် ပြောလိုက် သောကြောင့် သီတာက ခြေဆောင့် ကာ ကျန်ရစ်ခဲ့တော့သည်။

\+ + +

"သဒ္ဓာ..မငိုနဲ့တော့လေကွယ်၊ မောင်တောင်းပန်တယ်ကွာ၊ ကဲ... တိတ်၊ တိတ်နော် မိန်းမ"

မောင်က ရင်ခွင်ထဲသို့ ကျွန်မ ကို ထွေးဖက်ထားပေး၏။ မောင့်ကို မော့ကြည့်ပြီး ကျွန်မက တသိမ့်သိမ့် ဖြင့် ငိုရှိုက်မိ၏။ ကန်တော်ကြီး၏ ရေပြင်ကျယ်ကြီးတွင် လျှောက်လမ်း လေးတစ်လျှောက်၌ ကျန်းမာရေး လေ့ကျင့်နေသူများကို တွေ့ရ၏။ ကျွန်မတို့မှာ ကားပေါ်က မဆင်း သေးဘဲ အိမ်၌မွန်းကျပ်ခဲ့သမျှကို ကန်တော်ကြီးတွင် လာရောက်ဖြေ သိမ့်နေမိ၏။ နံနက်ခင်း၏ လေနု အေးလေးကို ရှူရှိုက်ရသည်မှာ စိတ် ကြည်လင်လာစေ၏။

"မောင်...သဒ္ဓာတို့ ဒီဒုက္ခတွေ ဆက်ခံနေရဦးမှာပဲလားဟင်၊ တစ် ခုခုတော့ ပြောင်းလဲသွားစေချင် တယ်"

မောင့်ထံမှ သက်ပြင်းချသံကို ကျွန်မ ကြားလိုက်ရသည်။

"ဘယ်လိုပြောရမလဲကွာ၊ မေ မေဟာ ယောက္ခမဒဏ်ကို ခံလာရ တာလေ၊ ဒီတော့ အဲဒီမှိုင်းက မေ မေ့ဆီမှာ ကြပ်ခိုးအဖြစ် အနံ့အသက် က တွယ်ကပ်ကျန်ရစ်နေတုန်းပဲပေါ့၊ ရှေ့ကယောက္ခမတွေ ဆက်ဆံတဲ့ အတိုင်း မေမေဟာ အမှား၊ အမှန် ကို မခွဲခြားဘဲ လိုက်လုပ်နေတာပါ သဒ္ဓာ"

"ဒါဆိုလည်း သူ့လိုဘဝမျိုး မခံစားရအောင် စာနာစိတ်ရှိရမှာပဲ ပေါ့ မောင်ရာ"

"မေမေ့မှာ လက်သုံးစကားရှိ တယ် သဒ္ဓာ၊ အဲဒါက ယောက္ခမ ရိုသေ အသက်ရှည်တဲ့"

"ဟင်း.....ဘာမှလည်းမဆိုင် ဘူး"

"သူက ယောက္ခမကို ရိုသေ ပြီး ယောက္ခမလုပ်နည်းအတိုင်း အတုယူခဲ့တော့ ယောက္ခမဟာ မေ မေ့ရဲ့ လက်ဦးဆရာတဲ့လေ"

"ဩော်.....ဒေဝဒတ်ကိုဆရာ တင်မိတဲ့ ဖြစ်ရပ်လိုပါလား၊ မောင့် မေမေရဲ့အမှားကို မောင်တို့သား သမီးတွေက ပြုပြင်ပေးပါတော့ လား၊ ဒါမှ မောင်ဟာ သားသမီး ကောင်းလေး ဖြစ်လာမှာနော်"

မောင့်စကားများကို ကျွန်မက မယုံကြည်ချင်တော့ပေ၊ သားသမီး အား အကြောက်တရားဖြင့် အုပ်ချုပ် ထားသလိုဖြစ်နေသည်။ မောင်သာ မလိမ္မာလျှင် နားရွက်အကိုက်ခံရ သည့်မိခင်ပုံပြင်ပမာ ဖြစ်ပေတော့ မည်။

"ဟော..ဒီနေ့ ပိတောက်တွေ ပွင့်ပါလား"

**မောင်ကသာ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေနော်၊ ဒေါ်ပုပါးစပ်မှာ သဒ္ဓာက ကဝေမဖြစ်နေပြီ၊ သူ့သားကို ပညာနဲ့ မြှူဆွယ်ထားလို့တဲ့**

www.burmeseclassic.com

www.burmeseclassic.com




ပိတောက်ပင်မှ ခူးရောင်းပုံရသော အမျိုးသားတစ်ယောက်၏ ပုဆိုးနှင့်ထုပ်ထားသော ပိတောက်ပန်းဝါဝါများကို တွေ့ရ၏။

"ဟော့...ညီလေး၊ ရောင်းတာလားကွာ"

"ဟုတ်ကဲ့ခင်ဗျ၊ ဘယ်လောက်ဖိုးယူမှာလဲ"

"ငါးရာဖိုးဝယ်လိုက် မောင်"

ရောင်းသူက ပိတောက်ခက်များ တစ်ပွေ့တစ်ပိုက် ယူလာ၏။ ကျွန်မက လတ်လတ်ဆတ်ဆတ် ပိတောက်ပန်းတစ်ခက်ကိုယူ၍ နမ်းရှိုက်မိတော့သည်။ ပြီးမှ ပန်ဆင်လိုက်၏။ မောင်က ကျွန်မအား ပြုံးစိစိကြည့်ကာ.....

"မောင့်မိန်းမက ဆွဲဆောင်မှု သိပ်ရှိတယ်၊ ကျက်သရေလည်းရှိတယ်ကွာ"

"ဟင်း...မောင်ကသာ ကိုယ့်ငါးချဉ် ကိုယ်ချဉ်နေနော်၊ ဒေါ်ပုပါးစပ်မှာ သဠာက ကဝေမဖြစ်နေပြီ၊ သူ့သားကို ပညာနဲ့မှူဆွယ်ထားလို့တဲ့"

"ပြောပါစေကွာ၊ လင်နဲ့မယား စည်းလုံးညီညွတ်ပြီး နားလည်မှုရှိရင် ဘယ်သူမှ ကြားဝင်လို့ မရနိုင်ပါဘူး"

ထိုနေ့၊ ထိုအချိန်လေးသည် ကျွန်မအတွက် စိတ်အချမ်းသာဆုံးနေ့လေး ဖြစ်ခဲ့ရ၏။ အိမ်ပြန်လာရမည်ကို ကျွန်မက စိတ်မောနေမိပြန်သည်။

ထင်သည့်အတိုင်းပင် အိမ်သို့ပြန်ရောက်သည်နှင့် ဒေါ်ပုက မျက်နှာထိ မျက်နှာထားဖြင့်.....

"သား မင်းနေရစ်ခဲ့ဦး၊ မင်းကို ပြောစရာရှိတယ်"

ကျွန်မက ကိုယ့်ကို မသိစေချင်သည်ကိုသိ၍ အိမ်ထဲဝင်သွား၏။ ယောက္ခမဖြစ်နေသောကြောင့် မည်သည့်တုံ့ပြန်မှုမှမရှိဘဲ အေးအေးဆေးဆေး ဝင်သွားလိုက်သည်။ သို့ပေမယ့် ဒေါ်ပုအသံက ခုနစ်သံချီ၍ ပြောနေရာ တစ်အိမ်လုံး ကြားနေရ၏။

"မင်းကို အထင်ကြီးမိတာ မေမေ့အမှားပဲ၊ ဘာလဲ.....မင်းမိန်းမက ငါတို့လာတာကို မကြိုက်လို့မဟုတ်လား၊ အခုလည်း လင်ကို အပြင်ခေါ်ထုတ်ပြီး ဘာတွေသင်ပေးလိုက်သလဲ၊ ပြောစမ်း၊ မင်း...မင်းဟာ နွားပဲကွ"

"ဟာဗျာ..မေမေတို့ သိပ်ခက်ပါလား၊ ကျွန်တော် ဘယ်လိုရှင်းပြရမလဲ၊ ပြောရင်လည်း ယုံမှာမဟုတ်ဘူး၊ မေမေ မှားနေတာနော်၊ သဠာက ဘာမှမပြောဘူး၊ မေမေတို့အတွက် သူကိုယ်တိုင် အားလုံးစီစဉ်ပေးနေတာပါ"

ဒေါ်ပုက ခနဲ့တဲ့တဲ့အမူအရာဖြင့်.....

"ဟင်း..ဟင်း မင်းက မိန်းမကို ဆတ်ဆတ်ထိမခံပါလားငါ့သား၊ မင်းအဖေကိုကြည့်စမ်း၊ သူ့အမေ မှားမှား၊ မှန်မှန် မေမေ့ကိုပဲ ဆူခဲ့၊ ရိုက်ခဲ့တာနော်"

ကျွန်မက ဘုရားတလိုက်မိ၏။ ကေနွှ သားကို အရိုင်းစိတ်ဝင်စေရန် မိန်းမကို ရိုက်နိုင်းပြန်ပြီလား မသိပါ။ တော်တော်ဒုက္ခပေးသည့် ယောက္ခမကြီးဟု ကျွန်မက မုန်းမိသည်။

"ဒီမှာ မေမေ၊ လင်မယားကြားထဲ ဝင်မပါပါနဲ့၊ ကျွန်တော်တို့ကိစ္စကို မေမေသိရင် စိတ်ညစ်မှာပေါ့၊ မေမေတို့ အခုလာလည်တာ ပျော်ပျော်သာနေကြပါ၊ အချိန်မှန် ကျွေးမွေးတာပဲ အေးအေးဆေးဆေး စားကြ"

မောင့်စကားက ပြောတော့လည်း ဒေါ်ပု ဆတ်ဆတ်ခါ နာလောက်စေ၏။ ကျွန်မလည်း ပြုံးသွားမိသည်။

"အောင်မာ..ငါတို့ကို ကောင်းကောင်းစား၊ အေးအေးနေ၊ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မစပ်စုနဲ့လို့ ဆိုလိုတာပေါ့၊ ဩော်.. ဩော် သိပ်ကိုလိမ္မာလိုက်တဲ့သားပါလားနော်၊ မိန်းမသင်ပေးတဲ့အတိုင်း တစ်သဝေမတိမ်း ပြောတော့တာပဲလား''

''မေမေ လုပ်ပြန်ပြီ၊ သဉ္ဇာ ဘာမှမပြောဘူး''

''တော်ပြီ သား၊ မင်းဆီလာတာ စိတ်ချမ်းသာမလားမှတ်တယ်၊ ပြန်မယ်ကွာ၊ တို့ကို ကားဖြစ်ဖြစ်၊ ရထားဖြစ်ဖြစ် စီစဉ်ပေးတော့''

''ဟာ...မေမေကလည်း ဒီနေ့ဆို နောက်ဆုံးကားပဲ ထွက်တော့မှာ၊ ဘယ်လိုလုပ်ပြီး သွားလို့ရမှာလဲ''

ဒေါ်ပုက တစ်ဖွတ်ထိုးပါ။ မောင့်မှာ အခက်တွေ့နေရပေမည်။ မောင်ချစ်က ဝမ်းသာအားရအသံနှင့်.....

''ဟာ.....ဆရာရေ ဒီကားနဲ့ပဲ အိမ်အရောက် ကျွန်တော်ပြန်ပို့ပေးလိုက်မယ် ဆရာ၊ စိတ်ချပါဗျာ၊ အန်တီရေ.....ပစ္စည်းတွေယူကြလေ၊ အခုပဲသွားကြမယ်''

''ဟဲ့.....ငါ့သားအိမ်လာတာကို ဘာကြောင့်ပြန်ရမှာလဲ''

''ဟောဗျာ..စောစောကပဲ ပြန်မယ်ဆို''

''ဟင်း.....သူကတစ်မျှောင့်''

ဒေါ်ပုမှာ ကြာကြာအိုက်တင်မခံနိုင်ပေ။ အိပ်ခန်းထဲ ပြန်ဝင်သွားသည်။ သည်တော့မှ မောင်က မောင်ချစ်ပခုံးကိုပုတ်ကာ.....

''မင်းတော်တယ် မောင်ချစ်''

''သဘောပေါက်တယ်နော် ဆရာ၊ ချော့မနေနဲ့၊ ချော့ရင် ဆရာ့အမေက ပိုဆိုးတယ်''

ကျွန်မလည်း မောင်ချစ်လုပ်ရပ်အား သဘောပေါက်သွား၏။ သီတာက ခြံထဲမှ ပြေးလာကာ.....

''ကိုကြီး...ကိုကြီး သီတာ့ကို ကားထဲက ပိတောက်ပန်းတွေပေးနော်၊ ပန်ချင်လို့ပါ''

''သွားယူ သွားယူ၊ ပန်းသရဲမက တစ်မျိုး''

နီလာလည်း ရောက်လာပြန်သည်။

''ကိုကြီး နီလာ့သူငယ်ချင်းတွေနဲ့ ရွှေတိဂုံဘုရား သွားဖူးချင်တယ်၊ ကားမောင်းပို့ပေးနော်''

''မောင်ချစ် မောင်းပို့ပေးလိမ့်မယ်၊ သွားချင်ရင် အခုပဲသွားကြ၊ တော်ကြာ နေပူလာလိမ့်မယ်''

''ဟေး.....သီတာ နင်ရော လိုက်မှာလား''

''လိုက်မှာပေါ့ကွ''

အိမ်ထဲသို့ ဟေးခနဲအော်ဟစ်ပြီး ဝင်ပြေးသွားကြ၏။ ဩော်...ဒါလား မိုင်းကောင်းကျောက်ဖိတွေ။ ဒေါ်ပုက စကားပြောလိုက်လျှင် မိုးပေါ်ကမကျ။ သမီးနှစ်ယောက်က ဆတ်စလူးမတွေ။ သကြံနှင့်ကို ဒီပုံနှင့်လည်လျှင် ပြဿနာဖြစ်ကြမည်က အမှန်ပါ။ နံနက်စာပင် မစားဘဲ ထွက်သွားကြသည်။ သူတို့က ထမင်းဆိုင်တွင် အကြိုက်တွေ့နေကြ၏။

''ချက်ရသက်သာတာပေါ့ မိန်းမရာ၊ အင်း..အမေရော မအေးရော ပါသွားကြတာ၊ နားအေးပါး အေး အိပ်ကြမယ်ကွာ''

''သွားအိပ်...သွားအိပ်၊ သဉ္ဇာလည်း မီးပူတိုက်လိုက်ဦးမယ် မောင်''

မောင်က မကျေမနပ်ဖြင့် အိပ်ခန်းထဲ ဝင်သွားတော့သည်။

✦ ✦ ✦

ထိုနေ့ညနေတွင် ဘုရားဖူးအဖွဲ့ ပြန်ရောက်လာကြ၏။ မောပန်းလာကြ၍ ကိုယ်စီကိုယ်စီ အိပ်ခန်းထဲဝင်သွားကြသော်လည်း ဒေါ်ပုက ကျွန်မနှင့် မအေးရှိရာ မီးဖိုချောင်ထဲသို့ ရောက်လာသည်။

''အန်တီ ဘာလိုချင်လို့လဲဟင်''

''သမီးကို ပြောစရာရှိလို့ပါ''

ရုတ်တရက် ပြောင်းလဲသွားသည့် မျက်နှာကြောင့် ကျွန်မ အံ့ဩသွားရသည်။ စိတ်ထဲတွင် ဘုရားကပြန်လာပြီးမှ အကျွတ်တရားရသွားပြီထင့်။

''ဟုတ်ကဲ့ ပြောပါ အန်တီ''

''ဟိုလေ ဒီအိမ်မှာ သူစိမ်းဆိုလို့ မောင်ချစ်နဲ့ မအေးတို့ပဲ ရှိတာနော်၊ သူတို့လင်မယားလည်း အန်တီတို့နဲ့ လိုက်လာတာပါ၊ အိမ်မှာကျန်ခဲ့တာ သားနဲ့သမီးတို့ပဲ''

''မောင်က သွားကတည်းက အိပ်ချင်တယ်ဆိုပြီး အိပ်နေတာပါ အန်တီ''

ဒေါ်ပုက ဟန်ပါပါဖြင့် ပြုံးပြီးနောက်.....

''ဟုတ်လား အန်တီ ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပဲ ပြောတော့မယ်ကွယ်၊ ရေချိုးခန်းထဲမှာ အန်တီ့စိန်လက်စွပ် ချွတ်ထားခဲ့တယ်၊ မေ့ပြီးကျန်ရစ်ခဲ့တာပါ၊ အဲဒါ အခုမှသတိရလို့ သွားကြည့်လိုက်တော့ မရှိတော့ဘူး''

''ဟင်.....ဟုတ်လား''

ကျွန်မမှာ တအံ့တဩဖြစ်သွားရ၏။

''စိန်လက်စွပ်က နီလာမ လုပ်ပေးခဲ့တာပါကွယ်၊ ၁၅ သိန်းတန်တယ်၊ သူ့စုဆောင်းငွေလေးနဲ့ အမေကို လုပ်ပေးခဲ့တာလေ''

ကျွန်မက ဘယ်သူဝယ်ပေးပေး လုံးဝစိတ်မဝင်စားပါ။ ကျွန်မစိတ်ဝင်စားသည်မှာ စိန်လက်စွပ်ပျောက်သည့်ကိစ္စပင်။ ကျွန်မပင် မီးပူတိုက်ပြီး နာရီဝက်ခန့်နားပြီးမှ ရေချိုးခန်းထဲ ဝင်ခဲ့သေးသည်။ ရှိလျှင် တွေ့ရမည်ပေါ့။

မောင့်အကြည့်ကို
သဥ္စာ မကြိုက်ဘူးနော်၊
ဘယ်သူ့ကိုမှ
အထင်မမှားနဲ့၊ ဒါဟာ
တမင်သက်သက်
အကွက်ဆင်တာပဲ၊
သဥ္စာ သိတယ်၊
ပြန်ရှာကြည့်ပါဦး၊
အထားမှားတာများလားလို့
ပြောမိတာနဲ့
ဝက်ဝက်ကွဲနေတာပဲ
...



''အန်တီက ဘယ်မှာထားခဲ့တာလဲ''

''မှန်အောက်က တန်းလေးပေါ် တင်ထားခဲ့တာပါကွယ်''

တိုက်ချစရာ ကြွက်တို့ ပိုးဟပ်တို့လည်းမရှိ။ ရှိလျှင် မုချမြင်တွေ့မည်ပင်။ ကျွန်မကိုယ်တိုင် ရေချိုးခန်းထဲတွင် တိုက်ချွတ်ဆေးကြောခဲ့သေးသည်။ မမြင်မိပါ။ သို့ပေမယ့် ဒေါ်ပုနှင့်အတူ ရေချိုးခန်းထဲသို့ သွားရောက်ရှာဖွေကြပြန်၏။ မတွေ့ပါ။

''အန်တီများ အထားမှားသလားဟင်''

''လုံးဝမမှားပါဘူး၊ ဘုရားသွားကြမယ်ဆိုလို့ ရေမြန်မြန်ချိုးပြီး ထွက်လာတာ၊ ကားပေါ်ရောက်မှ သတိရတယ်၊ တန်းပေါ်မှာ သေသေချာချာ တင်ထားတာပါ''

ရှာဖွေမတွေ့သည့်အခါ မောင်ချစ်နှင့် မအေးတို့လည်း မျက်နှာမကောင်းကြတော့ပေ။

''ဆရာကတော် ကျွန်တော်တို့လင်မယား မယူပါဘူးနော်''

''ဟုတ်ပါတယ် မမ၊ မိအေး ရေချိုးခန်းထဲ မဝင်ပါဘူးရှင်၊ ရေကို အစောကြီးထချိုးတာပါ''

''အေးပါကွယ်၊ မမသိပါတယ်၊ မင်းတို့ကို မစွပ်စွဲပါဘူး၊ ပြန်စဉ်းစားကြည့်ပါဦး အန်တီရယ်''

ကျွန်မက ဒေါ်ပုကို အထားမှားများနေသလားဟု ပြောလိုက်ရာတွင် ဒေါ်သူ့ပုန်ထကာ သောင်းကျန်းနေတော့၏။

''စဉ်းစားစရာမလိုပါဘူးအေ၊ ကျုပ်ထားတာ ကျုပ်သိတာပေါ့၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟာ မရိုးသားဘူး၊ တစ်ယောက်ယောက် ယူထားတာပဲနေမှာ၊ သူခိုးက ခိုးတယ်လို့ ဘယ်တော့မှမပြောဘူး''

"မိအေး မယူပါဘူး ကြီးကြီးရယ်''

"ထပ်ပြောနေစရာမလိုဘူး မအေး၊ ကိုယ့်လိပ်ပြာ ကိုယ်လုံကြပါတယ်၊ ဘုရားသိရင် ပြီးပြီ၊ သွားတော့၊ လုပ်စရာရှိတာ လုပ်ပါကွယ်''

"အောင်မာ...အောင်မာ၊ နင် သိပ်ကိုရိုင်းစိုင်းတဲ့ ချွေးမပါလား၊ ငါက အကျိုးနဲ့အကြောင်းနဲ့ ပြောပြနေတာ၊ သားရေ..လာပါဦး သုတ၊ မင်းမိန်းမ ရိုင်းလိုက်ပုံများ မပြောချင်တော့ပါဘူး''

မောင်က အိပ်မှုန်စုံမွှားဖြင့် ရောက်လာရ၏။ မောင်လည်း အော်ဟစ်သံများ ကြားနေမည်ပင်။ စိတ်မကြည်လင်သော မျက်လုံးများဖြင့် ကျွန်မကို ဆူတော့သည်။ မည်သည့်အကြောင်းဆိုသည်ကို သိပုံမပေါ်ပေ။

"သဉ္ဇာရာ မင်းကိုပြောထားပါရက်နဲ့ကွာ''

"သြော်....မောင့်အမေရဲ့ စိန်လက်စွပ်ပျောက်လို့ စွပ်စွဲနေတာကို သဉ္ဇာက ငြိမ်ခံနေရမှာလား၊ ငြိမ်နေရင် သဉ္ဇာတို့ယူထားသလို ဖြစ်သွားမှာပေါ့၊ ပြီးတော့ မအေးတို့လင်မယားကိုပါ စွပ်စွဲပြောဆိုနေတာပါ''

သည်တော့မှ မျက်လုံးပြူးကျယ်သွားပြီး.....

"ဟင်.....မေမေ့စိန်လက်စွပ်ပျောက်လို့ ဟုတ်လား''

"အေးလေ၊ အဲဒါကြောင့် မေးနေရတာပေါ့၊ ရေချိုးခန်းထဲ ချွတ်ထားမိတာ ရှာမတွေ့ဘူးကွ၊ တွေ့မိလားလို့ မေးတာများ ယောက္ခမကို ကက်ကက်လန်အောင် ပြန်ရန်တွေ့တယ်၊ တစ်ခါမှ ဒီလိုမိန်းကလေးမျိုး မမြင်ဖူးပါဘူး''

မောင်က ကျွန်မမျက်နှာကို လှမ်းကြည့်၏။ ပြီးတော့ မအေးထံ ရောက်သွားသည့် မောင့်အကြည့်တွင် မအေးအပေါ် မသင်္ကာသော မျက်ဝန်းများ ရောယှက်နေသည်။

"ဒီမှာ မောင်၊ မောင့်အကြည့်ကို သဉ္ဇာ မကြိုက်ဘူးနော်၊ ဘယ်သူ့ကိုမှ အထင်မမှားနဲ့၊ ဒါဟာ တမင်သက်သက် အကွက်ဆင်တာပဲ၊ သဉ္ဇာ သိတယ်၊ ပြန်ရှာကြည့်ပါဦး၊ အထားမှားတာများလားလို့ ပြောမိတာနဲ့ ဝက်ဝက်ကွဲနေတာပဲ''

သည်တစ်ကြိမ်မှာ မောင့်မျက်လုံးများက ဒေါ်ပုထံ ရောက်သွားပြန်၏။

"သားနော် မင်းမိန်းမကိုဆုံးမဦး၊ အမေက တကယ်မဖြစ်ဘဲ လီဆယ်ပြီး ပြောပါ့မလားကွယ်''

"အမေ့အိပ်ခန်းထဲ ပြန်ရှာကြည့်ပါဦးဗျာ၊ ဥစ္စာပျောက် ငရဲရောက်တဲ့၊ ရှာကြည့်လို့မှ မတွေ့ရင် သားပြန်လျော်ပေးပါ့မယ်ဗျာ၊ နော်အမေ''

ကျွန်မမှာ မောင့်ကို ကိုင်လှုပ်ပစ်လိုက်ချင်နေတော့သည်။ ၁၅ သိန်းတန် စိန်လက်စွပ်ဆိုသည်က ဒေါ်ပုအပြောပါ။ မောင့်ငွေကိုရမှ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်ခြင်း၊
လိမ်ညာခြင်း၊
ရက်စက်ခြင်းမျိုး
မရှိနိုင်တော့ပေ။
အမုန်းတွင် ခွင့်လွှတ်စိတ်
ဖြစ်ပေါ်တတ်လာ၏။
အပြုံးတွင်
ကသိုလ်စိတ်
ပွားများလာတတ်၏။
အဆုံးတွင် တရားအသိ
ရသွားတတ်၏

. . .

ကျေနပ်မည်ဆိုလျှင် ကျွန်မက ကန့်ကွက်ရပါမည်။ သည်လို အညှာလွယ်တတ်သူဖြစ်၍လည်း မောင့်အား အနိုင်ကျင့်နေကြခြင်းဖြစ်၏။ ယောက္ခမ ဒေါ်ပု၏လက်တွင် ရွှေလက်ကောက်များက အပြည့်ပါ။ ချွေးမပင် သူ့လောက်မရှိပေ။

"သဉ္ဇာ သဘောမတူဘူး မောင်၊ အန်တီ့စိန်လက်စွပ်က ၁၅ သိန်းတဲ့၊ မောင် လျော်နိုင်လို့လား။ သဉ္ဇာတို့နောင်ရေးအတွက်လည်း ထားပါဦး မောင်ရယ်၊ မောင့်မှာ ပုံပိုးပေးနေရတာ မဆုံးနိုင်တော့ပါလား။ ဘဏ်ကငွေတော့ မထုတ်နိုင်ဘူး မောင်၊ ကိုယ့်အတွက်ထားဦးမှပေါ့"

"ငွေက ပြန်ရှာရင် ရတာပဲ မိန်းမရာ"

"အို.....ပြန်လျော်ပေးတယ်ဆိုတာ သဉ္ဇာနဲ့ မအေးတို့ ခိုးကြလို့ လျော်ပေးရမှာလား။ မတရားလုပ်ကြံလျှော်ခိုင်းရင်တော့ သဉ္ဇာ ရဲစခန်းတိုင်လိုက်မယ်၊ ရဲတွေလာစစ်ရင် ပေါ်မှာပဲ"

ဒေါ်ပု မျက်စိမျက်နှာပျက်သွား၏။ စောစောက ပြန်လျော်ပေးမည်ဆိုတုန်းက ပြုံးသွားသလောက် အခုတော့ဖြင့် မျက်နှာမှာ သွေးလန့်နေသလိုပါ။ ယောက္ခမမျက်နှာ အရိပ်အကဲကိုကြည့်ပြီး မရိုးသားကြောင်းကို ကျွန်မက သိနေ၏။ ကျွန်မက ဟန်းဖုန်းကို ယူလိုက်သည့်နောက်တွင်တော့.....

"မတိုင်ပါနဲ့အေ၊ ကျုပ်မိုက်ပြစ်လို့ပဲ ထားလိုက်ပါတော့၊ ရှုပ်ရှုပ်ယှက်ယှက် မဖြစ်ချင်ဘူး"

ဤသည်ကို မောင်လည်းသိသွားမည်ပင်။ ယောက္ခမက သူ့အိပ်ခန်းသူပြန်သွားသလို ကျွန်မလည်း ကိုယ့်အခန်းထဲ ကိုယ်ဝင်နေလိုက်၏။ မောင်တစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

✦ ✦ ✦

"မိန်းမရေ...မိန်းမ၊ ဟင်... အခန်းထဲမှာလည်းမတွေ့၊ အပြင်မှာလည်းမရှိ၊ ဒီမိန်းမ ဘယ်များသွားနေသလဲကွာ"

ခေါင်းအုံးပေါ်က ကျွန်မရေးထားသည့်စာလေးကို မောင်က တွေ့သွားမည်ပင်။ သည်စာကို ဖတ်ကြည့်ရင်း ကျွန်မ၏ အေးငြိမ်းရာ၊ စိတ်ချမ်းမြေ့စေရာနေရာလေးကို သိသွားပါမည်။

"မောင်.....

မောင့်ချွေးမျိုးအောက်တွေ သဉ္ဇာမခံနိုင်တော့လို့ တရားနိုင်သောကို ဖယ်သွားပါပြီ။ မနက်စောစော မောင်ချစ်ကို ပြုံးပြုနိုင်ပါတယ်။ မောင်စိတ်မပူပါနဲ့နော်၊ သူတို့ပြန်မှပဲ သဉ္ဇာကို ရှိသောမှာလာကြပါ။ မောင် စိတ်ချမ်းချမ်းသာသာနဲ့ စိတ်တိုင်းကျ ပြင်ဆင်ပေးလိုက်ပါတော့၊ ဗီရိုထဲမှာ ဘဏ်စာအုပ်ထားခဲ့တယ်။"

သဉ္ဇာ

ကျွန်မ ရေးထားခဲ့တဲ့စာကိုတွေ့တော့ မောင်တစ်ယောက် ခေါက်တည်ရာမရဖြစ်သွားမည်ပင်။ မအေးပြောစကားအရ ထိုနေ့က မောင်တို့သားအမိတွေ ပြဿနာတက်ခဲ့ကြသည်ဟု သိခဲ့ရ၏။ တစ်ခါမျှ မိဘကို

www.burmeseclassic.com

www.burmeseclassic.com

မလွန်ဆန်သည့်မောင်က သူ့အမေ၏အမှားကို ထောက်ပြရင်း ငိုသည်တဲ့။ အမှန်တရားကို သိသွားချိန်မှာ မောင်တစ်ယောက် အကြီးအကျယ် ပေါက်ကွဲသွားတော့သည်။

နောက်တော့ သူတို့အပြစ်ဖြစ်မည့်စိုးကာ နှစ်ဆန်းတစ်ရက်နေ့ရောက်သည်နှင့် ပြန်သွားကြတော့၏။ မောင်က စိတ်ဆိုးပြီး မည်သည့်နေရာကိုမျှ လိုက်မပို့တော့ပေ။ သူတို့လည်း ဘယ်နေရာမှ မထွက်ရဲဘဲ အိမ်မှာပင်နေကြတော့သည်။ မောင်ချစ်နှင့် မအေးလည်း မောင်ကပြန်လွှတ်လိုက်ရာ ညော့သည်များက ကိုယ်တိုင်ချက်ပြုတ် စားသောက်ခဲ့ကြရသည်။ နီလာ့ညော့သည် နှစ်ယောက်လည်း အခြေအနေမကောင်းမှန်းသိကာ တခြားတွင်သွားတည်းခိုကြ၏။

သို့ပေမယ့် မောင့်အား မည်သူကမျှ စိတ်မဆိုးရဲကြပေ။ ညင်သာစွာ ထွက်ခွာသွားကြ၏။ သူတို့လည်း နောင်တွင် ထိုသို့ပြုမူရဲကြတော့မည်မဟုတ်ပါ။

ကျွန်မ၏လုပ်ရပ်သည် မလုပ်သင့်မှန်းသိသော်လည်း ဒေါ်ပုအား ထိုသို့မပြုလုပ်လျှင် အခြေအနေပြောင်းလဲလာမည်မထင်ပါ။ ယခုတော့ သားကိုလည်း တင်းတင်းမာမာ မပြောရဲတော့ပေ။ မောင်ကိုယ်တိုင်လည်း သူ့အမျိုးအကြောင်းကို ပို၍ပို၍ သိသွားတော့၏။ အမျိုးချစ်သောသူသည် အခုတော့ အမျိုးများကို ကြောက်လန့်သွားသည်။

ကျွန်မက (၆)ရက်တရားစခန်း



နှစ်သစ်ကူးတဲ့
တန်ခူးလမှာ
အပျော်အပါးထက်
ကောင်းမှုကုသိုလ်ပြုတာ၊
တရားဘာဝနာ
ပွားများတာတွေက
ပိုမြတ်တာပေါ့၊
ကိုယ့်အတွက်
သေရင်
ကိုယ့်နောက်ပါမှာက
ကိုယ်ပြုခဲ့တဲ့
ကုသိုလ်ပဲ ...

www.burmeseclassic.com

ဝင်ခဲ့၏။ တရားရိပ်တွင် အေးချမ်းလှပါဘိ။ လောဘ၊ ဒေါသ၊ မောဟကင်းပြီး အေးချမ်းသော အရိပ်စစ်သို့ ကျွန်မက ရောက်သွားသည်။ အပျိုဘဝက သင်္ကြန်ရက်တိုင်းဝင်ခဲ့သော ရိပ်သာမှာ ကျွန်မ၏ စိတ်ချမ်းမြေ့ပြီး တရားများဖြင့် နှလုံးသွင်းနိုင်ခဲ့ရ၏။ သည်တော့ မောင့်ကိုလည်း ကျွန်မက မေ့ထားနိုင်ခဲ့သည်။

ရိပ်သာမှ ပြန်သည့်နေ့တွင် အိမ်သို့ပြန်ရမည်ကို ကျွန်မက ကြောက်နေပြန်၏။ သို့ပေမယ့် လာကြိုသော မောင့်မျက်နှာအား မြင်တွေ့ရသည့်နောက် ကျွန်မ နှလုံးသားထဲတွင် မည်သို့ဖြစ်သွားမှန်း မသိတော့ပေ။ မောင့်လက်ကိုဆွဲပြီး ကျွန်မက ဆီးကြိုနေမိသည်။

"မောင်"

"လွမ်းလိုက်တာ မိန်းမရာ၊ မောင့်ခွင့်ပြုချက်မရဘဲ ရိပ်သာဝင်ခဲ့တယ်ပေါ့၊ အဲဒါ ငရဲကြီးလိမ့်မယ်"

"သဇ္ဈာလည်း စိတ်ထွက်ပေါက်ဆိုလို့ ရိပ်သာပဲရှိတော့တယ်လေ၊ ဒီတော့ ဖုန်းဆက်မေးကြည့်လိုက်တော့ စာရင်းပေးထားတဲ့ အမျိုးသမီးတစ်ယောက်က ရိပ်သာမဝင်ဖြစ်လို့ဆိုပြီး သဇ္ဈာက သူ့နေရာလေး ရသွားတယ်၊ ရိပ်သာမှာလူပြည့်နေပြီလေ"

"ဟုတ်ပါပြီဗျာ၊ ဒါနဲ့ မောင့်ကို ခွဲသွားခဲ့တယ်ပေါ့"

"မောင်သိရင် တားမှာစိုးတာရယ်၊ အခါတွင်းမှာ ကိုယ့်အတွက် တရားရှာနိုင်အောင်ရယ်၊ နောက်တစ်ခုက သဇ္ဈာလေ မောင့်မေမေရဲ့ ဒဏ်ကို မခံနိုင်ဘူးလေ"

"မောင်သိပါတယ်ကွာ၊ သူတို့လည်း မလာရဲကြတော့ပါဘူး၊ အင်း.....မောင်က ဒီလိုလုပ်လိမ့်မယ်လို့ ထင်မထားဘူးကွယ်၊ သဇ္ဈာပြောတာတွေ အကုန်မှန်နေတာပါပဲ"

"အဲဒါဆို သင်္ကြန်မှာ နှစ်တိုင်း ရိပ်သာဝင်ကြမယ်နော်၊ မောင်လည်း လိုက်ဝင်ရမယ်"

"ကောင်းပါပြီဗျာ၊ မောင့်မယားလေး သဘောအတိုင်းပါပဲ"

ကျွန်မမှာ မောင့်ဆီက ကတိစကားလေးကြောင့် ဝမ်းသာသွားရတော့သည်။ တရားရှာသည်ဆိုရာတွင် အသက်အရွယ်နှင့် မဆိုင်ပေ။ ကြီးကြီး၊ ငယ်ငယ် အရွယ်မရွေး တရားအလုပ်ကို ကျင့်ကြံပွားများအားထုတ်သင့်၏။ ကုသိုလ်နှင့် အကုသိုလ်ကို ခွဲခြားသိမြင်လာသည့် တစ်နေ့တွင် လူတစ်ဦးတစ်ယောက်အပေါ် ကောက်ကျစ်ခြင်း၊ လိမ်ညာခြင်း၊ ရက်စက်ခြင်းမျိုး မရှိနိုင်တော့ပေ။ အမုန်းတွင် ခွင့်လွှတ်စိတ် ဖြစ်ပေါ်တတ်လာ၏။ အပြုံးတွင် ကုသိုလ်စိတ် ပွားများလာတတ်၏။ အဆုံးတွင် တရားအသိ ရသွားတတ်၏။

ကျွန်မနှင့် မောင်တို့၏ မိသားစု ဆွေမျိုးအသိုင်းအဝိုင်းတစ်ခုကို ရေပြင်ကျယ်ကြီးဟု မှတ်ယူပါက ကျွန်မနှင့်မောင်က ထိုရေပြင်ကျယ်ကြီးပေါ်က လှေငယ်လေးတစ်စင်းကဲ့သို့ ရေပြင်ကျယ်တွင် မုန်တိုင်းထန်ထန်၊ လှိုင်းလေပုတ်ပုတ် ထိုလှေငယ်လေးမှာ ထိုဒဏ်များအား ခံရပေမည်။

+ + +

"မိန်းမ မင်း ဘာတွေစဉ်းစားနေတာလဲကွာ၊ မောင် မင်းကိုကြည့်နေတာ ကြာပြီ"

ကျွန်မက အတွေးများကို ရပ်ပြီးနောက် မောင့်ကို ပြောပြမိ၏။

"သင်္ကြန်တောင်ရောက်တော့မယ်နော် မောင်"

"မိန်းမက မနှစ်ကသင်္ကြန်ကို သတိရနေပုံပဲကွာ"

"နှလုံးသားထဲမှာကို ဒဏ်ရာဖြစ်နေခဲ့တာပါနော်၊ ဒါပေမဲ့ အခုတော့ သဇ္ဈာ့နှလုံးသားမှာ ဘာအာဃာတမှ မရှိတော့ပါဘူးရှင်"

မောင်သည် ပင့်သက်နွေးနွေးလေးကိုချကာ ကျွန်မအား တိုးတိုးလေး ပြောလာ၏။

"မေမေလည်း သူ့အမှားကိုသိမြင်ပြီး တရားရသွားပြီ သဇ္ဈာ၊ ဒီနှစ်မှာ တရားစခန်းဝင်ကြမယ်တဲ့၊ သီတာရော၊ နီလာပါ လိုက်ဝင်ကြမှာတဲ့"

"ကောင်းတာပေါ့ မောင်ရယ်၊ နှစ်သစ်ကူးတဲ့ တန်ခူးလမှာ အပျော်အပါးထက် ကောင်းမှုကုသိုလ်ပြုတာ၊ တရားဘာဝနာ ပွားများတာတွေကပိုမြတ်တာပေါ့၊ ကိုယ့်အတွက် သေရင် ကိုယ့်နောက်ပါမှာက ကိုယ်ပြုခဲ့တဲ့ ကုသိုလ်ပဲ၊ သေခါနီးမှာ ဘဝကူးကောင်းစေဖို့ တရားအသိလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ နှလုံးသွင်းနိုင်အောင် လေ့ကျင့်ထားရမယ်၊ သေတတ်၊ နေတတ်ဖို့ အရေးကြီးတယ်ဆိုတာ အဲဒီ တရားအသိတွေ ရဖို့ပဲပေါ့ မောင်ရာ"

"ကဲ.....မောင့်မိန်းမကို အရှုံးပေးပါပြီကွာ၊ သကြၤန်မှာ ရိပ်သာဝင်ဖို့ စာရင်းပေးထားဦးနော်"

"အားလုံးစီစဉ်ပြီးပါပြီကွယ်၊ သဒ္ဓါလေ အမှန်အတိုင်းပြောရရင် မောင့်ကို ဘာသာရေးနဲ့ပတ်သက်ပြီး တော်တော်ပြောပြစည်းရုံးရလိမ့်မယ်လို့ ထင်နေတာပါ၊ အခုတော့....."

"အဲဒါ မိန်းမက ရှေ့ဆောင်လုပ်ပြခဲ့လို့ပေါ့ကွာ၊ မင်းကိုလည်း မောင်က ကျေးဇူးတင်ပါတယ်"

ကျွန်မတို့နှစ်ဦးသားမှာ ကျေနပ်ခြင်းများစွာဖြင့် သကြၤန်ချိန်ခါကို စောင့်မျှော်နေကြတော့သည်။ သကြၤန်ချိန်လေးကို ရောက်တိုင်းလည်း ကျွန်မတို့နည်းတူ သတိထားရမည့်သူများမှာ ယောက်ျားမကြီးဒေါ်ပုနှင့် ယောက်မများလည်း ပါဝင်နေမည်ကို ကျွန်မက သိနေမိ၏။

ဩော်.....မျှော်လင့်နေကြတဲ့ သကြၤန်ရက်လေးမှာ အတ္တ၊ မာန၊ ဒေါသများ ကင်းစင်ကြပါစေဟုသာ ကျွန်မက တောင်းဆုပြုလိုက်ချင်ပါတော့သည်။

လေးစားစွာဖြင့်
နွေအလွန်




# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**


ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com





သန်းမြင့်ဦး

# သေသူ့ဝိညာဉ်

www.burmeseclassic.com

www.burmeseclassic.com



□

ကားကို လမ်းတစ်ပတ် ကွေ့လိုက်သည်နှင့် ကေသီ့ဆီက စကားသံထွက်လာ၏။

"မောင် အရင်တုန်းက ဒီကွေ့မှာ ကုန်တင်ကားတစ်စီးနဲ့ ခရီးသည်တင်ကားတစ်စီး တိုက်မိသေးတယ်မဟုတ်လား၊ ခရီးသည်တင်ကားပေါ်ကလူတွေအားလုံး ကားမှောက်တဲ့အထဲ ပါသွားပြီး သေကုန်ကြတယ်လေ"

ထိုစကားကြောင့်လားမသိ။ ကားမောင်းနေသည့် ဦးမောင်မောင်သည် ကားဘရိတ်ကို ဆောင့်နင်းလိုက်မိတော့မည်ကဲ့သို့ ဖြစ်သွားသည်။

ကေသီ့ဘေးတွင် ထိုင်နေသည့် မိုးသူမှာလည်း ဆတ်ခနဲဖြစ်သွားသည်။

"ကေသီ အခုနကအကြောင်းကို ကေသီ ဘယ်လိုလုပ်ပြီး သိနေသလဲ၊ ကေသီ အရင်က ဒီကို ရောက်ဖူးလို့လား"

မိုးသူ၏အမေးကို ကေသီက ဦးခေါင်းလေး ယမ်းခါပြလျက်.....

"ဟင့်အင်း...ကေသီအရင်က ဒီကို တစ်ခါမှ မရောက်ဖူးဘူး၊ အခုကိုမိုးနဲ့လက်ထပ်ပြီးမှ ဒီကို ဒီတစ်ခါပဲရောက်ဖူးတာ၊ ဘာဖြစ်လို့လဲ"

"အင်း.....ကိုမိုးရဲ့စိတ်ထဲမှာ ထူးဆန်းသွားလို့ပါ၊ ကေသီ ဒီအကြောင်းတွေ သိနေတာကိုက တော်တော်ကြီးကို ထူးဆန်းနေတာအမှန်ပဲ"

ဦးမောင်မောင်ကလည်း သူ့စိတ်ထဲမှာ ခံစားနေရသည်ကို ပြောပြခဲ့ပြန်သည်။

"ဟုတ်တယ် တူမကြီး၊ တူမကြီးဆီက ကြားလိုက်ရတဲ့စကားကြောင့် ဦးရဲ့စိတ်ထဲမှာ ဇဝေဇဝါတောင် ဖြစ်သွားမိသေးတယ်၊ တူမကြီး အရင်တုန်းက ဒီကိုများရောက်ဖူးသလားလို့၊ တူမကြီးပြောသလိုပဲ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်တုန်းက ဒီနေရာမှာ ကားချင်းတိုက်လို့ ကားတစ်စီးမှောက်ပြီး ကားထဲမှာပါလာတဲ့ ခရီးသည်တွေအားလုံး အသက်သေဆုံးကုန်တာလည်း အမှန်ပဲ၊ ဦးလေးကို အမှန်အတိုင်း ပြောစမ်းပါ၊ ဒီအကြောင်းတွေကို တူမကြီး ဘယ်ကနေ ကြားသိခဲ့တာလဲ"

မသင်္ကာသလို မေးလာသည့် ဦးမောင်မောင်၏စကားကို ကေသီက ဦးခေါင်းလေးကို ယမ်းခါပြလျက် ငြင်းဆိုခဲ့ပြန်သည်။

"ဟင့်အင်း၊ ကေသီ ဘယ်သူ့ဆီကမှ ကြားသိခဲ့ရတာမဟုတ်ပါဘူး၊ အဲဒါကို ကေသီ ကျိန်ပြောဆိုရင်လည်း ကျိန်ပြောရဲတယ် ဦးလေး"

"ဒါဖြင့်....."


မိုးသူက စကားဝင်ထောက်သည်နှင့် ကေသီက မျက်မှောင်ကြုတ်လျက်.....

"ကေသီလည်း ကိုယ့်ကိုယ်ကိုယ် တော်တော်လေး အံ့အားသင့်သွားမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အရင်က ဒီအကြောင်းတွေကို မသိခဲ့ဘူး၊ ဒီအနားကို ရောက်တော့မှ ဘယ်လိုကဘယ်လို ဒီအကြောင်းတွေ ဦးနှောက်ထဲရောက်လာပြီး ပါးစပ်ကနေ ရုတ်တရက် လွှတ်ခနဲ ပြောထွက်သွားမိတာပဲ အစ်ကို"

ဦးမောင်မောင်ကော မိုးသူပါ နောက်ထပ် ဘာစကားမှ မပြောကြပါလေတော့။ အသာနှုတ်ဆိတ်ပြီး ငြိမ်နေကြသည်။ ဦးမောင်မောင်က ကားကိုသာ ဂရုစိုက်မောင်းနှင်နေသလို မိုးသူက စဉ်းစားခန်းဝင်နေခဲ့သည်။

ကေသီကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် တော်တော်ကြီးအံ့အားသင့်နေမိခဲ့သည်မှာအမှန်။ သည်အကြောင်းတွေကို သည်နေရာသို့ ရောက်တော့မှ ဘာကြောင့်များ လွှတ်ခနဲ ပြောလိုက်မိပါလိမ့်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ရုပ်ရှင်တွေထဲကကဲ့သို့ သေသူ့ဝိညာဉ်တွေက သူ့

www.burmeseclassic.com

အားဝင်စီးပြီး သို့နှယ် လွှတ်ခနဲ ပြောလိုက်မိခြင်းများလား။

+ + +

မကြာမီမှာပင် မိုးမခရိပ်မြိုင်ခြံကြီးထဲသို့ ဂျစ်ကားက ဝင်ရောက်လာခဲ့သည်။ ခြံကြီးထဲသို့အရောက် မြေနီလမ်းလေးအတိုင်း ကားကို မောင်းဝင်လာခဲ့ရာမှ နှစ်ထပ်တိုက်အိုကြီး၏ ဆင်ဝင်အောက်သို့ အရောက်တွင် ကားကိုထိုးရပ်လိုက်ပါ၏။ အသက်ငါးဆယ်ခန့်ရှိမည့် လူဝကြီးတစ်ယောက်က အမောတကော ပြေးထွက်လာလျက်.....

''ဟာ...ဆရာလေးတို့ရောက်လာမှာကို။ ကျွန်တော်ထင်နေတာက မနက်မိုးလင်းမှ ရောက်လာမယ်လို့ပေါ့''

''အစတုန်းက ညမိုးချုပ်မှ ထွက်လာမလို့ပဲ၊ ဒါပေမဲ့ ဟိုမှာကလည်း အလုပ်တွေ စောစောပြတ်သွားတာနဲ့ ဒီကို စောစောထွက်လာ လိုက်တာပဲ၊ ဩော်..... ဦးလေးဦးမြမောင်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်တော့်ရဲ့ဇနီး ကေသီပဲ ..၊ ကေသီ ဒါကတော့ ကိုယ်ငယ်ငယ်လေးကတည်းက ဒီမှာခြံစောင့်ကြီးလုပ်လာတဲ့ ဦးမြမောင်ပဲ''

မိုးသူက ကေသီနှင့် ဦးမြမောင်ကိုမိတ်ဆက်ပေးသည်။ ဘာကြောင့်လဲမသိ။ ဦးမြမောင်ကိုကြည့်ရင်း ကေသီ၏စိတ်ထဲတွင် တစ်ခုခုကို အလိုမကျသလို ခံစားလိုက်ရသည်။ တစ်စုံတစ်ရာသော အနှောင်အဖွဲ့တစ်ခုခုက သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံလိုက်သည့်နှယ်လည်း အထင်ရောက်မိသည်။

ကေသီသည် ကားအောက်သို့ဆင်းကာ အိမ်အိုကြီးကို လှည့်ပတ်ကြည့်ရင်း တစ်ဆက်တည်း.....

''လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်ကျော်လောက်က ဒီမိုးမခရိပ်မြိုင်မှာ ပြဿနာတစ်ခုခုအကြီးအကျယ်

**အပေါ်ထပ်က**
**သူတို့ရဲ့ အခန်းထဲမှာ**
**ထည့်ထုတ်ထားပြီး**
**အပြင်ကနေ**
**အင်္ဂတေနဲ့ကိုင်ပြီး**
**ဖုံးထားခဲ့တယ်၊ မယုံရင်**
**အဲဒီအခန်းထဲက**
**အင်္ဂတေတွေကို**
**ဖယ်ကြည့်လိုက်ပါလား**
**...**

www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့တယ်မဟုတ်လား''

ဦးမြမောင်ကော ဦးမောင်မောင်ပါ ကေသီ့အား မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် လှမ်းကြည့်လိုက်ကြသည်။ မိုးသူကတော့ မာန်မဲသလို ကေသီ့အား.....

''ကေသီ....မင်း ဘာတွေ လျှောက်ပြောနေတာလဲ၊ မင်း အဓိပ္ပာယ်မရှိတာတွေလျှောက်တွေးပြီး ပြောချင်ရာတွေ ပြောနေပြီထင်တယ်''

ကေသီက ခေါင်းကိုတွင်တွင်ကြီး ယမ်းခါပြလျက် တစ်ဆက်တည်း..

''မဟုတ်ဘူး အစ်ကို၊ ကေသီ အတွေးလွန်ပြီး လျှောက်ပြောနေတာ မဟုတ်ဘူး၊ အမှန်တွေကိုပြောနေတာ၊ အဲဒီတုန်းက ဒီမိုးမခရိပ်မြိုင်မှာ ပြဿနာတွေ အကြီးအကျယ် တက်ခဲ့တယ်''

ဦးမြမောင်က အစဖော်တော့မည့်ဟန်ဖြင့် ပါးစပ်ပြင်လာသည်။ ဦးမောင်မောင်က မျက်ထောင့်နီကြီးဖြင့် လှမ်းကြည့်ရင်း ငေါက်ငေါက်ငမ်းငမ်း.....

''ဦးမြမောင်၊ ခင်ဗျားဘာတွေ လျှောက်ပြောဦးမလို့လဲ၊ ကိုယ်လုပ်စရာရှိတာကို သွားပြီးလုပ်တာ မဟုတ်ဘူး''

သည်တော့လည်း ဦးမြမောင်သည် မျက်စိမျက်နှာ အပျက်ပျက်အယွင်းယွင်းဖြင့်ပင်.....

''ဟုတ်.....ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် အိမ်တံခါးသွားပြီး ဖွင့်လိုက်ပါ့မယ်''

ထို့နောက် ဦးမြမောင်သည် အတွင်းအပြင် နှစ်ထပ်ခတ်ထားသည့် အိမ်ခန်းတံခါးသော့များကို အပြေးအလွှားပင် သွား၍ဖွင့်လိုက်ပါ၏။ တံခါးပွင့်သွားသည်နှင့် ဦးမြမောင်သည် အတွင်းမီးများကို ဖွင့်လိုက်သည်။ သူတို့သုံးယောက်က အိမ်ကြီးအတွင်းသို့ ခြေချလိုက်ကြသည်။

+ + +

အပေါ်ထပ်သို့တက်ရသည့် လှေကားသည် အတွင်းမှာပဲရှိနေသည်။ ကေသီ၏အကြည့်က ထိုလှေကားဆီသို့ ကျရောက်သွား၏။ ကေသီ၏မျက်နှာ တင်းခနဲဖြစ်သွားသည်။ မျက်လုံးအစုံမှာ အရောင်တောက်လက်လာလျက်.....

''အစ်ကို့ရဲ့ဒေါ်လေးဟာဒီလှေကားအတိုင်း ကျလာတာမဟုတ်လား၊ အမှန်တော့ သူ့ကို တစ်ယောက်ယောက်က တွန်းချလိုက်တာပဲ၊ အဲဒီတစ်ယောက်ယောက်ဆိုတာကလည်း ဦးလေး ဦးမောင်မောင်ပဲ''

ကေသီ့နှုတ်ဖျားမှ ထွက်လာသည့် တပ်တပ်အပ်အပ် စွပ်စွဲစကားကြောင့် ဦးမောင်မောင်သည် အကြီးအကျယ် မျက်စိမျက်နှာပျက်သွားခဲ့ရာမှ ဒေါသတကြီး.....

''ဟိတ်...ဟိတ် မင်းဘာတွေ လျှောက်ပြောနေတာလဲ၊ မင်းစိတ်ကူးတည့်ရာတွေ လျှောက်ပြောမနေနဲ့၊ ဒီမှာ ငါ့တူ၊ မင်းရဲ့မိန်းမကိုကြည့်ထိန်းဦးလေကွာ၊ သူလျှောက်ပြောနေတာနဲ့ ငါတော့ အချောင်သက်သက် ဒုက္ခရောက်ရတော့မယ်''

သို့တစေ မိုးသူက ဘာမျှမပြောဘဲ အသာနှုတ်ပိတ်နေသည်။ ကေသီကပဲ ဆက်လက်၍.....

''အဲဒီတုန်းက ဦးလေးတို့အိမ်က ကားမောင်းတဲ့လူနဲ့ အထင်လွဲပြီး ဒေါ်လေးနဲ့ စကားအကြီးအကျယ်များကြတယ်၊ နောက်တော့ ဒေါ်လေးကို ဒီလှေကားပေါ်ကနေ တွန်းချလိုက်တယ်၊ ဒေါ်လေးခမျာလည်း လှေကားအောက်ကို အရောက်မှာ အသက်ပျောက်သွားရရှာတယ်''

''မဟုတ်ဘူး.....မဟုတ်ဘူး၊ သူပြောနေတာတွေ တစ်ခုမှမဟုတ်ဘူး၊ မင်းရဲ့ဒေါ်လေး အေးမြနဲ့ ငါ စကားများတာလည်း မှန်တယ်၊ ဒီလှေကားပေါ်ကနေ ကျသွားတယ်ဆိုတာလည်း ဟုတ်တယ်၊ ဒါပေမဲ့ အေးမြဟာ အသက်မသေခဲ့ဘူး၊ ငါနဲ့စကားများပြီး နောက်တစ်နေ့မှာ ဒရိုင်ဘာ ကျော်နိုင်နဲ့ လိုက်ပြေးသွားတာ၊ ဒီနေ့ ဒီအချိန်အထိ သူ့သတင်း ဘာအစအနမှ မရတော့ဘူး''

ကေသီ၏ ဖူးဖူးအိအိ နှုတ်ခမ်းထောင့်စွန်းတွင် မဲ့ပြုံးလေးတစ်ချက် ထင်ဟပ်လာသည်။

''ဒေါ်လေး ကားဒရိုင်ဘာနဲ့ လိုက်ပြေးသွားတယ်ဆိုတာ လုံးဝမဟုတ်ဘူး၊ ဒေါ်လေး အခုအချိန်အထိ ဒီအိမ်ထဲမှာပဲ ရှိနေသေးတယ်၊ ဒေါ်လေး လှေကားပေါ်က

www.burmeseclassic.com



ဘယ်သူဘယ်ဝါ ဖြစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူး၊ တစ်ခုတော့ရှိတယ်၊ အရိုးတွန်တယ်ဆိုတဲ့ စကားကိုတော့ . . .

ကျပြီး အောက်ကိုအရောက်မှာ အသက်မရှိတော့ဘူး၊ အဲဒါကို ဦးလေးက အပေါ်ထပ်က သူတို့ရဲ့ အခန်းထဲမှာ ထည့်ဝှက်ထားပြီး အပြင်ကနေ အင်္ဂတေနဲ့ကိုင်ပြီး ဖုံးထားခဲ့တယ်၊ မယုံရင် အဲဒီ အခန်းထဲက အင်္ဂတေတွေကို ဖယ်ကြည့်လိုက်ပါလား၊ ဒေါ်လေးရှိနေတာကို အသေအချာ တွေ့ရလိမ့်မယ်''

တပ်တပ်အပ်အပ် စွပ်စွဲစကားကြောင့် ဦးမောင်မောင်၏ မျက်နှာတစ်ပြင်လုံး ချွေးသီးချွေးပေါက်များ ဆို့ပြန်ထွက်လာခဲ့ရာမှ.....

''ဒီမှာ မိန်းကလေး၊ မင်းဘယ်သူလဲ၊ ဘာအကြံနဲ့ ဒီကို ရောက်လာတာလဲ''

''အခုအချိန်မှာ ကျွန်မ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသိတော့ဘူး၊ တစ်ခုတော့ရှိတယ်၊ အရိုးတွန်တယ် ဆိုတဲ့စကားကိုတော့ ဦးလေးကြားဖူးမှာပေါ့၊ နောက်ပြီး သေသွားတဲ့ လူရဲ့ဝိညာဉ် အပူးကပ်ခံရတယ်ဆိုတဲ့ အဖြစ်ကိုလည်း ဦးလေး သိမှာပေါ့၊ လောလောဆယ်မှာတော့ ကျွန်မဟာ ဒေါ်လေးအေးမြပဲ၊ ဒီလောက်ဆို ဦးလေး သဘော ပေါက်ရောပေါ့နော်၊ ဟင်း.....ဟင်း''

ကေသီ့စကားအဆုံးမှာတော့ ဦးမောင်မောင် သည် ကြက်ကြီးလည်လိမ်ထားသကဲ့သို့ ဦးခေါင်း ငိုက်စိုက်ကျသွားတော့၏။



✦ ✦ ✦

ကေသီပြောသကဲ့သို့ပင် အပေါ်ထပ်ရှိ အိပ်ခန်း နံရံတစ်ဖက်ကို ဖြိုဖျက်လိုက်သည့်အခါမှာတော့ အမျိုးသမီးတစ်ယောက်၏ ခန္ဓာကိုယ်အရိုးစုတစ်စု ထွက်ပေါ်လာခဲ့ပါ၏။

မည်သို့ပင်ဖြစ်စေ ဆယ်နှစ်ကျော်ကြာပြီးမှ ပေါ် ပေါက်လာသည့် လူသတ်မှုတစ်မှု၏ဖြစ်ရပ်မှာ ဆန်း ကြယ်လွန်းလှသည်။ သေသူ၏ ဝိညာဉ်က ကေသီ့ ကိုယ်တွင် ဝင်ရောက်ပူးကပ်ပြီး ထိုလူသတ်မှုပေါ်ပေါက်ခဲ့ သည့်အဖြစ်မှာလည်း မယုံချင်စရာကောင်းနေပြီး တော် တော်လေး အံ့ဩဖို့ကောင်းနေသည်မှာလည်း အမှန်ပင်။

သိန်းမြင့်ဦး

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တန်ခူးလရောက်တိုင်း ကျွန်တော်က ရပ်ဟန်းဘောင်ဝင်ရ၏။ မြို့ရှေ့ကျင် မွေးရပ်မြေတွင် အမေက သာသနာပြုအလှူအဖြစ် မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသူများအား ကိုရင်စည်း၊ သင်္ကန်းစည်း အလှူကို နှစ်စဉ်ပြုလုပ်နေ၏။ ကွယ်လွန်သွားရှာပြီဖြစ်သော အဘိုး၊ အဘွားနှင့် အဖေတို့အတွက် ကောင်းမှုကုသိုလ် အမျှအတန်းပေးဝေခြင်းဖြစ်သည်။ သည်တော့ ကျွန်တော်က ချစ်သူ ရင်ငြိမ်းပန်းကိုပြောပြမိ၏။

"ဟင်.....မောင်က သင်္ကန်းတစ်တွင်းလုံးနေမှာလား၊ ရေမကစားတော့ဘူးလားကွာ၊ ရင်ငြိမ်းက မောင်နဲ့ရေပက်ခံထွက်မလားလို့ သူငယ်ချင်းတွေနဲ့တောင် စာရင်းပေးဖို့ ပြောထားတာပါ"

"မောင်တို့မိသားစုက နှစ်တိုင်း မွေးရပ်မြေမှာ ကုသိုလ်ယူကြတာပါ။ ရင်ငြိမ်းက ဘယ်သိဦးမလဲလေ"

"ဟင်း..မောင်ရယ် ပျင်းစရာကြီးကွာ၊ အကြောင်းပြချက်တစ်ခုခုနဲ့ နေရစ်ခဲ့ပါလား"

"အမေစိတ်မကောင်းဖြစ်တာထက် သာသနာပြုရေးမှာ အဖျက်အဆီး မလုပ်ချင်ဘူးကွာ၊ သာသနာဖျက်ဖြစ်သွားမှာပေါ့"

ကျွန်တော်က အမေ့ကို စိတ်ချမ်းသာအောင်ထားသည့် သားတစ်ယောက်ပါ။ သားအမိနှစ်ယောက်တည်းရှိသည့်အတွက် အမေ့ဆန္ဒအား ကျွန်တော်က မငြင်းပယ်တတ်သူပါ။

ရင်ငြိမ်းပန်းကို အမေနှင့်တွေ့ဆုံပေးရန်လည်း အချိန်မကျသေးပေ။ ချစ်သူကလည်း ယောက္ခမလောင်းကို ရင်မဆိုင်ရဲသေးဟုဆို၏။ ရင်မဆိုင်ရဲခြင်းမှာလည်း ရင်ငြိမ်းပန်းက အမေမျှော်လင့်သည့် ချွေးမမျိုးမဟုတ်ပေ။ အမေက အဝတ်အစားဝတ်လျှင် ရိုးရိုးယဉ်ယဉ်နှင့် မိန်းကလေးပီသသည်ကို နှစ်သက်၏။ ဆန်းဆန်းပြားပြားပုံမျိုးနှင့် ခေတ်ရှေ့လွန်ခြင်းမျိုးကို မကြိုက်ပေ။

"ဟင်း.....မောင့်မေမေက သိပ်ဇီဇာကြောင်တာပဲ၊ ရင်ငြိမ်းမတွေ့ချင်တာ အဲဒါပဲ မောင်၊ မိန်းကလေးတစ်ယောက်ကို ကြည့်တဲ့ အကြည့်က မသင်္ကာမှုနဲ့ကြည့်တဲ့ အမှုစစ်တစ်ယောက်လိုပဲ၊ အဲဒီမျက်လုံးအကြည့်ဒဏ်ကို မခံနိုင်ဘူး၊ တမင်သက်သက် သားကို သင်္ကန်းမှာ ကစားမှာစိုးလို့ သင်္ကန်းဝတ်ခိုင်းတာပဲနေမှာ"

ဒါတောင် အမေက ချစ်သူရှိမှန်း မသိသေးလို့ပါ။ ရင်ငြိမ်းပန်းကို ပြောပြလိုက်ချင်ပါ၏။ ကျွန်တော်က တစ်ဦးတည်းသောသားဖြစ်သဖြင့် အမေ၏ဂရုစိုက်ခြင်းကို ခံရသူပါ။ ကျွန်တော့်အဖေက ကျွန်တော် ငါးနှစ်သားလောက်က ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ သည်တော့ ကျွန်တော့်မှာ အမေ့တူမ သက်နွယ်အေးနှင့် အတူတူ ကြီးပြင်းလာရ၏။ သက်နွယ်က ကျွန်တော့်ထက် သုံးနှစ်ကြီးသူဖြစ်သည်။ ကျွန်တော့်ရဲ့ တိုးတိုးဖော်ဆိုက မများပေ။

"ဒါကြောင့် မမသက်ကပြောတာ၊ မောင့်မေမေက အရှုပ်ပစ်စပ်တယ်တဲ့၊ တော်ရုံအမျိုးသမီးမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



“

ဒါတွေနဲ့သွားယှဉ်ရင်
ကိုယ်လည်း
သူတို့ဘဝတွေလို
ဖြစ်သွားမှာပေါ့ ရင်ငြိမ်း။
မောင်ဆိုလိုတာက
အမြင်မရိုင်းတဲ့
မြန်မာ့ယဉ်ကျေးမှုကို
ထိန်းသိမ်းဝတ်စားတဲ့
သကြန်မလေး
တစ်ယောက်
ဖြစ်စေချင်တာပဲ

”

ဘူးတဲ့၊ မမသက်သူငယ်ချင်းတွေ ရောက်လာရင်တောင် မောင့်မေမေ ရှိနေရင် ကြာကြာမနေနိုင်ကြဘူးတဲ့”

“ဒါကတော့ကွာ မေမေက ရတနာပွဲစားဆိုတော့ အကဲခတ်နေကျလေ၊ ဟဲ.....ဟဲ”

“တော်ပါ၊ သူ့မေမေဘက်က သိပ်နာတတ်တယ်၊ အိမ်ထောင်ကျရင်တော့ ရင်ငြိမ်း ခပ်ကြောက်ကြောက်ပဲ မောင်။ ယောက္ခမနဲ့ တည့်ပါ့မလားလို့ ကြိုတွေးမိတယ်”

ရင်ငြိမ်းပန်းတွေးသကဲ့သို့ ကျွန်တော်လည်း တွေးမိ၏။ သို့ပေမယ့် အမေ့သဘောကျဖြစ်စေရန် ရင်ငြိမ်းပန်းအား ပြုပြင်ယူရမည်မဟုတ်ပါလား။

✦ ✦ ✦

“သကြန်မှာ ရေကစားရင်ဝတ်ဖို့ ကြိုဝယ်ထားတာမောင်၊ မလှဘူးလားဟင်”

ကျွန်တော်က ရင်ငြိမ်းပန်း ထုတ်ပြသော အဝတ်အစားများကို မကြိုက်ပေ။ ပါးသည့်အပြင် အပေါ်မှထပ်ဝတ်သည့် အင်္ကျီရှည်မှာလည်း ကြောင်ကြောင်ကျားကျားနှင့် မည်သို့မျှ ကြည့်မလှပေ။

“ရေစိုရင် ကပ်သွားမှာ ရင်ငြိမ်း၊ စတော်ကင်လည်း အသားထူထူလေး ရှာဝတ်ပါလား”

“မောင်ကတော့ တကယ့်ဒိုက်ပဲကွာ၊ ဒီမှာရှင့် ရင်ငြိမ်းတို့က ရန်ကုန်မြို့ကြီးမှာနေတာနော်၊ တချို့ဆို ဘောင်းဘီတို၊ လည်ဟိုက်၊ လက်ပြတ်၊ ဗိုက်ပေါ်တွေနဲ့ သကြန်မှာကဲကြတာ မောင်”

“ဒါတွေနဲ့သွားယှဉ်ရင် ကိုယ်လည်း သူတို့ဘဝတွေလို ဖြစ်သွားမှာပေါ့ ရင်ငြိမ်း၊ မောင်ဆိုလိုတာက အမြင်မရိုင်းတဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းဝတ်စားတဲ့ သကြန်မလေး တစ်ယောက် ဖြစ်စေချင်တာပဲ”

“ဟင်း.....သူ့ကိုပြုံးမိပါတယ်၊



www.burmeseclassic.com

အထည်တွေကို လျှော့ဈေးနဲ့ ပြန်ရောင်းရတော့မလိုပဲ၊ စိတ်ညစ်ပါတယ်”

ရင်ငြိမ်းပန်း၏ ညည်းတွားသံလေးကြောင့် ကျွန်တော်က ချစ်သူကို ပြန်ချော့လိုက်ရသည်။

“ရင်ငြိမ်းက ဘာဝတ်ဝတ်လှပြီးသားပါကွာ၊ မင်းကိုတွေ့စက ဆံပင်ရှည်လေးကဖြောင့်စင်းပြီး အရမ်းကို ကျက်သရေရှိတာပဲ၊ အဝတ်အစားဆိုလည်း အခုလို ခေတ်ရှေ့မပြေးဘူး”

“သြော်.....ဒါကြောင့် မောင်က မောင့်မေမေနဲ့ တည့်မယ်ထင်ပြီး စိတ်ကြိုက်ရွေးလိုက်တာပေါ့နော်၊ ရင်ငြိမ်းကလည်း မောင်ကြိုက်ဖို့ထက် မောင့်မေမေ ဘယ်လိုမိန်းကလေးမျိုး ကြိုက်တတ်တယ်ဆိုတာ မသက်ဆီက စုံစမ်းပြီးမှ မောင့်ကို ချဉ်းကပ်ခဲ့တာနော်”

ရင်ငြိမ်းပန်း၏စကားများက ကျွန်တော်တို့သားအမိအား ပညာပေးလိုက်သည့်သဘောမျိုးဖြစ်နေ၏။ ထိုစိတ်ထားမျိုးရှိသူဖြစ်နေလျှင် ကျွန်တော်က ရင်ငြိမ်းပန်းစိတ်ဓာတ်ကို သတိထားရပါမည်။ ဂျင်းဘောင်းဘီနှင့် လွန်စွာကြည့်ကောင်းသော်လည်း အမေက မိန်းကလေးများ ဘောင်းဘီဝတ်ခြင်းကို မကြိုက်တတ်ပေ။ ရှေးရိုးဆန်သည့်အတွေးများ ရှိနေသည်။

ရင်ငြိမ်းပန်းတွင် မောင်နှမ နှစ်ယောက်ရှိသည်။ အစ်ကိုဖြစ်သူက နိုင်ငံခြားသင်္ဘောလိုင်းမှ သင်္ဘောသားတစ်ယောက်ဖြစ်၏။ ရင်ငြိမ်းပန်းတွင် မိဘများ မရှိကြတော့ပေ။ အဒေါ်ဖြစ်သူ၏ အုပ်ထိန်းမှုဖြင့် မောင်နှမနှစ်ယောက်က ကြီးပြင်းလာရ၏။ အဒေါ်ဖြစ်သူ ဒေါ်စံယဉ်ဖြူမှာ ဟော့ရှော့ခ်နေတတ်သူဖြစ်သည်။

“အန်တီလည်း ရေကစားမှာမောင်၊ သင်္ကြန်ရောက်ခါနီးမှ ကိုကိုလည်း ပြန်ရောက်မယ်၊ ဟား.....ပျော်စရာကြီးပဲ၊ အိမ်မှာ ကိုကို့ဘော်ဒါတွေနဲ့ စားကြသောက်ကြဦးမှာ”

ကျွန်တော်က ချစ်သူအတွက် စိတ်ပူမိ၏။ သူ့အစ်ကို၏ သင်္ဘောသား သူငယ်ချင်းများက ရင်ငြိမ်းအား ကပ်ကြမည်ပင်။ သင်္ကြန်ဆိုသည် အပျော်လွန်လျှင်ဖြင့် ဘဝပျက်တတ်သည်။ သင်္ကြန်တွင် ဘဝပျက်သည့် မိန်းကလေးမျိုး များစွာ ရှိတတ်ကြပါ၏။ ကျွန်တော်က ချစ်သူကို မည်သည့်ယောက်ျားလေးနှင့်မျှ နီးနီးစပ်စပ်မနေစေချင်ပါ။ အထူးသဖြင့် ရင်ငြိမ်းလို လှပသူအတွက် စိုးရိမ်စိတ်ဖြစ်မိ၏။

သက်နွယ်အေးနှင့် ပတ်သက်ပြီးမှ ကျွန်တော်က ရင်ငြိမ်းပန်းနှင့် ဆုံစည်းခဲ့ခြင်းဖြစ်၏။ သည်တော့ သက်နွယ်အေးနှင့်ပင် ရင်ငြိမ်းပန်းလေးအား အပ်ထားခဲ့ရပါတော့မည်။

“မင်းက ဘာသာရေးလုပ်ဖို့ သွားမှာမဟုတ်လား၊ ရင်ငြိမ်းပန်းအတွက် စိတ်ချလက်ချသွားပါကွာ၊ တော်ကြာ ပုတီးကြီးကိုင်ပြီး ‘ရင်ငြိမ်း၊ ရင်ငြိမ်း’နဲ့ မှားစိပ်နေဦးမယ်နော်”

“စိတ်ချမယ်နော် မသက်”

“တယ်...ဒီကောင်လေး ခက်တော့နေပါပြီ၊ စိတ်မချရင်လည်း လိုက်မသွားနဲ့၊ ဒါမှမဟုတ်ရင် အန်တီ့ကိုပြောပြီး အလည်ခေါ်သွားပေါ့”

“ပြဿနာမရှာပါနဲ့ဗျာ၊ အချိန်မတန်သေးလို့ပါ”

“အင်း..မသက်တော့ မင်းတို့ ရှေ့ရေးကို ရင်လေးမိတယ်နော်၊ အန်တီနဲ့ ရင်ငြိမ်းကြားမှာ မင်းတော့ စိတ်ညစ်ရမှာ မြင်ယောင်သေး၊ ရင်ငြိမ်းက မာနခဲ၊ အန်တီက အတ္တကြီးတဲ့ မိခင်”

လူတိုင်းက ထိုသို့ပင် ထင်နေကြ၏။ ကျွန်တော့်စွမ်းဆောင်မှုဖြင့် အမေနှင့် ရင်ငြိမ်းတို့ ငြိမ်းချမ်းရေးရရန် အစွမ်းကုန် ကြိုးစားမည်ပင်။ ပတ်ဝန်းကျင်အား ကျွန်တော်က စိန်ခေါ်မိတော့သည်။ လောကကြီးတွင် မဖြစ်သေးတာပဲရှိသည်၊ မဖြစ်နိုင်တာမျိုး မရှိဟု ကျွန်တော်က ယုံကြည်ထားသူပါ။

+ + +

တစ်နေ့တော့ ကျွန်တော့်ဆေးကျောင်းသို့ အမေကိုယ်တိုင် လာကြို၏။ ကျွန်တော်က ဒရိုင်ဘာနှင့် အကြိုလွှတ်မည်ပဲထင်ကာ ရင်ငြိမ်းပန်းနှင့် ရယ်ရယ်မောမော စကားပြောလာခဲ့သည်။ အမေက ကားပေါ်မှဆင်းလာပြီး ကျွန်တော့်အားစောင့်ကြည့်နေ၏။ အနားရောက်မှ ဘွားခနဲတွေ့ကမိသူက ကျွန်တော်ပါ။ ရင်ငြိမ်းပန်းက အမေ့အား တွေ့မတွေ့တော့ မသိပေ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ.....ကားပေါ်တက်စမ်း သား၊ မင်းကကိုယ့်မိဘတစ်ယောက်လုံး ရပ်နေတာတောင် မမြင်ဘူး၊ ဟိုကောင်မလေးနဲ့ တွေ့ရပြန်ပြီ၊ ဒီကောင်မလေးကို မေမေကြည့်လို့မရဘူးနော်"

ခက်ပြီ။ အမေက ရင်ငြိမ်းပန်းကြားလောက်စေသည်အထိ အသံကို မြှင့်ပြောနေတော့သည်။ ကျွန်တော် စိတ်ညစ်သွားရ၏။ အမေ့စကားကို ချစ်သူလည်း ကြားပေမည်။ သို့ပေမယ့် ရင်ငြိမ်းပန်းက ပြုံးပြုံးရွှင်ရွှင်နှင့် သူ့ကားရှိရာသို့ လျှောက်သွား၏။ ကျွန်တော့်ကိုပင် လက်ပြနှုတ်ဆက်သွားသေးသည်။

"အမေရာ သူငယ်ချင်းကိုအားနာလိုက်တာဗျာ"

"ဘာအားနာစရာလိုသလဲကွ၊ အမြဲတမ်း ဂျင်းဘောင်းဘီဝတ်နေတာ ကြည့်မရဘူး၊ ပြီးတော့ မင်းနဲ့ပဲ တွေ့နေရတယ်၊ ဒီမှာ သား မင်းက ကျောင်းမပြီးသေးဘူးနော်၊ ချစ်သူရှာချင်နေပြီလား"

အမေနောက်ကျသွားပြီဟု စိတ်ထဲက ပြောလိုက်သော်လည်း အမေ့ရှေ့တွင်တော့ ခေါင်းခါပြမိ၏။

"အေး.....အဲဒါဆိုလည်း ပညာကိုသာရှာတော့၊ မင်းအတွက် မေမေစီစဉ်ထားတာရှိတယ်၊ စောသေးလို့ မပြောပြတာ"

"ဘယ်သူလဲ မေမေ၊ အိမ်ကို ခဏခဏလာတတ်တဲ့ မေမေ့သူငယ်ချင်းရဲ့သမီးဖြူနုငယ်မဟုတ်လား"

အမေက ကျွန်တော့်ကို ပြုံးကြည့်ပြီး.....

"ငါ့သား မဆိုးပါဘူး၊ ဒေါ်ခင်မမရဲ့သားဆိုတာ ဒီလို လူကဲခတ်တတ်ရမယ်၊ ဟုတ်တယ် သား၊ ရွှေကျင်သွားရင် ဖြူနုငယ်တို့သားအမိပါလိုက်ပြီးအလှူလုပ်ကြမယ်ကွယ်"

"ခင်ဗျာ....."

ကျွန်တော့်မျက်လုံးများ ဝိုင်းစက်လုမတတ် အံ့သြသွားတော့သည်။ ထိုအကြောင်းကို ရင်ငြိမ်းပန်း သိသွားလျှင် တကယ်မလွယ်ပေ။ သူမပါ ရွှေကျင်မြို့အထိလိုက်လာပြီး ကျွန်တော့်အား ချောင်းမြောင်းမည်မှာ သေချာ၏။

"အဲဒါဆိုလည်း သူ့ကိုပါ သီလရှင်ဝတ်ပေးလိုက်ပါလားဗျာ"

"အေး.....တကယ်ဝတ်မလို့ လိုက်လာတာလေ"

"ခင်ဗျာ....."

ကျွန်တော့်မှာ ဒုတိယအကြိမ် မျက်လုံးပြူးသွားရပြန်၏။ စိတ်ပျက်စွာပြောလိုက်သောစကားက မှန်နေပြန်သည်။

"သျှောင်နောက်ဆံထုံးပါဆိုသလိုပေါ့ သားရယ်၊ ဖြူနုလေးက မင်းကို ငယ်ငယ်ကတည်းက သိပ်ခင်တာပါ၊ သားနဲ့ ရွယ်တူပဲလေ၊ ခုနှစ်တူပြီး လပိုင်းပဲငယ်တာပါ၊ ပြီးတော့ သားကို ခင်တွယ်ရှာတယ်၊ မိဘချင်းက ရင်းနှီးပြီးသားဆိုတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲဖိတ်ရမှာပေါ့"

ကျွန်တော် တော်တော်စိတ်ညစ်သွားရ၏။ သည်လိုဆိုလျှင် ရင်ငြိမ်းပန်းနှင့်ကျွန်တော်က ဝေးရပေတော့မည်။ ကျွန်တော့်နှလုံးသားထဲတွင် ချစ်ရသူက ရင်ငြိမ်းဆိုသော ပန်းလေးတစ်ပွင့်ပါ။ ဖြူနုငယ်အပေါ်တွင် ကျွန်တော်က ညီမလေးတစ်ယောက်လိုကလွဲပြီးမချစ်ခဲ့ပေ။ ခက်သည်က ဖြူနုငယ်၏ပုံစံလေးက အမေစိတ်တိုင်းကျသော ချွေးမပုံစံမျိုး ဖြစ်နေ၏။

"ဖြူနုလေးက ဘယ်လောက်ကျက်သရေရှိသလဲ သား၊ အဝတ်အစားဆိုလည်း မြန်မာဆန်ဆန် အလှလေး၊ ယဉ်ယဉ်ကျေးကျေး၊ သိမ်သိမ်မွေ့မွေ့နဲ့ ကျက်သရေရှိတယ်"

ကျွန်တော်က စိတ်ထဲမှ 'အဲဒီခေတ်က ကျန်ခဲ့ပြီ မေမေ၊ အခုခေတ်မှာ မိန်းမတွေဟာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းလာပြီ၊ ခေတ်တွေပြောင်းလဲကုန်ပြီ'ဟု ပြောနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com


"သားရေ ဖြူနုလေးကို သဘောကျတယ်မဟုတ်လား၊ မှန်မှန်ဖြေကွယ်"

"ချစ်သူလိုတော့ ချစ်လို့မရသေးဘူး မေမေ၊ ဒါပေမဲ့ သံယောဇဉ်တော့ရှိပါတယ်"

"ဒါများကွယ် အိမ်ထောင်ကျသွားတာနဲ့ သံယောဇဉ်တွေတိုးပြီး ချစ်သွားလိမ့်မယ်၊ မင်းအဖေနဲ့မေမေလည်း လူကြီးတွေပေးစားလို့ ယူရတာပါကွယ်"

ချစ်လွန်းသည့်အဖေက မိသားစုနှင့် ကြာကြာမနေလိုက်ရပေ။ လူ့လောကကြီးထဲမှ အရင်ဦးဆုံးထွက်ခွာသွားခဲ့၏။ အဖေရှိစဉ်က အမေ့အား မျက်စိအောက်က အပျောက်မခံပေ။

"ဖြူနုလေးနဲ့ ရည်ရွယ်ထားတဲ့အကြောင်း သားသိအောင် ကြိုပြောပြထားတာပါ၊ မေမေက ဘယ်မိန်းကလေးနဲ့မှ သားကို မမြင်ချင်ဘူးနော်၊ ဒါပဲ"

ပြင်းထန်လွန်းသော တစ်ချက်လွှတ်အမိန့်ကြောင့် ကျွန်တော့်မှာ ရင်ငြိမ်းပန်းနှင့် အမေတို့အား ဆုံပေးရန် မည်သို့မျှမဖြစ်နိုင်မှန်း သိလိုက်၏။

+ + +

သင်္ကြန်မတိုင်ခင်ကတည်းက သင်္ကြန်၏နိမိတ်အကြိုဖြစ်သော သင်္ကြန်တေးသီချင်းလေးများ၊ သင်္ကြန်အငွေ့အသက်များဖြစ်သော ပိတောက်ဖူးလေးများနှင့် ဝါဝါထိန်အောင် ပွင့်နေသည့် ငုပန်းများက တန်ခူးလ၏ ပုံရိပ်များဖြစ်ကြ၏။

"ရင်ငြိမ်း မင်းကို မောင်စိတ်ချမယ်နော်"

"ဖိုးသဲလုပ်နေပြန်ပါပြီ၊ ရင်ငြိမ်းကသာ မောင့်ကို စိတ်ပူနေတာပါနော်"

ကျွန်တော့်မှာ ဘုရားတသွားမိသည်။ ဖြူနုငယ်နှင့်ကိစ္စအား မည်သို့သိသွားသလဲဟု စိတ်ပူသွား၏။ သို့ပေမယ့် သက်နှယ်အေးက သိဦးမည်မဟုတ်ပါ။ သူသိလျှင်လည်း ရင်ငြိမ်းအား ပြောပြမည်မဟုတ်ပေ။

"သာသနာပြုရင် အဖျက်ဝင်တတ်တယ်တဲ့ မောင်၊ သွားတာလာတာ သတိထားဦး၊ ဪ.....ဒါနဲ့ မောင်တို့က ဘယ်နေ့သွားမှာတဲ့လဲ"

"သင်္ကြန်မတိုင်ခင် နှစ်ရက်အလိုမှ သွားမှာပါ၊ မောင်မရှိဘူးဆိုပြီး သင်္ကြန်မှာ အပျော်မလွန်နဲ့နော်၊ ကိုယ့်ကိုယ်ကိုယ် ချစ်သူရှိပြီးသားဆိုတာ သတိရဦး"

"အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပါ့မယ်ရှင်၊ ကဲ.... ကျေနပ်တော့နော်"

စားသောက်ဆိုင်ထဲမှ ထွက်လာကြသည်။ ကျွန်တော်က ရင်ငြိမ်းပန်းကို အိမ်တိုင်ရာရောက်ပြန်ပို့ပေးမည်။ ပြီးလျှင် အမေခိုင်းထားသည့်အတိုင်း သင်္ကန်းတိုက်သို့သွားရမည်။ မှာထားသော သင်္ကန်းများကို ငွေချေပြီး ယူလာရပေမည်။

"ဟေ့...ချမ်းမြေ့မောင်၊ ခဏနေဦးကွ"

ဆိုင်ထဲမှ ပြေးထွက်လာသူက အထက်တန်းကျောင်းတွင် အတူတွဲခဲ့သည့် ငယ်သူငယ်ချင်း ကျော်သီဟဖြစ်နေ၏။

"ဟာ.....ကျော်သီဟ၊ မင်းနဲ့မတွေ့ရတာ ကြာပြီနော်၊ အခု မင်းကျောင်းပြီးပြီလား၊ ဘာအလုပ် လုပ်နေသလဲ"

"အဝေးသင်ဖြေပြီး ကုမ္ပဏီမှာ အလုပ်ဝင်နေတာကွ၊ ဟေ့ကောင် ချမ်းမြေ့မောင် မင်းကိုပြောစရာရှိတယ်၊ မင်းရဲ့ဖုန်းနံပါတ် ပေးခဲ့ကွာ"

"ကောင်းပါပြီကွာ"

ကျွန်တော်က ဖုန်းနံပါတ်ပြောလိုက်ရာ သူက သူ့ဖုန်းထဲထည့်၍ Save လုပ်ထားလိုက်သည်။ ကားထဲရောက်သည့်နောက် ရင်ငြိမ်းပန်းက မေးခဲ့သည်။

"သူက မောင့်သူငယ်ချင်းပဲလား"

"ဟုတ်တယ် ရင်ငြိမ်း၊ Stage တုန်းက Samebatch လေ၊ ဒီကောင် တစ်သွေးတစ်မွေးနဲ့ ကုမ္ပဏီမှာ အဆင်ပြေနေတယ်နဲ့တူတယ်"

"သူ့ကို ရင်ငြိမ်း မြင်ဖူးသလိုလိုပဲ၊ ဘယ်မှာပါလိမ့်"

ရင်ငြိမ်းပန်းက စဉ်းစားမရသည့်အဆုံးတွင် မျက်လုံးလေးမှေးစင်းကာ လိုက်ပါလာသည်။ သူမက မည်သည်ကို တွေးနေမည်မသိပေ။ ကျွန်တော့်မှာဖြင့် ရင်ငြိမ်းပန်းနှင့် ခွဲရမည့်အရေး စိတ်မကောင်းဖြစ်နေမိ၏။

ရင်ငြိမ်းပန်းအား အိမ်ရှေ့တွင် ချပေးခဲ့ပြီးမှ ကျွန်တော်က သင်္ကန်း

www.burmeseclassic.com

www.burmeseclassic.com

တိုက်သို့ ကားကိုမောင်းသွားသည်။ အမေက ဖုန်းဖြင့်မှာထားခဲ့၏။ ရွှေကျင်သွားလျှင် လှူဒါန်းရန်အတွက်ပါ သင်္ကန်း ၁၀ စုံဝယ်ရာ ကျွန်တော်က ငွေရှင်းပြီးယူလာခဲ့သည်။

"ဟော.....ဖုန်းလာပါလား၊ မေမေ့ဆီကများလား"

ကားမောင်းရင်း နားကြပ်ဖြင့် နားထောင်လိုက်၏။ အမေမဟုတ်ဘဲ ကျော်သီဟဖြစ်နေသည်။

မိန်းကလေးက တို့ Boss နဲ့ ငြိခဲ့သူ၊ Boss နဲ့ ပတ်သက်ခဲ့လို့ တို့ကိုယ်တိုင် လိုက်ပို့ခဲ့တာကွ၊ ကိုယ့်ကိုသူ မှတ်မိပါလိမ့်မယ်"

ကျွန်တော် အံ့အားသင့်သွား၏။ ကျော်သီဟစကားများအား ကျွန်တော်က မယုံကြည်ပါ။

"သူက အဲဒီအချိန်က ဆေးကျောင်း ပထမနှစ်ပဲရှိသေးတာလေ၊ Boss နဲ့ ပတ်သက်ခဲ့တာကလည်း သူ့အဒေါ်ရဲ့မိတ်ဆွေဖြစ်နေလို့ပဲ၊ အဒေါ်ရော တူမပါ ဟော့ရှော့ခ်တွေလေ၊ ညာစားတာပေါ့ကွာ၊ နောက်တော့ Boss ဇနီးသိပြီး လိုက်ကြမ်းမှ ပြတ်သွားတာကွ၊ တို့Boss ဆီကတော့ တော်တော်ပါသွားလိမ့်မယ်"

"ရင်ငြိမ်းက အဲဒီလို လုပ်ပါ့မလား"

"မင်း မယုံရင် လေ့လာပေါ့ကွာ၊ တစ်ခုတော့ပြောမယ် ချမ်းမြေ့မောင်၊ လောကမှာ ယောက်ျားတွေကို ချူတတ်တဲ့ မိန်းမမျိုးက ကြောင်လို လက်သည်းဝှက်ထားတတ်တယ်

**လောကမှာ ယောက်ျားတွေကို ချူတတ်တဲ့ မိန်းမမျိုးက ကြောင်လို လက်သည်းဝှက်ထားတတ်တယ်ကွ၊ ပြီးမှ သူ့ရဲ့ဇာတိက ပြလာတာ...**



"မင်းတစ်ယောက်တည်းရှိနေတာလား၊ ဘေးကအမျိုးသမီးရောရှိသေးလား"

"အိမ်ပြန်ပို့လိုက်ပြီ၊ မင်းဘာပြောမလို့လဲ သီဟ၊ ပြောလေကွာ"

ကျွန်တော်က ရင်ငြိမ်းပန်းမရှိကြောင်း ပြောပြလိုက်သည်နှင့် ကျော်သီဟက.....

"အဲဒီမိန်းကလေးက မင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ကိုယ့်ချစ်သူလေ"

"ဘာ.....မင်းရဲ့ချစ်သူ ဟုတ်လား။ မင်းကွာ..မိန်းမတစ်ယောက်အကြောင်းကို စုံစမ်းပြီးမှ ချစ်သူအဖြစ် ရွေးချယ်ခဲ့ပါတော့လား၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ပြီးမှ သူ့ရဲ့ဇာတိက ပြလာတာ၊ သူတို့လိုဘမပြည့်ခင်မှာ ရောရော ဖောဖော နေပြမယ်ကွာ၊ အဲ...ယုံကြည်ပြီဆိုမှ အပိုင်ချသွားတတ်တာ၊ တို့ယောကျ်ားတွေ ဆင်ခြင် သတိထားသင့်တယ်''

''တို့နှစ်ယောက် ချစ်သူဖြစ်တာ သုံးလလောက်ပဲ ရှိသေးတာပါ၊ အဲဒါလည်း ကိုယ့်အစ်မဝမ်းကွဲရဲ့ တပည့်ဖြစ်နေတော့ သူ့အိမ်ရောက်လို့ တွေ့ခဲ့တာပါ ကျော်သီဟရာ''

''သူ့နာမည်က Rose တဲ့၊ သူ့အန်တီက ဂျက်စမင်း၊ သူ့မှာအစ်ကိုတစ်ယောက်ရှိတယ်မဟုတ်လား၊ ရောဘတ်တဲ့၊ အားလုံး ဘိုနာမည်တွေချည်းပဲ''

ကျော်သီဟစကားများက မှန်နေ၏။ သို့ပေမယ့် ရင်ငြိမ်းပန်း၏ ဘိုနာမည်က Rose မှန်း ကျွန်တော် မသိခဲ့ပါ။

''မင်းအတွက် စိုးရိမ်လို့နော်၊ ကျန်တာတော့ မင်းအပိုင်းပဲ၊ လေ့လာစုံစမ်းဦးပေါ့ကွာ၊ ဒါပဲနော် သူငယ်ချင်း၊ ကိုယ် ဖုန်းချလိုက်ပြီ''

''ကျေးဇူးတင်ပါတယ် ကျော်သီဟရယ်''

ကျွန်တော်က နားကြပ်ကို ဖြုတ်၍ ကားကိုမှန်မှန်မောင်းလာမိ၏။ တစ်လမ်းလုံး ရင်ငြိမ်းပန်း အကြောင်းကို တွေးနေမိသည်။

''အင်းလေ...ချောချောလှလှ မိန်းကလေးတစ်ယောက်မှာ ချစ်သူတော့ ရှိခဲ့ဖူးမှာပေါ့၊ ဒါပေမဲ့ အခုအချိန်မှာ ငါ့အပေါ် သူချစ်နေရင်ပြီးတာပါပဲ၊ ရင်ငြိမ်းတို့အသိုင်းအဝိုင်းက ခေတ်မီကြတယ်၊ ယောကျ်ားတွေနဲ့ ခင်ခင်မင်မင်ပေါင်းသင်းရင် ပတ်ဝန်းကျင်က တစ်မျိုးမြင်ကြမှာပဲပေါ့၊ ကိုယ့်အချစ်နဲ့ မင်းကို အကောင်းအတိုင်းဖြစ်စေရမယ်ကွာ''

ကျွန်တော်က ရင်ငြိမ်းပန်း အပေါ်တွင် အပြစ်မမြင်ဘဲ အချစ်တော်ဝင်သည့် ချစ်သူတစ်ယောက် ဖြစ်နေ၏။

\+ \+ \+

သည်လိုနှင့် ရွှေကျင်မြို့သို့ သင်္ကြန်မတိုင်ခင် နှစ်ရက်အလိုတွင် ထွက်ခွာသွားကြသည်။ အမေနှင့် ကျွန်တော်က ရှေ့မှာထိုင်ပြီး ကျွန်တော်က ကားမောင်းခဲ့သည်။ နောက်ခန်းတွင် ဖြူနုငယ်တို့သားအမိ ထိုင်ကြ၏။ နောက်ကြည့်မှန်မှ ကျွန်တော်က ဖြူနုငယ်ကို မသိမသာ အကဲခတ်ကြည့်နေပြီး စိတ်ထဲတွင် ဖြူနုငယ်အစား ရင်ငြိမ်းပန်းကိုသာ မြင်နေမိ၏။ ဖြူနုငယ်က ကျွန်တော့်ကို မည်သို့ထင်မည်မသိပေ။

''သားရေ.....ပဲခူးရောက်ရင် ခဏနားကြရအောင်ကွယ်၊ ဘုရားကြီးဝင်ကြရအောင်လား''

''ဟုတ်ကဲ့ မေမေ''

''ခင်မရေ ကိုယ်တို့မနိုင်ကြီး ရှိသေးရဲ့လားမသိဘူးနော်၊ သူနေတာ လိပ်ပြာကန်နားမှာတဲ့''

''ပဲခူးသူမနိုင်ကို ပြောတာမဟုတ်လား၊ သေသွားပြီကွ''

''ဟယ်.....စိတ်မကောင်းစရာပဲနော်၊ ဒါဆို သူ့သားသမီးတွေတော့ ကျန်ခဲ့မှာပဲ၊ ခုလောက်ဆို ကိုယ့်ကလေးတွေလောက် ရှိမှာပဲနော်''

အမေနှစ်ယောက်က အတိတ်ကို သတိရသွားဟန်ဖြင့် စိတ်မကောင်းဖြစ်နေကြ၏။ ကျွန်တော်က ပဲခူးရွှေမော်ဓောစေတီကြီးအား ဖူးမြော်ရန် ဘုရားကြီးရှိရာသို့ ကားကိုမောင်းသွားလိုက်သည်။ ပြီးနောက် ခဏအကြာတွင် ကားရပ်နားရန်နေရာ၌ ကားထိုးလိုက်စဉ်...

''သားနဲ့သမီးက အတူတူသွားကြနော်၊ မေမေနဲ့အန်တီက တစ်တွဲပေါ့၊ ဟင်း.....ဟင်း''

အမေက ကျွန်တော်တို့နှစ်ဦး၏ မြားနတ်မောင်ကြီး လုပ်နေ၏။ ကျွန်တော်လည်း ဖြူနုငယ်ကို အားနာနာဖြင့် ဘုရားပေါ်သို့ ခေါ်လာရသည်။

''ကိုချမ်း....ပေးလေ ဖိနပ်''

''ဟာ.....နေပါစေ ဖြူနုရာ''

''ပေးပါ ကိုချမ်းရဲ့၊ ပြီးရင် ဖိနပ်အပ်မှာပါ''

ဖြူနုငယ်က ကျွန်တော်၏ဖိနပ်ကို ဆွဲယူပြီး ဖိနပ်အပ်ရန်နေရာသို့ သွားအပ်လိုက်သည်။ ပြီးနောက် ကျွန်တော်တို့နှစ်ဦးသား ဘုရားကြီး ကုန်းတော်ပေါ်သို့ အတူတူတက်လာခဲ့ကြ၏။ တန်ဆောင်းတွင် ဘုရားရှိခိုးပြီးနောက် ဖြူနုငယ်က သူ့အိတ်ထဲမှ စိပ်ပုတီးလေးအား ထုတ်ယူစိပ်နေ၏။ လမ်းခရီးသွားတိုင်းအမြဲ ယူလာနေကျပင်ဖြစ်ပေမည်။

ကျွန်တော်က တန်ဆောင်းထဲ

www.burmeseclassic.com


တွင် ထိုင်စောင့်ပေးနေပြီး ရင်ငြိမ်းပန်း ကိုင်ဆောင်လေ့ရှိသော စလင်းဘက်ခ်အိတ်အကြောင်း ပြန်တွေးမိ၏။ ချစ်သူ၏ အမြဲယူဆောင်လေ့ရှိသော ပစ္စည်းများမှာ မိတ်ကပ်ဘူး၊ နှုတ်ခမ်းဆိုးဆေးနှင့် ဘီးတို့သာဖြစ်၏။ ရင်ငြိမ်း၏ မရှိမဖြစ်လိုအပ်သော ပစ္စည်းများမှာ အလှပြင်ပစ္စည်းများဆိုက မများပေ။

လေတဖြူးဖြူးနှင့် ကျွန်တော်က ဘုရားဝင်းထဲရှိ ပိတောက်ပင်ကြီးနှင့် ခရေပင်များ၊ တမာပင်နှင့် မဇ္ဈုသကပင်များကို ကြည့်နေမိ၏။ လေအဝှေ့တွင် ခရေနှင့် တမာရနံ့က သင်းနေ၏။ ထိုရနံ့များနှင့်အတူ ကျွန်တော့်အတွေးများက ချစ်သူထံ ရောက်နေမိ၏။

"ဒီအချိန်ဆို ရင်ငြိမ်းဘာလုပ်နေမလဲ"

သိချင်စိတ်ကြောင့် ဖုန်းခေါ်လိုက်သည်။ မကိုင်ပေ။ ကျွန်တော် စိတ်ပူသွားရ၏။ ပြီးမှ သည်အချိန်က ရင်ငြိမ်းပန်း အိပ်ကောင်းတုန်း အချိန်မှန်း သတိရမိ၏။ ကျွန်တော်သာ အိမ်ထောင်ကျလျှင် ရင်ငြိမ်း လုပ်ပုံက အမေနှင့် လုံးဝတည့်မည် မဟုတ်ပေ။ အမေက နံနက်စောစော အိပ်ရာထကာ ဆွမ်းထချက်၏။ ပြီးလျှင် ဆွမ်းတော်ပွဲများကပ်လှူပြီး အရုဏ်ဦးတွင် ဝတ်ပြုတတ်၏။ ချွေးမကိုလည်း ထိုသို့ ဘာသာတရေး ကိုင်းရှိုင်းမှုကို ကြိုက်ပါလိမ့်မည်။

"ဟင်း.....ရင်ငြိမ်းအတွက် ခက်လေးပါရဲ့လေ"

ချစ်သူအကြောင်းကို သိနေသည့်အတွက် ဘာသာရေးကိုင်းရှိုင်းရန် ကျွန်တော်က ဘုရားများသို့ လိုက်ပို့ရင်း သင်ကြားပေးမှုဖြစ်ပေမည်။ ဒါမှသာ ရင်ငြိမ်းသည် အမေ လက်ခံနိုင်မည့် ချွေးမမျိုး ဖြစ်ပါလိမ့်မည်။

"ကိုချမ်း...အားနာလိုက်တာ၊ စောင့်နေရတာ ကြာပြီနော်"

"ရတယ် ဖြူနု၊ လာ..ဘုရားကို တစ်ပတ်ပတ်ရမယ်"

"ဟုတ်ကဲ့ ကိုချမ်း"

ဖြူနုက ယဉ်ကျေးသိမ်မွေ့ဟန်လေးနှင့် တန်ဆောင်းထဲမှ တစ်လှမ်းချင်းလျှောက်လာနေသည်။ တချို့ဘုရားဖူးများက ကျွန်တော်နှင့် ဖြူနုငယ်တို့ကိုကြည့်ပြီး သဘောကျနေ၏။ ပြီးတော့ ဖြူနုငယ်အား လည်ပြန်ကြည့်သွားကြပြန်၏။

သည်တော့မှ ကျွန်တော်လည်း ဖြူနုငယ်ကို အကဲခတ်မိသည်။ ဖြူနုငယ်သည် အမည်နှင့်လိုက်ဖက်လောက်အောင် ဖြူပြီး နုဖပ်နေတော့သည်။ အရပ်အနေတော်၊ သွယ်လျလျခန္ဓာကိုယ်နှင့် ယဉ်ကျေးသိမ်မွေ့ဟန်လေးက နန်းဆန်သည့် အလှဟု တင်စားနိုင်၏။

ရင်ငြိမ်းပန်းကျတော့ တစ်မျိုးလှနေပြန်သည်။ မိန်းကလေးနှစ်ဦး၏ အလှနှစ်မျိုးက ဆန့်ကျင်ဘက် အသွင်ကို ဆောင်နေသော်လည်း နှစ်ဦးစလုံးက ကြည့်ကောင်းနေကြ၏။

"ဟော....သားတို့ကို မေမေတို့ စောင့်နေကြတာ"

"ဟုတ်ကဲ့ အန်တီ၊ ဖြူနုပုတီးစိပ်နေလို့ပါ"

"ကောင်းပါတယ်ကွယ်၊ ဘာသာရေးဆိုတာ ရတုန်းရခိုက်မှာ ကုသိုလ်ယူတတ်ရမယ်လေ၊ ကဲ... နေမပူခင် ရွှေကျင်ကို ခရီးဆက်လိုက်ကြစို့နော်"

"မေမေက ညောင်လေးပင်နဲ့ မဒေါက်က အမျိုးတွေအိမ် ဝင်ဦးမယ်ဆို"

"သြော်..ဟုတ်ပါရဲ့၊ မဒေါက်က မမမြိုင်တို့အိမ်ပဲ သွားတော့မယ် သားရေ၊ အစ်ကိုဘမောင်က မန္တလေးသွားတယ်တဲ့"

✦ ✦ ✦

ပုစွန်မြောင်းရွာလမ်းခွဲသို့ ရောက်သည်နှင့် မဒေါက်မြို့ကိုတွေ့မြင်နေရသည်။ မြို့လေး၏ ကားလမ်းနံဘေးတွင် မဒေါက်ဈေးရှိ၏။ စည်ကားနေသော ဈေးမှဖြတ်ကျော်ပြီး တစ်ဖက်ရှိ လက်ဖက်ရည်ဆိုင်ရှေ့တွင် ကားကိုရပ်ထားလိုက်ရ၏။

"ကားဝင်လို့ မလွယ်ဘူး သား၊ ဆိုင်ရှေ့မှာပဲ ရပ်လိုက်တော့၊ ဒီလမ်းကြားလေးထဲကပဲ လျှောက်တော့မယ်"

"သား နေခဲ့မယ် မေမေ"

"သြော်..အေး..အေး၊ အလှူနေ့လည်း တွေ့ရမှာပဲလေ"

အမေနှင့်အတူ ဖြူနုငယ်တို့သားအမိ လိုက်ပါသွားကြသည်။ ကျွန်တော်က လက်ဖက်ရည်ဆိုင်ထဲ ဝင်ပြီး နှပ်နေလိုက်၏။ ရင်ငြိမ်းပန်း

www.burmeseclassic.com



နှင့် စကားပြောချင်၍ ဖုန်းခေါ်လိုက်ပြန်သည်။

"မမရှိ့စ် ရေချိုးနေပါတယ်ရှင်"

"ပြီးရင် ဒီဖုန်းပြန်ဆက်လို့ ပြောပေးနော်"

"ဟုတ်ကဲ့ပါရှင့်"

အိမ်အကူမိန်းကလေးက ဖုန်းလာကိုင်၍ မှာလိုက်ရ၏။ ကျွန်တော်လည်း ပတ်ဝန်းကျင်ကို လေ့လာရင်း ထိုမြို့၏ထူးခြားမှုကိုကြည့်နေမိသည်။ စစ်တောင်းမြစ်အား ရှည်လျားသော ကွန်ကရစ်တံတားဖြင့် သွယ်တန်းထား၏။ မဒေါက်မြို့နှင့် ရွှေကျင်မြို့တို့အား ထိုတံတားက ဆက်သွယ်ပေးထားခြင်းဖြစ်သည်။ ပြီးနောက် မဒေါက်တွင် မီးရထားလမ်းလည်းရှိသည်။

စစ်တောင်းမြစ်မှ သမ္ဘန်၊ မော်တော်၊ ဖက်တို့ဖြင့် သိမ်ဇရပ်ဘက်သို့ သွားနိုင်သည့်အပြင် မုတ္တမကွေ့အထိ ရောက်သည်ဟု သိရ၏။

နာရီဝက်ခန့်ကြာသည်အထိ ရင်ငြိမ်းပန်းက ဖုန်းပြန်မဆက်သေးပေ။ သည်တော့ ဖုန်းကိုပိတ်ထားလိုက်ရပြီး အမေတို့ပြန်အလာကို တံခါးဖွင့်ကြိုနေရသည်။

"မမမြိုင်က သားကိုတွေ့ချင်တယ်တဲ့၊ သူ့တူလေးကို မတွေ့ရတာ ကြာပြီပေါ့လေ၊ ပါမလာလို့ စိတ်မကောင်းဘူး"

"အလှူကို လာမှာပဲဗျာ"

"ဟဲ့.....ဦးဆုံးတွေ့ချင်မှာပေါ့ သားရဲ့၊ ဒါပေမဲ့ ဖြူနုလေးကို ပြလိုက်တော့ မြင်မြင်ချင်း ချစ်သွားပြီတဲ့၊ မင်းကိုမတွေ့ရပေမယ့် တူမချွေးမလေးမျက်နှာကို မြင်ရတော့ ကျေနပ်သွားပြီတဲ့"

ကျွန်တော်က ပိုရန်ကောဆိုသည့်အကြည့်ဖြင့် အမေ့ကို ကြည့်လိုက်မိသည်။ ချစ်သူက ဖုန်းမကိုင်၍ စိတ်ကသိပ်မကြည်ပေ။ တစ်ရက်ပဲရှိသေးသည်။ ရင်ငြိမ်းပန်းက လွတ်လပ်သွားပြီလားမသိပါ။ မသက်ကို ဖုန်းဆက်ပြောထားရပေမည်။

"ကြည့်ပါဦးကွယ်၊ အမေတို့လက်ထက်ကတံတားနဲ့ ကွာခြားသွားပြီ၊ အနောက်ဘက်တံတားလည်း ထိုးပြီးပြီတဲ့"

အမေက သူ့ရပ်ရွာဇာတိမြေသို့ ရောက်ခါနီးသဖြင့် ဝမ်းသာပျော်ရွှင်နေတော့သည်။

"မြို့ထိပ်ကမုခ်ဦးက ပနံရလိုက်တာ ခင်မရာ"

"ဒါပေါ့ကွာ၊ အဲဒါ ခင်မတို့ ရွှေကျင်မြို့ပဲပေါ့၊ အရင်က အဝေးပြေးယာဉ်တွေရပ်တာ ဈေးလမ်းမကြီးမှာလေ။ အခုတော့ တိုင်ယယ်က တက်ရတဲ့ကျောင်းဘေးက ကွင်းပြင်ကြီးမှာပေါ့၊ နောင်ဆို မြို့ဦးမှာ စည်ကားဦးမှာပဲကွာ"

အမေသည် မိဘနှစ်ပါးခေါင်းချရာ ဇာတိမြို့လေးတွင် ၁၄ နှစ်သမီးအရွယ်အထိ နေထိုင်ခဲ့၏။ ထိုမှ ညောင်လေးပင်တွင် ကျောင်းတက်ရင်း ပဲခူးတွင် အလုပ်လုပ်ခဲ့သည်။ ထို့နောက် အဖေနှင့်ဖူးစာဆုံပြီး ရန်ကုန်မြို့သို့ ရောက်လာခြင်းဖြစ်၏။ မင်းလမ်းမကြီးအတိုင်း ကားဝင်လာစဉ် ယယ်သူငယ်ချင်း ဒေါ်စန်းရီနှင့် တွေ့ပြန်၏။

"ဟေး.....လေးလေး နေကောင်းလား"

"ဟာ.....ခင်မမတို့ လာပြီ၊ အလှူလာလုပ်တာပဲလား"

"အလှူလည်းလုပ်မယ်၊ သားလည်း ဒုလ္လဘဝတ်မယ်၊ တခြားဝတ်မယ့်သူတွေရှိလည်း ကုသိုလ်ပြုပေးမယ်၊ လေးလေးမှာ ဝတ်ချင်တဲ့သူတွေရှိရင် ခေါ်လာဦးနော်"

"အေးပါ သူငယ်ချင်းရာ၊ ကူညီရမှာပေါ့၊ ချက်ပြုတ်တဲ့နေ့လည်း လာကူပါ့မယ်နော်"

"မင်းတို့ပဲရှိတာလေ၊ လေးလေးကိုအားကိုးပြီး လာရတာ"

ဒေါ်စန်းရီက သူ့ခန္ဓာကိုယ်ဝဝကြီးအား တသိမ့်သိမ့်လှုပ်ခါအောင် ရယ်နေတော့သည်။

"ဒေါ်စန်းမြင့်ရော နေကောင်းရဲ့လား၊ မခိုင်တို့ မဝါတို့ရော အိမ်ထောင်ကျပြီး သားသမီးတွေနဲ့၊ ဒေါ်စန်းမြင့်တော့ မြေးထိန်းနေရပြီနဲ့တူတယ်"

"မမက အသွားအလာနည်းတော့ သူ့ဆိုင်နဲ့ မြေးပဲ ထိန်းနေရတော့တာပေါ့၊ လာခဲ့ဦးလေ ခင်မမ"

"လာမယ်၊ လာပါ့မယ်ရှင်၊ တစ်နှစ်မှ တစ်ခါပဲ တွေ့ရတာပါ၊ ရောက်တုန်းရောက်ခိုက် တွေ့ရမှာပေါ့ရှင်၊ သွားမယ်နော်"

ကားက ရပ်တန့်နေရာက ဆက်ထွက်လာရ၏။ မကြာမီတွင် မေမေတို့နေထိုင်ခဲ့သည့် ခြံလေးသို့ ရောက်လာ၏။ ပျဉ်ထောင်အိမ်

www.burmeseclassic.com

www.burmeseclassic.com



အစား တိုက်အိမ်လှလှလေးဖြစ်နေပေပြီ။ ခြံထဲမှ ခြံစောင့်ကြီး ပြေးထွက်လာသည်။

''ဒေါ်ခင်မမတို့ကို မနက်ကတည်းက မျှော်နေတာလေ၊ မနက်စာ အဆင်သင့် ချက်ပြုတ်ထားပါတယ်ခင်ဗျာ''

''နားပြီးမှပဲ စားပါတော့မယ်ရှင်၊ ဒါနဲ့ ရှင့်မိန်းမရော''

''ရှိပါတယ် ဒေါ်ခင်မမ၊ မိန်းမရေ.....ထွက်ခဲ့ပါဦး''

ခြံစောင့်ကြီးတို့လင်မယားအား အစောင့်အရှောက်အဖြစ် အပ်ထားခဲ့၏။ သူတို့က ခြံထောင့်ရှိ အိမ်သေးလေးတွင် နေကြသည်။ ခြံစောင့်ကြီး၏ဇနီးက အအေးများ ဖျော်ယူလာ၏။

''ရှင်တို့မှာ ဘာအခက်အခဲရှိကြသေးလဲ''

''မရှိပါဘူး ဒေါ်ခင်မမ''

''ဒါဆို မြို့ကလက်ဆောင်တွေ ယူလာတယ်၊ သားရေ ကားနောက်ခန်းမှာ ထုတ်ပေးလိုက်ပါဦး''

ကျွန်တော်က ခြံစောင့်ကြီးလင်မယားနှင့်အတူ ကားနောက်ခန်းမှ လက်ဆောင်ထုပ်များကို သွားယူပေးလိုက်၏။ အမေသည်အဆင့်အတန်း မခွဲခြားတတ်ပေ။ ထို့ကြောင့်လည်း ခြံစောင့်လင်မယားက အိမ်နှင့်ခြံအား စေတနာထား၍ စောင့်ရှောက်နေ၏။

ခြံထဲတွင် သံပရာ၊ ရှောက်၊ တညင်း၊ သရက်၊ မရမ်းအပြင် ပိတောက်၊ ကနုစိုနှင့် ခရေပင်များပါ စိုက်ပျိုးထား၏။ ထို့အပြင် အလှပန်းပင်များဖြစ်သည့် စံပယ်၊ နှင်းဆီ၊ သနပ်ခါး၊ ယုဇနနှင့် ရောင်စုံစက္ကူပန်းတို့က ပန်းရောင်တိုက်လေးနှင့် လိုက်ဖက်လွန်းလှ၏။ ဖြူနုငယ်တို့သားအမိက မြို့အပြင်အဆင် ခြံနှင့်တိုက်အားကြည့်ကာ အံ့သြနေကြပုံပါ။ သူတို့စိတ်ထဲတွင် ထိုမျှလောက် ထင်ထားခဲ့မည်မဟုတ်ပါ။ သားအမိနှစ်ဦးက ရောက်ရောက်ချင်း ပြုံးပျော်သွားကြသည်။

\+ + +



တစ်ရက်နားပြီးနောက် ရွှေတောင်ဦးဘုရားနှင့် ဘုရားကြီးသို့ မြင်းလှည်းလေးဖြင့် သွားဖူးကြ၏။ ဒေသန္တရခရီးတစ်ခုအဖြစ် ကျွန်တော်တို့သားအမိက ဖြူနုငယ်တို့သားအမိကို လိုက်လံပို့ဆောင်ရင်း ရှင်းပြပေးကြ၏။ ကိုကိုကြီး၊ မမကြီးနတ်နန်းသို့လည်း ရောက်ခဲ့ကြသည်။ ရွှေကျင်မြို့သို့ရောက်လျှင် ထိုနတ်နန်းက အထင်ကရနေရာတစ်ခုဖြစ်နေ၏။ ရာဇဝင်ကိုလည်း အမေကပြောပြပေး၏။

ဘုရားကြီးကုန်းတော်ပေါ်မှနေ၍ ရွှေကျင်ချောင်းကြီးကို အံ့မခန်းဖွယ် ကြည့်နေမိသည်။ မနှစ်က ရွှေကျင်ချောင်းတွင် သောင်ထွန်းနေ၏။ သည်နှစ်တော့ ရေအားလျှပ်စစ်မှ ရေလွှတ်ပေး၍ ရွှေကျင်ချောင်းတွင် ရေများပြည့်လျှံနေသည်။ ကြည်စိမ်းသောရေနှင့် သဘာဝတောတောင်ရှုခင်းများမှာ လိုက်ဖက်လွန်းလှ၏။ ဟိုးဝေးဝေးမှ မြူများနှင့် ဖုံးလွှမ်းနေသော တောင်တန်းကြီးများက ရှမ်းရိုးမနှင့် ဆက်သွယ်နေ၏။ မှန်ပြတောင်၊ သားပြတောင် စသည့် တောင်တန်းကြီးများက လွမ်းမောစရာပါ။ မှုန်ပျပျ အိမ်ခြေရွာလေးများကိုလည်း တွေ့ရ၏။

ရွှေကျင်ချောင်းကိုကူးရန် ဝါးတံတားရှည်လေးကိုလည်း အဝေးမှ လှမ်းမြင်နေရသည်။ ချောင်းထဲတွင် သမ္ဗန်နှင့် မော်တော်များ ခုတ်မောင်းသွားလာနေ၏။ တောင်များကို ဖောက်လုပ်ထားသည့် မြေသား

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင်များက မြွေလိမ်မြွေကောက်ပမာ ရင်သပ်ရှုမောဖွယ်ရာကောင်းနေ၏။ ဆိုင်ကယ်မြို့တော်ဟု တင်စားရမတတ်ပင်။ ဆိုင်ကယ်သံများဖြင့် ဥဒဟို သွားလာနေကြ၏။

"သင်္ကြန်အချိန်ဆို ရွှေမတူးကြတော့ဘူး၊ တောင်ပေါ်ကနေပြန်ဆင်းလာကြပြီလေ၊ ဘာသာရေးအလှူလုပ်ကြ၊ သင်္ကြန်မှာပျော်ကြနဲ့ ခလေ့တစ်ခုလို ဖြစ်နေတာပေါ့၊ တို့ရွှေကျင်မြို့လေးက ဘာသာရေးအလှူအတန်း ပေါများကြတယ်၊ သင်္ကြန်ပွဲတော်နဲ့အတူ တရားပွဲတွေ၊ ပဌာန်းပွဲတွေ၊ ဘုရားမဲတွေနဲ့ သင်္ကြီးပူဇော်ပွဲ၊ နှစ်ကျိပ်ရှစ်ဆူပွဲကို အကြီးအကျယ် လုပ်ကြတာ သူငယ်ချင်းရဲ့၊ တွေ့ပါလိမ့်မယ်ကွာ"

"အေးနော်၊ မင်းတို့မြို့လေး က အလှူအတန်းရှိရင် ဝိုင်းဝန်းလုပ်ကိုင်ပြီး ပျော်ပျော်ရွှင်ရွှင် နေကြတာပဲ၊ မြို့နဲ့တော့ တခြားစီပဲနော်"

"ဒါပေါ့ကွာ၊ မြန်မာ့ဓလေ့ယဉ်ကျေးမှုကို ထိန်းသိမ်းတာ ကောင်းမွတ်တဲ့ အလေ့အထပေါ့၊ သမီးလေး ဖြူနုရော ပျော်ရဲ့လားကွယ်"

"ပျော်ပါတယ် အန်တီ၊ ဖြူနုက အံ့သြနေတာပါ၊ ရွှေကျင်သူ၊ ရွှေကျင်သားတွေက အရမ်းကိုဖော်ရွေကြတယ်နော်၊ ခင်မင်စရာလည်း ကောင်းတယ်၊ စကားသံဝဲဝဲလေးတွေနဲ့ ချစ်ဖို့ကောင်းတယ်နော်"

ကျွန်တော်က ရွှေမှုန်စား၊ ရွှေရေသောက်ပြီး ရွှေလိုဉ၍ မွေးကြသူတွေပါဟု ပြောလိုက်ချင်သည်။

အမေ့အား အဖေက ဒေါ်ခင်မမဟု မခေါ်ဘဲ ဒေါ်ရွှေမမဟု နာမည်ပြောင်ပေးထားသေး၏။ ရွှေကျင်မြို့နှင့် ပတ်သက်လျှင် အမေ့မှာ ပြောစရာစကား မကုန်တော့ပေ။

"သားရေ ညနေကျရင် ဆိုင်ကယ်လေးမောင်းပြီး ဖြူနုလေးနဲ့ ရွှေတောင်ဦးဘုရားကို သွားကြပါလား ကွယ်၊ သိပ်သာယာပြီး ဆုတောင်းပြည့်တယ် သားရဲ့"

အမေက အပြတ်လော့နေ၏။ မနက်ဖြန်ဆိုလျှင် ကျွန်တော်က ဆံချရမည်။ အကြိုနေ့တွင် သင်္ကန်းဝတ်ရမည်။ နှစ်ဆန်းတစ်ရက်နေ့အထိ ရည်ရွယ်ထား၏။ နှစ်ဆန်းနှစ်ရက်နေ့မှ ရန်ကုန်ပြန်ကြမည်။

"ဖြူနုကရော သွားချင်ရဲ့လား မေမေရာ"

"သားသဘောပါကွယ်၊ ဖြူနုလေး သားအပေါ် ဘယ်လိုသဘောထားသလဲဆိုတာ မေမေအသိဆုံးပါ"

"သူက သီလရှင် တကယ်ဝတ်မှာလား မေမေ"

"တကယ်ပေါ့ကွဲ့၊ ဒါကြောင့်မို့ ရွှေတောင်ဦးကျောင်းနားက သီလရှင်စာသင်တိုက်မှာ ဆံချမှာ၊ အဲဒီမှာပဲ နေရမှာလေ"

"ဆံပင်တော့ နှမြောစရာကြီးဗျာ"

"ဘာသာရေးလုပ်ရင်သံယောဇဉ်အစွဲအလမ်းတွေ မထားရဘူးသားရဲ့၊ ဖြူနုဟာ ဘယ်လောက်ချီးကျူးစရာကောင်းသလဲ၊ သူ့လိုဘယ်သူမှ မလုပ်နိုင်ကြဘူး၊ ဒါဟာ ပါရမီကောင်းလို့ပဲပေါ့"

ကျွန်တော်က ဖြူနုငယ်၏ ဆံပင်ရှည်လေးများကို မည်သို့လုပ်မည်နည်းဟု စပ်စုကြည့်မိပြန်၏။ အမေက ဆံပင်ကို ဘုရားလှူမည်။ သို့မဟုတ်ပါက ဆံနွယ်များကိုရောင်းချပြီး ရသည့်ငွေဖြင့် ဘုရားလှူမည်ဟုပြော၏။ ထိုနေ့က ရွှေတောင်ဦးဘုရားသို့ ကျွန်တော်နှင့် ဖြူနုငယ်တို့ ရောက်သွားကြသည်။

ရွှေတောင်ဦးစေတီသည် ကုန်းမြင့်ပေါ်တွင်တည်ရှိ၏။ မတ်စောက်သော လှေကားအတိုင်း တက်လာရာ ရင်ပြင်ပေါ်တွင် လေတဖြူးဖြူးနှင့် ထီးတော်မှ တဖျပ်ဖျပ်လှုပ်ယမ်းနေသော ခေါင်းလောင်းနှင့် ဆည်းလည်းသံလေးများက ကြည်နူးချမ်းမြေ့စရာပါ။ ကာရံထားသော စတီးသံတိုင်လေးကို ဆုပ်ကိုင်၍ ဖြူနုငယ်က အောက်သို့ငုံ့ကြည့်နေ၏။

"ဘာကြည့်နေတာလဲ ဖြူနု"

"ဩော်.....ကုန်းတော်အောက်မှာ စိုက်ခင်းတွေ၊ လယ်ကွင်းတွေနဲ့ အိမ်ခြေတွေ တွေ့ရတယ်၊ အုတ်ဖုတ်လုပ်ငန်းနဲ့တူတယ်နော်"

"ဟုတ်တယ် ဖြူနု၊ မိုးတွင်းဆိုရေတွေက အပြည့်ပဲ၊ ဖွေးနေတာ ဘုရားကုန်းတစ်ဝက်အထိ တက်လာတတ်တယ်"

"ဟင်.....ဒါဆို ခေကြီးမှာပေါ့နော်"

"ဒါပေါ့၊ ခေကြီးတဲ့နှစ်ဆိုအနိမ့်ပိုင်းကအိမ်တွေ ရေမြုပ်ကုန်တယ်၊ ဖောင်တို့ သမ္ဗန်တို့နဲ့သွားလာရတာတဲ့ မေမေပြောပြုဖူးတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဖြူနုငယ်ကို အခွင့်အရေးရချိန်မှာ ရင်ငြိမ်းပန်းနှင့် ချစ်သူဖြစ်နေကြောင်း ပြောပြရန် စကားပြင်လိုက်၏။

"ဖြူနုတို့ ပြန်ဆင်းရအောင်နော်"

"ဟိုဘက်မှာ ဘုရားတန်ဆောင်းကြီး ရှိသေးတယ် ဖြူနု၊ မနေ့က အဲဒီဘုရားရဲ့ နားရွက်တော်နောက်ကို ပျားစွဲတယ်"

"ဟယ်.....ဟုတ်လား"

ကျွန်တော့်အကြံအစည်များ ပျက်သွားရ၏။ ဘုရားတန်ဆောင်းသို့ ရောက်သည့်နောက် ဉာဏ်တော်မြင့်သော ဘုရားပုံတော်ကြီးရှေ့တွင် ဝတ်ပြုကြ၏။ လူရှင်းစပြုနေသော ညနေစောင်းလေး၏ သာယာမှုနှင့်အတူ ကျွန်တော်တို့နှစ်ဦးသား လမ်းလျှောက်လာကြသည်။

"ဟင်.....စကားပန်းတွေပွင့်နေတာ လှလိုက်တာနော်"

အပင်ပုပုလေးနှင့် စကားပန်းဖြူဖြူနှင့် ပန်းရောင်ရဲရဲ ပန်းပွင့်များအား ဖြူနုငယ်က လိုက်ကောက်နေတော့သည်။ ကောက်၍ဝမှ ဖြူနုငယ်က သူမ၏ ဆံကေသာထက်တွင် တစ်ပွင့်ပန်လိုက်၏။

"မွှေးလိုက်တာ ကိုချမ်းရာ၊ အနံ့သင်းတာမျိုးကို ဖြူနုကြိုက်တယ်"

ကျွန်တော်က တံတွေးကိုမျိုချခင်း ဖြူနုငယ်အား အရဲစွန့်၍ပြောလိုက်သည်။

"ဖြူနု စကားပြောစရာရှိလို့ ရွှေတောင်ဦးဘုရားကုန်းမြင့်ပေါ်ပြန်သွားရအောင်လား"

"သွားလေ ကိုချမ်း"

ကုန်းတော်တွင် လူရှင်းသည့်အပြင် လေတဖြူးဖြူးနှင့် ကျွန်တော့်ရင်တွင်းအပူအား အေးငြိမ်းစေနိုင်၏။ ဖြူနုငယ်က မည်သို့ထင်မည်မသိပါ။ သူမ၏ မျက်နှာလေးမှာ ရှက်သွေးဖျန်းသွားတော့သည်။ ကုန်းပေါ်ရှိ နေဝင်ရီတရောအချိန်လေးအား အတူတူငေးကြည့်နေကြပြီးမှ ကျွန်တော်က စတင်၍.....

**သမီးလေးက**
**ဝမ်းသာရင်လည်း**
**မျက်ရည်**
**ကျတာပဲ၊**
**ဝမ်းနည်းရင်လည်း**
**မျက်ရည်**
**ကျတာကွဲ့**
**...**



www.burmeseclassic.com



"ဖြူနုကို ဒီစကားပြောချင်နေတာ ကြာပါပြီ၊ ကိုယ့်ကို တစ်မျိုးမြင်မှာလည်း စိုးရိမ်တယ်"

"ကိုချမ်းက ဘာစကားမျိုးပြောမှာလဲဟင်"

ရှက်ရွံ့သံလေးနှင့် မေးလာ၏။

"တကယ်တော့ ကိုယ့်မှာချစ်သူရှိပါတယ် ဖြူနု"

ဖျတ်ခနဲလှမ်းကြည့်ကာ မျက်နှာလေး ညှိုးငယ်သွား၏။

"ဟုတ်ပါတယ်၊ မေမေက ဖြူနုနဲ့ တစ်ချိန်မှာ....."

"ကိုချမ်းပြောချင်နေတာ ဒါပဲလား၊ ဒါပဲဆိုရင် ပြန်ကြစို့နော်၊ ကိုချမ်း စိတ်ချမ်းသာရပါစေမယ်"

ကျွန်တော်က မည်သည့်စကားမျှ မဆိုလိုက်ရပေ။ ဖြူနုငယ်က ချက်ချင်းပင် ပြန်ရန်ပြောလိုက်၏။ မျက်နှာတော့မကောင်းပေ။ တန်ဆောင်းမှ တဖြည်းဖြည်း ဆင်းသွားကြပြီးနောက် ဆိုင်ကယ်ရှိရာသို့ပြန်လာကြသည်။ ကျွန်တော်က ဆိုင်ကယ်ကို မောင်းပြီး ဖြူနုငယ်က အနောက်မှ လိုက်ပါလာ၏။

✦ ✦ ✦

ဆိုင်ကယ်မောင်းနေစဉ် ဖြူနုငယ်ကို အားနာသွား၏။ သူမလည်း မိဘချင်းက အသိပေးထားပြီးဖြစ်ပေမည်။ ကျွန်တော့်အပေါ်လည်း တိမ်းညွတ်နေမှန်း သိထားသည်။ ကျွန်တော့်တွင် ချစ်သူမရှိခဲ့လျှင် ဖြူနုငယ်အား စိတ်ဝင်စားမိမည်မှာ အမှန်ပင်။ သို့ပေမယ့် ကျွန်တော်က သစ္စာရှိသူပါ။ ပြီးတော့လည်း ကိုယ့်ချစ်သူအပေါ်တွင် ပစ်ပစ်ခါခါမလုပ်ရက်ပေ။ ယောကျ်ားကောင်းပီသရပေမည်။

"ကိုချမ်းချစ်သူက ချောလားဟင်"

ကျွန်တော့်ကျောကိုမှီကာ ဖြူနုငယ်က တိုးတိုးလေးမေး၏။

"ချောတယ် ဖြူနု၊ သူလည်း ဆရာဝန်လောင်းပါပဲ"

"ဩော်...ဩော်၊ ကိုချမ်းက သူ့ကို သိပ်ချစ်တာပဲလားဟင်"

"အင်း.....ချစ်တာပေါ့ ဖြူနုရာ"

ဖြူနုငယ်ထံမှ အသံမကြားရပေ။ တိတ်ဆိတ်စွာ ကျိတ်၍ငိုရှိုက်နေပုံရ၏။ ကျွန်တော့်ပခုံးကို မြဲမြဲဆုပ်ကိုင်လျက် ဖြူနုငယ် လိုက်ပါလာသည်။ ဆယ့်ငါးမိနစ်ခန့်မောင်းပြီးနောက်.....

"ဖြူနု.....ဖြူနု"

အနောက်မှ လှုပ်ရှားမှုမရှိချေ။ အိမ်သို့ အမြန်ရောက်စေချင်နေ၏။ ဖြူနုငယ်အတွက် စိုးရိမ်သွားသည်။ ရပ်တန့်ပြန်လျှင်လည်း မဖြစ်ပြန်ပေ။ သည်တော့ အသာအယာထိန်းမောင်းကာ အိမ်သို့အရောက်ပြန်လာခဲ့ရ၏။

"တီ...တီ...တီ...တီ"

အမေနှင့် ဖြူနုငယ်တို့အမေ ရောက်လာသည်။ ကျွန်တော့်အဖြစ်အား မသိသေးပေ။

"သား မဆင်းသေးဘူးလား၊ ဘာလုပ်နေတာလဲ"

"အမေ ဖြူနု အနောက်မှာ ထိုင်လိုက်လာပြီး ဘာဖြစ်မှန်းမသိဘူး၊ ကျွန်တော့်ပခုံးကိုကိုင်ထားတာ မလွှတ်တော့ဘူး၊ အဲဒါကြောင့်ဆင်းမရဖြစ်နေတာပါ"

"ဟင်.....ဟုတ်လား၊ သမီး ဖြူနုငယ်....."

"ဖြူနုလေး၊ ဟင်.....ခေါ်လို့လည်း မရတော့ဘူး"

ဆွဲလှုပ်သော်လည်း ကျွန်တော့်ပခုံးအား မလွှတ်တမ်းဆုပ်ကိုင်ထား၏။ လက်နှစ်ဖက်ကို အတင်းဆွဲဖယ်လိုက်မှ ဖြူနုငယ်မှာ ပျော့ခွေကျသွားတော့၏။

"သမီး.....ဖြူနုငယ်၊ အမယ်လေး.....ဒုက္ခတော့ဖြစ်ပါပြီ၊ လက်တွေအေးစက်နေတာပဲရှင်"

"သားရေ ပွေ့ပြီး အိမ်ထဲခေါ်ဦးလေ"

ကျွန်တော်လည်း ဖြူနုငယ်ကိုယ်လုံးလေးကို ပွေ့ချီ၍ အိပ်ရာပေါ် တင်လိုက်၏။ ပြီးမှ နှလုံးခုန်နှုန်းကို စမ်းသပ်ကြည့်လိုက်သည်။ မျက်လုံးကိုဖွင့်ကြည့်ရာ သူငယ်အိမ်မှာ မရွေ့လျားတော့ပေ။

"မေမေနဲ့ အန်တီ၊ ဖြူနု ဆုံးသွားပြီဗျာ"

"ဟင်.....အမယ်လေး ဒုက္ခတော့ဖြစ်ကုန်ပါပြီ၊ သမီးလေး ဖြူနု၊ အီး.....အီး.....ဟီး၊ မေမေ ရန်ကုန်ရောက်ရင် သမီးဖေဖေကို ဘယ်လိုပြောပြရတော့မလဲကွယ်၊ အမယ်လေး.....လေး၊ မယုံနိုင်စရာပါပဲလား"

"ဖြူနုလေးရယ်.....ဖြစ်မှဖြစ်ရလေကွယ်"

www.burmeseclassic.com

အမေနှစ်ဦးက ဖြူနုငယ်ကို ဖက်ငိုကြ၏။ ဖြူနုငယ်၏ အသက်ထွက်ပုံက ညင်ညင်သာသာပါ။ သေမှန်းပင်မသိလောက်အောင် ဖြူနုငယ်က အားလုံးကို စွန့်ခွာထားသွားတော့၏။ ကျွန်တော် ယူကျုံးမရဖြစ်သွားမိ၏။ တကယ်ဆိုလျှင် ဖြူနုငယ် သေဆုံးရခြင်းမှာ ကျွန်တော့်ကြောင့်ဖြစ်ရပေမည်။ ဝမ်းနည်းခြင်း စိတ်ဒဏ်ရာအား နှလုံးသားက ခံနိုင်ရည်မရှိ၍ ရုတ်တရက်သေဆုံးရခြင်းမျိုး ဖြစ်နိုင်၏။

"အန်တီ ဖြူနုမှာ နှလုံးရောဂါရှိသလားဟင်"

"ရှိ မရှိတော့ မသိဘူးကွယ်၊ ဒါပေမဲ့ သမီးလေးက ဝမ်းသာရင်လည်း မျက်ရည်ကျတာပဲ၊ ဝမ်းနည်းရင်လည်း မျက်ရည်ကျတာကွဲ့၊ နှလုံးက မကြာခဏ အောင့်တတ်တယ်လို့တော့ ပြောတာပဲ"

ကျွန်တော်က ဆေးပညာသဘောအရ ဖြူနုငယ်တွင် နှလုံးရောဂါရှိနေမှန်း သိသွား၏။ ကျွန်တော့်စကားကြောင့် ဝမ်းနည်းပြီး စိတ်ခံစားချက် ပြင်းထန်သွားခဲ့ခြင်းသာ ဖြစ်ရမည်။ ဤသို့ဆိုလျှင် ကျွန်တော်သည် လူသတ်သမားတစ်ယောက် ဖြစ်နေပေပြီ။ ကျွန်တော့်ကြောင့်ဆိုသည်ကို ဖြူနုငယ်၏မိခင် သိသွားပါက ကျွန်တော့်အပေါ် အမုန်းပွားမည်မှာ သေချာ၏။ သို့ပေမယ့် အမေနှစ်ဦး၏မှတ်ချက်က..

"သမီးလေးဟာ သားကို ငယ်ငယ်ကတည်းက ချစ်နေတာလို့ အန်တီတို့ကို ပြောပြရှာပါတယ်ကွယ်၊ အခုလို မင်းနဲ့အတူတူ သွားလာရတော့ ဝမ်းသာပြီး နှလုံးရပ်သွားတာပဲနေမှာပါကွယ်"

"ဩော်.....အချစ်ကြီးရှာတဲ့ကလေးရယ်၊ အန်တီ ဘယ်လိုဖြေသိမ့်နိုင်ပါတော့မလဲကွယ်၊ တွေ့လား သား၊ မင်းရဲ့ဇနီးလောင်းလေးက မင်းကို အသက်ပေးပြီး ချစ်ပြသွားတာနော်၊ သနားစရာကောင်းလိုက်တာကွယ်"

ကျွန်တော့်မျက်ရည်တစ်စက်က ဖြူနုငယ်၏မျက်နှာပေါ်သို့ ပေါက်ခနဲ ကျသွားတော့၏။ ဖြူနုငယ်၏ နွေးထွေးဆဲ လက်ဖမိုးလေးအား ဆုပ်ကိုင်ကာ ငိုနေမိတော့သည်။

"ဖြူနု.....ကိုယ့်ကို ခွင့်လွှတ်ပါကွာ၊ မင်းကို ကိုယ် သတ်မိသလို ဖြစ်သွားရပြီ ဖြူနုရာ"

စိတ်ထဲမှ အကြိမ်ကြိမ်တောင်းပန်နေမိ၏။

ထိုညတွင်းချင်းပင် ကျွန်တော်တို့လည်း ဖြူနုငယ်၏အလောင်းအား အရေးပေါ်ယာဉ်ဖြင့် ရန်ကုန်သို့ ပြန်သယ်သွားရ၏။ သင်္ကြန်တွင် သာသနာပြုမည့် အစီအစဉ်လည်း ပျက်သွားရတော့သည်။ မတတ်နိုင်ပေ။



+ + +

သင်္ကြန်တွင်းမှာပင် ဖြူနုငယ်၏အသုဘကို မြေချလိုက်ရ၏။ ကျွန်တော်က ရန်ကုန်သို့ပြန်ရောက်သော်လည်း မည်သူနှင့်မျှ မဆက်သွယ်ချင်သေးပေ။ ဖြူနုငယ်အတွက်စိတ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ခြင်းက ကျွန်တော့်နှလုံးသားတွင် ဒဏ်ရာတစ်ခုအဖြစ် စွဲထင် ကျန်ရစ်ခဲ့ရ၏။ သွားလေသူ ဖြူနုငယ်အတွက်သာ ကျွန်တော်က နှမြောတသ စိတ်မကောင်းဖြစ်နေရသည်။

ဖြူနုငယ် သေဆုံးသွားရခြင်းက ကျွန်တော့်တွင် တာဝန်များစွာ ရှိနေ၏။ သည်တော့ ဖြူနုငယ်၏ နောက်ဆုံးခရီးတွင် ကျွန်တော့်ဘက်က အပြည့်အဝ ကူညီနေရသည်။ အမေလည်း တာဝန်ရှိသူအဖြစ် နာရေးကိစ္စကို အစအဆုံး ကူညီ၏။ ဖြူနုငယ်တို့အိမ်မှာပင် ကျွန်တော်တို့သားအမိက နေလိုက်ကြသည်။

အမေနှင့် ဖြူနုငယ်၏အမေတို့က ကျွန်တော့်အား စာနာစိတ်ဖြင့် သနားနေကြ၏။ မတော်လိုက်ရသည့် သမက်လေးအဖြစ် နှမြောနေပေမည်။ အမေက ရက်လည်ချိန်အထိ နေမည်ဖြစ်သည့်အတွက် ကျွန်တော်က အိမ်သို့ပြန်လာခဲ့၏။

''သားလည်း ပင်ပန်းနေပြီကွယ်၊ အိမ်မှာပဲ အနားယူလိုက်တော့နော်၊ ကားကို ဖြည်းဖြည်းမောင်းသွားဦး''

''ဟုတ်ကဲ့ မေမေ''

အန်တီဝေကို နှုတ်ဆက်ပြီးမှ ကျွန်တော်က ကားဖြင့်မောင်းထွက်လာခဲ့သည်။ ကျွန်တော့်တစ်ကိုယ်လုံးလည်း နုံးခွေနေပြီဖြစ်သည်။ အိမ်တွင် လွတ်လွတ်လပ်လပ် အနားယူချင်နေသည်။ သည်တော့ ကားအား သကြံန်မဏ္ဍပ်များနည်းမည့် နေရာမှ ကွေ့ပတ်မောင်းလာရ၏။

ရှေ့တွင်ရှိသည့် သကြံန်ရေပက်ခံကားပေါ်မှ စုံတွဲတစ်တွဲက မြင်မကောင်းပေ။ အမျိုးသမီးက စွပ်ကျယ်လက်ပြတ် အနီရဲရဲနှင့် ဂျင်းဘောင်းဘီကို တွဲဖက်ဝတ်ဆင်ထားသည်။ ကွေးကောက်နေသော ဆံပင်များက ခွေလိမ်နေ၏။ အပေါ်မှ ထပ်ဝတ်ထားသော ရှပ်လက်ရှည် အဖြူရောင်ပါးပါးက အထဲမှ ဖုံးကွယ်ထားမှုများအား အတိုင်းသားမြင်နေရ၏။ အမျိုးသားက အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့်တောင့်တင်းကြံ့ခိုင်သူပါ။ အပေါ်ပိုင်းတွင် စွပ်ကျယ်လက်ပြတ်အနက်ရောင်ကို ဂျင်းဘောင်းဘီအတိုဖြင့် တွဲဝတ်ထားသည်။ နှစ်ဦးစလုံးက နေကာမျက်မှန်အနက်များ တပ်ထားသေးသည်။ သို့ပေမယ့် ဖက်တွယ်ပူးကပ်နေသည်မှာ ပတ်ဝန်းကျင်အား ဂရုမစိုက်ပေ။ ရင်ခွင်ထဲသို့ပွေ့ဖက်၍ မျက်နှာနှစ်ခုမှာ နီးကပ်နေ၏။

''ဟာ...ဒါ....ဒါ ရင်ငြိမ်းပဲ၊ ဟုတ်ပါ့မလား''

ဂျစ်ကားပေါ်တွင် စုံတွဲသုံးတွဲ ရှိသေး၏။ သေချာနေသည်မှာ ကျန်မိန်းကလေးများက ရင်ငြိမ်းပန်း၏ သူငယ်ချင်းများ ဖြစ်နေကြသည်။

''ရင်ငြိမ်း မင်းဟာ မောင့်ရင်ကို မငြိမ်းချမ်းစေနိုင်ပါလားကွာ၊ မင်းမောင့်ကိုလိမ်တယ်၊ မောင်မရှိဘူးဆိုတော့ မင်းက လွတ်လပ်နေတာလားကွာ''

ကျွန်တော်က ဟန်းဖုန်းကို ထုတ်၍ အမိအရ ရိုက်ယူထားလိုက်သည်။ ဗီဒီယိုမှတ်တမ်းတင်ထားလိုက်၏။ ရင်ငြိမ်းပန်းနှင့်ပတ်သက်၍ ကျွန်တော့်မှာ ပြင်းပြင်းထန်ထန် ခံစားသွားရသည်။

ညရောက်သည့်အခါ ကျွန်တော်က ရင်ငြိမ်းပန်းထံသို့ ဖုန်းဆက်လိုက်၏။ ဖုန်းကို ချက်ချင်းမကိုင်သေးပေ။ ခဏကြာမှ.....

''ဟန်နီ မင်း သိပ်ဆိုးပါလားနော်၊ အရှိန်မသေသေးဘူးလား၊ ဟင်း...ဟင်း၊ နေ့လယ်က သိပ်ဆိုး

**ရင်ငြိမ်းပန်း၏ သစ္စာမဲ့ပုံက ကျွန်တော့်နှလုံးသားတွင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်သည်။ သူမ၏ မာယာတောတွင် ကျွန်တော် မပျော်မွေ့ချင်တော့ပါ . . .**

www.burmeseclassic.com

www.burmeseclassic.com


တယ်ကွာ၊ ရောဘတ်ရှိလို့ပေါ့၊ ဒါပေမဲ့ ရှီစ်ကာစင်က နားလည်ပြီးသားပါ ဟန်နီရာ”

ကျွန်တော့်အသားများက တဆတ်ဆတ်တုန်လာ၏။ ဒေါသကြောင့် ပေါက်ကွဲချင်လာ၏။ သို့ပေမယ့် မူးနေပုံရသော ရင်ငြိမ်းပန်းက ကျွန်တော်မှန်း သိမည်မဟုတ်ပေ။ သကြန်နှင့်အပြိုင် ကျွန်တော့်အား မေ့ထားမည်ကို သိနေ၏။ သူ့စိတ်ထဲတွင် ကျွန်တော်က ရဟန်းဝတ်ဖြင့် တရားကျင့်နေမည်ဟုထင်နေပုံရ၏။ ကျွန်တော့်အား သူ့နှလုံးသားထဲမှ ဆွဲထုတ်ထားလိုက်ပေမည်။

“ဟန်နီ ဘာပြောမလို့လဲ၊ ပြောလေ”

“ရှီစ်မှာ ချစ်သူရှိတယ်ဆို”

“အိုး…ဟိုး…ဟိုး၊ အဲဒါဆန်းသလား ဟန်နီ၊ မင်းမှာလည်း ဂရေ့စ်ရှိနေတာပဲမဟုတ်လား၊ ဒါပေမဲ့ သကြန်မှာ အားရပါးရပျော်ကြရအောင်ကွာ၊ ဘယ်သူ့မှ ခေါင်းထဲထည့်မထားနဲ့ပေါ့၊ ရှီစ်ချစ်သူကလည်း ခုချိန်ဆို စိပ်ပုတီးနဲ့ ရိပ်ကြီးခိုနေပြီလေ၊ ဟင်း…..ဟင်း”

ကျွန်တော်လည်း ရင်ငြိမ်းပန်း၏စိတ်ဓာတ်ကို နားလည်သွားတော့သည်။ ကျွန်တော့်ကွယ်ရာတွင် ဖောက်ပြန်လိုစိတ်ရှိသူသည် အဘယ်မှာ သစ္စာတရားရှိပါမည်နည်း။ ထိုသို့ဆိုလျှင် ကျော်သီဟပြောပြချက်က မှန်ကန်နေပေမည်။

“ရှီစ်က သူ့ကို တကယ်လက်ထပ်တော့မှာလားဟင်”

“အဟားဟား…..ဟန်နီ မင်းရော ဂရေ့စ်ကို တကယ်ယူမှာလားကွာ၊ ဒါမှမဟုတ် ဂရေ့စ်ကရော မင်းကို ယူမယ်တဲ့လား၊ တို့အသိုင်းအဝိုင်းက ဘယ်သူ့ကို စွဲစွဲမြဲမြဲ ချစ်တတ်ကြလို့လဲဟင်၊ တွေ့တဲ့သူနဲ့ ပျော်လိုက်တာပဲမဟုတ်လား”

ကျွန်တော်က သူ့စကားကြောင့် အံ့ဩသွားရ၏။ သစ္စာမဲ့တတ်သူမှန်း နားလည်ခြင်းနှင့်အတူ ကျွန်တော့်အချစ်ကို နှမြောမိ၏။

“ရှီစ်ချစ်သူက ရိုးသားတဲ့သူပါ ဟန်နီရာ၊ သူ့ကိုတော့ သနားတယ်၊ ဒါပေမဲ့ သူ့မှားသားကြီးကို ကောင်းကောင်း Lesson ပေးချင်တယ်ကွာ၊ ဟင်း…..ဟင်း”

“Good Night ရှီစ်”

ကျွန်တော် ဆက်နားမထောင်ချင်တော့ပါ။ ဆက်နားထောင်လျှင် ပိုပြီးစိတ်မကောင်းဖြစ်ရုံသာ ရှိပေတော့မည်။ သည်တော့ ဖုန်းချလိုက်တော့၏။ ဒါကြောင့်လည်း အမေက ရင်ငြိမ်းပန်းနှင့် သဘောမတူခြင်းဖြစ်ပေမည်။ အဆင်ပြေစေရန် ကြိုးစားမည်ဟု ကြံစည်ထားသမျှ သဲထဲရေသွန် ဖြစ်သွားရ၏။ ချက်ချင်းပင် သူမထံသို့ Phone Message နှင့် Photo ကို ပို့ပေးလိုက်သည်။ သူမ၏ အပျော်လွန်ကြူးနေပုံကို သူမကိုယ်တိုင် တွေ့မြင်ပါလိမ့်မည်။

+ + +



သကြန်အတက်နေ့ နံနက်ခင်းတွင် ကျွန်တော့်ရင်မှာ ပေါ့ပါးလန်းဆန်းနေသလို ခံစားသွားရ၏။ ညက ရင်ငြိမ်းပန်း၏ သစ္စာမဲ့ပုံက ကျွန်တော့်နှလုံးသားတွင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်သည်။ သူမ၏ မာယာတောတွင် ကျွန်တော် မပျော်မွေ့ချင်တော့ပါ။ သည်ကြိမ် နောက်ဆုံးနေ့နှင့်အတူ ရင်ငြိမ်းပန်းသည်လည်း ကျွန်တော့်ဘဝ၊ ကျွန်

www.burmeseclassic.com



တော့်နှလုံးသားနှင့် ကျွန်တော့်ရင်ထဲမှ အပြီးအပိုင် ထုတ်ပယ်ပစ်လိုက်၏။

နံနက်စာစားချိန်တွင် စားပွဲပေါ်မှ ဖုန်းမြည်သံကို ကြားရသည်။ ရင်ငြိမ်းပန်း၏ဖုန်းဖြစ်နေ၏။

"မောင် ရင်ငြိမ်းပါ၊ ညက ဓာတ်ပုံပို့လိုက်တာ ဘယ်ကရတာလဲ၊ ဘယ်သူပို့ပေးတာလဲ၊ မသက်ပို့လိုက်တာလားဟင်"

"ကိုယ်တိုင်တွေ့ပြီး ရိုက်လိုက်တာပဲ၊ မင်း ဘာငြင်းချင်သေးလဲ ရင်ငြိမ်း၊ ညက ကိုယ်ဖုန်းဆက်လိုက်တာပဲ၊ မင်းရဲ့ဟန်းနီးမဟုတ်ဘူးကွ"

"သြော်...ရှင်က ရင်ငြိမ်းကို လိမ်ညာပြောပြီး ရန်ကုန်မှာရှိနေတာကိုး၊ ရှင် သိပ်တော်ပါတယ်၊ ဟင်း.....ဟင်း"

ရင်ငြိမ်းပန်းရယ်သံက ကျွန်တော့်အား လှောင်ရယ်နေသလိုပါ။ ခံစားမရတော့ပေ။

"မင်း ထင်ချင်သလို ထင်နိုင်တယ် ရင်ငြိမ်း၊ ဒီနေ့ဟာ တို့နှစ်ယောက်ရဲ့ နောက်ဆုံးဇာတ်သိမ်းပဲ၊ မင်းကြိုက်သလိုသာနေတော့၊ မင်းကို ကိုယ့်နှလုံးသားထဲက ထုတ်ပစ်လိုက်ပြီ"

"ကျေးဇူးတင်ပါတယ်ရှင်၊ Thank You So Much"

သူမက သူမအမှားကိုသိမည့် မိန်းကလေးမျိုး မဟုတ်ပေ၊ အချစ်ကို တန်ဖိုးထားတတ်သူ မဟုတ်သည့်အတွက် ခံစားရမည်မဟုတ်ပါ။ ကျွန်တော့်အဖြစ်က ချစ်တတ်သူအား လွမ်းစေအောင် ဖန်တီးခဲ့ပြီလား မသိပါ။ တစ်ဖက်ရှိ ပိတောက်ပင်ကြီးရှိရာသို့ ကျွန်တော်ကြည့်မိ၏။

"သြော်.....လူတကာမက်မောတဲ့ ပိတောက်၊ ကြည့်ပါဦး၊ ခူးယူနေလိုက်ကြတာများ အလုအယက်ပါလား"

ပိတောက်ပင်အောက်တွင် တံချူနှင့် ခူးသူခူး၊ အပင်ပေါ်တက်၍ ကိုင်းချိုးချသူချ၊ အလုအယက်ကောက်သူကောက်နှင့် ပိုင်ရှင်မရှိသဖြင့် စိတ်ကြိုက်ပြုမူနေကြတော့သည်။ ခဏအကြာတွင် ရန်ဖြစ်သံများကြားရပြီး ယောကျ်ားနှစ်ယောက်၏ရိုက်ပွဲက သွေးထွက်သံယိုဖြစ်ကုန်ကြ၏။ ပိတောက်ပန်းကြောင့် ဖြစ်ရသည့်ရန်ပွဲမှာ တစ်ခဏချင်းပဲ လူများဝိုင်းအုံလာကြပြီး ဆေးရုံရောက်သူရောက်၊ ရဲစခန်းရောက်သူရောက်နှင့် ပြဿနာဖြစ်ကြရသည်။ အလိုရမ္မက်ကြီးသူ လူသားများအား ဒေါသဖြစ်စေရန် ဖန်တီးလိုက်သည့် ပိတောက်ပန်းပါ။

"ပိတောက်ဟာ ရင်ငြိမ်းပန်းနဲ့ မခြားပါပဲလား၊ ယောကျ်ားတွေအတွက် သစ္စာမရှိဘူး၊ လူသားတွေအတွက် အန္တရာယ်ပေးတတ်သူပါပဲ"

ပိတောက်ငြိုကာဖွင့်ရင်း ကျွန်တော်က လေတိုက်ရာ ယိမ်းနွဲ့ကြွေကျ လိုက်ပါသွားသည့် ပိတောက်ပွင့်များအား ထိုင်ငေးနေမိ၏။

ပိတောက်ပွင့်ကြွေတစ်ပွင့်က လေနှင့်အတူ ကျွန်တော့်ခြေထောက်နားသို့ ကျလာသည်။ ကျွန်တော် မသနားမိတော့ပေ။ သို့ပေမယ့် မနင်းမိရန်တော့ ရှောင်မိ၏။

ညနေခင်းတွင် ရေပက်ခံကားများကို ထိုင်ကြည့်နေစဉ် ကျွန်တော့်နှာခေါင်းဝသို့ သနပ်ခါးပန်းရနံ့လေးက စူးစူးရှရှ ဝင်ရောက်လာသည်။

"ဟား.....မွှေးလိုက်တာ၊ အမေများ သနပ်ခါးပန်းပင် စိုက်ထားသလားမသိဘူး"

သနပ်ခါးပန်းပင်ကို ကျွန်တော် ရှာဖွေလိုက်သည်။ မတွေ့ပေ။ သို့သော် သနပ်ခါးနံ့က ကျွန်တော့်အနီးတွင် ရှိနေသည်ဟု ထင်မိ၏။

"ကိုချမ်း....."

ကျွန်တော် နားကြားမှားခြင်းတော့ မဖြစ်နိုင်ပါ။ ကျွန်တော့်အား ကိုချမ်းဟုခေါ်သူမှာ ဖြူနုငယ်တစ်ယောက်တည်းသာရှိနေသည်။ ဤသို့ဆိုလျှင် ဖြူနုငယ်သည် ကျွန်တော်နှင့် အနီးဆုံးတွင် ရောက်ရှိနေမည်မှန်း သိလိုက်၏။

"ဖြူနုရေ....ကိုယ့်အဖြစ်က ကိုယ့်ကိုချစ်တတ်သူကိုပစ်ပြီး မချစ်တတ်သူကို ချစ်မိတဲ့ အဖြစ်မျိုးပါပဲကွာ၊ ဖြူနုရဲ့ဝဋ်ကြွေးတွေ ကိုယ့်ကို ပြန်လည်ခဲ့တာလား။ မင်းဟာ ကိုယ့်ပယောဂကြောင့် ရုတ်တရက်သေဆုံးခဲ့တာ ကိုယ်သိပါတယ် ဖြူနုရယ်"

ကျွန်တော်က အသံထွက်၍ ဖြူနုငယ်သိစေရန် ပြောပြမိ၏။ မချစ်သင့်သူအပေါ် သစ္စာရှိမိသည့် ပြစ်ဒဏ်က ကျွန်တော့်အား တစ်သက်လုံး ဒဏ်ခတ်လိုက်သည့်နှယ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်တော် ကျေနပ်ပါသည်။

"ကောင်းရာဘုံဘဝကို ရောက်ပါစေလို့ကိုယ်ဆုတောင်းပေးပါတယ် ဖြူနု၊ မင်းလို စိတ်ထားကောင်းတဲ့ မိန်းကလေးကို နောင်ဘဝဆက်တိုင်း ကိုယ်နဲ့ပြန်ဆုံတွေ့ပြီး ချစ်သူအဖြစ် ရွေးချယ်နိုင်ပါစေကွာ"

ကျွန်တော်က မျက်လုံးလေးကို မှိတ်ပြီး ဖြူနုငယ်ထံ ရည်ရွယ်ပြောလိုက်မိ၏။ ခဏအကြာတွင် သနပ်ခါးနံ့လေးမှာ ကျွန်တော်နှင့်ဝေးရာသို့ ထွက်ခွာသွားသည့်အလား မည်သည့်ရနံ့မျှ မရတော့ပေ။

"ဖြူနု ကိုယ့်ကိုလာနှုတ်ဆက်တာ ကိုယ်သိပါတယ်ကွာ"

ကျွန်တော်က ညနေစောင်းအချိန် မှောင်စပျိုးလာပြီဖြစ်သည့်အတွက် အိမ်ထဲသို့ ဝင်သွားလိုက်တော့သည်။

✦ ✦ ✦

ညစာစားပြီးချိန်တွင် အေးအေးဆေးဆေး ဗီဒီယိုထိုင်ကြည့်မိ၏။ သင်္ကြန်သည် ကျွန်တော်နှင့် မသက်ဆိုင်သကဲ့သို့ သင်္ကြန်အပျော်ဟူသည် ကျွန်တော့်အတွက် မဖြစ်ခဲ့ပေ။ သည်နှစ်သည် အဆိုးများနှင့် မထင်မှတ်ဘဲ ကြုံဆုံလိုက်ရသည်။ ကုသိုလ်ရေးလည်း အေးဆေးစွာ မပြုခဲ့ရပါ။ ဘာသာရေးလည်းလုပ်ခွင့်မရပေ။

သေသေချာချာ စဉ်းစားကြည့်လျှင် အချစ်ကြောင့် တစ်ခုပြီးတစ်ခု မဖြစ်သင့်သည်များ ဖြစ်ခဲ့ရ၏။ ကျွန်တော်သာ ဆန္ဒမစောလျှင် ဖြူနုငယ်နှင့် ဝေးရမည်မဟုတ်ပေ။ သို့သော်လည်း အကြောင်းနှင့်အကျိုးက ဆက်စပ်နေ၏။ ကျွန်တော်သာ သင်္ကြန်တွင်း ရန်ကုန်သို့ ပြန်၍ မရောက်လျှင်၊ သို့မဟုတ် ရင်ငြိမ်းပန်း၏ သစ္စာမဲ့မှုအား မသိခဲ့လျှင် သစ္စာတရားမရှိသူ၏ လိမ်ညာခြင်းများအား ကျွန်တော်က သိနိုင်မည်မဟုတ်ပါ။ ကံတရားကြောင့်သာ ဖြူနုငယ် သေဆုံးခဲ့ရသလို ကျွန်တော့်အားလည်း အမှန်တရားကို ကံတရားက ပြခဲ့ခြင်းဖြစ်ပါသည်။

"သြော်..ချစ်သူကို အကြွင်းမဲ့ယုံကြည်ခြင်းက ငါ့အတွက် ကံတရားက ကယ်တင်ပေးခဲ့တာပါလား၊ ကျော်သီဟပြောချိန်က လုံးဝကို ထင်မထားခဲ့ဘူး၊ ယုံလည်းမယုံမိဘူး၊ အခုတော့ ဖြူနုငယ်လေးသာ ရှိနေရင် ဘယ်လောက်ကောင်းလိုက်မလဲလေ"

သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်၍ ကျွန်တော်က အတွေးကို ရပ်လိုက်စဉ် ဖုန်းမြည်သံပေါ်ထွက်လာ၏။ ကြည့်လိုက်ရာ မသက်နွယ်အေးထံမှဖြစ်နေ၏။

"ပြော....မသက်၊ ရင်ငြိမ်းက ဘာတွေတိုင်လိုက်သလဲဗျာ၊ တော်ပြီ၊ သူ့ကို တကယ်စိတ်ကုန်သွားရပြီ၊ သူ့အကြောင်း လာမပြောနဲ့တော့ဗျာ"

"ဟဲ့.....ချမ်းမြေ့မောင်၊ မင်းဘာတွေပြောနေတာလဲကွဲ၊ ဒီမနက်မှ မင်းတို့ရန်ကုန်ရောက်တာကို ဒေါ်လေးပြောလို့ သိရတာ၊ မင်းကို အရေးကြီးတာ ပြောမလို့ကွ"

ကြည့်ရသည်မှာ ရင်ငြိမ်းပန်းက မသက်နွယ်အေးအား မည်သည့်စကားမျှ ပြောထားပုံမရပေ။ ကျွန်တော်လည်း ချော်လဲရောထိုင်ဆိုသလို လုပ်လိုက်ရ၏။

"ဘာအရေးကြီးလို့လဲမသက်"

"ရင်ငြိမ်းလေ ရင်ငြိမ်း မနေ့က မော်ဘီဘက်အသွားမှာ ကားမှောက်လို့တဲ့၊ အဲဒါ အခု ဆေးရုံကို မသက်လိုက်သွားမယ်၊ မင်းလည်း လာလေ၊ မသက် ဝင်ခေါ်မယ်၊ ခြေထောက်ကျိုးသွားတယ်တဲ့၊ ရင်ငြိမ်းတော့ ဘဝပျက်ပါပြီကွာ၊ သနားပါတယ်"

ကျွန်တော် မသက်နွယ်အေးကို မည်သို့ပြောရမည်မသိတော့ပေ။ သူမနှင့်ကျွန်တော်က ဇာတ်လမ်းပြီးဆုံးသွားပေပြီ။ ဆက်ရန်မရှိတော့ပါ။

"ဟိတ်...ကောင်လေး၊ ဟယ်လို.....ဟယ်လို"

"ကျွန်တော် ကြားပါတယ် မသက်ရာ၊ ရင်ငြိမ်းနဲ့ကျွန်တော်က မနေ့ကပဲ လမ်းခွဲလိုက်ကြပါပြီဗျာ"

"ဟင်...ဘာ..ဘယ်လို၊ မင်းက အပြောင်းအလဲမြန်လှချည်လားဟင်၊ မသက်မျက်နှာကိုထောက်ပါဦး၊ မင်းပဲ ကြိုက်တုန်းကအသည်းအသန်မဟုတ်လား၊ ရင်ငြိမ်း အခုလိုဖြစ်မှ မင်းစိတ်တွေ ပြောင်းသွားတာမဟုတ်လား၊ မှန်မှန်ပြော"

မသက်နွယ်အေးက ဒေါသတွေ စွတ်ထွက်နေ၏။ ကျွန်တော်လည်း အဖြစ်မှန်ကို ပြောပြလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်အပျော်ကြောင့်
ရင်ငြိမ်းပန်းတစ်ယောက်
နောင်တများစွာ
ရနေပေမည်။
လောကပြစ်ဒဏ်
တစ်ခုအဖြစ်
သစ္စာမဲ့ခြင်း၏
ဒဏ်ခတ်ခြင်းကို
ခံစားရသည်ဟု
ကျွန်တော်
နားလည်သွား၏
...

"မယုံဘူးကွာ၊ ဒါ မင်းဘက်က သက်သက်အကြောင်းပြတာပဲ"

"မသက်ကျွန်တော့်အကြောင်းကို သိပါတယ်နော်၊ ကျွန်တော်က သူ့အပေါ် သစ္စာမဖောက်ဘူး၊ ရှင်းရှင်းပြောမယ်ဗျာ၊ မေမေသဘောတူတဲ့ မိန်းကလေးတောင် ကျွန်တော် မယူနိုင်ဘူး"

မသက်နွယ်အေး၏ လှောင်ရယ်သံကို ဖုန်းထဲမှကြားလိုက်ရ၏။

"အန်တီသဘောတူတာ ဖြူနုငယ်မဟုတ်လား၊ ဩော်.....အဲဒါကြောင့် ဖြူနုငယ်တို့သားအမိကို ရွှေကျင်ခေါ်သွားတာပဲကိုး"

"ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပါဦး မသက်၊ ကျွန်တော့်မှာ ရင်ငြိမ်းရှိနေလို့ ဖြူနုငယ်ကို ရှင်းရှင်းလင်းလင်း ဖွင့်ပြောပြလိုက်တယ်၊ ဖြူနုငယ်မှာ နှလုံးရောဂါရှိမှန်း မသိခဲ့ဘူး၊ ဖြူနုက ကျွန်တော့်စကားကိုကြားရတော့ စိတ်မကောင်းဖြစ်ပြီး ဆုံးသွားတာ၊ သူ့နှလုံးကခံနိုင်ရည်မရှိဘူး၊ အဲဒါကို ဖြူနုငယ်ဆုံးတော့မှ ကျွန်တော်သိရတာပါဗျာ"

"ဟင်.....ဒါဆို အန်တီက နာရေးကိစ္စကြောင့် ပြန်လာရတယ်ဆိုတာ ဖြူနုငယ်ပေါ့"

"ဟုတ်ပါတယ် မသက်၊ ကျွန်တော့်လို သစ္စာရှင်ကြီးကြောင့် ဖြူနု ဆုံးရတာပါဗျာ"

မသက်နွယ်အေးတစ်ယောက် အခုမှ သိသွားရတော့သည်။ သူလည်း ဖြူနုငယ်အတွက် စိတ်မကောင်းဖြစ်သွား၏။

"ဖြူနုငယ်ကို မသက်ကိုယ်တိုင် ကုပေးမနေရတာပါကွာ၊ ခရီးသွားမယ်ဆိုလို့တောင် မသွားဖို့တားနေသေးတယ်၊ နှလုံးအစားထိုးကုဖို့ ပြောမလို့ပါကွယ်"

"ဒီမှာလေ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့လို့ ဓာတ်ပုံရိုက်ထားတာ၊ ပြီးတော့ အသံဖိုင်သွင်းထားသေးတယ်၊ နားထောင်ကြည့်"

ကျွန်တော်က ဖုန်းထဲမှ ဓာတ်ပုံနှင့် ဗီဒီယိုပါ ရိုက်ထားသည့်ပုံကို ပို့ပေးလိုက်၏။ ပြီးနောက် ရင်ငြိမ်းပန်း၏စကားများကိုပါ ဖွင့်ပြလိုက်သည်။ မသက်နွယ်အေးလည်း အံ့ဩသွား၏။ သည်တော့ သူလည်း ရင်ငြိမ်းပန်းရှိရာသို့ လိုက်မသွားတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေ မသက်မှ မသိခဲ့ဘဲကွယ်၊ အခုတော့ ရင်ငြိမ်းကို မသက်ပါ ကြောက်သွားပြီကွာ"

✦ ✦ ✦

သကြံန်လည်း ပြီးဆုံးသွားခဲ့ချေပြီ။ နှစ်ဟောင်းမှ နှစ်သစ်သို့ ပြောင်းလဲသွားသလို ကျွန်တော်တို့ဘဝများလည်း များစွာပြောင်းလဲသွားကြ၏။ ဖော်မဲ့ဘဝဖြင့် အထီးကျန်ခဲ့ရသော်လည်း အချစ်နှင့်ပတ်သက်လျှင် ကျွန်တော့်လုပ်ရပ်က မှန်ကန်ကြောင်း သိနေ၏။ ရင်ငြိမ်းပန်းလည်းဒုက္ခိတဘဝဖြင့် ဆေးကျောင်းဆက်မတက်နိုင်တော့ပေ။ သူမမျှော်လင့်သည့် ဘဝတစ်ခုလုံးပျက်သုဉ်းခဲ့ရ၏။

သိပ်မကြာပေ။ နိုင်ငံခြားတွင် ဆေးသွားကုသည်ဟု သိရသည်။ သကြံန်အပျော်ကြောင့် ရင်ငြိမ်းပန်းတစ်ယောက် နောင်တများစွာရနေပေမည်။ လောကပြစ်ဒဏ်တစ်ခုအဖြစ် သစ္စာမဲ့ခြင်း၏ ဒဏ်ခတ်ခြင်းကို ခံစားရသည်ဟု ကျွန်တော်နားလည်သွား၏။

သကြံန်ရောက်တိုင်းလည်း ဖြူနုငယ်ကို ကျွန်တော်က ထာဝရ သတိရနေမည့်သူပါ။ ထိုသို့စဉ်းစားနေချိန်တွင် ခရေပင်ကြီးထက်မှ နားခိုနေသော ဥဩငှက်တစ်ကောင်၏ တမ်းတမြည်ကြွေးသံက ကျွန်တော့်နှလုံးသားထဲထိ ခံစားသွားမိ၏။ ဖော်ကွဲအော်မြည်နေသော ဥဩငှက်သံသည် သူ၏အဖော်အား တမ်းတနေသလိုပါ။ ဥဩငှက်လေးကို စာနာသနားမိပေမယ့် ထိုငှက်လေးလည်း ကျွန်တော့်ခံစားချက်မျိုး မဖြစ်ပါစေနှင့်ဟု.....

"လွမ်းတတ်သူ
ရင့်မှာမောရင်ဖြင့်
တမ်းတသူ
ဘယ်မှာမတွေ့နိုင်တော့
ကြော်.....
ချစ်တတ်သူရယ်
လွမ်းစေအောင် ဖန်တီးချေသလားကွယ်။"

လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ကျင်နာ ၊
ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဒေဝါသီကားစီး၍နွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၁

ဆေးခန်းဖွင့်ချိန်၊ ၊ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
၎င်းဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com






# လျှမ်းထက်

## ကိုလိုနီခေတ် အရေးအခင်းကြီးများ

ရွှေရင်နာဘုရား၏ မှန်စီရွှေချလိုဏ်ဂူတွင်
မောင်သန့် မြင်းကြီးစီးသွားသောပုံပေါ်သည်ဟူ၍လည်းကောင်း၊
ဘုရားပရဝဏ်အတွင်း ဝင်ရောက်သူအများသည်
စည်တော်ကြီးဟိန်းသံ ကြားရပြန်သည်ဟူသော ကောလာဟလသတင်းများလည်း
နားမဆံ့အောင် ကြားလာရသည်နှင့်
မောင်သန့်သည် အမှန်ပင် မင်းလောင်းဖြစ်သည်ဟု ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အရီးကြီးသည် ကျွန်တော့်အဖို့ ဒဏ္ဍာရီ တစ်ပုဒ်ဖြစ်ပါသည်။ အညာဒေသတွင် ဖခင်၏ အစ်မ အကြီးဆုံးကို ''အရီးကြီး''ဟု ခေါ်ကြလေ့ရှိပါသည်။ အဘယ်ကြောင့် ဤကဲ့သို့ခေါ်သည်ကို ကျွန်တော်မသိပါ။ အရီးကြီး၏ ခင်ပွန်းဖြစ်သူမှာ ထိုကာလက အတော်အသင့် အောင်မြင်ပေါက်ရောက်သော မြန်မာ့ တိုင်းရင်းဆေးသမားတော်ကြီးဖြစ်ပါသည်။

အရီးကြီးသည် သူ့ခင်ပွန်း ကွယ်လွန်သွားသည်နှင့် သားသမီးများလည်းမရှိသောကြောင့် ကျွန်တော်တို့ မိသားစုနှင့်အတူ လာရောက်နေထိုင်ပြီး ကျွန်တော့်အား သူ့''သား''အဖြစ် မွေးစားခဲ့ပါသည်။ အရီးကြီး လူမှန်း သိတတ်ကာစကပင် သီပေါမင်း ပါတော်မူခဲ့ရာ အရီးကြီးသည် ထိုကာလက အရပ်အခေါ် ''လက်ထက်တော်ကလေး''ခေတ်ကို မီလိုက်ပါသည်။ ထိုစဉ်က အတိတ် တဘောင်များ၊ နိမိတ်များ၊ သူပြောကိုယ်ပြော၊ ပါးစပ်ပြော ဂဇက်သတင်းများကို နားထောင်ခဲ့သူလည်းဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်တော့်အား သူပြောပြသော အိပ်ရာဝင်ပုံပြင်အများမှာ ရတနာပုံခေတ်ပုံပြင်များ၊ ကုန်းဘောင်ခေတ်ပုံပြင်များဖြစ်ပါသည်။ သူပြောပြ သည့် ပုံပြင်များမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းပြီး ကျွန်တော့်အဖို့ ယနေ့ထိမမေ့နိုင်ပါ။

အရီးကြီးသည် သီပေါမင်းအား အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရတနာဂီရိသို့ ပို့ဆောင်ထားသည်ကို လုံးဝမယုံကြည်ပါ။ ကင်းဝန်မင်းကြီးသည် သီပေါမင်းနှင့် ရုပ်ဆင်တူသော မင်းသားတစ်ပါးအား သီပေါအရှင်ဖြစ်သည်ဟုဆိုကာ အင်္ဂလိပ်တို့အား ပြောခဲ့၏။ သီပေါမင်းနှင့် နောက်လိုက်နောက်ပါ မြန်မာမျိုးချစ်များသည် ရှမ်းပြည်နယ်သို့ ဆင်နှင့်တိမ်းရှောင်ပြီး လူစုလျက်ရှိကြောင်း၊ သင့်လျော်သောအချိန်တွင် သီပေါအရှင်သည် စစ်အင်္ဂါလေးပါးနှင့် ပြန်လာမည်ဖြစ်ကြောင်း၊ ထိုအခါ ကုလားဖြူ(အင်္ဂလိပ်)များကို မြန်မာနိုင်ငံမှမောင်းထုတ်မည်ဟု ပြောပြလေ့ရှိသည်။

အရီးကြီးသည် အင်္ဂလိပ်တို့ မန္တလေးကိုသိမ်း၍ အထက်မြန်မာနိုင်ငံ တစ်နိုင်ငံလုံးအား ဗိတိုရိယဘုရင်မကြီး၏ အင်ပါယာအတွင်း သွင်းလိုက်သည့်အခါ နယ်ချဲ့သမား အင်္ဂလိပ်အား ပိုမိုမုန်းသွားဟန်ရှိသည်။ သို့ဖြစ်၍ ကိုယ့်ဘုရင်၊ ကိုယ့်အရှင်ဖြစ်သော သီပေါမင်းအား မျှော်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ အရီးကြီး သည် အချိန်တန်သောနေ့တွင် စကြာမင်းကလေး ပေါ်လာမည်၊ စကြာမင်းအား ရေချ၍သတ်စဉ် ဘိုးဘိုးအောင်မ၍ မသေကြောင်း၊ တစ်နေ့တွင် မလွဲမသွေ စကြာမင်း ထီးနန်းပြန်ရမည်ဖြစ်ကြောင်း၊ 'ဗေဒါပင် ကမ်းကပ်၊ နန်းအပ်မှအေး'ဟူသော တဘောင်ရှိကြောင်း၊ ထိုတဘောင်အရ ဗုဒ္ဓရာဇာရှင်ဘုရင်လည်း မကြာခင်လာမည်ဖြစ်ကြောင်း၊ ထိုဘုရင်နောက်တော်ပါးတွင် သံခမောက်ဆောင်း စစ်သူကြီးလေးယောက် ပါလာမည်ဖြစ်ကြောင်း၊ ထိုစစ်သူကြီးများမှာ ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်နိုင်ကြောင်း၊ ကုလားဖြူ(အင်္ဂလိပ်)တပ်သားများသည် အလွန်ဆန်းကြယ်သော သေနတ်၊ စက်အမြောက်များရှိသော်လည်း သံခမောက်ဆောင်းစစ်သူကြီးလေးယောက်၏ စွမ်းအင်ကို အန်မတုနိုင်ကြောင်း၊ ထိုသူရဲကောင်း လေးယောက်က လက်ပြလိုက်သည်နှင့် ကုလားဖြူတပ်များ ဆုတ်ခွာသွားရမည်ဖြစ်သည်၊ ဗုဒ္ဓရာဇာရှင်ဘုရင်နှင့်အတူ ဆင်ဖြူတော်သုံးစီး ပါလာလိမ့်မည်ဖြစ်သည်၊ ထို ဆင်ဖြူတော်များပေါ်တွင် မြတ်ဗုဒ္ဓ၏ ပိဋကတ်သုံးပုံ

www.burmeseclassic.com



ပါလာလိမ့်မည်ဖြစ်သည်၊ မန္တလေးမြို့သို့ရောက် သည်နှင့် ရှင်ဘုရင်အဖြစ် ဘိသိက်ခံယူပြီး မြန်မာနိုင်ငံ အား အုပ်ချုပ်မည်ဖြစ်ကြောင်း၊ ထိုအခါ မြန်မာနိုင်ငံ တော်ကြီးတစ်ခုလုံး "ဆီ"ကိုရေချိုး၊ "ဆေးရိုး"မီးလှုံ၊ "စပါး"တောင်လိုပုံသည့် ကိန်းတဘောင်နှင့်အညီ သာ ယာ ဝပြောမည်ဖြစ်ကြောင်း၊ ဗုဒ္ဓရာဇာမင်းသည် မကောင်းသူများကို ဖယ်ရှား၍ စိတ်ကောင်းနှလုံးကောင်း ထားသူများကို ကယ်တင်လိမ့်မည်ဖြစ်ကြောင်း ပြောပြ လေ့ရှိသည်။

အရှီးကြီး၏ ပြောပြချက်များသည် စိတ်ဝင်စားဖွယ် ဖြစ်သဖြင့် ကျွန်တော်တို့သည် ထိုအိပ်ရာဝင်ပုံပြင်များကို တသသဖြစ်ခဲ့ရသည်။ ကျွန်တော်တို့အဖို့ ပုံပြင်များဟု ဆိုရမည်ဖြစ်သော်လည်း အရှီးကြီးကမူအတိတ်တဘောင် အရ ဗုဒ္ဓရာဇာကို သူကွယ်လွန်သည်အထိ မျှော်လင့် သွားခဲ့၏။

အရှီးဘကီးပြောပြသည့် ပုံပြင်များတွင် အချို့မှာ တကယ့်ဖြစ်ရပ်မှန် ထူးခြားဖြစ်စဉ်များလည်း ပါဝင်ပါ သည်။ ထိုဖြစ်စဉ်များအနက် ခရစ်နှစ် ၁၉၁၀ ပြည့်နှစ် တွင် အထက်မြန်မာနိုင်ငံ၊ မြင်းမူနယ်တွင် ပေါ်ပေါက် လာသော မင်းလောင်းမောင်သန့်အကြောင်းဖြစ်ရပ်မှာ အတော်အသင့်မှန်ကန်သည့်ဖြစ်စဉ်ဟု ဆိုရမည်ဖြစ်ပါ သည်။ မြင်းမူနယ်တွင် မင်းလောင်းမောင်သန့် ပေါ်ပေါက် လာသည့်အချိန်တွင် အရှီးကြီးမှာ အသက် ၄၀ ခန့်ရှိ နေသဖြင့် ထိုစဉ်က မင်းလောင်းမောင်သန့်နှင့်ပတ်သက် ၍ မြန်မာလူထုအတွင်း စိတ်ဝင်စားမှု ပျံ့နှံ့နေသော ကော လာဟလသတင်းများ၊ သူပြောကိုယ်ပြော ကောလာ ဟလသတင်းများ၊ ပါးစပ်ဂေဇက်များကို အရှီးကြီးသည် ပြည့်ပြည့်စုံစုံ နားထောင်ခဲ့ရသူဖြစ်ရာ သူပြောပြသည့် မင်းလောင်းမောင်သန့် ထကြွသည့် အရေးအခင်းမှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဂယက်ရိုက်ခတ်ခဲ့သည်ဟု သိ ရ၏။

အရှီးကြီး၏ ပြောပြချက်အရ မင်းလောင်းမောင် သန့် ထကြွမှုကြီးမဖြစ်မီ တစ်နှစ်ခန့်ကပင် "လတောင် စောင်း၊ မင်းလောင်းပေါ်လိမ့်မည်"ဟု တဘောင်ပေါ် လာသည်ဟု ဆိုသည်။ ဤတွင် မြန်မာနိုင်ငံ ကျေးရွာ များ၊ မြို့များရှိ လူများသည် လဆန်းရက်များတွင် လမ်း များပေါ်သို့ထွက်၍ "လ"တောင်စောင်းခြင်း ဟုတ်၊ မဟုတ် ကြည့်ရှုခဲ့ကြသည်။ ထိုတဘောင်နှင့်အတူ အခြား အတိတ်နိမိတ်များလည်း ပေါ်လာခဲ့သည်။ ရာသီဥတု ကြည်လင်သော ညအခါများတွင် ကြယ်များအစုလိုက် ကြွေကျသည်ဟူသော သတင်းများလည်း ထွက်ပေါ်လာ ခဲ့ကြောင်း၊ ထိုအတိတ်နိမိတ်အရ မင်းပြောင်းမင်းလွဲ၊ သို့မဟုတ် နိုင်ငံတွင်း ဆူပူအုံကြွမှုများ ဖြစ်နိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အထက်မြန်မာနိုင်ငံအား အင်္ဂလိပ်အစိုးရက သိမ်းပိုက်ခြင်းမပြုမီကပင် အထက် ဖော်ပြပါ ကြယ်များအစုလိုက်ကြွေကျသည်ကို လူအများ မြင်ခဲ့ကြရာ ယခုကဲ့သို့ဖြစ်ရပ်သည် တိုင်းပြည်တွင် ဆူ ပူအုံကြွမှု ဖြစ်ရမည်မှာ သေချာသည်ဟု လူအများက ယုံကြည်ခဲ့ကြကြောင်း၊ ယုံကြည်သည့်အတိုင်း မင်း လောင်းမောင်သန့် ပေါ်လာခဲ့ရာ မြန်မာနိုင်ငံတစ်နိုင်ငံ လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ခဲ့ရသည်ဟုဆိုသည်။

**မောင်သန့်၏ မိဘများမှာလည်း
လယ်အကူလုပ်သူများဖြစ်ရကား
မောင်သန့်ဘဝသည်
မှောင်ထဲကစခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။
တစ်နေ့တွင် မောင်သန့် ပြောင်းရိုးစင်းစဉ်
လက်ရုံးမှ
မီးထတောက်သည်ဟူသောသတင်း
တောမီးပမာ ပျံ့နှံ့သွားရာမှ မောင်သန့်မှာ
မင်းလောင်းဖြစ်သည်ဟူသော
ကောလာဟလသတင်း
ကြီးထွားလာသည် ...**

www.burmeseclassic.com

www.burmeseclassic.com



အရီးကြီး၏ ပြောပြချက်အရဆိုရလျှင် မင်းလောင်းမောင်သန့်ဟု ဟိုးဟိုးကျော်ခဲ့သော မောင်သန့်မှာ မြင်းမူမြို့မှ ၁၀ မိုင်ခန့်ကွာဝေးသော ပဲကူရွာသားဖြစ်သည်။ ပဲကူရွာသားများသည် အများအားဖြင့် လယ်အငှား၊ လယ်အလုပ်သမားများသာဖြစ်ပြီး ဆင်းရဲနွမ်းပါးကြသည်။ မောင်သန့်၏ မိဘများမှာလည်း လယ်အကူလုပ်သူများဖြစ်ရကား မောင်သန့်ဘဝသည် မှောင်ထဲကစခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ တစ်နေ့တွင် မောင်သန့်ပြောင်းရိုးစင်းစဉ် လက်ရုံးမှ မီးထတောက်သည်ဟူသော သတင်း တောမီးပမာ ပျံ့နှံ့သွားရာမှ မောင်သန့်မှာ မင်းလောင်းဖြစ်သည်ဟူသော ကောလာဟလသတင်း ကြီးထွားလာသည်။ ထိုစဉ်က ကြယ်တံခွန်ကြီး ပေါ်ပေါက်လာသောသတင်း ထွက်လာရာ မြန်မာလူထုကမူ မင်းပြောင်းမင်းလွဲဖြစ်မည်ဟု ယူဆထားကြပြီးဖြစ်ရာ မောင်သန့် မင်းလောင်းဖြစ်သည်ဟူသော သတင်းဂယက်မှာ ကြီးထွားလာခဲ့သည်။ မောင်သန့်အား ကြည်ညိုသူ ကျေးလက်လူထုများကြောင့် မောင်သန့်မှာ မင်းလောင်းဖြစ်လာပြီး မြင်းမူဂါတ်(ရဲစခန်း)အား ဝင်စီးရာမှ အရေးနိမ့်ကာ ဖမ်းဆီးခံရပုံ၊ မင်းလောင်းမောင်သန့်နှင့် အခြားသူပုန် ခေါင်းဆောင်လေးယောက်တို့ သေဒဏ်ကျခံရပြီး အချို့ ဖမ်းဆီးရမိသူအများမှာ ထောင်ဒဏ်ကျခံကြရသည်ဟု ပြောပြခဲ့သည်။ မင်းလောင်းမောင်သန့် ထကြွမှုဖြစ်ရပ်ကို နားထောင်ခဲ့ရသော ကျွန်တော်သည် ထိုထကြွမှုအပေါ် စိတ်ဝင်စားခဲ့သည်။ အရီးကြီးအား မင်းလောင်းမောင်သန့် ထကြွပုန်ကန်မှုဖြစ်ရပ်ကို မကြာခဏ ပြန်ပြောပြရန် ပူဆာခဲ့ရသည်။

ကျွန်တော် လူလူသူသူ ဖြစ်လာသည့်အခါ သူရိယသတင်းစာဟောင်းများ၊ သူရိယမဂ္ဂဇင်းမှ မောင်သန့်နှင့် ပတ်သက်သော ဆောင်းပါးများကိုလည်းကောင်း၊ ဒဂုံမဂ္ဂဇင်းမှ မောင်သန့်အကြောင်းရေးသားခဲ့သည့် ဆောင်းပါးများကိုလည်းကောင်းဖတ်ရှုခဲ့ရသောအခါ မင်းလောင်းမောင်သန့်အပေါ် ပို၍စိတ်ဝင်စားခဲ့သည်။ မြန်မာလူမျိုးတို့တွင် အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓာတ်မည်သည့်အချိန်က စခဲ့သနည်းဟူသောမေးခွန်းကို မေးမည်ဆိုပါက အထက်မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်၍ မန္တလေးကို သိမ်းပိုက်ပြီး သီပေါမင်းအား ဖမ်းဆီးသွားခဲ့သည့်အချိန်ကပင် စခဲ့သည်ဟု ဆိုရမည်ဖြစ်၏။

မိမိနည်းမိမိဟန်ဖြင့် ခုခံခဲ့ကြသော မျိုးချစ်သူရဲကောင်းများရှိသကဲ့သို့ အချို့ကလည်း နယ်ချဲ့သမားအင်္ဂလိပ်အား စိတ်ဓာတ်စစ်ဆင်ရေးနည်းအရ တဘောင်များ၊ အတိတ်နိမိတ်များ၊ စနည်းများဖြင့် ထိုးနှက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ထိုနည်းသည် ခေတ်မီသော ဆန့်ကျင်သည့်နည်း မဟုတ်သော်လည်း အထိုက်အလျောက် ဗြိတိသျှအစိုးရအား ထိခိုက်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အထက်ဖော်ပြပါ တဘောင်၊ နိမိတ်၊ စနည်းများကို ဗြိတိသျှအစိုးရ တာဝန်ရှိသူများသည် လွှတ်ထားခြင်းမပြုကြဘဲ ပြန်၍ချေဖျက်နိုင်ရန် ဗြိတိသျှအလိုတော်ရိ အစိုးရအမှုထမ်းများအကူအညီနှင့် ဆောင်ရွက်ခဲ့ကြသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့၏။

မှတ်တမ်းများအရ ထိုကာလက ဗြိတိသျှအုပ်ချုပ်ရေးအရာရှိများနှင့် အလိုတော်ရိ မြန်မာအမှုထမ်းများသည် မြန်မာနိုင်ငံကျေးလက်ဒေသတွင် နေထိုင်ကြသော တောင်သူလယ်သမားများသည် ဗဟုသုတ နည်းပါးကြသည်၊ နိုင်ငံရေးကို နားလည်သူများမဟုတ်၊ တိုးတက်နေသော အခြားကမ္ဘာ့နိုင်ငံအသီးသီးနှင့် အဆက်အစပ်ဝေးသဖြင့် ဗြိတိသျှအစိုးရအား အုံကြွတော်လှန်မည်မဟုတ်ဟု မှတ်ယူထားခဲ့ကြသည်။

သူတို့သည် မြန်မာတိုင်းရင်းသားတို့၏ စိတ်ဓာတ်နှင့် မျိုးချစ်စိတ်ထက်သန်မှုကို လျှော့ပေါ့တွက်ဆထားခဲ့သည်။ သို့သော် မြန်မာလူမျိုးအားလုံးသည် ကိုယ့်ဘုရင်၊ ကိုယ့်အရှင်နှင့်သာ နေလိုကြသည်။ တိုင်းတစ်ပါး၏ကျွန်အဖြစ်မခံလိုကြပေ။ ထို့ကြောင့်ပင် မန္တလေးအား သိမ်းပိုက်ပြီးစကပင် မြန်မာမျိုးချစ်များသည် ရရာလက်နက်ကို စွဲကိုင်ပြီး ပုန်ကန်ထကြွခဲ့ကြသည်။ ခေတ်မီလက်နက်မရှိ၊ နိုင်ငံရေးအမြင်အားနည်းမှု၊ စည်းရုံးရေးအားနည်းမှုတို့ကြောင့် ယင်းထကြွမှုများသည် အရှုံးနှင့်ရင်ဆိုင်ခဲ့ကြရသည်။ ဤတွင် ဗြိတိသျှနယ်ချဲ့သမားတို့ မြန်မာနိုင်ငံသည် ထာဝရငြိမ်းချမ်း၍ မြန်မာလူမျိုးများသည်လည်း တိုင်းတစ်ပါး၏ အကူအညီမရှိသဖြင့် လက်

www.burmeseclassic.com



နက်စွဲကိုင်၍ ထကြွပုန်ကန်လိမ့်မည်မဟုတ်ဟု ခိုင်ခိုင်မာမာ မှတ်ယူထားခဲ့ကြသည်။ သို့သော် ဗြိတိသျှတို့ သိမ်းပြီး နှစ်ဆယ့်ငါးနှစ်မြောက်ခဲ့သည့် ၁၉၁၀ ပြည့်နှစ်တွင်မူ ကျွန်တော့်အရီးကြီးပြောပြသည့် အတိတ်တဘောင်များအတိုင်း မြင်းမူနယ်မှ မင်းလောင်းမောင်သန့် ထကြွပုန်ကန်သည့် အရေးအခင်းကြီးတစ်ခု ပေါ်လာခဲ့သည်။

ဤအရေးအခင်းကြီးအကြောင်းကို ကွယ်လွန်သူ စာရေးဆရာကြီး လူထုဦးလှအပါအဝင် ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများက စာတစ်စောင်၊ ပေတစ်ဖွဲ့ ရေးခဲ့ကြသည်။ မြန်မာ့သမိုင်းပညာရှင်များက ထိုအရေးအခင်းနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ဖော်ပြခဲ့ကြပါသည်။ ယခုရေးသားဖော်ပြမည့် မင်းလောင်းမောင်သန့်အရေးအခင်းကို အထက်ဖော်ပြပါ စာအုပ်များ၊ မှတ်တမ်းများ၊ ဗြိတိသျှအစိုးရမှ တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာများနှင့် ကျွန်တော်ငယ်စဉ်က နားထောင်ခဲ့ရသော အရီးကြီး၏ ပါးစပ်ပြောသမိုင်းများမှ ထုတ်နုတ်ရေးသားခဲ့ခြင်းဖြစ်ပါသည်။

မင်းလောင်းမောင်သန့်ဟု ကျော်ကြားလာသည့် မောင်သန့်သည် မြင်းမူမြို့နယ်၊ ပဲကူရွာဇာတိဖြစ်သည်။ ထိုရွာကလေးမှာ အိမ်ခြေ ၃၀၀ ကျော်ခန့်ရှိပြီး ကျေးရွာသူကျေးရွာသားအများမှာ တောင်သူလယ်သမားများသာ ဖြစ်သည်။ ဗြိတိသျှအစိုးရ အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ပြီးသည့်အချိန်ကစ၍ ကြောင့်ကြမဲ့ကင်းစွာ နေထိုင်ခဲ့ကြသူများဖြစ်၏။ ယင်းကျေးရွာတွင် နေထိုင်သော တောင်သူလယ်သမားအများစုမှာ လယ်မဲ့ယာမဲ့များဖြစ်သည်နှင့်လျော်ညီစွာ လယ်ပိုင်ရှိသူများထံတွင် အခစားဖြင့် အငှားလိုက်ကြရသူများ ဖြစ်ရကား ထိုစဉ်ကအခေါ်အားဖြင့် သူရင်းငှားဟု ခေါ်ကြသည်။ အချို့ကျေးရွာသားများကမူ နွားမွေးမြူခြင်းဖြင့် အသက်မွေးကြ၏။ ပဲကူကျေးရွာတွင် လူချမ်းသာများ၏ ပျဉ်ထောင်အိမ်အနည်းငယ်သာရှိပြီး ကျန်အိမ်များအားလုံးမှာ ဝါးထရံကာ၊ သက်ငယ်မိုးများသာဖြစ်ကြ၏။

> ဗြိတိသျှအစိုးရသည် မင်းလောင်းမောင်သန့်အား ဖမ်းဆီးရမိပြီဟု တရားဝင်ကြေညာချက် ထုတ်ခဲ့ပြီး မောင်သန့်နှင့် အပေါင်းပါတို့အား . . .

ပဲကူရွာဟု ခေါ်ရခြင်းမှာလည်း သူပြော၊ ကိုယ်ပြော၊ ပါးစပ်ပြောသမိုင်းနှင့် ဆက်နွှယ်နေသည်ဟု ဆိုရမည်ဖြစ်၏။ ကျန်စစ်သားသည် မင်းဖြစ်မင်းဒဏ်သင့်မည်ကို စိုးရိမ်သဖြင့် ပုဂံနေပြည်တော်မှ ချင်းတွင်း ပရိမ္မအရပ်သို့ တိမ်းရှောင်လာခဲ့သည်။ အခါတစ်ပါးတွင် မူးမြစ်ဘက်သို့ ထွက်လာသော ကျန်စစ်သားသည် ထိုရွာအရောက် တောင်သူမိသားစုတစ်စု၏ ပဲခင်းသို့ ဝင်ရောက်၍ ပဲကူကောက်ပေးသဖြင့် ပဲကူရွာဟုခေါ်သည်ဟု ဆိုကြသည်။ ထိုပဲကူရွာတွင် မောင်သန့်ကို မြန်မာသက္ကရာဇ်(ကောဇာသက္ကရာဇ်)၁၂၅၂ ခုနှစ်တွင် ဖွားမြင်သည်။ ဖခင်ဖြစ်သူမှာ ဦးထွန်းပိုဖြစ်၍ မိခင်မှာ ဒေါ်မယ်ရဖြစ်သည်။ မိသားစုအားလုံးမှာ ရိုးရိုးသားသား လယ်သူရင်းငှားများသာဖြစ်ကြသည်။ မည်သည့်နိုင်ငံရေးအမြင်မှုလည်း မရှိကြ။ သို့သော် အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မိမိတို့ရှင်ဘုရင်ကိုမျှော်သည့် အယူအဆတို့ရှိကြသည်။

မောင်သန့်သည် ပဲကူရွာ၊ ဘုန်းတော်ကြီးကျောင်းတွင် စာပေသင်ကြားခဲ့ပြီး ကျောင်းမှထွက်သည်နှင့် မိရိုးဖလာ အစဉ်အလာအတိုင်း လယ်သူရင်းငှားအလုပ်လုပ်ခဲ့သည်။ သူ့အသက် တစ်ဆယ့်ရှစ်နှစ်ပြည့်မြောက်သည့် နေ့တစ်နေ့တွင် ပြောင်းရိုးစင်းနေစဉ် ညာဘက်အကျီလက်မှ မီးထတောက်သည်ဟု သတင်းများ ပျံ့နှံ့လာပြီး မောင်သန့်သည် မင်းလောင်းဖြစ်နိုင်သည်ဟု ယုံကြည်သူများ များလာသည်။

ဤတွင် ကောလာဟလ၊ ပါးစပ်ပြော ယုံတမ်း

www.burmeseclassic.com

www.burmeseclassic.com



ဂေဇက်များလည်း ထွက်ပေါ်လာသည်။ မောင်သန့်သည် မင်းလောင်းဖြစ်သည်၊ ကျန်စစ်သား ဝင်စားသူဖြစ်သည်ဟု သတင်းများ ပျံ့နှံ့လာခဲ့ပြန်သည်။ ဤအချိန်တွင် ပဲ ကူရွာအနီးရှိ ကျန်စစ်မင်းသား တည်ခဲ့သည်ဟုဆိုသော ''ရွှေရင်နာ''ဘုရားအား အမည်မသိ ပုဂ္ဂိုလ်တစ်ဦးက ရွှေချသွားသည်ဟူသောသတင်း ထွက်ပေါ်လာရာ ပဲကူရွာနှင့် ရွာနီးချုပ်စပ်မှ ကျေးရွာသားများသည် ရွှေရင်နာဘုရားအား သွားရောက်ဖူးမြော်ကြရာ ပွဲလမ်းသဘင်တမျှ စည်ကားလာသည်။ ရွှေရင်နာဘုရား၏ မှန်စီရွှေချ လိုဏ်ဂူတွင် မောင်သန့် မြင်းကြီးစီးသွားသောပုံပေါ်သည်ဟူ၍လည်းကောင်း၊ ဘုရားပရဝဏ်အတွင်း ဝင်ရောက်သူအများသည် စည်တော်ကြီးဟိန်းသံ ကြားရပြန်သည်ဟူသော ကောလာဟလသတင်းများလည်း နားမဆံ့အောင် ကြားလာရသည်နှင့် မောင်သန့်သည် အမှန်ပင် မင်းလောင်းဖြစ်သည်ဟု လူအများက ယူဆလာကြသည်။

ဤကဲ့သို့သတင်းများကိုကြားသိရသည်နှင့် ဗြိတိသျှအမျိုးသား စစ်ကိုင်းအရေးပိုင် (ယခု ခရိုင်အုပ်ချုပ်ရေးမှူး)စီအီးဘိုဝင်နှင့် စစ်ကိုင်းတိုင်းမင်းကြီး (တိုင်းအုပ်ချုပ်ရေးအရာရှိ)တို့က မောင်သန့်အား ခေါ်ယူတွေ့ဆုံ၍ စုံစမ်းခဲ့သည်။ မောင်သန့်၏ ရိုးသားမှုကို တွေ့ရသော ဗြိတိသျှအမျိုးသားတိုင်းမင်းကြီးနှင့် အရေးပိုင်တို့သည် မောင်သန့်အား ဆုံးမစကားပြောပြီး ပြန်လွှတ်ပေးခဲ့၏။

ဤတွင် ကျန်စစ်သားဖြစ်၍ ပြန်လွှတ်လာခြင်းသာဖြစ်သည်ဟုဆိုကာ မောင်သန့်သတင်းမှာ အုတ်အော်သောင်းတင်း ဖြစ်ရတော့၏။ မင်းလောင်း မင်းလောင်းဟု လူအများပြောကြသည့်သတင်းမှာ တစ်နေ့တခြားကြီးလာသည်နှင့် မောင်သန့်ကိုယ်တိုင် အင်္ဂလိပ်အစိုးရအား ဆန့်ကျင်လိုသောစိတ် ပေါ်လာသည်။ ပတ်ဝန်းကျင်အားပေးမှုသည် ရိုးသား၍ နိုင်ငံရေးအမြင်မရှိသူသာမန်လယ်သူရင်းငှား မောင်သန့်အား ဗြိတိသျှတော်လှန်ရေးပြုလုပ်ရန် တွန်းအားပေးသလို ဖြစ်ခဲ့ရသည်။

ဤတွင် မောင်သန့်နှင့် မောင်သန့်အား အားပေးကူညီသူများသည် မြင်းမူမြို့နယ်ရှိ လူအသွားအလာပြတ်လပ်သည့် တောတွင်းရှိ ''အဂ္ဂတောင်''တွင် သစ်ခက်တဲနန်းဆောက်၍ အခြေခံစခန်းဆောက်သည်။ မြင်းမူမြို့နယ်သားများသာမက မောင်သန့်အား အမှန်တကယ် မင်းလောင်းဖြစ်သည်ဟု ယုံကြည်ကြသော အခြားမြို့နယ်များမှ လူအများသည် မောင်သန့်၏ အခြေခံစခန်း ချထားသည့် အဂ္ဂတောင်သို့ စုရုံးရောက်ရှိလာကြသည်။ မောင်သန့်၏အမည်သည် မြန်မာနိုင်ငံတစ်လွှား ဟိုးဟိုး ကျော်ခဲ့ပြီး အရှိန်အဝါလည်း တက်လာသည်။

ဗြိတိသျှတို့၏ ပုလိပ်(ရဲ)အဖွဲ့နှင့် စစ်တပ်၏ သေနတ်ကျည်ဆန်ကို ဆေးစီရင်ထားသော လက်ကိုင်ပဝါဖြင့်က ကာကွယ်နိုင်သည်ဟူသော ကောလာဟလများလည်း နားမဆံ့အောင် ဖြစ်လာခဲ့သည်။ ၁၉၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် လူအင်အား ငါးထောင်ခန့်ရှိသော မင်းလောင်းမောင်သန့်၏တပ်သည် မြင်းမူဂါတ်(ရဲစခန်း)အား ဝင်ရောက်စီးနင်းခဲ့သည်။ ဂါတ်(ရဲစခန်း)အတွင်းမှ ပုလိပ်(ရဲ)များနှင့် စစ်ပုလိပ်(ရဲ)များက သေနတ်များဖြင့် ပစ်ခတ်သဖြင့် မင်းလောင်းမောင်သန့်၏ တပ်ကြီးသည် အကျအဆုံးများနှင့် ဆုတ်ခွာသွားခဲ့ရသည်။ နောက်ဆုံးတွင် မင်းလောင်းမောင်သန့်နှင့် အပေါင်းအပါများအား ဖမ်းဆီးရမိခဲ့သည်။

ဗြိတိသျှအစိုးရသည် မင်းလောင်းမောင်သန့်အား ဖမ်းဆီးရမိပြီဟု တရားဝင်ကြေညာချက် ထုတ်ခဲ့ပြီး မောင်သန့်နှင့် အပေါင်းပါတို့အား စစ်ကိုင်း စက်ရှင်တရားရုံးတွင် အိန္ဒိယရာဇသတ်ကြီးဥပဒေပုဒ်မ ၁၂၁ ဖြင့် တရားစွဲဆိုခဲ့သည်။ မောင်သန့်နှင့် သူ့လက်ရုံးလေးဦး အား ကြိုးဒဏ်စီရင်ခဲ့ပြီး အခြား ၂၉ ဦးတို့အား တစ်သက်တစ်ကျွန်းပြစ်ဒဏ်ချမှတ်၍ ထိုစဉ်က တစ်ကျွန်း (ကပ္ပလီကျွန်း)သို့ ပို့ဆောင်ခဲ့သည်ဟု ဆိုကြပါကြောင်း။

လျှမ်းထက်


ကျမ်းကိုး

(၁) ကျွန်တော် စတီးလ်ပွဲစား လူထုဦးလှ

(၂) Burma Struggle Against British Imperialism By. Daw Ni Ni Myint


www.burmeseclassic.com

www.burmeseclassic.com





အစိတ်အပိုင်းလေးတွေက ကြီးမားတဲ့အရာတစ်ခုကို တည်ဆောက်လို့ရတယ်ဆိုတဲ့ အမှန်တရားတစ်ခုကို သူကောင်းကောင်းသိပါလျက်နဲ့ ဘာကြောင့်မတွေးမိပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အံ့သြမိတယ်။

သစ်ပင်တစ်ပင်စီကိုပဲ မမြင်နဲ့၊ သစ်တောကို မြင်အောင်ကြည့်ပါတဲ့။ ကြားဖူးတာပါပဲ။ သစ်ပင်တစ်ပင်အောက်မှာ သစ်ကိုင်းပိနေတဲ့ လူတချို့အတွက်များလား။ ပန်းချီကားတစ်ချပ်ကို ကြည့်ရင်တော့ လူများစုက စုတ်ချက်တစ်ခုစီကို သတိမထားမိကြဘူးလေ။

# ကြယ်စင်အောင်

## ပြေးပြေးလွှားလွှား အတွေးတဒင်္ဂလေးများ

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ပန်းချီကားတစ်ချပ်ဖြစ်ဖို့ဆိုတာ စုတ်ချက်လေးပေါင်းထောင်သောင်းချီပြီး စိတ်ရှည်လက်ရှည် ဆွဲရတာပဲ။ ငြီးငွေ့စရာအပိုင်းတွေလည်းရှိမယ်။ တက်ကြွစရာအပိုင်းတွေလည်းရှိမယ်။ စိတ်မပါတော့တဲ့ အခါတွေလည်းရှိမယ်။ ဆေးကုန်သွားတဲ့အခါတွေလည်းရှိမယ်။ စိတ်ရောကိုယ်ပါ နစ်မြုပ်သွားလို့ ပန်းချီကားနဲ့ ပန်းချီဆွဲသူတို့ တစ်ထပ်တည်းကျသွားတဲ့အခါလည်း ရှိနိုင်မယ်။ ဒါပေမဲ့ နောက်ဆုံးပြီးသွားတဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်တဲ့အခါ ဘယ်သူကများ ဒီတင်တွေကို မြင်လို့လဲ။ ဗန်ဂိုးရဲ့ပန်းချီကားတွေကို သူစတွေ့ကာစက အရုပ်ဆိုးလှတယ်လို့ ထင်မိတယ်။ ဘာကြောင့် သန်းကျော်တန်ပန်းချီကား ဖြစ်ရသလဲ။ ဘာကြောင့် ကမ္ဘာကျော်ရသလဲရယ်လို့ နားမလည်ဘဲရှိခဲ့တယ်။ နောက်တော့ သူ့ စုတ်ချက်တစ်ခုစီကို လိုက်ကြည့်မိတယ်။

အဲဒီအချိန်မှာပဲ တစ်ခါတည်း သဘောကျသွားခဲ့တယ်။ ပန်းချီကာ တစ်ချပ်လုံးကိုမမြင်ဘဲ စုတ်ချက်တစ်ခုစီကိုသာ ကြိုက်ခဲ့တဲ့သူဟာ သူများတွေအတွက်တော့ လူထူးလူဆန်းတစ်ယောက်များလား။ ပန်းချီကားကြီးတစ်ချပ်ဖြစ်လာဖို့ တစ်ချက်စီ အကျိုးပြုကြတဲ့ စုတ်ချက်လေးတွေကိုလည်း တန်ဖိုးထားသင့်တာပေါ့လို့ သူကတော့ ဖြေရှင်းချက် ထုတ်ချင်ပါတယ်။ ဒီလိုတဒင်္ဂလေးတွေကိုသာ မေ့ထားခဲ့ကြရင် ဘဝဆိုတဲ့ ပန်းချီကားကြီးတစ်ချပ်ပြီး သွားတဲ့အထိသာ စောင့်နေခဲ့ကြရင် အရာရာဟာ သူတစ်ပါးဖို့ချည်းသာ ဖြစ်ရချည်ရဲ့။ ဪ … ဦးဘယ်သူ၊ ဒေါ်ဘယ်ဝါဆိုတာ ဒီလိုနေခဲ့တာ၊ ဒါတွေလုပ်ခဲ့တာ၊ ဒီလိုပြောခဲ့တာရယ်လို့ အသုဘမှာမှ ပုံဖော်ကြတဲ့ ဘဝတစ်ခုသာသာ ကျန်ခဲ့ဦးမှာလား။

✦ ✦ ✦

ဘဝဆိုတာ တစ်ခါတလေတော့လည်း ပျင်းစရာအကောင်းသားလို့ သူတွေးမိတယ်။ အများတကာတွေလို စိတ်ဓာတ်ကျတာ၊ စိတ်ညစ်တာရယ်လည်း မဟုတ်ပါဘူး။ မနက်မိုးလင်း နှိုးစက်မြည်ရင် အလူးအလဲထ၊ မနက်စာ စားသောက်၊ ပြင်ဆင်ပြီးရင် အလုပ်ကို ကတိုက်ကရိုက်သွား၊ အလုပ်ရောက်ရင် ရှေ့မှာပုံနေတဲ့ အလုပ်တွေကို ရှင်း။ ရှင်းလိုက်၊ ပြန်ပုံလာလိုက်နဲ့ သံသရာလည်။ ညနေအလုပ်ဆင်းရင် ကသောကမျော အိမ်ပြန်ပြီး ဟင်းချက်။ ညနေစာစားပြီးရင်ပဲ ညအိပ်ဖို့အချိန်နဲ့ နှစ်နာရီလောက်ပဲဝေးတော့တယ်။

ဒီကြားထဲ အိမ်ကိစ္စလေးတွေ၊ တောက်တိုမယ်ရတွေ လုပ်စရာလိုတဲ့ညဆိုရင် တခြားဘာမှမလုပ်ဖြစ် တော့။

"ဒီနေ့တော့ ငါအိမ်ပြန်ရောက်ပါဦးတော့မလား"

ရုံးဆင်းချိန်ရဲ့ထုံးစံအတိုင်း ကားတွေပိတ်လို့နေ၏။

ရှည်လျားလှသော ကားတန်းရှည်ကြီးကိုကြည့်၍ သူစိတ်ညစ်သွားသည်။ ဗိုက်ကလည်း တော်တော်ဆာလှပြီ။ သူ့အိတ်ထဲကိုလက်နှိုက်ပြီးရှာတော့ ရှုပ်ပွနေသော စာရွက်များ၊ ဘောလ်ပင်၊ ဖုန်း၊ မှတ်စုစာအုပ်များကြားမှ အသင့်စားမုန့်တစ်ခု ထွက်လာ၏။ ဖြည်းဖြည်းချင်းရွေ့နေသောကားတန်းနှင့်လိုက်မီရုံသာမောင်းလျက် ဘီးခွေပေါ်လက်တင်ရင်း လက်တစ်ဖက်ကမုန့်ကိုကိုင်ရင်း သွားနဲ့ကိုက်၍ အခွံကိုဆွဲခွာလိုက်သည်။ အိမ်ပြန်ရောက်လျှင် ညနေစာချက်ရမည်။ မနက်ဖြန် ဆွေးနွေးပွဲအတွက် ပြင်ဆင်လက်စတွေကိုဆက်၍လုပ်ရဦးမည်။ ပြီးတော့ အိမ်မှာပျက်နေသော ရေပိုက်ကို ပြင်ရဦးမည်။ တော်သေးသည်။ ရေချိုးခန်းက ရေပိုက်ဖြစ်နေ၍။ အခုတော့ မီးဖိုချောင်ထဲက လက်ဆေးကန်မှာသာ မျက်နှာသစ်သွားတိုက် လုပ်နေလိုက်မည်။

ဒါပေမဲ့ အနေးနဲ့အမြန်တော့ ပြင်ရမှာပဲလေ။ ဒီည အချိန်မရှိရင်တော့ နောက်နေ့ညမှပဲ လုပ်ရမှာပဲဟု စိတ်ထဲမှာ တေးထားလိုက်သည်။ ကိုယ်တိုင်ပြင်လို့မရလျှင်တော့ ပိုက်ပြင်ဆရာကို ခေါ်ရပေမည်။ အိမ်မြန်မြန်ပြန်ရောက်ချင်လှပြီ။ လုပ်စရာတွေကများပြီး အချိန်မလောက်သော တစ်နေ့တာက ကုန်ခဲလှသလို အကုန်မြန်လှချေ၏။ စိတ်ရှုပ်ရှုပ်နှင့် ကားထဲမှ ရေဒီယိုကို ကောက်ဖွင့်လိုက်သည်။ ကြော်ငြာ


လာနေသည့် လိုင်းများကို ကျော်ပစ်လိုက်သည်။ လိုင်းပြောင်းနေရင်း ထိုတစ်ခဏမှာပင် တေးသွားတစ်ပုဒ်က ဖျတ်ခနဲဝင်လာသည်။ တေးသွားသည် မနုသော်လည်း နွဲ့၏။ ချို၏။ ညှို့ယူဆွဲငင်၏။ ဖြတ်ဝင်လာသော တယောသံက တစိမ့်စိမ့်နှင့် လွမ်းလာအောင် ဆွဲဆောင်ပြန်သည်။ စန္ဒယားသံသည် မှန်မှန်နှင့် ငြိမ်သက်နေသော်လည်း သူ့စိတ်ကို လှုပ်ရှားစေ၏။

အဆိုရှင်၏ အသံအနိမ့်အမြင့်မှာ သူမျောပါသွား၏။ သူကိုယ်တိုင် ကိုယ်ကိုယ်ဟိမ်း၍ သီချင်းကို လိုက်ညည်းနေသည်ကိုပင် သတိမထားမိ။ ရုတ်ခြည်းပင်နေဝင်နေသည်ကို သတိထားမိလာသည်။ ညနေခင်းသည် လှလို့နေ၏။ ကိုယ့်ရှေ့က ကားတန်းရှည်ကို မမှုတော့။ ပျက်နေသော ရေပိုက်နှင့် လုပ်စရာများသည် ဘဝ၏ သေးငယ်သော အစိတ်အပိုင်းမျှသာ။ အားလုံးမေ့မှိန်သွား၏။ ဒီသီချင်းကို အဆုံးမသတ်စေချင်။ ဒီဂီတကို အဆုံးမသတ်စေချင်။ ကုန်ခဲလှသောနေ့ကို ဆွဲဆန့်ချင်လာ၏။ ကားတန်းသည် ရှည်ချင်သလောက် ရှည်ပါစေတော့။ ယနေ့အဖို့ သူနေပျော်လေပြီ။

\+ + +

ခေါင်းထဲက တဆစ်ဆစ်ကိုက်နေသည်ကို လျစ်လျူ

ခံစားချက်တို့ကို
မေ့ထားခဲ့သည်မှာ
ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီပေါ့။
ယခုတော့
အသက်သုံးဆယ်ကျော်၊
လေးဆယ်ဆီသို့
ဦးတည်နေသော၊
ဥစ္စာရှာနေရသောအချိန်တွင်
စိတ်ကူးဆိုသည်မှာလည်း
ရှားပါးကုန်စည်တစ်ခု
ဖြစ်ခဲ့ပြီ . . .



ရှုလျက်ပင် အမေ ကြက်သွန်နီဆက်လှီးဖြစ်နေ၏။ ရုံးမှပြန်လာကတည်းက အဝတ်အစား မလဲနိုင်သေးဘဲ အိတ်ချကာ မီးဖိုထဲသို့ တန်းဝင်ခဲ့သည်။ ကလေးတို့ ကျောင်းကပြန်ရောက် လာလျှင် စားဖို့မုန့်ပြင်ပေးရမည်။

ပြီးလျှင် ညနေစာ အချိန်မီစားနိုင်ရန်အတွက် ဟင်းချက်ရမည်။ သားကြီးနှစ်ယောက်က အသားဟင်းကြိုက်ပြီး သမီးငယ်လေးကတော့ ဟင်းရွက်ကြော်ပါမှ ထမင်းကောင်းကောင်းစားသည်။ အနည်းဆုံး ဟင်းနှစ်ခွက်လောက်တော့ ချက်ရမည်။ အချိန်ရလျှင်တော့ ဟင်းချိုတစ်ခွက်ပါ ထပ်ချက်ရမည်။ ကလေးတို့အဖေက ဟင်းချိုကြိုက်တတ်သည်။ ဘာဟင်းချက်ချက် မငြူစူသော်လည်း ကိုယ်က စားစေချင်တော့ ချက်ရမည်။ ခဏကြာတော့ ကလေးတွေ ကျောင်းကပြန်ရောက်လာကြသည်။ ကလေးတွေကို ကျောင်းမှာသွားကြိုစရာ မလိုသည်ကိုပင် ကျေးဇူးတင်ရပေမည်။ ကျောင်းကားက အချိန်မှန် အကြိုအပို့လုပ်သေးသည်။ သမီးအငယ်လေးကိုသာ ကလေးတို့အဖေက အလုပ်အပြန်မှာ ဝင်ကြိုပေးလိမ့်မည်။ ကလေးတို့ကတော့ ဆူညံစွာ ကစားလျက် အမေပြင်ပေးသောမုန့်ကို အလုအယက်စားနေကြသည်။ ကလေးတို့၏ အသံကြောင့် အမေ

www.burmeseclassic.com

စိတ်ရှုပ်ထွေးလာသည်။

"တိုးတိုးပြောကြစမ်းပါကွယ်"

ကလေးတို့သည် အမေစိတ်ရှုပ်နေသည်ကို ရိပ်မိသည်နှင့် အသံတိတ်သွားကြသည်။

အမေကတော့ ကလေးတွေကို ဆူမိသောကြောင့် စိတ်မကောင်းဖြစ်သွားပြန်သည်။ ကလေးများသည် သူတို့သဘာဝအလျောက် ပြေးလွှားဆော့ကစားချင်ကြပေလိမ့်မည်။ ငြင်းခုံလုယက်ချင်ကြပေလိမ့်မည်။ ခဏနေတော့လည်း ကလေးတို့သည် အမေဆူသည်ကိုမေ့ကာ ဆူညံလာကြပြန်သည်။ ကြက်သွန်လှီးနေရင်းနှင့်ပင် အမေကတော့ လုပ်ရမည့်အလုပ်များကို စဉ်းစားနေတော့၏။ လကုန်ကာနီးပြီမို့ ဆန်နှင့်ဆီ ထပ်ဝယ်ရပေဦးမည်။ အိမ်လခ ပေးပြီးလျှင်တော့ နှစ်ယောက်လစာ၏ သုံးပုံတစ်ပုံလောက် ချောရော့မည်။ သမီးငယ်လေးအတွက် ဖိနပ်တစ်ရန်လောက် ဝယ်ပေးရဦးမည်။ သူ့ဖိနပ်ကလေးက ဟောင်းလှပြီ။ ဪ.....ပြီးတော့ ကလေးတွေ အဆာပြေစားဖို့ မုန့်ခြောက်လေးလည်း ကုန်လုပြီ။ ပြီးတော့ ကလေးတို့အဖေအတွက် ရှပ်အင်္ကျီတစ်ထည်။ ဒီလောက်ဆိုလျှင် စုငွေလေး နည်းနည်းတော့ကျန်ကောင်းပါရဲ့။ ကလေးတို့က တစ်ခါတစ်ရံ အပြင်မှာ ကောင်းကောင်းစားချင်သော်လည်း အကုန်အကျသက်သာစေရန်သာ အမေက အိမ်မှာကြိုးစား၍ ကောင်းကောင်းချက်ရသည်။ ကလေးတို့အဖေကတော့ လွယ်လွယ်ပင် ခေါက်ဆွဲကြော်လေး၊ ထမင်းကြော်လေး ဝယ်လာတတ်သည်။ ခက်သည်က လင်မယား နှစ်ယောက်လုံး လခတိုး၍မရသည်သာ။ အဲဒီတော့လည်း အိမ်အသုံးစရိတ်ကိုအမြဲပင်ချင့်ချိန်နေရသည်။

အဲ...ဒီကြားထဲမှာ လူမှုရေးကိစ္စ၊ သာရေးနာရေးကိစ္စလေးများ ပေါ်လာလျှင်တော့ ဒီလအတွက် စုငွေလေး ပြုတ်ရချေ၏။

"မေမေ...မေမေ၊ ဒီမှာကြည့်ပါဦး"

BURMESE CLASSIC .com

သားတို့နှစ်ယောက်-မီးဖိုထဲသို့ ပြေးဝင်လာကြသည်။ လက်ထဲမှာ စိမ်းစိမ်းစိုစို အရွက်တွေကို ကိုင်ထားသေးသည်။

"သားတို့ ဘယ်ကအရွက်တွေ ရလာတာလဲ"

"မေမေ ဟင်းချက်ဖို့ ခူးလာတာ၊ အိမ်ဘေးခြံစည်းရိုးနားက၊ အကုန်အကျ သက်သာအောင်လေ"

သားတို့ခူးလာသောအရွက်တွေကိုကြည့်တော့ အမေ့မှာ ရယ်ရမလို၊ ငိုရမလို။

ဘာရွက်တွေမှန်းတောင်အမေ မသိပါ။ ခြံစည်းရိုးဘေးတွင်လည်း စားလို့ရသော အပင်ရှိတယ်ရယ်လို့ အမေ မမှတ်မိ။ ဒါပေမဲ့ သားတို့၏ အလိုက်သိပုံကြောင့် အမေ ပြုံးချင်လာသည်။

ဒီအရွက်တွေက စားလို့မရဘူး သားတို့ရဲ့လို့ ပြောမည်ပြုပြီးမှ အမေ စိတ်ပြောင်းသွားသည်။

"အတော်ပဲ၊ ဒီနေ့တော့ ဟင်းရွက်ဖိုး သက်သာသွားပြီ၊ ဒီကန်စွန်းရွက်တွေကို ဈေးသည်ကို သွားပြန်ပေးရမယ်၊ ငါ့သားတွေ အားကိုးရတယ်"

ထမင်းပွဲရောက်တော့ သားတို့က အဖေ့ကို အလုအယက်ပြောကြသည်။

ဒါ သားတို့ခူးပေးထားတဲ့ အရွက်တွေတဲ့။ ကန်စွန်းရွက်လိုပဲ နော်တဲ့။ အဖေနဲ့အမေတစ်ယောက်ကိုတစ်ယောက်ကြည့်၍ တိတ်တိတ်လေးပြုံးနေကြသည်။ ညနေက ပူပန်ကြောင့်ကြမှုများမှာဒီလိုဆိုတော့လည်း သေးငယ်မှေးမှိန်သွားသလို။ ဘဝ၏ သေးငယ်သော အစိတ်အပိုင်းများအနေဖြင့် ကွဲကြေပျောက်ကွယ်သွားတော့မှာလို။ ဘဝမှာ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စများထက်ကြီးကျယ်ခမ်းနားသော အရာတွေရှိတယ်ဆိုတာကို အမှတ်ရရရှိလာသည်။

ကန်စွန်းရွက်ကြော်ကိုလုယက်ပြီးစားနေကြသော ကလေးတွေကို ကြည့်၍သာ အမေ ကျေနပ်နေတော့သည်။

✦ ✦ ✦

"လေယာဉ်ခရီးစဉ်နံပါတ်-- အတွက် ခရီးသည်များ နားဆင်ကြပါ၊ ရာသီဥတုဆိုးရွားပြီး မုန်တိုင်းပြင်းထန်နေတဲ့အတွက် လေယာဉ်ဟာ သတ်မှတ်ချိန်ထက် နှစ်နာရီ သို့မဟုတ် နှစ်နာရီထက်ပိုပြီးနောက် ကျနိုင်ပါတယ်၊ ခရီးသည်များ

www.burmeseclassic.com

အတွက် အန္တရာယ်ကင်းရေးဟာ ကျွန်တော်တို့လေကြောင်းလိုင်းအတွက် အလွန်အရေးကြီးပါတယ်၊ ဒါကြောင့်မို့လို့ ခရီးလမ်းပန်း စိတ်မချရမချင်း ကျွန်တော်တို့လေယာဉ် မထွက်နိုင်သေးပါဘူးခင်ဗျာ၊ ရာသီဥတုအခြေအနေအကြောင်း ခရီးသည်များအား ကျွန်တော်တို့ အကြောင်းကြားသွားမှာဖြစ်ပါတယ်''

အပြင်ကိုကြည့်လိုက်တော့ ပိန်း ပိတ်လို့မှောင်နေသည်။

လျှပ်စီးတစ်ချက်အလက်မှာ တစ်ရှိန်ထိုး ပြင်းပြင်းထန်ထန်ကျလာသော မိုးစက်တို့ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ ဦးတည်ရာနေရာမရှိဘဲ၊ အလျင်စလို ရောက်စရာမရှိဘဲသာဆိုလျှင်တဖြောက်ဖြောက် ကျဆင်းနေသော မိုးပေါက်တို့ကို သူ စိတ်ကူးယဉ် ရင်ခုန်ခံစားမိမည်လားမသိ။

ဒီလိုခံစားချက်တို့ကို မေ့ထားခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီပေါ့။ ယခုတော့ အသက်သုံးဆယ်ကျော်၊ လေးဆယ်ဆီသို့ ဦးတည်နေသော၊ ဥစ္စာရှာနေရသော အချိန်တွင် စိတ်ကူးဆိုသည်မှာလည်း ရှားပါးကုန်စည်တစ်ခုဖြစ်ခဲ့ပြီ။

ဒီလိုဆိုလျှင်တော့ ဒီနေ့ ဒီမှာပင် ညအိပ်ရတော့မည်ထင်၏။ ဖုန်းခေါ်စရာရှိသည့် လူအချို့ကို ဖုန်းခေါ်၊ အကျိုးအကြောင်းပြောပြ၍ မနက်ဖြန်နောက်ကျမည့်အကြောင်း အသိပေးရုံသာ။ ရာသီဥတုကြောင့် နောက်ကျရသည်ဖြစ်၍ မည်သူမှ အပြစ်ဆို၍မရဘူးမဟုတ်လား။

ဒီနေ့တစ်နေ့လုံး ပြန်တွေးကြည့်တော့ စိတ်မောစရာ။ မနက် ၅ နာရီလောက်ပင် အိပ်ရာမှထ၍ လေယာဉ်ကွင်းသို့ အရောက်ထွက်ခဲ့ရသည်။ လေယာဉ်ကွင်းကိုသွားသော ရထားမီရုံလေးပင်။ ရထားပေါ်ရောက်တော့ ခဏငိုက်လိုက်သည်။ အိပ်ရေးမဝသော်လည်း နည်းနည်းတော့ လန်းဆန်းလာသည်။ မိနစ်သုံးဆယ်လောက် စီးရသော ရထားဖြစ်၍ ငိုက်ချိန်အပြည့် အဝရလိုက်သည်ဟု ဆိုရမည်။

ပထမလေယာဉ်က မနက် ၆ နာရီ ၄၅ လောက်မှာထွက်၏။ လေယာဉ်ကွင်းရောက်တော့ တန်းစီနေသော လူတန်းက ထင်သည်ထက်ပို၍ ရှည်နေပြန်သည်။ လေယာဉ်ချိန် မမီမှာကို စိုးရိမ်ရပြန်သည်။ တထိတ်ထိတ်နှင့် လူတန်းကြီးရွေ့နေသည်ကိုကြည့်ရင်း လေယာဉ်ထွက်ရန် ဆယ့်နှစ်မိနစ်အလိုတွင် သူ့အလှည့်ရောက်ခဲ့သည်။ လုံခြုံရေးဝန်ထမ်းက သူ့နိုင်ငံကူးလက်မှတ်ကို ဖင်ပြန်ခေါင်းပြန် လှန်ကြည့်နေ၍ ရင်ထိတ်နေရသေး၏။ သူ့အတွက်တော့ သိပ်မထူးဆန်းတော့။ သူ့ရဲ့ဇာတိနိုင်ငံကို ဒီနိုင်ငံကလူတွေ မကြားဖူးတာနှင့်ပင် မေးခွန်းများလည်း အမေးခံရဖူး၏။ အစစ်ဆေးလည်း ခံရဖူး၏။ ပထမဆုံးအတွေ့အကြုံအရတော့ ကြောက်လန့်မိသော်လည်း အခုတော့ ပြန်လည်၍ ချက်ကျလက်ကျ ပြောဆိုငြင်းခုံနိုင်ပြီမို့ သူစိတ်မပူမိ။ လေယာဉ်ချိန်နှင့်နီး၍ အချိန်လင့်မည်စိုးသောကြောင့်သာ စိတ်အနှောင့်အယှက်ဖြစ်ရသည်။

နောက်ဆုံးတော့ ဘာမှအထူးအထွေမပြောဘဲ ပြန်ပေးလိုက်တော့မှသာ သက်ပြင်းချနိုင်ပေတော့၏။

ကျောင်းဆင်းချိန်ဆိုလျှင်
ကျောင်းရှေ့မှာ ရေလျှံသဖြင့်
ညှပ်ဖိနပ်လေးများ
ရေမျောတတ်သောအဖြစ်ကို
ဘာမဆိုင်ညာမဆိုင်
သတိရမိသည်။
သူငယ်ချင်းတွေနှင့်
ကြယ်စုံသောတစ်ညမှာ
မီးပုံးပျံလွှတ်ရသောအချိန်ကို
ပြန်သတိရလျှင်
ပျော်စရာပင်။
ငယ်ဘဝကို
ပြန်မရနိုင်တော့ပြီ
ဆိုသော်လည်း
မှတ်ဉာဏ်ထဲမှာစွဲနေသော
ပုံရိပ်များကတော့
. . .

www.burmeseclassic.com

www.burmeseclassic.com





ပထမလေယာဉ်တံခါးမပိတ်ခင် မိနစ်ပိုင်းလေးအလိုမှာပင် သူ လေယာဉ်ပေါ် ရောက်ခဲ့သည်။ အပြေးအလွှားနှင့် ရောက်ခဲ့ရ၍ အသက်တောင် ဝဝမရှူနိုင်ခဲ့။ ခုံနေရာကို ရုတ်တရက် ရှာလို့မတွေ့သည်မို့ စိတ်ရှုပ်ရသေးသည်။ ပထမလေယာဉ်ဆိုက်တော့ လေယာဉ်ကွင်းမှာ လူတွေက ပျားပန်းခပ်မျှ စည်ကားလှသည်။ တွန်းထိုးလျက်နှင့်ပင် လေ ယာဉ်အပြင်ဘက်သို့ ရောက်လာခဲ့ သည်။

ဒုတိယလေယာဉ်က နောက်ထပ် သုံးနာရီမျှ လိုသေးသည်မို့ ကော်ဖီတစ်ခွက်နှင့် မုန့်တစ်ခုတော့ ဝယ်စားဖြစ်ခဲ့သည်။ ကြီးမားသောလေယာဉ်ကွင်းထဲမှာ ဟိုလျှောက်ကြည့်၊ ဒီလျှောက်ကြည့်နှင့်ပင် ဒုတိယလေယာဉ်ထွက်ချိန်နားနီးခဲ့သည်။ လေယာဉ်ထွက်ချိန်နားကပ်တော့မှပင် ကောင်းကင်က မှောင်မည်းလာသည်။ ရုတ်တရက် မိုးပေါက်တွေ ကျလာကာ လေတွေပြင်းထန်လာခဲ့သည်။ သို့နှင့်ပင် ဒီလေယာဉ်ကွင်းမှာ သောင်တင်တော့မည်ဟု စိတ်နှလုံး တုံးတုံးချလိုက်၏။

တစ်နေ့လုံး အိတ်တစ်လုံးဆွဲ၍ လျှောက်သွားနေခဲ့သည်မှာ အခုမှပင် စိတ်အေးလက်အေး ထိုင်နိုင်တော့၏။ ဒီတော့မှပင် အိတ်ထဲမှာ ထည့်လာသော စာအုပ်ကို သတိရသည်။ ဆရာမ နုနုရည်(အင်းဝ)၏ နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်သော မိန်းမတစ်ယောက်အကြောင်း။ စာအုပ်အစမှာပင် အသက်မရှိဘဲ မွေးလာသည်ဟု ထင်ရသော ကလေးလေးတစ်ယောက်အကြောင်းက သူ့ကို ဆွဲခေါ်သွားလေ၏။ ကလေးတစ်ယောက်၏ အသက်ရှင်ခွင့်၊ လောက ကြီးထဲတွင် နေထိုင်ခွင့်၊ ကလေးနှင့် အဘိုးအဘွားတို့ကြားက သံယောဇဉ်၊ အင်းဝ၊ စစ်ကိုင်း၏ နောက်ခံ ရေမြေ၊ လူမှုနေ့စဉ်ဘဝ။

ထိုမှစ၍ မြို့ပြတွင် ပျော်ရွှင်တက်ကြွခဲ့သော ကျောင်းသူတစ်ယောက်၊ ရုန်းကန်ခဲ့သော အမျိုးသမီးငယ် တစ်ယောက်အကြောင်း။ တစ်မျက်နှာပြီး တစ်မျက်နှာ လှန်သွားလျက်က မစဉ်းစားမိတာကြာပြီဖြစ်သော ကိုယ့်ငယ်ဘဝတို့ စိတ်ထဲတွင် ပေါ်လာ၏။

ငယ်ငယ်က ကိုယ်နှင့် ဖုန်လူး၊ ရွှံ့လူး ဆော့ခဲ့ကြသော ကိုယ်သူငယ်ချင်းလေးများကို သတိရမိ၏။ ကိုယ့်ကိုအမြဲပုံပြောပြသော အဘွားကို သတိရမိ၏။ နွေလ ကျောင်းဆင်းချိန်ဆိုလျှင် ကျောင်းရှေ့မှာ ရေလျှံသဖြင့် ညှပ်ဖိနပ်လေးများ ရေမျောတတ်သောအဖြစ်ကို ဘာမဆိုင်ညာမဆိုင် သတိရမိသည်။ ကျောင်းပြေးကာ ရခိုင်မုန့်တီနှင့် ဘူးသီးကြော်သုပ်ကို မဆန့်မပြဲစား မိ၍ဝမ်းလျှောရသောအဖြစ်ကို တွေးမိ၏။ သူငယ်ချင်းတွေနှင့် ကြယ်စုံသောတစ်ညမှာ မီးပုံးပျံလွှတ်ရသောအချိန်ကို ပြန်သတိရရှင် ပျော်စရာပင်။ ငယ်ဘဝကို ပြန်မရနိုင်တော့ပြီ ဆိုသော်လည်း

www.burmeseclassic.com

www.burmeseclassic.com





မှတ်ဉာဏ်ထဲမှာ စွဲနေသော ပုံရိပ်များ ကတော့ ဘယ်တော့မှ ပျောက်ပျက်တော့မည်မဟုတ်။ ဒီလိုဆိုတော့ ဆရာမ နုနုရည်လိုပင် ကိုယ့်ဘဝ အကြောင်း ကိုယ်ရေးတော့မည်ဟု စိတ်ပိုင်းဖြတ်မိသည်။ နောက်ကျသော လေယာဉ်ကို ထားခဲ့၍ ကိုယ် အရှေ့သို့ပျံသန်းခဲ့သည်။ လေယာဉ်ကွင်းသည် နောက်မှာ တဖြည်းဖြည်းနှင့် ဝေး၍ကျန်ခဲ့တော့သည်။

✦ ✦ ✦

ဘဝဆိုတာလည်း တကယ်တော့ တစ်ခုလုံးကို ဖြတ်သန်းရတာ စိတ်မောစရာကောင်းလှပါတယ်။


တခြားနေရာတစ်ခုကို ခေါ်ဆောင်သွားတဲ့ တေးသွားတစ်ပိုဒ်ကိုကြားလိုက်ရတဲ့အခါ၊ စိတ်ခံစားမှုတစ်ခုကို နှင့်နှင့်နဲနဲ ဖြစ်ပေါ်စေတဲ့ ရုပ်ရှင်ပြကွက်တစ်ခုကို မြင်လိုက်ရတဲ့အခါ၊ လက်ရှိဘဝကို ခဏဖြစ်ဖြစ် မေ့သွားစေတဲ့ စာတစ်ပုဒ်ကို ဖတ်လိုက်ရတဲ့အခါ၊ ချက်ချင်းကြီး ထလုပ်ချင်တဲ့စိတ်ကို ချိုးနှိမ်လို့မရလောက်အောင် ဖန်တီးချင်စိတ် ဖြစ်ပေါ်လာတဲ့အခါ၊ အချစ်စိတ်တစ်ခု လှိုင်းတွေလို ရိုက်ခတ်သွားတဲ့အခါ၊ ကိုယ်ဘယ်ရောက်နေတယ်ဆိုတာကို မေ့သွားစေတဲ့ အတွေးတစ်ခုရဲ့နောက်ကို မငြင်းဆန်ဘဲ ကောက်ကောက်ပါအောင်လိုက်သွားတဲ့အခါ တဒင်္ဂတွေ… တဒင်္ဂတွေ အများကြီးပဲ ပြန့်ကျဲလို့နေတယ်။

သစ်တောကိုမမြင်ချင်လောက်အောင် သစ်ပင်အောက်မှာပဲ ထိုင်နေမိတော့တယ်။ ပြေးပြေးလွှားလွှား အတွေးတဒင်္ဂလေးများ ဖြစ်လို့နေပါတော့တယ်။

ကြယ်စင်အောင်

www.burmeseclassic.com

www.burmeseclassic.com



# ငြိုးသူ့ချစ်ခြင်း

ဦးဝင်းမြင့် ၊သရုပ်ဆောင်၊

www.burmeseclassic.com

www.burmeseclassic.com





အကျိုးစားသန်တော့ ရန်ဖြစ်ရသည် တဲ့။ ကြုံသလိုပြောပြီး ဖြစ်လာတဲ့စကား မှမဟုတ်တာ။ တကယ့်အတွေ့အကြုံ တွေမှ အများကြီး။ အပျော်အပြက် စကြ၊ နောက်ကြရာက သည်းညည်းမခံ နိုင်စရာတွေဖြစ်ပြီး အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်ကြရတာတွေ၊ လူနဲ့ လူ့ပတ်ဝန်းကျင်မှာ အများကြီးပါ။ ပျော် ပြီးရင်ပျက်ဆိုသလို အပျော်စကြပြီး အပျက်တွေဖြစ်ကြရ၊ အဲဒီအပျက်တွေ က တစ်ယောက်နဲ့တစ်ယောက် ခွင့် လွှတ်သည်းခံပြီး အပျော်ပြန်ဖြစ်သွားကြ တတ်သလို ဘယ်လိုမှ နားလည်ခွင့် လွှတ်လို့မရကြတဲ့အထိ အပျက်ကြီးပျက် ကြရတဲ့ အဖြစ်တွေ ရှိတတ်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကိုဒီလိုလုပ်လို့ သူ့ကို ဒီလိုပြန်လုပ်မယ်၊ ငါဒီလို ခံရရင် သူလည်းဒီလိုပဲ ပြန်ခံစေရမယ်ဆိုတဲ့ အငြိုးတွေ၊ အာဃာတတွေနဲ့ ဘတစ်ပြန်ကျားတစ်ပြန် ကလဲ့စား သံသရာတွေ ရှည်တတ်ကြတာတွေလည်း တွေ့ကြ၊ ကြုံကြ၊ ခံကြရမှာပါ။ အဲဒီထဲမှာ အဆိုးဆုံးက ချစ်သူတွေကြားမှာ ပေါ်လာရတဲ့ အငြိုး၊ တစ်နည်းအားဖြင့် ငြိုးသူ့ချစ်ခြင်းပါပဲ။

ဒီလ ပရိသတ်ကြီးနဲ့မိတ်ဆက်ပေးမယ့် ဗီဒီယိုဇာတ်လမ်းလေးရဲ့အမည်ကလည်း **"ငြိုးသူ့ချစ်ခြင်း"**ပါပဲ။

ဇာတ်လမ်း မြတ်ကိုကို (ရက္ခ)၊ ဇာတ်ညွှန်း မြတ်လှိုင်း(ကဗျာ)၊ ဒါရိုက်တာ မျိုးထူးတို့တစ်တွေ စုပေါင်းညှိနှိုင်းပြီး တင်ဆက်ထားတာပါ။ 5 Net Work ကရိုက်ကူးမှာပါ။ ဒီဇာတ်လမ်းလေးရဲ့ အဓိကကျောရိုးလေးကတော့



ရဲရင့်သွေးဆိုတဲ့ကောင်လေးနဲ့ မိုးသဲဖြူဆိုတဲ့ ကောင်မလေးတို့နှစ်ယောက်ကြားမှာ မထင်မှတ်တဲ့ ဖုန်းမှားဝင်တဲ့ကိစ္စလေးကို စကြ၊ နောက်ကြရာက အမုန်းမီးတောက်ကြီး ဖြစ်လာရတဲ့ ဇာတ်လမ်းလေးပါ။ အဓိကဇာတ်ရုပ်တွေဖြစ်တဲ့ ရဲရင့်သွေးနဲ့ မိုးသဲဖြူတို့အဖြစ် မင်းမော်ကွန်းနဲ့ စံရတီမိုးမြင့်တို့က ထူးခြားစွာ သရုပ်ဆောင်ကြမှာပါ။

ဇာတ်လမ်းအစလေးက ဒီလို.....

ပျော်ပျော်နေတတ်ပြီး စတတ်နောက်တတ်တဲ့ ကောင်လေးတစ်ယောက်ရှိတယ်။ သူ့နာမည်က ရဲရင့်သွေးတဲ့။ စိတ်လက်ပေါ့ပါးစွာနဲ့ လမ်းလျှောက်လာတဲ့ ရဲရင့်သွေးရဲ့ဖုန်း မြည်လာတယ်။ ကိုင်လိုက်တော့ သူမသိသေးတဲ့ မိန်းကလေးတစ်ယောက်။ ဖုန်းမှားနေတယ်ဆိုတာ သိပေမယ့် ပြောင်ချင်၊ နောက်ချင်တဲ့စိတ်နဲ့ အတည်ပေါက် ပြန်ပြောလိုက်တယ်။ ဖုန်းပြောတဲ့အကြောင်းအရာက မိခင်ဖြစ်သူ အသည်းအသန် နေ




မကောင်းဖြစ်နေလို့ ဆရာဝန်ပင့်ခဲ့ဖို့ အကြောင်းကြားတာ။ ရဲရင့်သွေးက ခပ်ပေါ့ပေါ့သဘောထားပြီး ဆရာဝန်ပင့်ခဲ့မယ်လို့ Follow လိုက်ပြောလိုက်ပြီး ဖုန်းချလိုက်တယ်။ ရဲရင့်သွေးက သူ့သူငယ်ချင်းတွေနဲ့ တွေ့တဲ့အခါကျတော့ အကျိုးအကြောင်းပြောပြလိုက်တယ်။ သူငယ်ချင်းတွေက ကျန်းမာရေးကိစ္စ ဒီလောက်အရေးကြီးတာမနောက်သင့်တဲ့အကြောင်း ဝိုင်းပြောကြတော့ ရဲရင့်သွေးသူစတာ မှားသွားတယ်ဆိုတာ သိလိုက်တာနဲ့ သူ့ဆီကိုဖုန်းမှားဝင်တဲ့ မိန်းကလေးဆီ ဖုန်းပြန်ဆက်တာပေါ့။ ဒါ ပေမဲ့ မိန်းကလေးက ဖုန်းပိတ်ထားတယ်တဲ့။ ဘဲ..... ဘယ်လိုလုပ်ကြမတုံး။ တစ်ခုခုတော့ လွဲချော်မှုတွေနဲ့ ပြဿနာဖြစ်သွားနိုင်တယ်။

www.burmeseclassic.com



မိုးသဲဖြူကတော့ သူ့အစ်ကို မိုးဒဝဆီကို ဖုန်းဆက်ထားပြီးပြီဆိုပြီး စိတ်ချလက်ချနေတာပေါ့။ ဒါပေမဲ့ အချိန်တန်လို့ ဆရာဝန် ရောက်မလာတော့ အစ်ကိုမိုးဝေဆီ ဖုန်းဆက်ဖို့ ဖုန်းကိုကြည့်လိုက်တော့ ဖုန်းက ပါဝါပိတ်ထားမိတာတွေ့ရတယ်။ ဖုန်းဖွင့်ပြီး မိုးဝေဆီကို ဖုန်းဆက်လိုက်တော့ မိုးသဲဖြူရဲ့ဖုန်းက အခုမှဝင်တာဖြစ်တဲ့အကြောင်း၊ ချက်ချင်း ဆရာဝန်ပင့်ခဲ့မယ်ဆိုတဲ့ အကြောင်းပြောပြီး ဖုန်းချလိုက်တယ်။ မိုးသဲဖြူ Call Logs ကို ပြန်စစ်ကြည့်လိုက်တော့ သူခေါ်လိုက်မိတဲ့ဖုန်းနံပါတ်က နောက်ဆုံးတစ်လုံးမှားပြီး နှိပ်မိလိုက်တယ်ဆိုတာ သိလိုက်ရတယ်။



ဆရာဝန်ရောက်လာတော့ မိခင်ကြီးရဲ့ကျန်းမာရေးကို စစ်ဆေးပြီး ဆေးရုံအမြန်တင်ဖို့ညွှန်ကြားတယ်။ ဆေးရုံရောက်တော့ မိခင်ဆုံးသွားတယ်။ ဆေးရုံက ဆရာဝန်ကြီးက ဘာပြောလဲဆိုတော့ ဆေးရုံရောက်လာတာ နာရီဝက်လောက်နောက်ကျသွားလို့ မကယ်နိုင်တော့တာတဲ့။ ကဲ… ဘယ်သူ့အပြစ်လဲ။ အစအနောက်သန်တဲ့၊ ဖုန်းကိုနောက်ပြီး ဖြေတဲ့သူကြောင့်ပေါ့။ အဲဒီ ဖုန်းနံပါတ်ကို သေသေချာချာမှတ်လိုက်တယ်။ လက်စားချေကိုချေမယ်ဆိုပြီး အငြိုးကြီးကြီး ငြိုးထားလိုက်တော့တယ်။ မိခင်ရဲ့အသက်နဲ့ ရင်းလိုက်ရတဲ့ အစအနောက်သန်မှုအတွက် ထိုက်တန်တဲ့ ပေးဆပ်မှုကိုတော့ ပေးဖို့ပေးရ

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်ပေါ့။ မိုးသဲဖြူရဲ့မိခင်အဖြစ် သီတာခင်ခင်ကြီး၊ အစ်ကိုမိုးဝေအဖြစ် ကုရင်မတို့က သရုပ်ဆောင်ထား ပါတယ်။

ရဲရင့်သွေးက နိုင်ငံခြားမှာ အလုပ်သွားလုပ်ချင် တယ်လို့ မိဘတွေကို ပူဆာတယ်။ ဖခင်က သူ့ကုမ္ပဏီ မှာ ဝင်လုပ်ဖို့ပြောတယ်။ မိခင်ကလည်း နှလုံးရောဂါ သည်ဆိုတော့ ရဲရင့်သွေး စိတ်ညစ်ပြီး လက်ဖက်ရည် ဆိုင် ထွက်လာခဲ့တယ်။ သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေတုန်း ဖုန်းမြည်လာ တယ်။ အမျိုးသမီးတစ်ယောက်ရဲ့အသံ။ ဖုန်းနံပါတ်တစ်ခုမေးတယ်။ ရဲရင့်သွေးက ဖုန်းမှားနေကြောင်း ပြောလိုက်တယ်။ တစ်ဖက်ကမိန်းကလေးက ကျေ နပ်စွာပြုံးပြီး ဖုန်းချလိုက်တယ်။ အဲဒီမိန်းကလေးက မိုးသဲဖြူ။ လက်စားချေစီမံကိန်း စတင် အကောင်အထည်ဖော်ပြီပေါ့။ နောက်တစ်ခါ ရဲရင့်သွေးကို ဖုန်းခေါ်လိုက်တယ်။ ဖုန်း မှားတယ်လို့ ပြန်ဖြေတယ်။ မိုးသဲဖြူဖုန်းမချဘဲ စကား ဆက်ပြောတယ်။ ရဲရင့်သွေး Follow လိုက်ပြီး ပါလာပြီ။ အင်း....တွေ့ကြပြီပေါ့လေ။

ရဲရင့်သွေးရဲ့ မိဘများဖြစ် ကြတဲ့ ဦးမျိုးနိုင်၊ ဒေါ်ခင်ခင်မြ အဖြစ် စာရေးသူ ဦးဝင်းမြိုင် (သရုပ်ဆောင်)နဲ့ စိုးမိုးကြည်၊ ရဲရင့် သွေးရဲ့သူငယ်ချင်း ငမျိုးအဖြစ် ဖင်မျိုးနဲ့ မိုးသဲဖြူရဲ့သူငယ်ချင်း မေဇော်အဖြစ် အိတုံ၊ မိုးသဲ ဖြူရဲ့အဒေါ်အဖြစ် ဝင်းမင်း သန်းတို့က သရုပ်ဆောင်ထား ကြပါတယ်။



ရဲရင့်သွေးက သူ့ သူငယ်ချင်းတွေကို မိုးသဲဖြူဆိုတဲ့ ကောင်မလေးတစ် ယောက်နဲ့ ဖုန်းမှားဝင်ရာကနေ Follow လိုက်ရင်း ဖုန်း ထဲကတစ်ဆင့် ရင်းနှီးနေကြောင်း၊ အခုဆို နေ့တိုင်းလိုလို ဖုန်းပြောဖြစ်ကြောင်း၊ မိုးသဲဖြူဆိုတဲ့ကောင်မလေးနဲ့ အပြင်မှာတွေ့ချင်ကြောင်းပြောတော့ သူငယ်ချင်းတွေ က တွေ့ချင်ရင် ချိန်းပေါ့တဲ့။ ဒီလိုနဲ့ ချိန်းဖြစ်သွားတယ်။ ဆိုင်တစ်ဆိုင်မှာပေါ့။ ဝတ်လာမယ့် အဝတ်အစား၊ အရောင်အသွေး၊ ပုံစံတွေ ပြောပြကြ တယ်။ တွေ့လည်းတွေ့ရော မိုးသဲဖြူကို ရဲရင့်သွေး အကြွေကြီးကြွေသွားတော့ တာပေါ့။ မိုးသဲဖြူကလည်း ရဲရင့်သွေး အပေါ် ကြွေချင်ယောင်ဆောင်လိုက် တယ်။

နောက်တစ်နေ့ မိုးသဲဖြူ သူ့ သူငယ်ချင်း မေဇော်နဲ့ဆုံတော့ ရဲရင့်သွေးအကြောင်း ပြောပြ တယ်။ ရဲရင့်သွေးဟာ ငွေ ကြေးချမ်းသာပြီး ဘွဲ့ရပညာ တတ်တစ်ယောက်ဖြစ်တဲ့ အကြောင်း၊ လူချောတစ် ယောက်ဖြစ်ကြောင်း ရဲရင့်သွေး ရဲ့ ကောင်းတဲ့အကွက်တွေချည်း ပြောနေတော့ မေဇော် သံသယဖြစ် လာတယ်။ "နင် ရဲရင့်သွေးကို ကြွေ နေတာလား"လို့မေးတော့ No တဲ့။ မိခင်အတွက် လက်စားချေဖို့ အဓိကပဲတဲ့။


ရဲရင့်သွေးရဲ့မိခင် ဒေါ်ခင်ခင် မြ နှလုံးရောဂါဖြစ်နေတော့ ရဲရင့်သွေးက နှလုံးအထူးကု ဆေးခန်းမှာ လိုက်ပြတယ်။ တိုက်တိုက်ဆိုင်ဆိုင် မိုးသဲဖြူရဲ့ သူငယ်ချင်း မေဇော်ကလည်း အဲဒီ အထူးကုဆေးခန်းမှာ အလုပ်လုပ်နေ တာဆိုတော့ မေဇော့်ဆီကို မိုးသဲဖြူ

www.burmeseclassic.com

www.burmeseclassic.com



လာလည်ရင်း ရဲရင့်သွေးတို့နဲ့ ဆုံတယ်။ ရဲရင့်သွေးက သူ့မိခင်နဲ့ မိုးသဲဖြူကို မိတ်ဆက်ပေးတယ်။ ဒေါ်ခင်ခင်မြက မိုးသဲဖြူကို သဘောကျသွားတယ်။ ရဲရင့်သွေးက မိုးသဲဖြူကို ချစ်ရေးဆိုတယ်။ မိုးသဲဖြူက စဉ်းစားပါဦးမယ်တဲ့။ ရဲရင့်သွေးကို လက်စားချေဖို့အကြံအစည်အောင်မြင်တော့မှာမို့ ကျိတ်ပြီးဝမ်းသာနေတယ်။



ရဲရင့်သွေးက သူ့မွေးနေ့ကို လာဖို့ မိုးသဲဖြူကိုဖိတ်တယ်။ မိုးသဲဖြူနဲ့ မေဇော်တို့မွေးနေ့မှာ ရဲရင့်သွေးအိမ်ကို ရောက်လာကြတယ်။ ရဲရင့်သွေးတို့အိမ်မှာ လိုင်းကြိုးဖုန်းတွေ့တော့ အကြံရသွားတယ်။ ကြိုးဖုန်း ဖုန်းနံပါတ်ကို မေးလာခဲ့လိုက်တယ်။ နောက်နေ့ ရဲရင့်သွေးတို့ သူငယ်ချင်းတစ်သိုက် လက်ဖက်ရည်ဆိုင်ထိုင်နေကြတုန်း မိုးသဲဖြူဆီက ဖုန်းဝင်လာတော့ တစ်နေရာမှာတွေ့ဖို့ ချိန်းလိုက်ကြတယ်။ တွေ့ကြတော့ ရဲရင့်သွေးက အဖြေပေးဖို့ ကျီကျတာပေ့ါ။ မိုးသဲဖြူက အချိန်ကျပြီမို့ အဖြေပေးလိုက်တော့တယ်။ ရဲရင့်သွေး ပျော်သွားလိုက်ပုံများ။

မေဇော်နဲ့တွေ့တော့ ရဲရင့်သွေးကို ချစ်တဲ့အကြောင်း အဖြေပေးလိုက်ပြီလို့ ပြောပြတော့ မေဇော် စိုးရိမ်သွားတယ်။ ရဲရင့်သွေးကိုကြည့်ရတာ မိုးသဲဖြူကို တကယ်နှစ်နှစ်ကာကာချစ်တယ်ဆိုတာ သိသာတယ်။ လက်စားချေမယ့်အကြံအစည်ကို ဖျက်လိုက်ပြီး တကယ့်ချစ်သူတွေအနေနဲ့ တစ်သက်လုံး ချစ်သွားကြပါလားလို့ အကြံပြုတယ်။ မိုးသဲဖြူ ခေါင်းခါတယ်။ သူ့အမေသေရတာ သင်းကြောင့်တဲ့၊ သင်းကို ထိုက်တန်တဲ့အပြစ် ပေးကိုပေးရမယ်တဲ့။ လက်စားချေဖြစ်အောင်ချေမှဖြစ်မှာတဲ့။ ဒီလိုနဲ့ မိုးသဲဖြူဟာ ရဲရင့်သွေးကို သိပ်ချစ်တဲ့ချစ်သူတစ်ယောက်အဖြစ် ဟန်ဆောင်အချစ်တွေနဲ့ ချစ်ရည်လူး ပျော်မြူးစရာသွားကြ၊ လာကြ၊ စားကြသောက်ကြ၊ ကြည်နူးကြနဲ့ ပျော်ရွှင်စရာနေ့ရက်လေးတွေကို ဖန်တီးပေးခဲ့ပါတယ်။

ရဲရင့်သွေးဆီ မိုးသဲဖြူ ဖုန်းဆက်လိုက်တယ်။ သူ့ဆီကို ဖုန်းမဆက်တာကြာလို့ ဘာဖြစ်နေတာလဲဆိုတော့ မိခင်နှလုံးရောဂါဖောက်နေလို့ ဆေးခန်းလိုက်ပို့နေရလို့ပါတဲ့။ မိခင်ရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးနေရလို့ပါတဲ့။ ရဲရင့်သွေးနဲ့ ဖုန်းပြောပြီးတော့ မိုးသဲဖြူ ပြုံးလိုက်တယ်။ အကွက်ဝင်ပြီပေါ့လေ။ ရဲရင့်သွေး မိခင်အတွက် ဆေးထွက်ဝယ်တဲ့ အချိန်နဲ့ကိုက်ပြီး ရဲရင့်သွေးတို့အိမ်ကို မိုးသဲဖြူ ဖုန်းဆက်လိုက်တယ်။ အိမ်ဖော်မလေးကိုင်တယ်။ လူကြီးတွေနဲ့ စကားပြောချင်တယ်လို့ပြောတော့ အိမ်ဖော်မလေးက ဒေါ်ခင်ခင်မြကို ဖုန်းပေးလိုက်တယ်။ ရဲရင့်သွေး Accident ဖြစ်လို့ ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာနကို ရောက်နေတယ်ဆိုပြီး မိုးသဲဖြူက ပြောလိုက်တယ်။ ဒေါ်ခင်ခင်မြ လဲကျသွားတယ်။ အိမ်ဖော်မလေးက ဦးမျိုးနိုင်ဆီ ဖုန်းဆက်လိုက်တယ်။ ဦးမျိုးနိုင် အိမ်ပြန်ရောက်တော့ ဒေါ်ခင်ခင်မြ အသက်မရှိတော့ပါ။

ရဲရင့်သွေး ဆေးဝယ်ပြီး ပြန်လာတော့ ဖခင်ဦးမျိုး

www.burmeseclassic.com

www.burmeseclassic.com







နိုင်က အံ့သြနေတာပေါ့။ ခုနက မိန်းကလေးတစ်ယောက်က Car Accident ဖြစ်လို့ သားဆေးရုံရောက်သွားပြီလို့ ဖုန်းဆက်တဲ့အကြောင်း၊ ဒီသတင်းကိုကြားပြီး သားမေမေ Shock ရပြီး အသက်ဆုံးပါးသွားတဲ့အကြောင်းပြောပြတော့ ရဲရင့်သွေး စိတ်တိုဒေါသထွက်တော့တာပေါ့။ ဒေါ်ခင်ခင်မြ ရက်လည်ဆွမ်းကျွေးကို မိုးသဲဖြူရောက်လာတယ်။ ရက်လည်ဆွမ်းကျွေးမှာ ရဲရင့်သွေးရဲ့သူငယ်ချင်းတွေရဲ့ စကားပိုင်းကနေ စကားတွေကြားလိုက်ရတော့ မိုးသဲဖြူတုန်လှုပ်သွားတယ်။




www.burmeseclassic.com

www.burmeseclassic.com



ရဲရင့်သွေးသူငယ်ချင်းတွေ ပြောနေတာက တစ်ခါတုန်းက ရဲရင့်သွေးရဲ့ ဖုန်းထဲကို မိန်းကလေးတစ်ယောက် ဖုန်းမှားဆက်မိရာက ရဲရင့်သွေး နောက်ပြောင်လိုက်မိတဲ့အကြောင်း၊ သူ နောက်ပြောင်မိတာကို အချိန်မီပြန်ပြောပေမယ့် မိန်းကလေးက ဖုန်းပိတ်ထားတဲ့အကြောင်း။

ဒီလိုနဲ့ မိုးသဲဖြူအနေနဲ့ ရဲရင့်သွေးအပေါ် နားလည်ခွင့်လွှတ်နိုင်သွားတယ်။ နောက်ဆုံး ရဲရင့်သွေးနဲ့ မိုးသဲဖြူ လက်ထပ်ဖြစ်သွားတယ်။ လက်ထပ်တဲ့နေ့မှာပဲ မိုးသဲဖြူက သူ့အပြစ်ကို ရဲရင့်သွေးဆီမှာ ဝန်ခံပါတယ်။ ကလဲ့စားချေချင်ခဲ့တယ်ဆိုပေမယ့် ဒေါ်ခင်ခင်မြ သေစေလိုတဲ့ ရည်ရွယ်ချက် လုံးဝမရှိတဲ့အကြောင်းပေါ့။ မင်္ဂလာဦးညမှာ ရဲရင့်သွေးက မိုးသဲဖြူကို ကွာရှင်းစာချုပ်မှာလက်မှတ်ထိုးပေးပြီး သူ့တုန်းက စရဲ့နောက်ရုံသက်သက်ပဲဖြစ်ကြောင်း၊ အချိန်မီအကြောင်းကြားပေမယ့် မိုးသဲဖြူက ဖုန်းပိတ်ထားခဲ့တဲ့အတွက် အခြေအနေဆိုးသွားခဲ့ရကြောင်း၊ အခု မိုးသဲဖြူက တမင်ရည်ရွယ်ချက်ကြီးနဲ့ လက်စားချေ





အကွက်ချလုပ်ကိုင်ခဲ့တာမို့ ခွင့်မလွှတ်နိုင်ကြောင်း၊ ဘာမှမကျူးလွန်သေးခင် ကွာရှင်းတာဖြစ်တဲ့အကြောင်း ပြောပြခဲ့တယ်။

ကဲ...အကြိုးစားသန်လို့ ဖြစ်လာခဲ့ရတဲ့ ရန်ပွဲ၊ အပြုက်အပြုက်နဲ့ နှာခေါင်းသွေးထွက်ကြရပြီ။ ဘာတွေဆက်ဖြစ်ကြမှာလဲ။ တကယ့်ကိုကောင်းတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပါ။ ပရိသတ်ကြီး အနုပညာအာသာပြေနိုင်ကြပါမည်ဟု မျှော်လင့်ပါတယ်။

ဦးဝင်းမြင့် (သရုပ်ဆောင်)

Still Photos by Mg Hate

www.burmeseclassic.com

www.burmeseclassic.com





# လှမိုး (ပညာရေး)

# ဂျပန်ခေတ် ရန်ကုန်အကျဉ်းထောင်မှ ငရဲခန်းများ


ဤဆောင်းပါးနှင့်ပတ်သက်၍ စာဖတ်သူများအား တင်ပြရန်အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်မှာ ဤဆောင်းပါးတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက နေမျိုးနွယ် ဘူရှီဒိုသူရဲကောင်းများဟု ကင်ပွန်းတပ်ခံရသော ဖက်ဆစ်ဂျပန်တို့၏ လူသားမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခံရမှုကို ခရေစေ့တွင်းကျ ရေးသားဖော်ပြခဲ့သော ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဗြိတိသျှဘုရင့်တပ်မတော်မှ ရန်ကုန်အကျဉ်းထောင်၊ အကျဉ်းသားအမှတ် ၂၃၉ ဖြစ်သူ ဗြိတိသျှဘုရင့်ကြည်းတပ်မတော်မှ ဗိုလ်ကြီးအဲလစ်(စ်)ဂစ်ဆင်အကြောင်းဖြစ်ပါသည်။ သူသည် ဥရောပစစ်မျက်နှာ တွင် ခေတ္တအမှုထမ်းဆောင်ခဲ့ရပြီး အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ရသူဖြစ်ပါသည်။ ၁၉၄၃ ခုနှစ်၊ ဇန်နဝါရီလကုန် ကမ္ဘာစစ်သမိုင်းတွင် ဟိုးဟိုးကျော်ခဲ့သော ဗိုလ်ချုပ်ဝင်းဂိတ်၏ ချင်းဒစ်ပြောက်ကျားတပ်ဖွဲ့တွင် အမှုထမ်း ခဲ့ရသူဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတင်ပြလိုသည့်အချက်မှာ ကမ္ဘာစစ်သမိုင်းတွင် လူထူးလူဆန်း၊ လူ့ခွစာဟု တွင်၍ကျန်ရစ်ခဲ့သော ဝင်းဂိတ်အကြောင်းဖြစ်ပါသည်။ ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်းနှင့် သိဒ္ဓိမိုးမဂ္ဂဇင်းတို့တွင် ဝင်းဂိတ်နှင့်ပတ်သက်သော ဆောင်းပါးများ အခါအားလျော်စွာ ရေးသားဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးများတွင် ဝင်းဂိတ်၏ ပျောက်ဆုံးနေသော ရတနာသိုက်နှင့်ပတ်သက်သော ဆောင်းပါးနှင့် ဝင်းဂိတ်ခြေရာကို လိုက်ခဲ့ကြသော အမေရိကန်လူရမ်းကားများဟု နာမည်တွင်ကျန်ရစ်သည့် အမေရိကန် ပြောက်ကျားတပ်ဖွဲ့အကြောင်းနှင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးသည့်နောက် ဝင်းဂိတ်၏ ချင်းဒစ် ခရီးဝေးချီ တက် ပြောက်ကျားတပ်မှ အသက်မသေ ကျန်ရစ်ခဲ့သူ များသည် ကျွန်တော်တို့ မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြပြီး သူတို့အား ယင်းခရီးဝေးချီ ပြောက်ကျားစစ်ဆင်ရေး ကာလက အကူအညီပေးခဲ့ကြသော မြန်မာနိုင်ငံသူနိုင်ငံ သားများ၊ မိတ်ဆွေများအား လာရောက်တွေ့ဆုံသည့် အကြောင်းဆောင်းပါးများဖြစ်ပါသည်။




**သူသည် လူထူးလူဆန်းတစ်ယောက်ဖြစ်သည်။**
**သူ့အတွေးအခေါ်များသည်**
**ခေတ်ရှေ့ပြေးနေသည်။**
**လမ်းသစ်မထွင်လို၊ လမ်းအိုလိုက်သူများက**
**သူ့ကို လူ့ခွစာတစ်ဦးဟု**
**စာရင်းသွင်းထားကြသည်. . .**

---

ယခု ရေးသားဖော်ပြမည့် ဖြစ်ရပ်မှာမူ အထက်ဖော်ပြပါ ဂျပန်တို့သိမ်းပိုက်ထားသည့် ရန်သူ့နယ်မြေအတွင်း ထိုးဖောက်၍ ဂျပန်စစ်စခန်းများ၊ ရိက္ခာသိုလှောင်ရုံများ၊ မီးရထားလမ်းများ၊ တံတားများကို ချိုးဖောက်ဖျက်ဆီးခဲ့စဉ် ဂျပန်တို့ ဖမ်းဆီးရမိသွားသော ချင်းဒစ်တပ်မဟာအရာရှိ၊ အရာခံ၊ အကြပ်တပ်သားများကြုံတွေ့ရသည့် ဖြစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာစစ်သမိုင်းတွင် အငြင်းပွားခဲ့ရသော ဗိုလ်ချုပ်ဝင်းဂိတ်နှင့်ပတ်သက်၍ အနည်းငယ် တင်ပြရမည်ဖြစ်ပါသည်။

မှန်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ကျွန်တော်တို့ စာဖတ်ပရိသတ်များအဖို့ သိရှိပြီးဖြစ်သော ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၊ အမေရိကန်ပြည်ထောင်စုမှ စစ်သေနာပတိကြီးများဖြစ်ကြသော အိုက်ဆင်ဟောင်ဝါး၊ ဗိုလ်ချုပ်ကြီး မက်အာသာ၊ ဂျပန်ဘုရင့် ကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီး ရာမာရှိတာ၊ ရာမာမိုတို၊ နာဇီဂျာမန်တပ်မတော်မှ

www.burmeseclassic.com




ဗိုလ်ချုပ်ကြီး ရွှန်းမဲ(လ်)စသော ဗိုလ်ချုပ်ကြီးများ အကြောင်း ဖန်တစ်ရာတေအောင် ဖတ်ရှုပြီးဖြစ်မည်ဟု ယူဆခဲ့ပါသည်။

မှန်ပါသည်။

ဗိုလ်ချုပ်ဝင်းဂိတ်အကြောင်းကိုမူ သိရှိသူ နည်းပါးသည်ဟု ထင်မိသည်။ သူသည် လူထူးလူဆန်း တစ်ယောက်ဖြစ်သည်။ သူ့အတွေးအခေါ်များသည် ခေတ်ရှေ့ပြေးနေသည်။ လမ်းသစ်မထွင်လို၊ လမ်းအိုလိုက်သူများက သူ့ကို လူ့ခွစာတစ်ဦးဟု စာရင်းသွင်းထားကြသည်။ သို့သော် သူက အာရုံစိုက်မိစိုက်ရာ စိုက်၍သာနေသည်။ သူ့ဘေးကလူအများ ဘာထင်မည်ကို အရေးမထား။ သူစိတ်မဝင်စားသူကို ဟန်ဆောင်၍မပေါင်းတတ်။ သူမကြိုက်လျှင် ဘွင်းဘွင်းပြောတတ်သည်။ ရာထူးနှင့်အနိုင်ကျင့်သည်ကို ခံပြင်းသူဖြစ်၏။ သို့သော် သူသည် စာပေဗဟုသုတကြွယ်ဝ၍ မှတ်ဉာဏ်လည်း အထူးကောင်းသည်။ ဝင်းဂိတ်နှင့် အနီးကပ်ပေါင်းမိသည့်အခါ သူ၏ အများနှင့်မတူ ထူးခြားသည့် စရိုက်လက္ခဏာများကပင် ခင်မင်ဖွယ်ရာဖြစ်သည်။ ကာလဒေသနှင့်လျော်ညီစွာ အခြားဗိုလ်ချုပ်များ ဆောင်းလေ့ရှိသော တောဆောင်းဦးထုပ်ကို မဆောင်းဘဲ ခေတ်ကုန်နေပြီဖြစ်သည့် ဖော့ဦးထုပ်ကိုမှဆောင်းသည်။ ကျွဲနို့ကို နေ့စဉ်သောက်သည်။ ကြက်သွန်ဥနီများကို အစိမ်းလိုက်စားလေ့ရှိသည်။ သူ့ပြောက်ကျားတပ်မဟာကို တရားဝင်အမည်အစား လူတိုင်း၏အာရုံကိုဆွဲဆောင်နိုင်ရန် မှတ်လွယ်၊ ခေါ်လွယ်ပြီး ဆွဲဆောင်မှုရှိသော ''ချင်းဒစ်''ဟူသော မြန်မာအခေါ် ''ခြင်္သေ့'' ကို အခြေခံသော အမည်ကို ကင်ပွန်းတပ်လိုက်သည်။ ဤအမည်ကို ဝင်းဂိတ်သည် ထိုစဉ်က မြန်မာအမျိုးသား စစ်အရာရှိများနှင့် တိုင်ပင်၍ ပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုကြသည်။

ဤအချိန်မှစ၍ ''ချင်းဒစ်''တပ်ဟူ၍ မြန်မာနိုင်ငံစစ်မျက်နှာတွင် ပေါ်ပေါက်လာခဲ့၏။ ၎င်း''ချင်းဒစ်''တပ်ကို ပထမ ဗြိတိသျှတပ်သား၊ အပျော်တမ်းတပ်သား ၃၀၀ နှင့် မြန်မာတိုင်းရင်းသား တပ်တစ်တပ်နှင့် စတင်ဖွဲ့စည်းခဲ့သည်။ ကမ္ဘာကျော်ဝင်းဂိတ်၏ ''ချင်းဒစ်''တပ်



ရန်ကုန်ထောင်ဘူးဝ

သည် ဂျပန်တို့သိမ်းပိုက်ထားသည့် မြန်မာနိုင်ငံအတွင်း မိုင်ပေါင်း ၇၀၀ ကျော် ထိုးဖောက်ဝင်ရောက်ခဲ့သည်။ ကမ္ဘာ့စစ်သမိုင်းတွင် အလွန်တွေ့ခဲသော စစ်ဆင်နည်းဖြစ်သည်ဟု ဆိုကြ၏။

''ချင်းဒစ်''တို့သည် ထူထပ်သော တောတောင်အထပ်ထပ်ကို ထွင်၍သွားရသည်။ လူသွားလမ်း ကျဉ်းကျဉ်းလေးကို တိုးကာဖွေကာ သည်းထန်သည့် မိုးကြားတွင် ပေါင် ၇၀ ကျော်လေးသော ကျောပိုးအိတ်ကို ပခုံးပြုတ်မတတ်လွယ်လျက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအကြားရှိ ပေ ၇၀၀၀ ကျော်မြင့်သော တောင်တန်းကြီးများကို ကျော်ဖြတ်ခဲ့ကြရသည်။ ထိုကာလက ဝင်းဂိတ်၏ ''ချင်းဒစ်''တို့၏တာဝန်မှာ မြစ်ကြီးနားအား ထိုးစစ်ဆင်နေသော အမေရိကန်ဗိုလ်ချုပ်ကြီး စတီးလ်ဝဲ ရင်ဆိုင်နေရသည့် ဂျပန်တပ်များအား နောက်မှ စစ်ကူပေးပို့နိုင်ခြင်း မပြုနိုင်ရန်နှင့် ထိုဒေသတွင် စခန်းအခိုင်အမာချထားသော ဂျပန်တပ်များအား အဆက်အသွယ်ဖြတ်ရန်ဖြစ်သည်။ မူလက ထိုစစ်ဆင်ရေး၏ စီမံချက်မှာ အင်းတော်နပ်အတွင်း ထိုးဖောက်ဝင်ရောက်စေရန်ဖြစ်သည်။ သို့သော် ထိုစီမံချက်ကို ပြင်ဆင်ခဲ့ကြရသည်။

www.burmeseclassic.com



ဗိုလ်ချုပ်ကြီး ဝင်းဂိတ်၏ ချင်းဒစ်တပ်များသည် နှစ်ကြိမ်တိုင်တိုင် အဝေးချီစစ်ဆင်ရေးကို ပြုလုပ်ခဲ့ကြရသည်။ ချီတက်ရာတွင် အသက်အကြီးဆုံးမှာ ၄၀ နှစ် သာရှိရမည်ဟု သတ်မှတ်ထားသော်လည်း အသက် ၄၀ ထက် ကျော်သူနှစ်ဦး ပါဝင်ခဲ့၏။ ထိုနှစ်ဦးမှာ ဝင်းဂိတ်နှင့် မြန်မာအမျိုးသား ဗိုလ်မှူး အောင်သင်း (နောင်အခါ ဗိုလ်မှူးချုပ်ဖြစ်ခဲ့သည်)တို့ ပါဝင်သည်။

ပထမအကြိမ်ချီတက်ရာတွင် တပ်မဟာတစ်ခုသာ ချီတက်သည်။ ဒုတိယအကြိမ်တွင်မူ ပိုမိုအင်အားကြီးမား၍ ရည်မှန်းချက်ကလည်း ပိုမိုမြင့်မားလာခဲ့သည်။ တပ်မဟာ ၆ ခု ပါဝင်လာခဲ့၏။ ဤကဲ့သို့ ချင်းဒစ်တပ်မဟာများ မြန်မာနိုင်ငံအတွင်းရှိ ဂျပန်တပ်များနောက်သို့ ထိုးဖောက်ဝင်ရောက်ခြင်းသတင်းအား နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ သတင်းမဂ္ဂဇင်းများတွင် ဖော်ပြခဲ့ကြပြီး ချင်းဒစ်တို့၏ စွမ်းရည်ကို နိုင်ငံတကာမှ စစ်ရေးအကဲခတ်သူများက တအံ့တသြဖြစ်ခဲ့ရသည်။

မှန်ပါသည်။ ချင်းဒစ်တို့သည် အနည်းဆုံး မိုင်ပေါင်း ၇၅၀ ချီတက်ခဲ့ရပြီး အများဆုံးမှာ မိုင် ၁၀၀၀ ကျော် ချီတက်ရသည်။ အများစုသည် အရိုးပေါ်အရေတင်၊ နံ ရိုးပြိုင်းပြိုင်းနှင့် ငှက်ဖျား၊ ထုံနာ၊ စိုနာရောဂါများ ရခဲ့ကြသည်။ သေဆုံးသူနှင့် ပျောက်ဆုံးသူ အများအပြား ရှိခဲ့သည်သာမက ဂျပန်တပ်မတော်မှ သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသူ အမြောက်အမြားရှိခဲ့သည်။ အကျိုးထူးသလောက် အကျအဆုံးများသော စစ်ဆင်ရေးဟု ဆိုကြသည်။ သို့သော် ဝင်းဂိတ်လိုက်ပါလာသော လေယာဉ် ရုတ်တရက် စက်ချွတ်ယွင်း၍ ပျက်ကျခဲ့သဖြင့် ဝင်းဂိတ် ကွယ်လွန်ခဲ့ရ၏။ ထို့နောက် ရက်ပေါင်းများစွာပင် ဗိုလ်ချုပ်ဝင်းဂိတ် ကွယ်လွန်သည့်သတင်းကို ထိပ်တန်းလျှို့ဝှက်တစ်ခုအဖြစ် ထားခဲ့သည်။ ချင်းဒစ်များအား မောင့်ဘက်တန်၏ စစ်ဌာနချုပ်မှ ရက်အတော် အသင့်ကြာသည်အထိ အမိန့်များ၊ ညွှန်ကြားချက်များကို ဝင်းဂိတ်အမည်ဖြင့် ဆက်လက်ပေးပို့ကြ၏။ ရက်အတော်ကြာမှ ဝင်းဂိတ်ကွယ်လွန်သွားကြောင်းကို လန်ဒန်မှ ကြေညာချက်ထုတ်ခဲ့သည်။

ချင်းဒစ်တို့သည် အနည်းဆုံး မိုင်ပေါင်း ၇၅၀ ချီတက်ခဲ့ရပြီး အများဆုံးမှာ မိုင် ၁၀၀၀ ကျော် ချီတက်ရသည်။ အများစုသည် အရိုးပေါ်အရေတင်၊ နံရိုးပြိုင်းပြိုင်းနှင့် ငှက်ဖျား၊ ထုံနာ၊ စိုနာရောဂါများ ရခဲ့ကြသည်။ သေဆုံးသူနှင့် ပျောက်ဆုံးသူ အများအပြားရှိခဲ့သည်သာမက ဂျပန်တပ်မတော်မှ သုံ့ပန်းအဖြစ် ဖမ်းဆီးရမိသူ အမြောက်အမြားရှိခဲ့သည်။ အကျိုးထူးသလောက် အကျအဆုံးများသော စစ်ဆင်ရေးဟု ဆိုကြသည် . . .

www.burmeseclassic.com



**ဗိုလ်ကြီးအဲလစ်(စ်)ဂစ်ဆင်၏ မှတ်တမ်းအရ ချင်းဒစ်သုံ့ပန်းပေါင်း ၆၀ ရှိသည်ဟုဆိုသည်။ မေမြို့(ပြင်ဦးလွင်)အကျဉ်းထောင်သို့ ရောက်သည်နှင့် ဂျပန်တို့၏ ရက်စက်မှုနှင့် လူသားမဆန်စွာ ပြုမူနှိပ်စက်မှုများ၏ဒဏ်ကို ချင်းဒစ်သုံ့ပန်းများအဖို့ စတင်ခံစားကြရသည်။ တောတွင်းကပင် ကျန်းမာရေး ချို့ယွင်းခဲ့ရသော ချင်းဒစ်သုံ့ပန်းတို့မှာ အကျဉ်းထောင်ရောက်သည်နှင့် စိတ်ချောက်ချားလွန်း၍ ...**

မည်သို့ပင်ဖြစ်စေကာမူ ဝင်းဂိတ်၏ ချင်းဒစ်တပ်များသည် တန်ဖိုးရှိသော မြေပြင်အနေအထားဆိုင်ရာ အချက်အလက်များကို ရရှိခဲ့ကြသည်။ ဂျပန်တို့၏ စစ်ရိက္ခာ သိုလှောင်ရုံများ၊ မီးရထားလမ်းများ၊ တံတားများကို ဖျက်ဆီးနိုင်ခဲ့၏။ ဂျပန်တပ်သား အများအပြားကိုလည်း သုတ်သင်နိုင်ခဲ့ပြီး ဂျပန်တို့အား သူတို့တိုက်ခိုက်သည့်နည်းဖြင့် တိုက်ခိုက်နိုင်သော စွမ်းအင်ရှိသည်ကို ပြသနိုင်ခဲ့သည်။

ဤစစ်ဆင်ရေးတွင် ဂျပန်တို့ ဖမ်းဆီးရမိသွားသော သုံ့ပန်းအများအပြားကို ဂျပန်တို့သည် ပထမတွင် ဗန်းမော်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော ချင်းဒစ်တပ်မဟာမှ ဗိုလ်ကြီးအဲလစ်(စ်)ဂစ်ဆင်နှင့် ရဲဘော်အချို့အား ဂျပန်ဘုရင့်တပ်မတော်မှ ဧရာဝတီမြစ်နှင့်ရွှေလီမြစ်အကြားတောတွင်းတစ်နေရာတွင် ဖမ်းဆီးရမိခြင်းဖြစ်၏။ ပထမတွင် သူတို့အား ကြိုးများ



ချင်းအိစ်
အကျဉ်းသားများ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ချည်နှောင်ထားခဲ့သော်လည်း အင်္ဂလိပ်ဘာသာစကား အတော်အသင့်ပြောတတ်သော ဂျပန်စစ်ဗိုလ်တစ်ဦးရောက်ရှိလာမှ စစ်သုံ့ပန်းအဖြစ် ကောင်းကောင်းမွန်မွန် ဆက်ဆံသည်ဟုဆိုသည်။ တောတွင်းစခန်းမှ ဗန်းမော်သို့ ပို့ဆောင်ခဲ့သည်။ ဗန်းမော်အကျဉ်းထောင်တွင် အခြားဖမ်းဆီးရမိထားသော ချင်းဒစ်သုံ့ပန်းများနှင့်အတူထားရှိပြီး နေ့စဉ်စုံစမ်းမေးမြန်းမှုများ ပြုခဲ့ကြသည်။

စစ်ဆေးသူအများမှာ ဂျပန်ဘုရင့်တပ်မတော်မှ ပညာတတ်အရာရှိများဖြစ်သဖြင့် ချင်းဒစ်တပ်မတော်မှ ဖမ်းဆီးရမိသော အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား ကောင်းကောင်းမွန်မွန် ဆက်ဆံခဲ့ကြသည်။ ဤသို့ဖြင့် ဗန်းမော်အကျဉ်းထောင်တွင် ရက်သတ္တပတ်လေးပတ်မျှ နေထိုင်ခဲ့ရပြီး ချင်းဒစ်သုံ့ပန်းများအား မေမြို့ (ပြင်ဦးလွင်)သို့ လှည်းတစ်တန်၊ လှေတစ်တန် အစောင့်အကြပ် တင်းတင်းကျပ်ကျပ်ဖြင့် ခရီးထွက်ခဲ့ကြရသည်။ ထိုကာလကမူ မဟာမိတ်စစ်လေယာဉ်များမှာ မြန်မာနိုင်ငံ၏ကောင်းကင်တွင် စိုးမိုးထားနိုင်ခဲ့ပြီဖြစ်ရကား သုံ့ပန်းများနှင့်ဂျပန်အစောင့်အရှောက်များလိုက်ပါသောအဖွဲ့သည်ညတွင်သာခရီးသွားခဲ့ကြရသည်။


ဗိုလ်ကြီး အဲလစ်(စ်)ဂစ်ဆင်၏ မှတ်တမ်းအရ ချင်းဒစ်သုံ့ပန်းပေါင်း ၆၀ ရှိသည်ဟုဆိုသည်။ မေမြို့(ပြင်ဦးလွင်)အကျဉ်းထောင်သို့ ရောက်သည်နှင့် ဂျပန်တို့၏ ရက်စက်မှုနှင့် လူသားမဆန်စွာ ပြုမူနှိပ်စက်မှုများ၏ ဒဏ်ကို ချင်းဒစ်သုံ့ပန်းများအဖို့ စတင်ခံစားကြရသည်။ တောတွင်းကပင် ကျန်းမာရေး ချို့ယွင်းခဲ့ရသော ချင်းဒစ်သုံ့ပန်းတို့မှာမေမြို့(ပြင်ဦးလွင်)အကျဉ်းထောင်ရောက်သည်နှင့် စိတ်ချောက်ချားလွန်း၍ မျက်နှာပုံပန်းများပျက်နေပြီဖြစ်၏။

ထိုစဉ်ကာလက ချင်းဒစ်အကျဉ်းသားများအား တစ်နေ့လျှင် အစားအသောက် နှစ်ကြိမ်သာကျွေးသည်။ နံနက်စာအဖြစ် ဆန်ပြုတ်နှင့် ဆားမပါသောပဲသီးဟင်း၊ ညစာ(စားချိန်ကို အတိအကျသတ်မှတ်ထားခြင်းမရှိ) ဆန်ပြုတ်နှင့် တစ်ခါတစ်ရံ ဟင်းသီးဟင်းရွက်ချိုချဉ်ဟင်း၊ သို့မဟုတ် ဖရုံသီးဟင်းများသာဖြစ်သည်။ ကျင်ကြီးကျင်ငယ်စွန့်ရန်အတွက် ဆီပုံးအလွတ်များ ထားပေးသည်။ အနံ့အသက်တို့မှာ လှိုင်လျက်ရှိသည်။ ချင်းဒစ်တို့မှာ နံနက်တန်းစီသည့်အချိန်မှ ညအိပ်ချိန်အထိ ဖက်ဆစ်ဂျပန်တို့၏ အကြောင်းရှာ၍ ပါးရိုက်သည့်ဒဏ်ကို ခံကြရသည်။ ရက်သတ္တပတ် သုံးပတ်ခန့်ကြာသည်နှင့် ချင်းဒစ်တို့အား လော်ရီကားကြီးတစ်စီးဖြင့် မန္တလေးဘူတာရုံကြီးသို့ ညအချိန် ခေါ်ဆောင်သွား၏။ ဤကဲ့သို့ ခေါ်ဆောင်သွားမည်ကို သတိပေး နှိုးဆော်ထားခြင်းမရှိခဲ့။ ချင်းဒစ်သုံ့ပန်းအချို့မှာ ခရီးသွားလာနိုင်ရန် အခြေအနေမပေးသူများပါသဖြင့် လော်ရီပေါ်သို့တက်ရန် ပင့်ချီပေးခဲ့ရ၏။ မန္တလေးဘူတာကြီးသို့ ရောက်သည်နှင့် အခြားစစ်သုံ့ပန်းများ၊ အခြားအကျဉ်းသားများကို တွေ့ရသည်။ ဤဘူတာကြီးသို့ ရောက်မှပင် အကျဉ်းသားအားလုံးအား ရန်ကုန်အကျဉ်းထောင်ကြီးသို့ ပို့မည်ဟု သတင်းရကြ၏။

အကျဉ်းသားအားလုံး လိုက်ပါရမည့်တွဲမှာ ကျွဲ၊ နွားတိရစ္ဆာန်များ တင်သောတွဲများဖြစ်သည်။ မီးရထားမှာ ဗြိတိသျှတို့၏ လေကြောင်းမှတိုက်ခိုက်မှုကို စိုးရိမ်ရသည့်အတွက် ညမှထွက်ရမည်ဖြစ်သည်။ ချင်းဒစ်များနှင့်အကျဉ်းသားများအား ဖက်ဆစ်ဂျပန်တို့သည် လူသားကုန်စည်များအဖြစ် သဘောထားကြဟန်ရှိရာ တိရစ္ဆာန်များတင်သောတွဲများပေါ်သို့ ရိုက်နှက်တက်စေကြသည်။ ချင်းဒစ်တို့ လိုက်ပါရမည့်တွဲပေါ်တွင် အခြားအကျဉ်းသားများအပါအဝင် လူ ၈၀ ခန့်ရှိ၏။ တွဲတံခါးပေါက်မှာ အမြင့်ကြီးဖောက်ထားပြီး သံဆူးကြိုးများဖြင့် ထပ်ကာထားသည်။ အကျဉ်းသားအားလုံးမှာ အသက်ရှူကျပ်ပြီး ချွေးပြန်နေကြသဖြင့် တစ်ယောက်ပြီးတစ်ယောက် အင်္ကျီများ ချွတ်နေကြရသည်။ တွဲထောင့်တစ်နေရာတွင် အလေးအပေါ့သွားရန် သံပုံးတစ်လုံးထားသည်။ ရထားတွဲအတွင်း နေရာကျပ်သဖြင့် ချင်းဒစ်သုံ့ပန်းတို့အဖို့ အလှည့်ကျထိုင်ကြ၍ အညောင်းဖြေကြရသည်။ အချို့ကမူ မတ်တတ်ရပ်နေကြရသည်။ လူတို့အဖို့ လောကငရဲကို စတင်ခံစားရခြင်းသာဖြစ်တော့သည်။ မတ်တတ်ရပ်နေသူများ၏ ချွေးသီးချွေးပေါက်များသည် ထိုင်နေသူများပေါ်သို့ တစက်စက်ကျနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အကျဉ်းထောင်အိပ်ဆောင်များ

ဗိုလ်ကြီး အဲလစ်(စ်)ဂစ်ဆင်အဖို့ မြန်မြန်မီးရထား ထွက်၍ ရက်တိုတိုနှင့် ရန်ကုန်ရောက်ရန် ဘုရားသခင်ထံ ဆုတောင်းရုံသာ ရှိတော့၏။ သူသည် မြန်မာနိုင်ငံသို့ ဒုတိယကမ္ဘာစစ်မီးကြီး ကူးစက်မလာခင်က ရောက်ခဲ့ဖူး၏။ ထိုစဉ်ကာလက ရန်ကုန်မြို့သည် မြန်မာနိုင်ငံ၏ အလှပဆုံးမြို့တော်ဟု တင်စားပြောကြသည်။ လူဦးရေမှာ သုံးသိန်းခန့်သာရှိသည်။ အိန္ဒိယအမျိုးသား လူဦးရေမှာ မြန်မာအမျိုးသားများထက် နှစ်ဆခန့်ရှိပြီး တရုတ်လူမျိုးနှင့် ဥရောပတိုက်သား အများအပြားလည်း နေထိုင်ကြ၏။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးမှာ မြို့တော်၏ ကျက်သရေဆောင်၊ အထွတ်အမြတ်ထားရာဖြစ်သည်။ ပူပြင်းခြောက်သွေ့သော နေရောင်တွင် ရွှေရောင်တဝင်းဝင်း တောက်ပြောင်ထွန်းပနေခြင်းကို ခရီးဝေးမိုင်များစွာမှ လှမ်း၍ဖူးမြော်နိုင်၏။ ရန်ကုန်မြို့၏ပဓာန အရေးအကြီးဆုံး၊ အသုံးအဝင်ဆုံးမှာ သဘော်ဆိပ်ပင်ဖြစ်သည်။ မြို့တော်၏ စီးပွားကုန်သွယ်ရေး အစိတ်အပိုင်းတည်ရာမှာ ဆိပ်ကမ်းနှင့် မီးရထားဘူတာကြီး အကြားတွင်ရှိသည်။ ထိုစဉ်က ရန်ကုန်မြို့တွင် ကော်မရှင်နာလမ်း(ယခု ဗိုလ်ချုပ်လမ်း)မှာ အထူးထင်ရှားသော လမ်းမကြီးဖြစ်၏။

ယင်းလမ်းမကြီးပေါ်တွင် ရန်ကုန်ထောင်ကြီး တည်ရှိသည်၊ အရုပ်ဆိုးဆိုးအဆောက်အအုံတို့နှင့် ပြည့်လျက်

**တစ်ချိန်က စံပြထောင်ဟု နာမည်ကြီးခဲ့သော ရန်ကုန်ထောင်ကြီးမှာ ညစ်ပတ်ပေရေခြင်း၊ အနံ့အသက် နံစော်စူးဝါးခြင်း၊ စိတ်ဓာတ်ကျဆင်းစေခြင်း၊ လူတို့၏ ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကို ဖြစ်စေတော့၏။ နာမကျန်းသူများ၏ ဒုက္ခ၊ အကျဉ်းအကျပ်နှင့် ဝေဒနာခံစားမှုများကိုပါ ငှိကာချဲ့၍ ရေးရမည်ဆိုလျှင် ကုန်ဆုံးနိုင်မည်မဟုတ်ပေ ...**

ရှိသည်။ ထိုစဉ်ကာလက နေမဝင်သော ဗြိတိသျှအင်ပါယာကြီးရှိ အကြီးမားဆုံးသော ထောင်ကြီးတို့တွင် တစ်ခုအပါအဝင်ဖြစ်သည်။ မှတ်တမ်းအရ ထိုထောင်ကြီးသည် အကျဉ်းသား ၃၀၀၀ မျှ ထားနိုင်သည်ဟု သိရ၏။ (စစ်အတွင်း ရန်ကုန်ထောင်ကြီး၏ ဓာတ်ပုံကို မိတ္တူကူးယူ ဖော်ပြထားပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တပတ် တစ်ပတ်ကျော် လောကငရဲခံစားရသော ချင်းဒစ်သုံ့ပန်းအပါအဝင် အကျဉ်းသားများသည် ၁၉၄၄ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိခဲ့သည်။ မီးရထားဆိုက်လျှင်ဆိုက်ချင်း စစ်သုံ့ပန်းအားလုံးအား ဘူတာကြီးမှ ရန်ကုန်ထောင်ကြီးဘူးဝ(ထိုစဉ်ကာလက ရန်ကုန်အကျဉ်းထောင်ကြီး၏ဘူးဝဓာတ်ပုံကို မိတ္တူကူးယူ ဖော်ပြထားပါသည်)အထိ ခြေကျင်ခေါ်ဆောင်သွားခဲ့သည်။ သုံ့ပန်းများ၏ ခန္ဓာကိုယ်များမှာ သနားစရာကောင်းလောက်အောင် ပုံပန်းစုတ်ချာ ယိုယွင်းလျက်ရှိကြရာ အချို့မှာ လမ်းကောင်းစွာ မလျှောက်နိုင်တော့။ ထိုအကျဉ်းသားများအား လိုက်ပါစောင့်ကြပ်သည့် ဂျပန်စစ်သားများက လမ်းလျှောက်ရာတွင် နှေးသည်ဟုဆိုကာ ရိုက်နှက်ခဲ့ကြသည်။

ချင်းဒစ်သုံ့ပန်းများအပါအဝင် အကျဉ်းသားများ အကျဉ်းထောင်ကြီး၏ဘူးဝအတွင်း ဝင်ရောက်ခဲ့ပြီးသည်နှင့် ထောင်ဘူးဝမှ တံခါးကြီးသည် ဂျိုင်းခနဲမြည်ဟည်း၍ ပိတ်သွားတော့၏။ ဗိုလ်ကြီး အဲလစ်(စ်)ဂစ်ဆင်တို့လူစုအား အမည်စာရင်း၊ ရာထူးအဆင့်အတန်းစသည်တို့အား စစ်ဆေးပြီး စက္ကူကတ်ပြားငယ်များ ထုတ်ပေးသည်။ ဗိုလ်ကြီး အဲလစ်(စ်)ဂစ်ဆင်၏ ကတ်ပြားပေါ်တွင် ၂၃၉ ဟူသော ဂဏန်းကို ကမ္ပည်းထိုးထားသည်။

စစ်သုံ့ပန်းများ တန်းစီနေစဉ် အကျဉ်းထောင်တာဝန်ခံအချို့က သုံ့ပန်းများအား ပါးရိုက်သူရိုက်၊ ကန်ကျောက်သူက ကန်ကျောက်နှင့် အကြောင်းမဲ့ ရက်စက်စွာ ပြုကြတော့၏။ ဤကဲ့သို့ နှိပ်စက်သူများတွင် လက်သံအပြောင်ဆုံးလူမှာ အရပ်ပုပု၊ ရွှေသွားများနှင့် ဒုတပ်ကြပ်ဖြစ်သည်။ သူသည် အကျဉ်းသားများအားလုံးအား ထိုးနှက်ကန်ကျောက်ခြင်း ပြုရသည်ကို မြိန်ရေရှက်ရေ ရှိဟန်ရှိသည်ဟုဆိုသည်။

ချင်းဒစ်စစ်သုံ့ပန်းအားလုံးအား အိပ်ဆောင်အမှတ်(၅)အောက်ထပ်တွင် နေရာချထားခဲ့သည်။ အကျဉ်းသားအားလုံးအား အိပ်ဆောင်စောင့် ဂျပန်စစ်သားများသည် နေ့ရောညပါ အနှောင့်အယှက်ပေးကြသည်။ တစ်ကြိမ်တွင် အစောင့်တာဝန်ထမ်းဆောင်ရသော ချင်းဒစ်စစ်သုံ့ပန်းနှစ်ဦးမှာ အိပ်ပျော်နေသည်ကို တွေ့ရသဖြင့် ၄င်းတို့နှစ်ဦးအား အပြင်သို့ဆွဲထုတ်ပြီး တစ်ဦးကိုတစ်ဦး ပါးပြင်ကို အပြန်အလှန် ရိုက်နှက်ခိုင်းသည်။ ရိုက်နေစဉ်မှာပင် တစ်ဦးမှာ မေ့လဲသွားတော့၏။

ချင်းဒစ်စစ်သုံ့ပန်းများအပါအဝင် အကျဉ်းသားများသည် ထောင်ကြီးအပြင်သို့ထွက်၍ နေ့စဉ်အလုပ်လုပ်ကြရသည်။ ရန်ကုန်ဆိပ်ကမ်းနှင့် ရန်ကုန်ဘူတာကြီးသို့သွား၍ ကုန်တင်ကုန်ချ ပြုလုပ်ရသည်သာမက တစ်ခါတစ်ရံ မင်္ဂလာဒုံလေယာဉ်ကွင်းသို့သွား၍ ရှင်းလင်းရေးများ ပြုလုပ်ရသည်။ တစ်ခါတစ်ရံ ရန်ကုန်မြို့တွင်းရှိ မဟာမိတ်တို့၏ဗုံးဒဏ်ကြောင့်ပျက်စီးခဲ့သော အဆောက်အအုံများကို ရှင်းလင်းကြရသည်။ သုံ့ပန်းအများမှာ နေပူပူတွင် အဆောင်းမပါ၊ ဖိနပ်မပါ ဗလာနတ္ထိဖြင့် သွားလာလှုပ်ရှားကြရ၏။ အစားအသောက်မှာလည်း ဆန်ပြုတ်နှင့် ဟင်းရွက်ပြုတ်များသာဖြစ်သည်။ ထိုစဉ်တစ်ချိန်က စံပြထောင်ဟု နာမည်ကြီးခဲ့သော ရန်ကုန်ထောင်ကြီးမှာ ညစ်ပတ်ပေရေခြင်း၊ အနံ့အသက်နံစော်စူးဝါးခြင်း၊ စိတ်ဓာတ်ကျဆင်းစေခြင်း၊ လူတို့၏ဂုဏ်သိက္ခာကျဆင်းစေခြင်းတို့ကို ဖြစ်စေတော့၏။ နာမကျန်းသူများ၏ ဒုက္ခ၊ အကျဉ်းအကျပ်နှင့် ဝေဒနာခံစားမှုများကိုပါ ဋီကာချဲ့၍ ရေးရမည်ဆိုလျှင် ကုန်ဆုံးနိုင်မည်မဟုတ်ပေ။ ရန်ကုန်အကျဉ်းထောင်ကြီး၏ လောကငရဲခန်းများအား နောင်အခါ ထိုစဉ်က အကျဉ်းခံခဲ့ရသော မဟာမိတ်စစ်သုံ့ပန်းများက စာတစ်စောင်ပေတစ်ဖွဲ့ ရေးခဲ့ကြသည်။

မဟာမိတ်တို့ ရန်ကုန်မြို့အားသိမ်းပိုက်ခဲ့ပြီး ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက် (မေဒေးနေ့)တွင် ချင်းဒစ်စစ်သုံ့ပန်းများအပါအဝင် မဟာမိတ်သုံ့ပန်းအားလုံးအား ရန်ကုန်ထောင်ကြီးမှ ကယ်တင်ခဲ့ကြသည်ဟု ဆိုကြပါကြောင်း။ ။

လှမိုး (ပညာရေး)

www.burmeseclassic.com

www.burmeseclassic.com





ယခုအခါ နယ်ဒေသများ၌ မော်တော်ဆိုင်ကယ်အသုံးပြုသူများလာ၍ ဦးဇော်ထွန်းမှာ လက်ရှိစက်ဘီးပြင်ဆိုင်လေးကို တိုးချဲ့ကာ စက်ဘီးနှင့် ဆိုင်ကယ်အပိုပစ္စည်းဆိုင်လေးအဖြစ် ချဲ့ထွင်လိုက်သည်။

"အစ်ကိုရယ်....တပည့်တစ်ဦးတော့ ထပ်လိုမှာနော်"

"အေးကွာ၊ အောင်စကြာရပ်ကွက်ဘက်က ကောင်လေးတစ်ယောက်တော့ရမှာ"

သို့ဖြင့် နောက်နှစ်ရက်ခန့်အကြာတွင် 'ဖိုးစီ'ဟူသော ကောင်လေးတစ်ယောက် ရောက်လာသည်။

"မင်းအသက် ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော့်အသက် ဆယ့်ခုနစ်နှစ်ပါ"

"အတန်းပညာရော"

"ကျွန်တော် ဆယ်တန်းကျတာနှစ်ခါရှိပြီ၊ ကျောင်းလည်းဆက်မတက်နိုင်တော့လို့ပါ"

"အေးလေ၊ ပညာမဖြစ်ထွန်းရင်လည်း အတတ်ပညာတစ်ခုခုရအောင်ယူပေါ့ကွ"

စိတ်ရင်းကောင်းသော အလုပ်ရှင် ဦးဇော်ထွန်းက ကရုဏာတရားဖြင့် ဖျောင်းဖျဆက်ဆံလေ့ရှိသည်။

ဖိုးစီမှာ အကင်းပါး၍ ရိုးသားကြိုးစားသည်။ အလုပ်ရှင်လင်မယားနှစ်ယောက်စလုံးက ပညာတတ်များဖြစ်သည့်အပြင် စိတ်သဘောကောင်း၍ ဖိုးစီမှာ အိမ်သားတစ်ဦးသဖွယ်နေရထိုင်ရသည်။ ကြာသော်အလုပ်သမားတစ်ဦးမှာ အလုပ်ထွက်သွား၍ ဖိုးစီသာလျှင် တစ်ဆိုင်လုံးကို အုပ်အုပ်ထိန်းထိန်း စီမံလုပ်ကိုင်နေရသည်။

အခြေခံလူတန်းစားရပ်ကွက်ငယ်လေးအတွင်း၌ ဆိုင်ဖွင့်ထားခြင်းဖြစ်၍ နေ့ခင်းနေ့လယ်အချိန် ဖိုးစီထံသို့ လူငယ်လေးများ လာ၍လည်ပတ်လေ့ရှိသည်။

"ဟေ့ကောင်.....ဖိုးစီ"

"ဗျာ....."

"မင်း လခဘယ်လောက်ရသလဲ"

"လေးသောင်းခွဲရတယ်"

"စရိတ်ငြိမ်းပေါ့"

"အင်း"

"ဘယ်ကိုက်မလဲကွ"

"ဘာကိုပြောတာလဲ"

"မင်းက တုံးပဲကွ"

"ဟ.....ဘာတုံးလို့လဲ"

"မသိသူကျော်သွား သိသူဖော်စားတဲ့"

"ဘာပြောတာလဲ"

"အဲဒါပေါ့ကွာ၊ မင်းနေရာမှာ ငါရှိရင် ခြံတို့အိမ်တို့တောင်ရနေပြီ"

"မင်းဆိုလိုတာက ငါက ခိုးရမယ်ပေါ့"

"ခိုးပါလို့တော့ မပြောပါဘူး၊ စည်းလွတ်ဘောင်လွတ်ထဲက လုပ်ရတဲ့အပိုင်းတွေ အများကြီးပါကွာ"

"အလုပ်ရှင်က ငါ့အပေါ် ကောင်းတယ်ကွ"

"မင်းကွာ ဒီလိုပဲ ကျွန်ခံနေမှာလား"

'ကျွန်'ဆိုသောစကားကြောင့် ဖိုးစီမှာ ထိုလူငယ်အား မျက်လုံးအပြူးသားဖြင့် ကြည့်နေမိသည်။

တစ်ရက်ပြီးတစ်ရက် ပုံမှန်လာနေသော မိတ်ဆွေတို့ထဲမှ သူ့အားမြှောက်ထိုးပင့်ကော်လုပ်သောသူများကြောင့် ရိုးသားသော ဖိုးစီမှာ စိတ်ပြောင်းလဲမှုလေးများ စတင်လာသည်။ ဆိုင်ရှင်မသိဟု ယူဆကာ ဖောက်ပြန်သော အလုပ်ကလေးများလုပ်လာသည်။ မြက်မြက်ကလေးရသည့်နေ့ ရလာသည်။ အဝတ်အစားသစ်ကလေးများ၊ နာရီသစ်လေးများ ဝယ်လာနိုင်သည်။

"အစ်ကိုရေ အစ်ကို့တပည့် ချည်းပဲ လွှတ်မထားနဲ့ဦး၊ တခြားလေးဘာလေး စစ်ဦးတော့၊ ကျွန်မတော့ ဖိုးစီကြည့်ရတာ အရင်လိုမဟုတ်ဘူး"

တပည့်ကိုယုံလွန်းသော ဦးဇော်ထွန်းမှာ မပြောရက်သေး၊ အလိုက်သင့်သာ ကြည့်နေသည်။ ကြာသော် ပစ္စည်းလေးများပင် ပျောက်လာတတ်သည်။ လိမ်းလွှဲပြောဆိုမှုဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်ကို လှမ်းတတ်လာသည်။ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြောဆိုတတ်လာသည်။ မကြာမီ ကိုယ်မွေးသည့်မျောက် ကိုယ့်ပြန်ခြောက်လာသည်။ သို့သော် လုပ်ငန်းကျွမ်းကျင်မှု ရှိနေပြီဖြစ်သော ဖိုးစီအား အခြားအလုပ်သမားနှင့် ချက်ချင်းအစားထိုးရန် မဖြစ်နိုင်။ သို့ဖြစ်၍ သည်းခံနေရရှာသည်။

တစ်နေ့သော မိုးချုပ်စတွင် ဆိုင်သိမ်းအပြီး လုပ်ခကို ကြိုတင်တောင်းလေတော့သည်။

"မင်းဘာလုပ်မလို့လဲကွ"

"ကျွန်တော့်အမေ မမာလို့ ဆေးခန်းပြမလို့ပါ၊ နှစ်သောင်းလောက် ကြိုပေးပါ ဦးရယ်"

"ကဲ...ကဲ မင်းအမေ မမာဘူး ဆိုလို့သာ ကြိုထုတ်ပေးရမှာ"

ဦးဇော်ထွန်းမှာ သံသယမျက်လုံးများဖြင့် ကြည့်နေရင်း ဖိုးစီအား ငွေကျပ်နှစ်သောင်း ထုတ်ပေးလိုက်သည်။

နောက်တစ်နေ့နံနက် ဆိုင်ဖွင့်ချိန် ဖိုးစီရောက်မလာပါ။ နောက်တစ်ရက်ကြာလည်း ရောက်မလာသေး။ နောက်တစ်နေ့နံနက်တွင် ဆိုင်သို့ သူ၏မိဘများ လိုက်လာကြသည်။

"ဟင်..ခင်ဗျားတို့သားက ခင်ဗျားတို့အိမ်မှာ မရှိဘူး ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဦးဇော်ထွန်းတို့ဆိုင်ကသိမ်းပြီး ပြန်လာတဲ့ည ငွေတစ်သောင်းတောင်းသွားတယ်"

"ဗျာ...ကျုပ်ဆီကလည်း ငွေနှစ်သောင်းကြိုပြီးထုတ်သွားတယ်၊ ဘယ်သွားတာလဲ"

"ကျွန်တော်တို့လည်း မသိပါဘူး၊ သူနဲ့အတူ ကောင်လေးနှစ်ဦးပါသွားတယ်တဲ့ဗျ"

"ဟင်...ဘယ်သူတွေပါလိမ့်"

ထိုစဉ် ဆိုင်ထဲသို့ အနီးအနားဆိုင်မှ ဦးသောကြာမှာ ဝင်လာသည်။

"အဲဒီညမှာ ဆိုင်ရှေ့က ကွပ်ပျစ်မှာ ကောင်မလေးသုံးဦးနဲ့ ကောင်လေးသုံးဦးတွေ့တယ်၊ မူးယစ်သောက်စားပြီး ဆူညံနေတာပဲ၊ မိုးချုပ်တော့ ကျုပ်လည်း ပြန်လာခဲ့တာပဲ၊ သူတို့ ရှိ၊ မရှိတော့ မသိဘူး"

"ဟင်.....ဒုက္ခပါပဲ"

မိခင်လုပ်သူမှာ မာမာကျန်းကျန်းကြီးဖြင့် သားအတွက်သာ ပူပင်သောက ရောက်နေရှာသည်။



မိခင်နှင့်ဖခင်တို့မှာ ပြန်သွားပြီး မကြာမီ သတင်းတစ်ခု ကြားလိုက်ရသည်။

"ဆရာရေ ဖိုးစီတို့ကို ကဒုံရဲစခန်းက ထိန်းသိမ်းထားတယ်တဲ့ဗျ"

"ဟင်...ဘာဖြစ်လို့ စခန်းကို ရောက်နေကြ တာလဲ"

"ကောင်မလေးတစ်ယောက်က တိုင်လို့တဲ့ဗျ"

"ဟယ် ... ဒီကောင်တော့ ဒုက္ခပဲ"

ဦးဇော်ထွန်းမှာ ဖိုးစီကို သံယောဇဉ်ရှိသူဖြစ်၍ ညအချိန် အိပ်မက်ပင် မက်နေမိသည်။ ဖိုးစီ ဒုက္ခရောက်နေပြီဖြစ်ကြောင်း သူသိလိုက်သည်။

"မိန်းမရေ....."

"ရှင်.....အစ်ကို"

"ညကကွာ အိပ်မက်ထဲမှာ ဖိုးစီက ငါ့ကို ခေါ်လိုက်သံကြီးကြားလိုက်ပြီး ငါလန့်နိုးလာတာ၊ ဒီကောင် ဒုက္ခတွေ့နေပြီထင်တယ်"

"မလိမ္မာတဲ့ကောင် တွေ့မှာပေါ့ရှင့်"

နောက်တစ်ရက်ခန့်အကြာ ဆိုင်သို့ လူတစ်ဦးဝင်လာသည်။

"ဆရာရေ ဖိုးစီပြန်လာပြီတဲ့ဗျ"

"ဟေ..တော်သေးတာပေါ့ကွာ"

ညနေပိုင်းတွင် ဖိုးစီမှာ ဆိုင်သို့ရောက်လာသည်။ လေး

www.burmeseclassic.com

ရက်အတွင်း မည်မျှဒုက္ခရောက်ခဲ့သည်မသိ။ ပိန်၍ မည်းခြောက်နေသည်။

"ဆရာရယ် ကျွန်တော် မိုက်မိခဲ့ပါတယ်ဗျာ၊ ကျွန်တော့်ကိုအလုပ်မထုတ်ပါနဲ့နော်"

"ဟာကွာ မင်းလိမ်လိမ်မာမာနဲ့ ပြန်လုပ်မယ်ဆိုရင် မဖြုတ်ပါဘူးကွာ"

"ဒါပေမဲ့ ဆရာ"

"ဟင်.....ဘာဒါပေမဲ့လဲ"

"ကျွန်တော် အမှုရင်ဆိုင်ရဦးမှာ ဆရာရဲ့"

"ဘာအမှုလဲ"

"မုဒိမ်းမှုဖြစ်ချင်ဖြစ်မှာ"

"ဟေ....."

ဦးဇော်ထွန်းမှာ ဖိုးစီကိုကြည့်ရင်း ထိတ်လန့်သွားသည်။

မှန်ပါသည်။ ဖိုးစီမှာအပေါင်းအသင်းများ၍ လှမျိုး၊ ကံလှဟူသော အလုပ်အကိုင်မဲ့ လူဆိုးလေးနှစ်ဦးနှင့် ပေါင်းမိရာက ဒုက္ခတွေ့နေရသည်။ မိမိဒုက္ခတွေ့ပုံကို ဦးဇော်ထွန်းအား အားကိုးအားထား ပြောပြလေတော့သည်။

"ဖြစ်ပုံက ဒီလိုပါ ဆရာရယ်"

+ + +

"ဟော့ကောင်.....ဖိုးစီ"

"ဟေ...ကံလှနဲ့ လှမျိုးတို့ပါလား"

"မင်း ဆိုင်ကိုပိတ်၊ စောစောသိမ်းကွာ၊ တို့ အကြံအဖန်ရှိတယ်ကွ"

"ဘာအကြံလဲကွ"

"ကောင်မလေးတွေနဲ့ ချိန်းထားတယ်၊ တစ်ပွဲကမင်းအတွက်၊ လှလှလေးပါကွာ၊ ငွေတော့ပါရမှာနော်"

"ဟာ..ငါ့မှာ ချစ်သူရှိပါတယ်ကွ၊ ငါ့ညီမ နှစ်ဝမ်းသုံးဝမ်းကွဲလောက်ရှိမယ်၊ သူနဲ့ငါက ကြီးရင်လက်ထပ်ဖို့ ကတိပေးထားတယ်ကွ"

"ဟာ....မင်းကန္တားပဲ၊ ကြိုးချည်ထားလို့လား၊ ယောကျ်ားဆိုတာ မလုပ်ဖူးတဲ့အရာမရှိအောင် သင်ယူထားရတယ်ကွ၊ မင်း မိန်းမကျမ်းကျေမှ အိမ်ထောင်ရေးမှာ အဆင်ပြေမှာ၊ ပထမသင်ခန်းစာပေးမှာမို့ မင်း ငါ့စကားနားထောင်ကွာ"

ကံလှနှင့်လှမျိုးမှာ မကောင်းမှုကို ယဉ်ပါးနေသူများဖြစ်၍ ဖိုးစီကဲ့သို့သော လူရိုးကို မဆွယ်နေသည်။ အကြောင်းမှာ ဖိုးစီက ငွေဖန်လို့လွယ်သည်။ ဖိုးစီကို ကပ်နိုင်ပါမှ မိမိတို့ အလုပ်ဖြစ်မည်။ ထိုအကြံကြောင့် ဖိုးစီကို မရမက နှူးနေကြခြင်းဖြစ်သည်။

လေလွင့်လူငယ်လေးများကို ကျွမ်းဝင်ပြီးနေသော ဖိုးစီမှာ အားတုံ့အားနာဖြင့် လက်ခံလိုက်သည်။ ထိုည ဤစက်ဘီးဆိုင်လေးထဲ၌ အမှောင်ရိပ်တွင် အပျော်ကြိုက်လူမိုက်ကလေးများ အပျော်ညကို ကပွဲဆင်ခဲ့ကြသည်။

"ကဲ....ရှင်တို့ကိစ္စပြီးရင် ငွေရှင်းတော့"

နံနက်စောစော ၄ နာရီထိုးသည်နှင့် မိန်းကလေးများက ငွေတောင်းလေတော့သည်။

"ရော့....ငါးထောင်စီ"

"အို..ရှင်တို့အတွက် တစ်ညလုံး ဖျော်ဖြေရတာ ငါးထောင်နဲ့မရဘူး၊ တစ်သောင်းပေးမယ်ဆိုလို့ လိုက်ခဲ့တာလေ"

"ဈေးလျှော့ပါဟယ်၊ တို့ကငွေမပါလို့ပါ"

"ဟင်း..ဒီဈေးနဲ့ပဲ လိုက်လေ့ရှိတာ၊ မရဘူး၊ ပေးရမယ်"

ကံလှတို့မှာ မျက်ခုံးမွေးပေါ် စင်္ကြံလျှောက်လေ့ရှိသူဖြစ်၍ တဒင်္ဂအတွင်း အကြံထုတ်လေသည်။

"ဟာ..ငါသိပြီ ဖိုးစီ၊ မင်းက ဒီကောင်မလေးခေါ်သွား၊ ငါတို့က ဒီကောင်မလေးနှစ်ယောက်နဲ့ လိုက်ခဲ့မယ်၊ ကဒုံကျမှ ငွေရှင်းပေးလိုက်ကွာ၊ မင်းအဘွားကြီးက ကဒုံမှာ နေတာမဟုတ်လား၊ မင်းအခုမနက်သွားလိုက်၊ နင်တို့လည်းကဒုံကို လိုက်လည်ပေါ့ဟာ၊ အခု တစ်သောင်းယူထား၊ ကဒုံကျရင် ဖိုးစီအဘွားကို တောင်းပေးမယ်၊ အဘွားကြီးက သဘောကောင်းတယ်၊ တို့လူငယ်တွေစုပြီး အလည်လာကြတာဆိုရင် ဝမ်းသာမှာ"

ကံလှ၏အကြံမှာ သင်္ဘောအရောက်လိုမ့်၍ ကောင်မလေးနှစ်ဦးကိုထားကာ ပြေးမည်။ ဖိုးစီကို တရားခံလုပ်ကာ လှည့်ပတ်ထွက်သွားရန် ကြံလိုက်ခြင်းဖြစ်သည်။ ဖိုးစီမှာ ယောင်နနဖြင့် ကောင်မလေးတစ်ဦးကိုခေါ်ကာ ကဒုံသင်္ဘောပေါ်သို့ ကောင်မလေးသုံးဦးနှင့် တက်လာခဲ့သည်။ ကံလှနှင့် လှမျိုးမှာ

www.burmeseclassic.com

www.burmeseclassic.com

သဘော်ာပေါ်မတက်သေးဘဲ မုန့်သွားဝယ်မည်ဆိုပြီး ထွက်သွားကြသည်။

"ဒီကောင်တွေ မုန့်ဝယ်ဖို့သွားတာ ကြာလိုက်တာ"

မိန်းကလေးထဲမှ အကြီးဆုံးမိန်းကလေးက မယုံသင်္ကာဖြစ်လာသည်။

"ကဲ...သဘော်ာထွက်ခါနီးပြီ၊ ကျွန်မတို့ ကျန်ခဲ့မယ်၊ ရှင် ငါးထောင်ထပ်ပေးလိုက်ရင် ကျွန်မတို့ ကျေနပ်မှာ၊ မလိုက်တော့ဘူး"

ကောင်မလေးနှစ်ဦးမှာ ဖိုးစီ၏ ကောင်မလေး အိမ်သာသွားခိုက် ငွေငါးထောင်ထပ်၍တောင်းကာ ဆင်းကျန်ရစ်ခဲ့သည်။

"ဟင် .. ဟိုအစ်မနှစ်ယောက်ရော"

"သူတို့ကျန်ခဲ့ပြီ၊ သဘော်ာလည်း ထွက်နေပြီ၊ မင်းတော့ဒုက္ခပဲ၊ မင်းပါလိုက်သွားရမှာ"

"ကျွန်မက ငွေငါးထောင်မပြောနဲ့၊ တစ်ပြားမှမရသေးတာ"

"ဟင်....မင်းကိုမပေးကြသေးဘူးလား"

"ဟင့်အင်း၊ သူတို့ချည်းတောင်းပြီး ဆင်းသွားပြီ"

"ဟိုက်..ကတုံးပေါ်ထိပ်ကွက်ဆိုတာ ဒါမျိုးပါလား"

ဖိုးစီမှာ မိမိရော ကောင်မလေးပါ တစ်ပတ်ရိုက်ခံလိုက်ရပြီကို သဘော်ာထွက်မှ သိလေတော့သည်။

ကဒ့်သို့ရောက်လာသည်နှင့် ဖိုးစီမှာ တုန်လှုပ်နေမိသည်။

"မင်းကို ငါ့အဘွားဆီ ခေါ်သွားလို့ မဖြစ်ဘူး"

"ဟင်....ရှင်က အခုမှ ဘာစကားပြောတာလဲ"

"မင်းနဲ့ငါနှစ်ဦးတည်းကို ဟိုကောင်တွေပါရင် သံသယမဖြစ်နိုင်ဘူး၊ မင်းနဲ့ငါ နှစ်ယောက်တည်းဆိုရင် အဘွားက ဘယ်ယုံမလဲ"

"မယုံလည်း ကိစ္စမရှိဘူး၊ ရှင်နဲ့ကျွန်မ ညက ညားပြီးနေပြီပဲ"

"ဟာ....ဒါက ဟို....ဟို"

"ဟိုဟိုမလုပ်နဲ့၊ ရှင်ကျွန်မကို ငွေငါးသောင်းပေးရင်ပေး၊ မပေးရင် ရှင်ကျွန်မကို ယူရမယ်"

"ဘာ....."

ဖိုးစီမှာ လုံးဝအခက်ကြုံရပါတော့သည်။ ခေါင်းကိုမိုးကြိုးပစ်လိုက်သည့်အလား ကောင်မလေး၏ စကားကြောင့် တုန်လှုပ်ချောက်ချားသွားသည်။

"မင်းကို ငွေတစ်သောင်းပေးရင် ပြီးပြီမို့ မင်း ကျေကျေနပ်နပ် လိုက်ခဲ့တာမဟုတ်လား"

"ဟင့်အင်း၊ ပြန်လည်းမပြန်ရဲဘူး၊ ပြန်ရင် အိမ်ကဆူမှာ၊ ရှင့်နောက်ကို အပြီးလိုက်ဖို့ စိတ်ကူးလိုက်ပြီ"

"အမယ်လေး..ဘုရား ကယ်ပါ"

ဖိုးစီမှာ အော်၍ပင် ငိုလိုက်ချင်ပါတော့သည်။ အပျော်ဆိုသည် ဘယ်မှာလဲ။ အပျော်တဒင်္ဂအတွက် တစ်ဘဝစာ ဒုက္ခတွေ့ရတော့မည်။

"ဒီမှာ မင်းလိုမိန်းကလေးမျိုးကို ငါဘယ်လိုလုပ် ယူရဲမှာလဲ၊ ငါ့မှာယူဖို့ ချစ်သူရှိပြီးသား"

"ဩော်....မိန်းမချင်းအတူတူပဲ၊ ရှင်စော်ကားပြီးတဲ့ ကျွန်မကရော မနစ်နာတော့ဘူးတဲ့လား၊ မိန်းမဆိုတာ နူနူဝဲဝဲ တကယ်စကားပွဲဖြစ်လာရင် ကြေးကြီးတယ်ရှင့်"

"ဟာ....မင်းကိုကွာ ငါပြောလိုက်ရ"

"ဟုတ်ပါတယ်၊ ကျွန်မဘဝက အသွေးအသားတွေရောင်းစားတဲ့ မိန်းမပျက်မလို့ ရှင်ဆိုမှာမဟုတ်လား"

"ဟုတ်တယ်"

"ပျက်အစဉ် ပြင်ခဏပါရှင်၊ ရှင့်လိုလင်ကောင်းသားကောင်းရရင် အရင်အလုပ်တွေစွန့်ဖို့ ဝန်မလေးပါဘူးရှင့်"

"တော်စမ်းကွာ၊ မင်းပါးစပ်ပိတ်ထားစမ်း၊ နင့်ကိုပါ သတ်မိလိမ့်မယ်"

"မဆန်းပါဘူး၊ မိန်းမတွေနဲ့ပျော်၊ ပျော်ပြီးငွေမတတ်နိုင်လို့ ငွေမပေးချင်လို့ အားနွဲ့တဲ့ မိန်းကလေးတွေကို ညှဉ်းပန်းသတ်ပစ်တဲ့မှုခင်းတွေ တစ်ပုံကြီးပါပဲ"

"မင်း တော်တော်တတ်တဲ့ မိန်းမပဲ"

"ရှင် သဘော်ာကပ်ပြီ၊ စဉ်းစားနော်၊ ကျွန်မက လိုက်မှာ"

"ကဲ..ငါအိမ်သာတက်ဦးမယ်၊ သဘော်ာမဆိုက်ခင် အိမ်သာတက်ချင်လွန်းလို့"

ဖိုးစီမှာ ကြံရာမရဖြစ်ပြီး ဥပါယ်တံမျဉ်ဖြင့် အိမ်သာဘက်သို့ ခြေထွက်ခဲ့သည်။

သဘော်ာကြီးကား တဒီးဒီးဖြင့်

www.burmeseclassic.com

www.burmeseclassic.com





ဆိပ်ကမ်းသို့ ကပ်နေပြီဖြစ်သည်။ ကောင်မလေးမှာ မယုံသဖြင့် အိမ်သာဘက်သို့ လိုက်လာသည်။ ဖိုးစီမှာ အိမ်သာကိုဝင်မလိုလိုလုပ်ပြီး လက်ရန်းဘေးမှ ရေထဲသို့ တစ်ဟုန်ထိုး ခုန်ဆင်းလိုက်သည်။

''လာကြပါဦးရှင်၊ ကျွန်မဆွဲကြိုးကို ဖြတ်လုပြီး ရေထဲခုန်ဆင်းသွားပြီ၊ လုပ်ကြပါဦးရှင်''

ကောင်မလေး၏အော်သံကြောင့် သင်္ဘောပေါ်မှ တာဝန်ကျနေသော ရဲတပ်ဖွဲ့ဝင်များက ရေထဲသို့ ခုန်ဆင်းသွားသော ဖိုးစီအား ပဲ့ထောင်ဖြင့် လိုက်ဖမ်းလေတော့သည်။

+ + +

''အဲဒါပါပဲ ဆရာရယ်၊ ကဒံ့စခန်းလည်းရောက်ရော ကောင်မလေးက သူ့ကိုပေါင်းပြီး မယူချင်လို့ ရေထဲခုန်ချကြောင်း၊ သူအော်လိုက်ရတာက ရဲတွေဖမ်းပေးဖို့ လုပ်ကြံအော်ရတဲ့အကြောင်း အစစ်ခံတော့ အမှုမှန်ပေါ်တော့တာပေါ့ဗျာ''

''ကောင်မလေးကျေနပ်အောင် လုပ်ပေးလိုက်ရင်ရော''

''ကောင်မလေးကျေနပ်အောင် လုပ်ပေးလိုက်ရရင် ကျွန်တော်ယူရမှာဗျ''

''ဟေ..ဒုက္ခပါပဲကွာ၊ မင်းဒီလို မိန်းကလေးယူမှတော့ မင်းသက်ဆိုးရှည်ပါ့မလားကွာ''

''ဗျာ....ဘယ်လို''

''ဩော်...မိန်းမပျက်တွေမှာ အေအိုင်ဒီအက်စ်ပိုးတွေနဲ့၊ မင်းက ပေါင်းပြီးပြီဆိုတော့ မင်းကိုယ်ထဲမှာ သွေးမှသန့်ပါတော့မလား ဖိုးစီရယ်''

''အမယ်လေးဗျာ သူ့ကိုယူပြီး ကလေးဘယ်လိုမွေးရမလဲဗျ၊ မှားပါပြီဗျာ၊ လဲသာသေချင်တော့တာပဲဗျာ''

''သိပ်လည်းမစိုးရိမ်ပါနဲ့ကွာ၊ သူက ဘယ်လိုပြောပြော သက်သေကံလှနဲ့လှမျိုးတို့က ဈေးပေးခေါ်လာတာပဲ၊ ကောင်မလေးလည်း အရေးယူခံရမှာပါ၊ မင်းက လွတ်မှာပါ၊ လွတ်ပေမယ့် မလွတ်တဲ့အကြောင်းကရှိတော့ ဒုက္ခပဲ''

''မလွတ်တာ ဘာလဲဆရာ''

''ဩော်...ပြောပြီးပြီလေ၊ သူနဲ့ မင်းက လွတ်ခဲ့လို့လား''

''ဟင့်အင်း''

''အဲဒီမလွတ်တဲ့လောကဘုံက ငရဲခန်းကို လောကအပျော်ဘုံလို့ ထင်တဲ့ မင်းတို့လိုလူငယ်တွေ မသိလေရော့သလားကွာ''

''မသိပါဘူး ဆရာရယ်၊ တစ်ညလုံး မူးယစ်နေကြတာ''

''အဲဒါဆိုးတာပေါ့၊ မူးယစ်တော့ အသိစိတ်က ပိုပျောက်ပြီ''

''ဆရာရယ် ကယ်ပါဦးဗျာ၊ ကျွန်တော့်ချစ်သူလေးကို ကျွန်တော် မယူရဲတော့လောက်အောင် ခံစားနေရပြီဗျ''

''ကဲ...ကဲ ငိုမနေနဲ့၊ နောင်တဆိုတာ စောစောကတည်းကရရင် အကောင်းသား၊ နောက်ဆုတ်လို့မရတဲ့ နောင်တကြီး ရှေ့ဆက်လည်း ပိုဆိုးမှာ''

''ကျွန်တော် သေချင်တယ်ဗျာ''

''အမှုတွေရင်ဆိုင်ဖြေရှင်းလိုက်ဦး၊ မင်းအခုလို အာမခံရတာပဲ ကျေးဇူးတင်''

''ကျွန်တော် လူရိုးလူကောင်းပါ ဆရာရယ်''

''မင်းက ရိုးသားပါတယ်၊ ဒါပေမဲ့ မင်းက ငါ့ကျေးဇူးကိုတော့ ဖောက်ပြန်ခဲ့တဲ့ကောင်ပဲ၊ ဒါ့ကြောင့် သူ၏ ကျေးဇူးမထိမ်မြူးနှင့်၊ ထိမ်မြူးသောသူ မီးလိုပူ၏တဲ့၊ မင်းသာ ရိုးရိုးသားသားနဲ့ မှန်မှန်ကန်ကန် ကျင့်ကြံနေခဲ့ရင် လူပေါင်းမမှားဘူးပေါ့ကွာ''

''မှားပါပြီဆရာရယ်၊ အခုတော့လေ ကျွန်တော့်ဘဝဟာ သတိလက်လွတ် ငှက်တောင်ကျွတ်ရတဲ့ ဘဝမျိုး ရောက်ရပါပြီဗျာ၊ အီး...ဟီး...ဟီး''

ဖိုးစီမှာ ငိုရုံမှတစ်ပါး အခြား မရှိတော့ပေ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းဝင်မြေတောက်

တံခါးပေါက်

www.burmeseclassic.com

www.burmeseclassic.com



ထင်ပါရဲ့ကွာ၊ တို့တွေ စစ်တိုက်တမ်း ကစားခဲ့ကြတာလေ၊ မင်းက သူပုန် ခေါင်းဆောင်ကြီး၊ ငါက စစ်ဗိုလ် ကြီးပေါ့ကွာ''

''ဟုတ်ပြီ ဟုတ်ပြီ၊ မှတ်မိပြီ ပြော''

''အဲဒီမှာ မင်းက သူပုန်ခေါင်း ဆောင်ကြီးဆိုပြီး တို့တပ်ရင်းကို ဝင် စီးတာလေ''

''ဟုတ်ပါ့ မြတ်ခိုင်၊ နင်တော် တော် မှတ်ထားတာပဲ''

''နှင်းကလည်း မမှတ်မိဘဲနေ ပါ့မလား၊ ငါအရမ်းခံစားခဲ့ရတာ လေ''

''တို့သူငယ်ချင်းသုံးယောက် ငယ်ငယ်လေးကတည်းက အတူတူ ကစား၊ အတူတူကျောင်းတက်ပြီး ကြီးပြင်းလာခဲ့ကြတာနော်''

''တင်ထွန်းရယ် အကုန်လုံးသိ နေကြတဲ့ဥစ္စာ ဘာလို့ လျှောက်ပြော နေရတာလဲ''

''ငါ ငယ်ဘဝတွေကို အရမ်း သတိရလို့ပါကွာ''

လက်ဖက်သုပ်ကလေး အတူ တူစားနေကြရင်း ဘာရယ်မဟုတ် ကောက်ကာငင်ကာ ပြောလိုက်တဲ့ တင်ထွန်းစကားကြောင့် နှင်းငွေ အော်ပစ်လိုက်သည်။

''ဩော်.....နှင်းကလည်း ကိုယ့်သူငယ်ချင်းတွေပဲလေ၊ အား အားလပ်လပ် ရှိနေကြတုန်း ငယ်က အကြောင်းလေးတွေ မှတ်မှတ်ရရ ပြောကြတာပေါ့ကွာ''

''ဟုတ်တယ်ဟ မြတ်ခိုင်၊ မင်း က တော်တယ် သူငယ်ချင်း၊ အဲဒါ ကြောင့် မင်းက ရွာရဲ့အလှပဂေး နှင်းငွေကို ပိုင်ဆိုင်သွားတာပေါ့၊ မဟုတ်ဘူးလား၊ ဟား.....ဟား''

တင်ထွန်းမှာ သူငယ်ချင်းတို့ ဇနီးမောင်နှံနှစ်ယောက်ကို ရယ်ကျဲ ကျဲနှင့် တစ်ချက်လှမ်းကြည့်လိုက် သည်။

''ငယ်ငယ်တုန်းက ငါမင်းကို မကြိုက်ခဲ့တာ တစ်ခုရှိတယ်''

''အောင်မယ်လေး.....ဘာများ လဲ ကိုယ့်လူရာ၊ ထိမ်ချန်မထားနဲ့၊ ပွင့်ပွင့်လင်းလင်းပြော''

နှင်းငွေကတော့ လင်တော် မောင်နဲ့ သူငယ်ချင်းကြီးတို့ ပြောနေ ကြတာကို ခပ်ပြုံးပြုံးလေးကြည့်နေ သည်။

''တို့ လေးတန်းနှစ်လောက်က

“ အိမ်ထောင်တစ်ခုမှာ လင်နဲ့မယား တစ်ယောက်ယောက်က အိမ်ထောင်ရေး စည်းဖောက်ရင် လုပ်စီးကိုင်ပွား မတက်ဘူး၊ အိမ်ထောင်ရေး အဆင်မပြေ တတ်ဘူးတဲ့ ... ”

www.burmeseclassic.com

"ကဲ.....ပြောပါဦး ဘယ်လိုခံစားခဲ့ရတာလဲ"

"အဲဒီမှာတင် သူပုန်ဗိုလ်ကြီးလုပ်တဲ့မင်းက စစ်ဗိုလ်ကတော် ဒေါ်နှင်းငွေကို ဆွဲပြေးသွားတာလေ"

"ဟုတ်တယ် ဟုတ်တယ် တင်ထွန်း၊ အဲဒီတုန်းက နင် ငါ့လက်ကို အတင်းဆွဲပြီး ပြေးတာလေ"

"ဟုတ်တယ်။ မင်းက နှင်းငွေလက်ကို ဆွဲရုံမကဘူး၊ ရေတွင်းပျက်နောက်က ချုံထဲမှာ အကြာကြီး သွင်းထားတယ်လေ"

"ဟုတ်တယ် တင်ထွန်း၊ နင် မတရားဘူး၊ ငါ့လက်ကို မလွှတ်ဘဲနဲ့ အကြာကြီးကိုင်ထားတယ်၊ ချုံထဲကလည်း မထွက်ရဘူး"

တင်ထွန်းက သဘောတွေကျပြီး ရယ်နေသည်။

"နင်လုပ်တာက ကလေးချင်းကစားကြတာနဲ့ မတူတော့ဘူး၊ ကြာတော့ ငါ နင့်ကို ကြောက်လာမိတယ် သိလား"

နှင်းငွေက ခပ်မှုမှုလေး ပြောလေသည်။

"ဒီသူပုန်ဗိုလ်ကြီး ဘာကြာလိမ့်မလဲလေ၊ တို့တပ်တွေ ပိုက်စိပ်တိုက်ရာတော့ ဒီကောင် ချုံထဲမှာ မနေရဲတော့ဘူး သိလား၊ နှင်းငွေလက်ကို အတင်းဆွဲပြီး ထွက်ပြေးရတာလေ"

"‐‐‐‐"

"ငါကလည်း လက်ဖြောင့်တဲ့ကောင်ဆိုတော့ သေနတ်နဲ့ပစ်ထည့်လိုက်တာ ရင်ဝကိုထိမှန်ပြီး သေပွဲဝင်ရတာပဲမဟုတ်လား"

သူငယ်ချင်းတွေ ပြိုင်တူရယ်လိုက်ကြသည်။

"တို့က သားကောင်ကို ငြိမ်နေတုန်း ပစ်မဖမ်းချင်တာနဲ့ တောလှန့်ပြီး ပစ်ဖမ်းလိုက်တာ အရသာရှိလွန်းလို့ နော်.....သူငယ်ချင်း"

"ဟုတ်ပြီ၊ အဲဒီကစားပွဲမှာ မင်းက ဘာကိုမကျေနပ်တာလဲ"

"ဘာကိုမကျေနပ်ရမှာလဲကွ၊ မင်း နှင်းငွေကို လက်ဆွဲပြီး ချုံထဲမှာ အကြာကြီးထားတာကိုပေါ့ဟ"

နှင်းငွေမှာ ရှက်သလိုဖြစ်သွားပြီး လင်တော်မောင် မြတ်နိုင်ကို ချစ်မျက်စောင်းလေးထိုးပစ်လိုက်သည်။



"မင်းကလည်း ကလေးဘဝတုန်းက ကစားတဲ့ဥစ္စာကို"

"မင်းအလုပ်က ကလေးချင်းကစားတာနဲ့မှ မတူတာ"

"ဟုတ်ပါပြီကွာ၊ ငါမှားပါတယ်၊ မှားပါတယ်"

မြတ်နိုင်တို့လင်မယား တင်ထွန်းကိုကြည့်ပြီး ပြုံးနေလိုက်ကြသည်။

"ဘာပဲပြောပြော မြတ်နိုင်ရေ အခု မင်း နှင်းငွေကို ပိုင်ပိုင်ရသွားတာ အရမ်းအားရစရာကောင်းတာပဲ"

"တော်ပြီကွာ တင်ထွန်း၊ မင်း ဘာအဓိပ္ပာယ်နဲ့ ပြောနေတယ်ဆိုတာ ငါသိတယ်၊ နှင်းငွေအကြောင်း မပါစေနဲ့၊ တခြားကိစ္စပြော"

မယားထိ မချိအောင် နာတတ်ကြသည်မှာ မယားကိုသိပ်ချစ်ကြသော လင်ယောကျ်ားများအတွက် ဘယ်တော့မှ ရိုးနိုင်မည်မဟုတ်သော သီအိုရီများပင် မဟုတ်ပါလော။

မြတ်နိုင်၊ တင်ထွန်းနှင့် နှင်းငွေတို့မှာ အလွန်ချစ်ကြသော ငယ်သူငယ်ချင်းများဖြစ်ကြသည်။

ရွာကျောင်းတွင် အတူတက်ခဲ့ကြသည်။

ရှစ်တန်းရောက်သည့်နှစ်မှာ မြတ်နိုင်က စာမေးပွဲ

www.burmeseclassic.com

www.burmeseclassic.com

**မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိဆိုသလိုမျိုးပင်။ ဆယ်ကျော်သက်က ကျွမ်းချစ်ခဲ့ရသည်မို့ နှလုံးသားထဲက သမုဒယသံစဉ်များက တီးတိုးမြည်နေကြ၏ . . .**

---

အောင်ပြီး မြို့ကျောင်းသို့ ရောက်သွားခဲ့သည်။ စာမေးပွဲမအောင်ကြသည့် တင်ထွန်းနှင့် နှင်းငွေကတော့ ကျောင်းထွက်ပြီး ရွာမှာကျန်ခဲ့ကြသည်။ တင်ထွန်းက နှင်းငွေနှင့် အနီးကပ်နေရသည့် အခွင့်အရေးကြောင့် ပေလောမသိ။ ခဏခဏ ချစ်ရေးဆိုသည်။

အိမ်ထောင်တစ်ခုကို အတူတည်ဆောက်ကြဖို့ အမြဲတမ်းလက်ကမ်းပေးသည်။ နှင်းငွေကတော့ လိမ္မာပါးနပ်သည်။ မောင်နှမလိုပဲ ဆက်ပြီးခင်မင်ပါရစေဟု ပြောခဲ့၏။

မနှင်းငွေ၊ အသက် (၂၀)နှစ်ဆိုသည့် မိုင်တိုင်တစ်ခုသို့အရောက်တွင် အရမ်းကြည့်ကောင်းတာပဲ၊ အရမ်းလှတာပဲဟု မှတ်ချက်ချလောက်သည့် အလှတရားမျိုးကို ပိုင်ဆိုင်ထားလေပြီ။

သွယ်သောပါးပြင်နှစ်ဖက်တွင် အသားအရေများပြည့်လာ၍ ပို၍ကျက်သရေရှိလာသည်။ ပြေပြေကလေးမို့နေသည့် နဖူးပြင်တွင် ဘေးတဖစောင်းအနေအထားနှင့် ဆံမြိတ်ကလေးချထား၍ တော်တော်ကြည့်ကောင်းနေပြန်သည်။ နှာတံသွယ်သွယ်လေးအောက်မှ သွေးသားစိုပြည်မှုကြောင့် နီရဲနေသော နှုတ်ခမ်းထူထူလေးတစ်စုံမှာ ခပ်တွဲတွဲလေးနှင့် အရမ်းလှနေသည်။ မေးစေ့အသားထုလေးက ပုဝိုင်းပြီး ချစ်စရာကောင်းနေသည်။

ကျော့ရှင်းသည့် လည်တိုင်အောက်မှ ပခုံးသားဝိုင်းဝိုင်းလေးကလည်း မိန်းမလှတစ်ဦး၏ စံမီအလှတရားကို ဖြည့်ဆည်းနေပြန်သည်။ မို့မောက်ပြည့်ဖြိုးပြီး လုံးဝိုင်းနေသည့် ရင်သားအစုံအောက်တွင်တော့ ပြေပြေကလေး ဆင်းသွားသည့် ခါးသွယ်သွယ်လေးက ဖိုက်သားနှင့် တင်ပါးဆုံတို့ ဆုံရပ်တွင် ပေါင်းစည်းသွားကြသည်။ စွင့်ကားသည့်တင်နှင့် ပြေပြေကလေး သွယ်ဆင်းနေသည့် ခါးတို့မှာ လိုက်ဖက်တင့်မောရှိလှသည်။

နှင်းငွေ၏သဘာဝအလှတရားမှာ လက်ရာမြောက်လှသည့် ပန်းပုဆရာတစ်ဦး၏ ထုဆစ်ထားသည့် ပန်းပုလက်ရာနှင့် ဘာမှမခြား။ နှင်းငွေအတွက် ရေးဘဝအကျိုးပေး ကုသိုလ်ကံကောင်းလှသည်ဟု ဆိုရမည်ပင်ဖြစ်သည်။

နှင်းငွေ၏အလှတရားနှင့် သွေးသားဆူဖြိုးမှုများကို အနီးကပ်မြင်တွေ့နေရသည့် တင်ထွန်းအတွက် ရယူပိုင်ဆိုင်လို့မှ လောတတတရား က သွေးကြောမျှင်များအနှံ့ ပြည့်သိပ်နေသည်။ တင်ထွန်းမှာအထုပ်အကိုင်ကလည်း မည်မည်ရရမရှိ။ အရေးထဲ အရက်ကလေးကိုလည်း လျှာဖျားထဲ ဆွတ်လိုက်ချင်သေးသည်။ လူက ဂင်တိုတို၊ အသားမည်းမည်း။ နှင်းငွေက ဘယ်လိုပဲ စဉ်းစားစဉ်းစား သံယောဇဉ်ဖြစ်စရာမမြင်။ သည်တော့ တင်ထွန်းမှာ ကန်တော့ဆွမ်းနှင့်သာ အကြိမ်တိုင်းကြုံနေရပါတော့သည်။

တင်ထွန်းနှင့် နှင်းငွေမှာ အမြင်မတော် ဆင်တော်နှင့်ခလောက်ဆိုသလို ဖြစ်နေခဲ့သည်ပဲလေ။

✦ ✦ ✦

မြတ်နိုင်ကား လေ့လော်ရင်းတက်ကျိုးခဲ့လေပြီ။ ရည်မှန်းချက်တာရိုး ကျိုးပေါက်သွားတော့ ရွာမြေမှာ ပြန်လည်ခြေချခဲ့ရလေပြီပေါ့။

အကြောင်းသော်ကား ဆယ်တန်းတည်းဟူသော ဘဝစာမေးပွဲကို နှစ်ကြိမ်တိုင်တိုင် ရှုံးနိမ့်ခဲ့ရပြီဖြစ်သည်။ ကြိုးစားမှုနှင့် ရလဒ်သဟဇာတမကျခြင်းတွေပင်ဖြစ်သည်။

ရှိက်ဖိုကြီးငယ်အသွယ်သွယ်နှင့် လှချင်တိုင်းလှ၊ စိုပြည်ချင်တိုင်းစိုပြည်နေသော ငယ်ကျွမ်းဆွေ မနှင်းငွေကတော့ အပြုံးဝင့်ဝင့်နှင့် လှမ်းလင့်လို့ ကြိုဆိုလျက်ပင်ဖြစ်သည်။ မစွန်းရင်းကလည်းရှိ ကန်စွန်းခင်းကလည်းငြိ ဆိုသလိုမျိုးပင်။

www.burmeseclassic.com

ဆယ်ကျော်သက်က ကျွမ်းချစ်ခဲ့ရသည်မို့ နှလုံးသားထဲက သမုဒယသံစဉ်များက တီးတိုးမြည်နေကြ၏။ သူတို့နှစ်ယောက်၏ သံယောဇဉ်တွယ်ယှက်နေကြသည့် သမုဒယအိမ်ကလေးမှာ နှစ်ယောက်ပေါင်းမှ တစ်ဘဝမည်သော အဖြစ်မျိုးသို့ ရောက်ခဲ့ကြသည်။ အနုသယဇာတ်တွင် ပန်းနုရောင်ခြယ်သမှုမျိုးပင်။

"မောင်ရယ် နှင်းဟာ မောင့်ကိုချစ်ဖို့ လူဖြစ်လာသလား မသိဘူးနော်"

မှန်ကြီးရှေ့တွင် မတ်တတ်ရပ်နေကြရင်း နှင်းငွေက လင်တော်မောင်ကို ချစ်ရည်ပြည့်လျှမ်းသော မျက်လုံးဝိုင်းဝိုင်းလေးနှင့် မော့ကြည့်ရင်း ပြောလိုက်သည်။ မြတ်ခိုင်ကတော့ နှင်းငွေ၏ ကိုယ်လုံးလှလှလေးကို သိမ်းကျုံးဆွဲယူပြီး နဖူးပြင်လှလှလေးကို မွှမွှကလေး မွှေးလိုက်၏။

"ချစ်တယ်ကွယ်"

နှင်းငွေက ရမ္မက်သံနှောနေသည့် ချစ်သံစဉ်လေးနှင့်အတူ မြတ်ခိုင်ကို ခပ်ကြမ်းကြမ်းနမ်းပစ်လိုက်သည်။

"အချစ်က အရမ်းလှတာပဲ၊ မောင် အချစ်ကို အိမ်မှာထားခဲ့ပြီး ခွဲသွားခဲ့ရမှာ စိတ်မချဘူးနော်"

"စိတ်ချပါ မောင်ရဲ့၊ မောင်ကလွဲရင် ဖွဲနဲ့ဆန်ကွဲပါပဲ"

"အိမ်ထောင်တစ်ခုမှာ လင်နဲ့မယား တစ်ယောက်ယောက်က အိမ်ထောင်ရေးစည်းဖောက်ရင် လုပ်စီးကိုင်ပွား မတက်ဘူး၊ အိမ်ထောင်ရေး အဆင်မပြေတတ်ဘူးတဲ့နော်"

"မောင်ကလည်း တော်လေးဝထဲ ကစ်ဝထည့်ပေါင်းပြီး တော်ငါးဝဖြစ်အောင် နေပြပါ့မယ် မောင်ရယ်"

သမုဒယ ချစ်သံယောဇဉ်လေးများက ချစ်ရေစီးနှင့်အတူ လွင့်ပျံစီးမျောနေပြန်သည်။

နှင်းငွေက မြတ်ခိုင်၏ခါးကို သိုင်းဖက်ပြီး ခပ်ကြမ်းကြမ်း တိုးဝင်လာသည်။ သူမ၏ နှုတ်ခမ်းထူထူလေးများက ငယ်ချစ်လင် မြတ်ခိုင်၏ နှုတ်ခမ်းနှင့် အကြိမ်ကြိမ်ဆက်သွယ်ပြီး အခါခါနမ်းသည်။ တစ်ယောက်နှင့်တစ်ယောက် ရင်ဘတ်ချင်းကပ်လျက် တိုးဝှေ့လုဖက်ကြသည်။

"အချစ် အရမ်းတော်တယ်၊ မောင် စိတ်မချဘူးနော်"

"မောင်ကလည်း နှင်း မောင့် ကို အရမ်းချစ်တယ်၊ မောင်မသိဘူးလား"

အချစ်၏ အချိုမြိန်ဆုံး ကာလတစ်ခုထဲတွင် အအေးလိုအအေး၊ အနွေးလို အနွေးပေးကာ အချစ်တို့ဖြင့် ပျော်ဝင်စီးဆင်းနေသည့် ပန်းနုရောင်နှလုံးသားတစ်စုံက ဂွမ်းသားထုပမာ နူးညံ့လှပေတော့သည်။

+ + +

တိမ်မည်းညိုတို့၏ မလိုတမာ စိတ်ယုတ်မာကြောင့် နွေညဖြစ်သော်လည်း ငွေလက ရွှန်းမြမြမသာနိုင်။

မြတ်ခိုင်တို့ခနိုလှေ ရွာမှထွက်သွားသည်မှာ ဆယ်ရက်တိုင်တိုင်ရှိနေပေပြီ။ မြတ်ခိုင်ထံမှ ဘာသတင်းမျှ မကြားရ၊ ခါတိုင်းဆိုလျှင် မြို့သို့ရောက်ပြီ၊ ပစ္စည်းတင်နေပြီဆိုသည့် သတင်း အခြားလှေသားများနှင့် ချစ်မယားထံ အမှာပါးစမြဲ။

နှင်းငွေမှာ လင်လွမ်းစိတ်နှင့် အိပ်မပျော်။ ချစ်ကြင်သူ ကိုယ့်လင်သားကို အနားတွင်ထားပြီး ယုယမှုပေးနေချင်သည်။ လင်လိုလိုက်၊ လင့်ကြိုက်ဆောင်ချင်နေသည်။

တရှိုက်မက်မက် ဖွဲလမ်းခဲ့ရသော လင်ယောကျ်ားကို လွမ်းရတာ၊ မျှော်ရတာ အဘယ်မျှလောက်



www.burmeseclassic.com

www.burmeseclassic.com



အထိ ပင်ပန်းလှတယ်ဆိုသည်ကို လင်ချစ်သော မယားတိုင်း သိကြပါသည်။ သည်ခင်ကိုလျှောက်ပါလို့ လင်ပျောက်ကိုရှာသည့်အဖြစ်များတောင် ရှိခဲ့သည်ကိုး။

"နှင်းငွေရေ.....နှင်းငွေ"

"ရှင်.....ဘယ်သူလဲ"

"ငါ တင်ထွန်းပါဟ"

"နင် ဘာလာလုပ်တာလဲ၊ ညကြီးအချိန်မတော်"

"နှင်းငွေရေ နင့်ကို စေတနာထားလို့ ညကြီးအချိန်မတော် လာခဲ့တာပါ"

"ဘာကိစ္စလဲ"

"ဒီလိုလေကွာ မြတ်ခိုင်တို့စက်လှေ သောင်တင်နေလို့တဲ့၊ ရွာက အေးမောင်တို့စက်လှေကိုငှားပြီး အမြန်ဆုံးလွှတ်ပေးပါလို့ ဟိုဘက်ရွာက သတင်းရလာလို့ပါဟ"

"ဘယ်လို.....ဘယ်လို"

သည်တစ်ချီတွင်တော့ လင်ဖောကပ်နေသည့် နှင်းငွေ အိပ်ရာပေါ်က အပြေးထပြီး တံခါးဖွင့်ပေးမိလျက်သား ဖြစ်နေပါတော့သည်။ တင်ထွန်း၏ လက်နှိပ်ဓာတ်မီးရောင်အောက်တွင် အတွင်းခံဘော်လီမပါဘဲ ဘလောက်အပါးစားလေးတစ်ထည်နှင့် မလုံ့တလုံ ဖုံးထားသည့်ကြားက တလှုပ်လှုပ် ရုန်းထနေသည့် နှင်းငွေ၏ရင်သားနှစ်မြွှာက ကာမဘုံသားတို့အတွက် အန္တရာယ်စက်ကွင်းတစ်ခုကို လမ်းညွှန်ပေးနေသလို ဖြစ်နေပေပြီကော။

တင်ထွန်းမှာ ကိုယ့်ဇာတ်ကွက်ထဲ ဝင်ခဲ့ပြီမို့ နှင်းငွေကို အားပါးတရကျုံးဖက်လိုက်သည်။ နှစ်ယောက်သား ထွေးလားရုန်းလားနှင့် အိပ်ရာပေါ်ရောက်သွားကြသည်။

"လူလိမ်.....လူညာ"

"---"

"ဒီမှာ တင်ထွန်း၊ ငါဟာ နင့်ငယ်သူငယ်ချင်း မြတ်ခိုင်ရဲ့ ဇနီးမယားလေ၊ နင့်ရဲ့ငယ်သူငယ်ချင်းလေ"

နှင်းငွေမှာ ပြောနေရင်းနှင့် ရင်တွေအရမ်းခုန်နေပြီး မောနေသယောင်ဖြစ်နေသည်။ တင်ထွန်းကား နှင်းငွေပြောစကားကို ဘာမှ မကြားသလို အလိုရမ္မက်ဖြည့်ဆည်းနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားနေသည်။ နှင်းငွေ၏ ပါးလွှာလွှာ ဘလောက်လေးမှာ စုတ်ပြဲလွင့်စဉ်သွားပေပြီ။

"ဒီမှာ တင်ထွန်း၊ နင် ငါပြောတာ တစ်ချက်နားထောင်ဦး"

တင်ထွန်းထံမှ ဘာစကားသံမှ ထွက်မလာ။

"တင်ထွန်း ငါ့မှာ ကာမပိုင်လင် ရှိတယ်နော်၊ နင့်မှာလည်း မယားရှိတယ်၊ မသင့်တော်ဘူးနော်"

တင်ထွန်းမှာ အသက်ပြင်းပြင်း ရှူထုတ်နေသည်မှအပ ဘာစကားမှ မပြောတော့ပေ။ နှင်းငွေကား အသက်ပြင်းပြင်းရှူလျက်နှင့် မျက်လုံးမှေးစင်းနေလေပြီ။

မိန်းမဟူသည် လှေနံ့မြင်းပမာ အညီဟု စာဆိုရှိခဲ့သည်ပဲလေ။

✦ ✦ ✦

"ဝီး.....ဝီး.....ဝီး.....ဝီး"

"လေပြင်းတွေတိုက်လာပြီကွ၊ ဒုက္ခပါပဲ"

"တို့ ပင်လယ်ပြင်မဖြတ်ခင်က အရှေ့လေပဲ၊ ဘာမှပြဿနာမရှိဘူး၊ အခုမှလေကြမ်းဘက် လမ်းကြောင်းပြောင်းသွားဟာ"

"ကိုကြီးထွန်းအောင် လှေကို ပြန်လှည့်ဖို့ မကြိုးစားနဲ့နော်၊ ပြန်လှည့်ရင် မှောက်သွားလိမ့်မယ်"

"အေး...အေး၊ ငါနားလည်ပါတယ်ကွာ"

"ပေါက်တဲ့နဖူး မထူးတော့ဘူး၊ တုံးတိုက်တိုက် ကမ်းဆိုက်ဆိုက် ရွက်တိုက်ရတော့မှာပဲ"

---

**ငယ်ငယ်တုန်းက ကစားခဲ့သည့် စစ်ပွဲမှာ**
**သူတစ်ပါးသားမယားကို အာသာငမ်းငမ်း**
**လိုချင်ရက်သည့်သူအတွက် လျှောက်ရမည့်ငရဲလမ်းကို**
**မြတ်ခိုင် ရွေးပေးခဲ့သည် ...**

www.burmeseclassic.com

www.burmeseclassic.com

ဓနိအပြည့်အမောက်တင်ထားသော လှေကြီးမှာ လေနှင်ရာသို့ လွင့်ပါနေသည်။ လှေသားများမှာ ပွဲကိုင်၏ လမ်းညွှန်ချက်အတိုင်း တာဝန်ကိုယ်စီယူကာ သည်းထိတ်ရင်ဖို လှုပ်ရှားနေကြရသည်။ ဓနိပုံကြီးမှာ အပေါ်ဝိတ်ပိုများနေပေရာ လေရိုက်အား ပိုကောင်းနေပေသည်။

"ကဲ.....မြတ်ခိုင် မင်းတို့လှေသားတွေ ဓနိချပ်တွေ ပစ်ချကြကွာ၊ ဒီအတိုင်းဆို လှေမှောက်သွားနိုင်တယ်"

ပွဲကိုင်၏လမ်းညွှန်ချက်အတိုင်း ဓနိချပ်များကို အထပ်လိုက်၊ အပုံလိုက် ပစ်ချလိုက်ကြသည်။ ဓနိချပ်များကတော့ ရေစီးနှင့်အတူ တရွေ့ရွေ့ မျောပါသွားကြသည်။

"ဓနိချပ်တစ်ဝက်လောက်ဆို ရပ်လိုက်ကြတော့"

ပွဲကိုင်က ထပ်မံသတိပေးလိုက်ပြန်သည်။

"ဝိုး.....ဝိုး.....ဝိုး.....ဝိုး"

လေကတော့ ကြမ်းတုန်းပဲရှိသေးသည်။ သမ္မန်ကြီးကလည်း စက်တပ်ရေယာဉ်အလား ပြေးလွှားနေသည်။

"ဝိုး.....ဂလွမ်း.....ဗိုင်း....."

သမ္မန်ကြီး၏ ရွက်တိုင်ကား ကျိုးပြတ်သွားခဲ့လေပြီ။

"ရွက်တိုင်ကြီးကျိုးသွားပြီ၊ ကြိုးတွေမြန်မြန်ဖြတ်ချကြဟေ့"

ရွက်တစ်ဖုံလုံးမှာ ရေထဲတွင် တစ်ဝက်နစ်နေပြီး လှေကြီးနစ်မြုပ်တော့မလို ဖြစ်နေပေပြီ။ ရွက်ကြိုး ဆွဲထားသော တိုင်ထိန်းကြိုးတွေကိုပါ ဓားများနှင့် ဖြတ်ချလိုက်မှ ရွက်ကြီးမှာ ရေထဲကျသွားခဲ့ပေသည်။ လှေကြီးမှာလည်း ရေပေါ်တွင် ခပ်ကြွားကြွား ပေါ်တက်သွားခဲ့ပေသည်။

သိပ်မကြာပေ။ လေလည်းငြိမ်သက်သွားခဲ့သည်။ ရွက်ကြီးကိုလုံးဝ မရလိုက်တော့ပေ။ ဓနိများလည်း တစ်ဝက်သာကျန်တော့သည်။ ဓနိပေါ့ကလေးနှင့်ဆိုတော့ လှေကြီးက လှိုင်းလေများနှင့်အတူ ကခုန်ကစားနေတော့သည်။

"ကဲ.....တို့မှာ အားကိုးစရာ ရွက်လည်းမရှိတော့ဘူး၊ မိုးဖလာ တက်ကိုပဲ အားကိုးကြရတော့မှာပေါ့ကွာ"

ပွဲကိုင်ကြီးက လှေသားများကို ပြောလိုက်ခြင်းဖြစ်သည်။

"တို့အရပ်မှာ ဒီလိုပဲ ရာဟုလေကြမ်းတွေက ဝင်ဝင်လာတတ်တာလေ၊ ဖြစ်ဖို့ရှိလို့ ဖြစ်တာပဲ၊ မြတ်ခိုင်ရေ..ကိုယ့်ဘဝ ကိုယ့်အကြောင်းလို့ပဲ မှတ်လိုက်ပါ"

မြတ်ခိုင်ကား မည်သည့်စကားမျှ မပြောတော့ပေ။ မြစ်ပြင်ကျယ်ကြီးကိုသာ ဝေဝေဝါးဝါးအကြည့်များနှင့် စိုက်ကြည့်နေမိသည်။ အိမ်ထောင်တစ်ခုကို စိတ်တူကိုယ်တူ ထူထောင်ပြီး လှေတစ်စင်းနှင့် ကုန်သွယ်မှုလုပ်ခဲ့ရာ အခေါက်တိုင်းတွင် တွက်ခြေကိုက်ခဲ့သည်။ ယခုဆိုလျှင် ရွာတွင် လူတစ်လုံးသူတစ်လုံး ဖြစ်နေခဲ့ချေပြီ။

မြတ်ခိုင်တို့ ဓနိလှေသားများ ခတ်တက်ကို ပြင်းပြင်းဆွဲခတ်လိုက်ကြရာ တစ်နာရီအတွင်း မြို့ဆိပ်ကမ်း ဓနိတန်းသို့ ရောက်ခဲ့ကြသည်။

"မောင်ရင်တို့ ဓနိ တစ်ရာကို သုံးထောင်ထက် ပိုမပေးနိုင်ဘူး၊ ဓနိချပ်တွေက ပေမမီ ဒေါက်မမီနဲ့"

"မဟုတ်ဘူး ဦး၊ ကျွန်တော်ရွာကဝယ်လာတာ လေးထောင်ဈေးပါ၊ လှေချခက နှစ်ရာဆိုတော့ တစ်ရာကို လေးထောင့်နှစ်ရာဈေးဖြစ်နေပြီဗျ၊ ဒါတောင် လှေသမားစရိတ်၊ စားစရိတ်နဲ့ သစ်တောခွန်မပါသေးဘူး"

ဓနိဆိုင်ပိုင်ရှင်ကား ခေါင်းကို ဘယ်ညာယမ်းနေသည်။ မရဘူးဆိုသည့်သဘောဖြစ်သည်။

"နောက်ပြီးတော့ ဦးရေ ဒီနေ့ပဲ မြစ်ထဲမှာ လေပြင်းမိလို့ ရွက်လည်းတစ်ဖုံပစ်ချထားခဲ့ရတယ်၊ ဓနိတွေလည်း တစ်ဝက်လောက် လွှင့်ပစ်ခဲ့ရတာဗျ"

မြတ်ခိုင်မှာ ပြောရင်း ရင်ထဲတွင် ဆို့နင့်လာသည်။

"ဒါကတော့ မောင်ရင်တို့အကြောင်းတရားပဲလေ၊ ဦးတို့မှာ ပစ္စည်းတစ်ခုကို ဝယ်လော့င်လို့ အမြတ်အစွန်းမရှိရင် ဘာအဓိပ္ပာယ်ရှိတော့မှာလဲ"

"သွားပြီကွာ"

မြတ်ခိုင်မှာ နဖူးပြင်ကို လက်ဝါးဖြင့် ခပ်ဆတ်ဆတ် ရိုက်ပစ်လိုက်မိတော့သည်။

+ + +

"ဒီမှာ နှင်းငွေ၊ မင်းငါ့အပေါ်


www.burmeseclassic.com

www.burmeseclassic.com



စွဲလမ်းမှု၊ ယုယမှုတွေကို ငါအရမ်း အထင်ကြီးခဲ့တယ်၊ မင်းကိုယ်တိုင် ကလည်း လင်ယောကျ်ားအပေါ်မှာ ဘယ်လောက်အထိ သစ္စာရှိတယ် ဆိုတာ တော်ငါးဝဝင်တဲ့မိန်းမ ဖြစ် စေရမယ်လို့ ငါ့ပါးကို အခါခါမွှေးပြီး မင်းပြောခဲ့တာနော်''

''မောင် ဘာတွေပြောနေတာ လဲ၊ မောင်မူးလာတာလား''



ကာမဂုဏ်အာရုံကို
လွန်ကဲစွာ
ခံစားလိုမှုဆန္ဒတရား
ပြင်းပြသူများမှာ
တိရစ္ဆာန်များနှင့်
ဘာမျှမခြား။
အရှက်တရားသည်လည်း
ကင်းလှ၏။
အကြောက်တရား
သည်လည်း
ကင်းလှ၏...

''ဟုတ်တယ်၊ ငါမူးလာတယ်၊ ဟိုတစ်ခေါက် ကုန်အရှုံးကြီး ရှုံးပြီး ကတည်းက ခရီးပြန်မထွက်နိုင်ခဲ့တာ သုံးလတိတိရှိပြီလေ၊ ငါ စိတ်ညစ် လို့ အရက်သောက်လာခဲ့တယ်''

''ဟင်.....မောင် မိုက်လှချည် လား၊ အရက်ဆိုတာ လူကို ဘယ် တုန်းက အကျိုးပြုခဲ့လို့လဲ''

''နင့်ပါးစပ်ပိတ်ထား''

နှင်းငွေ ရင်တုန်ပန်းလျစွာ မြတ်ခိုင်ကို စိုက်ကြည့်နေသည်။

''ငါ ကိုယ့်ကိုယ်ကိုယ် နွားဖြစ် နေတာ ဒီနေ့မှ သိရတယ်''

''ဘယ်လိုဖြစ်နေလို့လဲ မောင် ရယ်''

''ဟိုကောင်က မင်းဟာ သူ့ ကိုစွဲနေပြီဆိုတာ အရက်ဝိုင်းတွေမှာ မြိန်ရေရှက်ရေ ပြောနေပြီလေ''

''----''

''တစ်ခါမဟုတ်၊ နှစ်ခါမဟုတ် အခါခါပဲတဲ့၊ ရှက်ဖို့ကောင်းလိုက် တာကွာ''

''----''

''ငါ လူ့ဘဝမှာ လူလုပ်နေဖို့ တောင် မကောင်းတော့ဘူး''

''----''

''ငါပြောပြမယ် မိနှင်းငွေ၊ နား ထောင်၊ အိမ်ထောင်တစ်ခုကို တည် ဆောက်တယ်ဆိုတဲ့နေရာမှာ အိမ် ထောင်ရှင်အမျိုးသမီးဆိုတာ တစ် အိမ်ထောင်လုံးရဲ့ အဓိကသော့ချက် တံခါးပေါက်ပဲ၊ တံခါးပေါက်လုံခြုံရင် အိမ်လုံခြုံတယ်၊ အိမ်သာယာတယ်၊ ဘယ်သူခိုးမှလည်း အိမ်ပေါ်မတက် ရောက်နိုင်ဘူး''

''----''

''အေး အဲဒီတံခါးကြီး ပေါက် ပြဲရင်တော့ သွားပြီ၊ ဝင်ချင်တဲ့သူ ဝင်၊ ထွက်ချင်တဲ့လူထွက်၊ အဲဒါ တံခါးပျက်ကြီး ဖြစ်သွားပြီလေ၊ ခု မင်းဟာ မင်္ဂလာမရှိတဲ့ အမင်္ဂလာ တံခါးပျက်ကြီး''

ရင်တွင်းခံစားချက် ဝေဒနာ အပူလှိုင်း ပေါက်ကွဲသံကြီးက တော် တော်မြည်ဟည်းသွားသည်။ နှင်းငွေ ၏ မျက်ဝန်းအစုံမှာတော့ မျက်ရည် များက လျှံထွက်စီးကျနေသည်။

''ခု မင်းမှာ ကိုယ်ဝန်ရှိနေပြီ လို့ပြောတယ်၊ အဲဒါ ဘယ်သူ့ကိုယ် ဝန်လို့ မင်းပြောနိုင်မလဲ၊ ငါရှက် လိုက်တာကွာ''

''----''

www.burmeseclassic.com

www.burmeseclassic.com



"စားဖို့ အိပ်ဖို့ မေထုန်မှီဝဲဖို့ လောက်သာသိတဲ့ တိရစ္ဆာန်လိုမိန်းမမျိုးကို ငါဆက်မပေါင်းနိုင်ဘူး"

"____"

"ငါဟာ ကုန်ရုံးရုံမကဘူး၊ ပင်လယ်ပြင်ကြီးထဲ လှေနစ်ပြီး သေမလောက်အခြေအနေမျိုးထိ ဖြစ်ခဲ့တာလည်း မင်းရဲ့အိမ်ထောင်ရေး ဖောက်ပြန်မှုကြောင့်ပဲ"

မြတ်ခိုင်၏ ယူကျုံးမရမှု သောကတောင်ထုမှာ မြင့်မားလွန်းနေသည်။ မြတ်ခိုင်မှာ ရင်တွင်းမီးက ပြင်းစွာလောင်ကျွမ်းခဲ့လေပြီ။

တဒင်္ဂသာယာမှုသည် အစဉ်ထာဝရမဟုတ်ဆိုသည်ကို "လူ" တည်းဟူသော 'အသိ'ဖြင့် 'သတိ' နှင့်ဆင်ခြင်ကြရန် လိုအပ်လှပေသည်။

✦ ✦ ✦

သက်မဲ့ဖြစ်နေသည့် တင်ထွန်း၏ ရုပ်ခန္ဓာက နောက်ကျောတွင် ထိုးသွင်းဒဏ်ရာသုံးချက်နှင့် လမ်းဘေးချောက်ထဲတွင် မှောက်လျက်။

အမင်္ဂလာသတင်းက နံနက်လင်းသည်ဆိုလျှင်ပဲ တစ်ရွာလုံးသို့ ပျံ့နှံ့သွားပါတော့သည်။ သို့သော် ဦးသူတရားခံ ဖြစ်မည်စိုး၍ မည်သူမျှ ကိုင်ရဲ မထိရဲကြပေ။

မြတ်ခိုင်၏အာရုံထဲတွင် အတိတ်နှင့်ပစ္စုပ္ပန်က ပြောင်းဆန်အောင် လူးလာကူးခတ်နေသည်။ ငယ်ရွယ်စဉ်ဘဝတုန်းက ငယ်သူငယ်ချင်းတွေ အတူကစား၊ အတူစား၊ အတူကျောင်းသွားခဲ့ကြသည်။ တစ်နေ့တွင်တော့ စစ်တိုက်တမ်းကစားရင်း သူပုန်လုပ်သော တင်ထွန်းက တပ်မတော်အရာရှိ ဗိုလ်ကြီးလုပ်သော မြတ်ခိုင်၏ကတော် ဒေါ်နှင်းငွေကို အတင်းဝင်ပြီး တောထဲသို့ ဆွဲခေါ်သွားခဲ့သည်။ ဗိုလ်ကြီးမြတ်ခိုင် ပစ်လိုက်သည့်ကျည်မှာ တင်ထွန်း၏ရင်ဝထဲဝင်ပြီး ကျည်သင့်သေခဲ့သည်။

ငယ်ငယ်တုန်းက ကစားခဲ့သည့် စစ်ပွဲမှာ သူတစ်ပါးသားမယားကို အာသာငမ်းငမ်း လိုချင်ရက်သည့်သူအတွက် လျှောက်ရမည့် ငရဲလမ်းကို မြတ်ခိုင် ရွေးပေးခဲ့သည်။

ယခု ပစ္စုပ္ပန်တည့်တည့် ရောက်နေပြီ။ ငယ်သူငယ်ချင်းဆိုသည့်အသိကို ကြက်ခြေခတ်ပြီး သူငယ်ချင်းမယားကို ကြာခိုသည့်မိစ္ဆာကောင်မှာ ချောက်ကြီးအောက် သွေးအိုင်ထဲတွင် မှောက်လျက်ရှိနေချေပြီကော။

ဩော်..လောက...လောက... လောက။

မြတ်ခိုင်တစ်ယောက် သက်ပြင်းကို အခါခါချမိလျက်သားဖြစ်နေပေတော့သည်။

✦ ✦ ✦

"တင်ထွန်းသေတာ မြတ်ခိုင် လက်ချက်ပဲ နေမှာပေါ့ကွာ၊ မြတ်ခိုင် ဒီကောင့်ကိုရော၊ နှင်းငွေကိုပါ အရမ်းနာကြည်းနေတာလေ"

"ဒီကောင်တော့ မဟုတ်လောက်ဘူးထင်ပါတယ်၊ သူက ဆယ်တန်းအထိ ပညာသင်ဖူးထားတာလေ၊ သူနေတာထိုင်တာ၊ ပြောတာဆိုတာကိုလည်းကြည့်၊ တကယ့်လူလိမ္မာပါကွာ"

"ဟုတ်တယ်ဟ၊ အိမ်ထောင်ပျက်ဘဝထဲ ရောက်ကတည်းက ရွာထဲမှာတောင် သိပ်မတွေ့တော့ဘူး၊ ကျောင်းဝေယျာဝစ္စတွေလုပ်ရင်း ဘုန်းကြီးကျောင်းမှာပဲ အနေများတာလေ"

"လူဆိုတာ ပြောလို့မရဘူးကွ၊ သူ့မိန်းမ နှင်းငွေကို ဒီကောင်ကမျိုထားမတတ် ချစ်ရှာတာလေ၊ ဒီလိုဖြစ်သွားတော့ သူဘယ်ခွင့်လွှတ်မလဲကွာ၊ မယားထိ ဓားကြည့်ဆိုတာ ရှိတယ်မဟုတ်လား"

"ဒါပေမဲ့ အခုဖြစ်နေတဲ့ ပြဿနာကြီးမှာ ဒီကောင် လုံးဝမတုန်လှုပ်ဘူးနော်၊ အေးအေးဆေးဆေးပဲ"

"ဟဲ့...ဟဲ့ ဟိုမှာ အလွှမ်းပြင်ရဲစခန်းကရဲတွေ လာနေကြပြီ၊ သက်သေပါနေကြဦးမယ်၊ ပြောတာဆိုတာတွေ သတိနဲ့ပြောကြနော်"

ရွာသားများအချင်းချင်း တီးတိုးပြောနေကြသည်။

လူသတ်မှုဖြစ်သည့်အတွက် စခန်းမှူး ရဲအုပ်ကိုယ်တိုင် အချင်းဖြစ်အရပ်သို့ ဆင်းလာခြင်းဖြစ်သည်။ ရဲလုပ်ထုံးလုပ်နည်းအတိုင်း လုပ်ကိုင်ဆောင်ရွက်ပြီး အလောင်း

www.burmeseclassic.com

www.burmeseclassic.com





မိန်းမကောင်း၊
မိန်းမမြတ်တို့ရဲ့
အစောင့်စည်းအပ်ဆုံး
အိမ်ထောင်ရေး
စည်းရိုးကို
ကျော်လိုက်မိချိန်မှာတော့
အိမ်ထောင်ပျက်ဘဝနင့်
အဖေဘယ်သူဘယ်ဝါလို့
ပိုင်ပိုင်နိုင်နိုင် မသိနိုင်တဲ့
ကိုယ်ဝန်ဆောင်
အာဝေဏိက
ဒုက္ခသည်အဖြစ်နဲ့
အိမ်ထောင်ရေး ပြိုကွဲ
ဘဝသစ္စာမွဲခဲ့ပြီပေါ့
. . .

ကို ဆေးမှတ်တမ်းရယူရန် ရဲဆေးစာဖြင့် မြို့နယ်ဆေးရုံသို့ ပို့အပ်လိုက်သည်။

လူသတ်မှုနှင့်ပတ်သက်ပြီး စစ်ဆေးချက်အပြီး ရဲတပ်ဖွဲ့ဝင်များ ဘုန်းတော်ကြီးကျောင်းသို့သွားကာ ဆရာတော်အား ဝတ်ပြုလိုက်ကြသည်။ ဥပဒေကြောင်းအရ ဆရာတော်အား လျှောက်ထားတင်ပြပြီး မြစ်ခိုင်အား လက်ထိတ်ခတ်လိုက်ကြသည်။

"မြစ်ခိုင်ကို သနားပါတယ်ဟာ၊ ဟိုနှစ်ကောင်မိုက်ကြလို့ သူ ဒီဘဝ ရောက်သွားရတာနော်"

ရဲတပ်ဖွဲ့ဝင်များ မြစ်ခိုင်ကို လူသတ်မှုတရားခံအဖြစ် လက်ထိတ်ခတ်ပြီး လှေဆိပ်သို့ ခေါ်လာခဲ့ကြသည်။ ရွာသားများက မြစ်ခိုင်ကို ကရုဏာသက်စွာ ကြည့်နေကြ၏။

"မိန်းမဖျက်ရင် ပြည်ပျက်တယ်ဆိုတာ ဒါမျိုးပေါ့ကွာ"

"ဖတ်.....ဖတ်.....ဖတ်..ဖတ်"

တစ်စုံတစ်ယောက် ပြေးလိုက်လာသံကိုကြားရ၍ ရဲတပ်ဖွဲ့ဝင်များ နောက်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

"ကိုမြစ်ခိုင်ကို မဖမ်းကြပါနဲ့၊ ကျွန်တော့်ကို ဖမ်းကြပါ"

အနားသို့ရောက်လာသူက လက်နှစ်ချောင်းကိုပူးပြီး ကမ်းပေးလာသည်။

"ခင်ဗျား ဘယ်သူလဲ"

"ကျွန်တော် ဒီရွာသားပဲ၊ ချောင်းပိုက်လုပ်စားနေတဲ့ ပိုက်သမား ထွန်းသာပါ"

"ခင်ဗျားကို ဘာဖြစ်လို့ ဖမ်းရမှာလဲ"

"တင်ထွန်းကိုသတ်လိုက်တာ ကိုမြစ်ခိုင်မဟုတ်ပါဘူး။ ကျွန်တော်ကိုယ်တိုင် သတ်လိုက်တာပါ"

"မင်းက ဘာဖြစ်လို့ သတ်ရတာလဲ"

"ဒီကောင် ည ကျွန်တော် ပိုက်ထွက်ချနေတုန်း ကျွန်တော့်မိန်းမကို အနိုင်ကျင့်ပြီး သားမယားအဖြစ် ပြုကျင့်ပါတယ်။ ကျွန်တော့်မိန်းမကိုယ်တိုင် ပြောတာပါ"

"ခင်ဗျားမှာ ဘာအထောက်အထားရှိလဲ"

"ကျွန်တော့်မိန်းမမှာ ညဝတ်အိင်္ကျီတွေ စုတ်ပြဲကျန်ခဲ့ပါတယ်၊ အချုပ်ဆိုလည်း ပြနိုင်ပါတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါကြောင့် ကျွန်တော် ညတုန်းက ပိုက်မထွက်ဘဲ ဒီကောင့်ကို စောင့်နေခဲ့တာ၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကောင်က မှူးလာတာဆိုတော့ ဘာမှမသိဘူး။ ကျွန်တော် နောက်ကျောကနေ ဓားနဲ့ သုံးချက်တိတိဆောင့်ထိုးပြီး ချောက်ထဲတွန်းချထားခဲ့တာပဲ''

''ချလောက်''

လက်ထိတ်တစ်စုံမှာ မြတ်ခိုင်လက်မှနေ၍ ပိုက်သမား ထွန်းသာလက်သို့ ကူးပြောင်းသွားခဲ့လေပြီ။

ဤလောကမြေမဟီဝယ် မမျှော်လင့်သည်တို့လည်း ဖြစ်တတ်ပျက်တတ်ကြသည်မှာ လောကမာယာ၏ အလှည့်အပြောင်းဟုလည်း ဆိုအပ်လှပေသည်တကား။

✦ ✦ ✦

ကာမဂုဏ်အာရုံကို လွန်ကဲစွာခံစားလိုမှု ဆန္ဒတရား ပြင်းပြသူများမှာ တိရစ္ဆာန်များနှင့် ဘာမျှမခြား။ အရက်တရားသည်လည်း ကင်းလှ၏။ အကြောက်တရားသည်လည်း ကင်းလှ၏။ ကာမ၏ ထူးကဲသော အာရုံကို အခိုက်အတန့်ကလေး ခံစားရခြင်းသည်ပင်လျှင် မှောင်မည်းသော ကမ္ဘာထဲက မဟူရာသုခဘုံအဖြစ် သူတို့မှတ်ထင်မှားတတ်ကြချေသည်တကား။

အခု ဘယ်လိုဖြစ်ကြတာလဲ။ မိန်းမချော မိန်းမလှတစ်ဦးရဲ့ သွင်ပြင်လက္ခဏာ ရုပ်အင်္ဂါနှင့် ညီလှသည့် နှင်းငွေတစ်ယောက် ဘဝပျက်နှင်းငွေ၊ အိမ်ထောင်ပျက်နှင်းငွေ ဖြစ်သွားလေပြီကော။ မိန်းမကောင်း၊ မိန်းမမြတ်တို့ရဲ့ အစောင့်စည်းအပ်ဆုံး အိမ်ထောင်ရေးစည်းရိုးကို ကျော်လိုက်မိချိန်မှာတော့ အိမ်ထောင်ပျက်ဘဝနှင့် အဖေဘယ်သူဘယ်ဝါလို့ ပိုင်ပိုင်နိုင်နိုင် မသိနိုင်တဲ့ ကိုယ်ဝန်ဆောင် အာဝေဏိကဒုက္ခသည်အဖြစ်နဲ့ အိမ်ထောင်ရေးပြိုကွဲ ဘဝသစ္စာ မွဲခဲ့ပြီပေါ့။

ဪ...ဪ မနှင်းငွေ....ဪ။ မင်းဪတာ သဘာဝကျပါတယ်။

ကိုမြတ်ခိုင်ခမျာ သနားပါတယ်။ ယောကျ်ားတကာ လည်ပြန်ကြည့်ရလောက်အောင်လှတဲ့ မိန်းမချောကြီးကို ပိုင်ဆိုင်ခွင့်ရလို့ ပျော်လိုက်ရတာ၊ ပျော်လိုက်ရတာ။ လင်နဲ့မယားလည်း တစ်ယောက်အလိုတစ်ယောက်ဖြည့်ဆည်းလို့ ချစ်လိုက်ကြတာ၊ ချစ်လိုက်ကြတာ။ မိုးဆိုတာ ဘယ်မှာလဲ၊ လေဆိုတာ ဘယ်မှာလဲ။

လောကကြီး မတရားတာတော့ မဟုတ်ဘူး။ လူတွေ လူစိတ်မရှိကြတာ၊ သစ္စာမရှိကြတာပါ။ ကာမဂုဏ်စိတ် လွန်ကဲတဲ့ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြောင့် ဘဝပျက်၊ အိမ်ထောင်ပျက်ရုံမကဘူး။ ဥပဒေဘက်တော်သားတို့ရဲ့ ထိန်းကြိုး လက်ထိတ်လေးတောင် လက်ပေါ်ရောက်လာခဲ့ရတဲ့ ဘဝမျိုးအထိပါပဲ။

✦ ✦ ✦

မြတ်ခိုင်ကား မွေးရပ်ရွာကို ကျောခိုင်းပြီး တစ်လှမ်းချင်းလှမ်းကာ ထွက်ခွာလာခဲ့လေပြီ။ ရန်ကုန်ရှိ ဦးလေးတော်သူ ဦးပဉ္ဇင်းကျောင်းမှာ မှီခိုပြီး ဆယ်တန်းအောင်အောင်ဖြေမယ်၊ ဘဝသစ်ထူထောင်မယ်ဆိုတဲ့ ရည်မှန်းချက်က လူငယ်တစ်ဦးအတွက် အရမ်းမှန်သွားပြီပေါ့။

နှင်းငွေအဖြစ်က ဘဝတန်ဖိုးကို နားမလည်၊ အလှတန်ဖိုးကို မသိဘဲ စိတ်အလိုလိုက်ပြီး မိုက်ခဲ့တဲ့ အမိုက်မ။ တဒင်္ဂကို အစဉ်ထာဝရ မှတ်လေတော့ ဘဝအနာတရတွေက တနင့်တပိုး။

အရှင်းဆုံးပြောရလျှင် အဆင်းလှပေမယ့် အချင်းမရှိတဲ့ အမင်္ဂလာ တံခါးပေါက်ကြီး၊ တံခါးပျက်ကြီး။

**လူလူချင်းမေတ္တာစိတ်ထားနိုင်ကြပါစေ။**
**ကျွန်းစဉ်မြေစောခက်**



www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက် ဟာသများ

## သကြ္ကန်ဆွဲအား



အမျိုးသားကြီးတစ်ဦးသည် ဈေးဝယ်ထွက်လာစဉ် ကလေးနှစ်ဦးက.....

**ကလေးကြီး။** ။ညီလေးရေ...ဒီလူကြီးကို အမဲဖျက်ကြစို့ဟေ့။

**ကလေးငယ်။** ။ဟုတ်တယ်၊ ပက်ကြမယ်ဟေ့။

**အမျိုးသားကြီး။** ။ဟာ....ဟေ့ကောင်တွေ၊ ဒါသင်္ကြန်လားကွ၊ ပက်ရဲပက်ကြည့်စမ်း။

ကလေးနှစ်ဦးမှာ ရေပုံးလေးများကိုင်ကာ ကြောက်သွားကြ၏။ ထိုစဉ် မိန်းကလေးတစ်သိုက် ရေပုံးများကိုင်၍ ပြေးလာကြပြန်သည်။

**မိန်းကလေးများ။** ။ဦး.....သမီးတို့ ရေပက်ချင်လို့ ခွင့်ပြုပါနော်။

**အမျိုးသားကြီး။** ။ဟာ....ရတယ်.....ရပါတယ် သမီးတို့ရယ်၊ ပက်.....ပက်၊ သမီးတို့ကြိုက်သလောက်ပက်။

သည်တော့ ကလေးနှစ်ဦးက.....

ကလေးများ။ ။နှာဘူးကြီး.....နှာဘူးကြီး၊ သင်္ကြန်နှာဘူးကြီး.....။

ထိုသို့အော်ကာ ထွက်ပြေးသွားကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# အားကိုးရသူ



ချစ်သူနှစ်ဦး လမ်းလျှောက်လာစဉ် ပင်လုံးကျွတ်ပွင့်နေသော ပိတောက်ပင်ကြီးအောက်သို့ ရောက်လာကြ၏။

**မိန်းကလေး။** ။ ရှင် ကျွန်မကို ချစ်လား။

**ချစ်သူ။** ။ သိပ်ချစ်တာပေါ့။

**မိန်းကလေး။** ။ မယုံပါဘူး။

**ချစ်သူ။** ။ ဒါဆို ဘယ်လိုသက်သေပြရမလဲ။

**မိန်းကလေး။** ။ ဒီပိတောက်ပင်ပေါ် တက်ပြီးတော့ ပိတောက်ပန်းခူးပေးလေ။

သူမချစ်သူလည်း ပိတောက်ပင်မြင့်ကြီးကိုကြည့်ကာ.....

**ချစ်သူ။** ။ အဟီး.....တက်ရဲဘူး။

မိန်းကလေးလည်း မျက်စောင်းကြီးထိုးလိုက်ပြီး....

**မိန်းကလေး။** ။ ဒါဆိုလည်း ပိတောက်ပင်ပေါ်တက်နိုင်တဲ့အချိန်မှ ရှင့်ကိုတွေ့တော့မယ်။

www.burmeseclassic.com

www.burmeseclassic.com



# ထွက်လည်ချင်ဦးလေ

သကြံန်အတက်နေ့တွင် လင်မယားနှစ်ယောက် လမ်းလျှောက်ရေပက်ခံထွက်လာကြသည်။ တစ်နေရာတွင် ကလေးတစ်စုနှင့် တိုးတော့၏။

**ယောကျ်ား။** ။ ဟေ့ ကလေးတွေ၊ ကောင်းကောင်းပက်ကြနော်။

**ကလေး(၁)။** ။ ဟုတ်ကဲ့ပါဗျာ၊ ဦးလေးက သိပ်စွံတာပဲနော်။

အမျိုးသားမှာ မျက်စိမျက်နှာပျက်သွားသည်။

**ကလေး(၂)။** ။ သကြံန်အကြိုနေ့မှာတစ်ယောက်၊ အကျနေ့မှာတစ်ယောက်၊ အကြတ်နေ့မှာတစ်ယောက်၊ အခု အတက်နေ့မှာလည်း တစ်ယောက်။

**ယောကျ်ား။** ။ ဟေ့ကောင်တွေ မင်းတို့ လူမှားနေပြီနော်၊ အခုဥစ္စာက ငါ့မိန်းမကွ။

**ကလေး(၃)။** ။ ဟုတ်တယ်....ဟုတ်တယ်၊ဦးလေးက အရင်နေ့တွေတုန်းကလည်း အခုလို ပြောခဲ့တာပဲလေ။

မိန်းမဖြစ်သူလည်း ခါးကြီးကိုထောက်၍

**မိန်းမ။** ။ ယောကျ်ား.....ရှင် ကျွန်မ ဥပုသ်စောင့်သွားတုန်းက ဘယ်ကောင်မတွေနဲ့ ထွက်လည်သလဲ၊ ပြောစမ်းဟင်.....။



www.burmeseclassic.com

www.burmeseclassic.com



# ကြားချင်လို့ပါ



ခြံထဲရှိ ပိတောက်ကိုင်းများကို ချိုးချနေသော အမျိုးသားကြီးအား သူ့ဇနီးက တုန်တုန်ယင်ယင်ဖြင့်.....

**အဘွားကြီး။** ။ အဘိုးကြီးရေ...ပိတောက်ပန်းတွေ ချူးပြီး ဘာလုပ်မလို့တုန်းတော့။

အဖြေစကားကို ကြားချင်နေသော အဘွားကြီးက သူမအတွက် ချူးပေးသည်ဟု ထင်မှတ်ပြီး.....

**အဘွားကြီး။** ။ ပြောပါဦး အဘိုးကြီးရဲ့။

အမျိုးသားကြီးက ပိတောက်တစ်ခက်ကိုကိုင်ကာ ရှိုက်နမ်းလိုက်၏။

**အဘိုးကြီး။** ။ မင်းကိုပြောရမှာ အားနာလို့ပါကွာ။

**အဘွားကြီး။** ။ အို ..တော် ကလည်း လင်မယားချင်း ပဲဟာကို။

**အဘိုးကြီး။** ။ အဲဒါကြောင့်ပြောရခက်နေတာပေါ့ ကွာ၊ မင်းရှက်သွားလိမ့်မယ်။

**အဘွားကြီး။** ။ ပြောပါတော်.....ရှင်ကလည်း။

**အဘိုးကြီး။** ။ ငါ့ချစ်ဦးသူလေးကို သတိရလို့ပါ ကွာ၊ သူက ပိတောက်ပန်း သိပ်ကြိုက်တာလေ။

အဘွားကြီး၏ ရှက်သည့်မျက်နှာမှာ ဒေါသမျက်နှာသို့ ကူးပြောင်းသွားတော့၏။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ကောင်နှင့် သိပ်မဝေး လှ၍ ဒေါ်စိန်မမက ဝယ်လိုက်ခြင်း ဖြစ်သည်။ ခြံနှင့်ဝင်းနှင့်ကို လှမ်း ကြည့်၍ လက်လှမ်းလို့မမီဖြစ်သည်။

"ဟယ်...မမပါလား၊ အမယ် လေး ကြည့်စမ်းပါဦး၊ တစ်နှစ်၊ နှစ် နှစ်မတွေ့တာနဲ့ ပုံပြောင်းသွားလိုက် တာ၊ မျက်နှာကို မနည်းကြည့်ယူရ တယ်၊ နည်းနည်းပါးပါးလည်း ထိန်း ပါဦး၊ ပါးစုံ့ကြီးတွေထွက်၊ ဗိုက်ကပူ ဝလိုက်တာ မမရယ်၊ ပုံပျက်နေပြီ နော်၊ မေတို့ကတော့ တတ်နိုင်သမျှ ထိန်းထားရတယ်၊ လင်ဖစ်မပြေးဘဲ လင်ချစ်ဆေးပေါ့"

မမျှော်လင့်ဘဲ ဟင်းချက်စရာ သွားဝယ်သည်တွင် မေရတနာကို ဒေါ်စိန်မမက လှမ်းမြင်လိုက်သည်။ မျက်နှာချင်းမဆိုင်ချင်၍ရှောင်သော် လည်း သူက အတင်းလိုက်ခေါ် သဖြင့် မတွေ့ချင်တွေ့ချင်နှင့် လက် ခံပြောရတော့သည်။ တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းဆိုသလိုမေရတနာ က စကားစလာသည်။ ဝတဲ့သူကို ဝပါသည်၊ ပုံပျက်နေပါသည်ဟု အမှန်အတိုင်းပြောလျှင် မည်သူက ခံချင်ပါ့မလဲ။ ဒါကို လူမှုရေးအရ သူက သိလျက်နှင့် တမင်တကာ ပြောနေခြင်းဖြစ်သည်။ မေရတနာ က အရပ်လည်းပု၊ ပိန်လည်းပိန်၊ ဆံပင်ကောက်ပြီး မျက်နှာတွင် မိတ် ကပ်ခြယ်ကာ အလှအပပြင်ထား လျှင် သူ့ကိုယ်သူ အတော်လေးလှ နေပြီဟုတွေးထားလိမ့်မည်။ အဝတ် အစားကိုလည်း ခေတ်နှင့်အမီဝတ် ထားသည်။ အသက်ငါးဆယ်ကျော်၊

မျက်တွင်းဟောက်ပက်၊
အရိုးငေါက်ဂက်၊
အပြုံးမျက်နှာနှင့်
ဒေါ်စိန်မမကို
ပါးစပ်အရသာခံပြီး
သူ့ကိုယ်သူဖော်
မသူတော်လုပ်နေသည်။
ယခုလည်း
သူပြောသည့်စကားတို့ကို
ကြိတ်မှိတ်ကာ
နားထောင်နေရသော်လည်း
ရင်ထဲတွင်
ကလိကလိ
ဖြစ်နေသည် ...

ဈေးထဲတွင် ဒေါ်မေရတနာ နှင့်တွေ့ပြီးကတည်းက ဒေါ်စိန်မမ စိတ်ထဲတွင် အတွေးပေါင်းစုံ၊ အစိ အစဉ်ပေါင်းစုံက ဦးနှောက်ကို ကွန် ပျူတာတွက်ခိုင်းနေသည်။ ဦးနှောက် ကို လမ်းသလားခိုင်းနေသော်လည်း လူက လမ်းသလားလို့မရ။ အပြင် ဘက်တွင် နေကပူနေပြီ။ အိမ်ထဲ တွင်လည်း လမ်းလျှောက်စရာက ကျယ်ကျယ်ဝန်းဝန်းမရှိ။ တိုက်ခန်း ဖြစ်သည့်အတွက် ရသလိုအခန်းကို ဖွဲ့ထားရ၍ ညှော်ခန်းကို ခပ်ကျဉ်း ကျဉ်းပင် ထားရသည်။

မြေညီထပ်ဖြစ်သည့် တခြား တိုက်ခန်းတွေနှင့်စာလျှင် ဒေါ်စိန် မမတို့ဝယ်နေသည့် တိုက်ခန်းက တစ်လွှာနှင့်တစ်လွှာ ခပ်မြင့်မြင့် ဆောက်ထားသဖြင့် အတွင်း၌ ထပ် ခိုးအပြည့်တင်လိုက်လျှင် သမီးအပျို နှစ်ယောက်နှင့် သားငယ်ကို အခန်း ဖွဲ့ပေးလို့ရသည်။ ခြံဝင်းနှင့်နေကြ သူတွေအဖို့ကတော့ တိုက်ခန်းတွေ မှာနေတတ်မည်မဟုတ်ပေ။ သစ် သားမီးခြစ်ဆံဘူးခွံလေးတွေ ဆင့် ထားသလို အသက်ရှူရသည်မှာ မွန်းကျပ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ဆယ်နားကပ်နေပြီကို မေ့ထားဟန်တူသည်။

မျက်တွင်းဟောက်ပက်၊ အရိုးငေါက်ငက်၊ အပြုံးမျက်နှာနှင့် ဒေါ်စိန်မမကို ပါးစပ်အရသာခံပြီး သူ့ကိုယ်သူဖော် မသူတော်လုပ်နေသည်။ ငယ်စဉ်ကတည်းက အပြိုင်အဆိုင် နေလာကြသူများဖြစ်သည်။ ယခုလည်း သူပြောသည့်စကားတို့ကို ကြိတ်မှိတ်ကာ နားထောင်နေရသော်လည်း ရင်ထဲတွင် ကလိကလိ ဖြစ်နေသည်။

''တမင်တကာကို နေရာကောင်းကောင်း လမ်းမတန်း မြေညီထပ်ကို ဈေးကောင်းပေးဝယ်လိုက်တာ၊ အခု အိမ်ကကိုကိုက ကုမ္ပဏီဖွင့်လိုက်တယ်လေ၊ ဝန်ဆောင်မှုတွေလုပ်တယ်၊ အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းပေါ့၊ မေက စိန်၊ ရွှေ၊ ငွေ ပွဲစားပါလုပ်တယ်၊ စိန်စိန့်ရဲ့ နားက ပန်ထားတဲ့နားကပ် အဆင်မပြေလို့ ရောင်းချင်တယ်ဆိုရင် မေ့ကို လာပေး၊ သင့်တဲ့ဈေးနဲ့ လုပ်ပေးမယ်''

ကြည့်ရင်းကြည့်ရင်း စကားပြောရင်းက သူ့မျက်နှာကို တစ်စစီ ဆုတ်ဖြဲပစ်လိုက်ချင်သည်။

''အိမ်ကကိုကိုက စီးပွားရေး သိပ်လာဘ်မြင်တာ၊ ကုမ္ပဏီမှာ သူက မန်နေဂျင်း၊ သားကြီးက ဂျီအမ်လေ၊ သမီးက စာရင်းကိုင်၊ မေ့ကိုတော့ အတွင်းရေးမှူးလုပ်ခိုင်းတယ်၊ ဟောဒီမှာ မေ့ရဲ့လိပ်စာကတ်နဲ့ဖုန်းနံပါတ်၊ စိန်စိန် အကူအညီတောင်းစရာရှိရင် ခေါ်လိုက်ပေါ့၊ စိန်စိန့်မှာ ဖုန်းရှိတယ်မဟုတ်လား''

အထက်စီးလေသံ၊ အသာစီးရသွားသောပုံသဏ္ဍာန်နှင့် ပြောသွားသည်။



အိမ်ဖော်ကောင်မလေးနှင့်ဈေးဆွဲခြင်းကို နောက်တွင်ထားပြီး ကားရှေ့ခန်းတွင်ထိုင်ရင်း ဒေါ်စိန်မမကို လက်ပြနှုတ်ဆက်သွားသည်။ လိပ်စာကတ်တွေဘာတွေနှင့် အကြီးအကျယ်လုပ်ထားသော မေရတနာကို သူ ပြန်ပြောစရာ စကားစရှာမရဖြစ်နေ၍ ပြောသမျှကို မပြုံးချင်ပြုံးချင်၊ ဟန်လုပ်ပြီး ကြိတ်မှိတ်နားထောင်ကာ ခေါင်းညိတ်ပြီး ဈေးဝယ်ပြန်ခဲ့ရသည်။ ဈေးနှင့်အိမ်က သိပ်မဝေးလှသဖြင့် လမ်းလျှောက်လာခဲ့သော ဒေါ်စိန်မမ၏ အိမ်နေရင်း အဝတ်အစားရုပ်သွင်ကို အထင်သေးသွားပုံရသည်။

+ + +

''ကုမ္ပဏီထောင်ရင် ကောင်းမယ်''

ဟင်းချက်စရာများကို ရေခဲသေတ္တာထဲထည့်ထားပြီး ဧည့်ခန်းတွင် တစ်ယောက်တည်းထိုင်ကာ စဉ်းစားနေသည်။ စိတ်ဂနာမငြိမ်ဘဲ ယောက်ယက်ခတ်လှုပ်ရှားနေသော ဒေါ်စိန်မမကို ဦးစိန်ငြိမ်း ရေနွေးကြမ်းသောက်နေရာမှ သတိထားကြည့်လိုက်သည်။

''မင်း ဘာဖြစ်နေတာလဲ''

''ဘာမှမဖြစ်ဘူး၊ ကုမ္ပဏီထောင်မလို့''

''ဘာ.....ကုမ္ပဏီထောင်မလို့ ဟုတ်လား၊ ဟား......ဟား.....ဟား၊ ရယ်ရတယ်ကွာ''

''ဘာရယ်ရတာလဲ၊ ရှင် ဘာသိလို့လဲ၊ ကိုယ့်အိမ်မှာ ဝန်ဆောင်မှုလုပ်ငန်းတစ်ခုခုအတွက် ဆိုင်းဘုတ်တင်ရမယ်၊ လိပ်စာကတ်တွေလုပ်ရမယ်၊ ရှင်က အဲဒီမှာ အိမ်ရှက်တာလူကြီးလုပ်ရင် ကျုပ်က ဂျီအမ်အလိုလိုဖြစ်လာမှာ''

''မင်းက ဘာလုပ်ငန်းလုပ်မလို့လဲ''

''ကျုပ် အဲဒါစဉ်းစားနေတာ၊

www.burmeseclassic.com

မေရတနာက ကျုပ်ကို အသား လွတ်ကျောသွားတာ၊ မခံချင်ဘူး၊ ရှင်ကလည်း ဘာမှကူညီပြီးလုပ် ပေးဖို့မစဉ်းစားဘူး၊ အိမ်မှာ ဆိုင်း ဘုတ်လေးဘာလေးချိတ်၊ လူတွေ စိတ်ဝင်စားမယ့် ဝန်ဆောင်မှုလေး ဘာလေးပေးနိုင်အောင် ရေးရမယ်၊ ကုမ္ပဏီထောင်ကိုထောင်ရမယ်၊ ဒါမှ နောက်တစ်ခါ သင်းနဲ့တွေ့ရင် ပြန်ပြောလို့ရမှာ''

''ကုမ္ပဏီထောင်တယ်ဆိုတာ နာမည်တို့ဘာတို့ပေးပြီး မှတ်ပုံတင် ရတယ်၊ ဘာလုပ်ငန်းလုပ်ပါ့မယ်ဆို တာ ပြောရတာ''

''အဲဒါကြောင့် ရှင့်ကိုပြောတာ ပေါ့၊ အကြံဉာဏ်တုံးတယ်လို့၊ နည်း နည်းပါးပါး ဖြစ်နိုင်အောင်တော့ မစဉ်းစားဘူး၊ လူတွေရဲ့အခက်အခဲ ကို ဖြေရှင်းနိုင်တယ်၊ ဘာညာဝန် ဆောင်မှုတွေ ပေးနိုင်တယ်ဆိုပြီး မက်လုံးလေးနဲ့ဆွယ်ပြီး ဝန်ဆောင် မှုလုပ်ငန်းတစ်ခုခုကိုပြရင်ပြီးတာပဲ''

''လူတွေအတွက် အခက်အခဲ ဖြေရှင်းပေးမယ့် ဝန်ဆောင်မှုလား''

''ဟုတ်တယ်.....ဟုတ်တယ်''

''ငါ့ကိုဟိုတစ်နေ့က ရပ်ကွက် သာယာရေးအတွက် ကွပ်ကဲရုံးမှာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြော ထားတဲ့ ဝန်ဆောင်မှုလုပ်ငန်းတစ်ခု တော့ရှိတယ်၊ အဲဒါ ငါက မင်းနဲ့ တိုင်ပင်ပါရစေဦးလို့၊ အဲဒီမှာ သူတို့ က ငါ့ကို အဖွဲ့ခေါင်းဆောင်ထား တာ၊ မင်းက အသင်းဝင်ပေါ့''

''အမယ်လေး ဒါလေးများ စောစောကပြောရောပေါ့၊ ဆိုင်း ဘုတ်တွေဘာတွေကို လာတင်မှာ လား''

''ဟ...ဝန်ဆောင်မှုလုပ်ငန်း လုပ်ဖို့ သဘောတူရင် ဆိုင်းဘုတ် ကို လာတင်ကြမှာပဲ၊ ဆိုင်းဘုတ် တင်တာကအစ သူတို့တာဝန်ယူ တယ်၊ မင်းကိုသာ မပြောရသေး လို့''

''အမယ်လေး ယောကျ်ား ရယ်၊ ရှင်က အိမ်ထောင်ဦးစီးပဲ၊ ရှင် သင့်တော်တယ်ဆိုရင် ဆုံးဖြတ် လို့ရရဲ့သားနဲ့ နေရာတကာ မိန်းမ ကိုပဲ ရှေ့တန်းတင်နေတယ် ။ ။ ဟွန်း.....''

''ငါ ဒါဆို သူတို့ကို ပြော လိုက်မယ်''

''ပြော...ပြော မြန်မြန်ပြော၊ ဝန်ဆောင်မှုလုပ်ငန်းအတွက် ဆိုင်း ဘုတ်တင်ပြီးရင် ကျုပ်လည်း လိပ် စာကတ်တွေဘာတွေရိုက်ရမယ်''

''လိပ်စာကတ်တွေဘာတွေ လိုမယ်မထင်ပါဘူးကွာ၊ ဆိုင်းဘုတ် တင်ထားရင် အလိုရှိတဲ့သူ၊ ကိစ္စရှိ တဲ့သူကလာ မှာပါ''

''အို..... ဘာပဲဖြစ်ဖြစ် ကျုပ် အိမ်မှာ ဝန်ဆောင်မှုလုပ်ငန်း လုပ်မယ်၊ ကျုပ်က အဲဒီမှာ ဘယ်လို အရေးပါ၊ အရာ ရောက်တယ်ဆိုတာ ကို မေရတနာသိ အောင် လိပ်စာကတ် ရိုက်ပြီး သူ့ကိုပေးကိုပေးရမှာ''

''မင်းကလည်းကွာ တော်ကြာ သူက သူ့လို တမင်တကာလုပ် တယ် ထင်နေပါဦးမယ်''

''လုပ်မယ် လုပ်မယ်၊ ထင် ချင်သလို ထင်ပါစေ၊ နေပါဦး ရှင် ပြောတဲ့ ဝန်ဆောင်မှုဆိုင်းဘုတ်ချိတ် မယ်ဆိုတာ ဘာဝန်ဆောင်မှုလဲ''

''ဟဲ.....ဟဲ၊ ရိုးရိုးလေးပါ၊ ရပ်ကွက်အတွက် ဝန်ဆောင်မှုပေး မယ့်အရာလေ၊ 'နာရေးကူညီမှု အသင်း'ဆိုတဲ့ ဆိုင်းဘုတ်တင်လိုက် မယ်၊ မင်းလည်း အဲဒီမှာ အဖွဲ့ဝင် လူကြီးတစ်ယောက်ပေါ့''

''ဘာရှင့် ဘာ.....ဘာပြော လိုက်တယ်''

မြမြလှိုင်



www.burmeseclassic.com



# နိုင်ငံတကာသတင်း

## ဦးခေါင်းကြီးမားသော လိပ်ကြီး

Mata Mata ဟု အမည်ရသော လိပ်များသည် တောင်အမေရိက တိုက်တွင်သာ အတွေ့များပြီး ၎င်းတို့၏ဦးခေါင်းမှာ သိသိသာသာ ကြီးမားလျက်ရှိသည်။


အရွယ်အစားမှာ ၁ ပေခွဲခန့်ရှိပြီး လည်ပင်းရှည်ကာ ဦးခေါင်းကြီးမားလှသည်။ ထို့ကြောင့် အခြားသော လိပ်များကဲ့သို့ ဦးခေါင်းကို လိပ်ခွံထဲသို့ ထည့်သွင်း၍မရပေ။ အရောင်မှာ အနက်ရောင်၊ အညိုရောင်၊ မြေနီရောင်၊ ရွှံ့ရောင်ရှိပြီး ချောင်း၊ မြောင်း၊ အင်း၊ အိုင်များတွင် ငါးငယ်များကို စားသုံးကာနေ ထိုင်ကြသည်။

ကိုလံဘီယာ၊ ဗင်နီဇွဲလား၊



ဘရာဇီးနိုင်ငံများတွင် အတွေ့များ ပြီး မဖမ်းဆီးရန် တားမြစ်ထားသော သတ္တဝါဖြစ်သည်။

Ref: Amazing Animal ,18-2-2014



## ရေပေါ်ရေအောက် Oresund တံတား

ဆွီဒင်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံကြား ဆောက်လုပ်ထားသောတံတားဖြစ်ပြီး အပေါ်စီးမှကြည့်လျှင် တံတားမှာဆက်မနေဘဲ တစ်ဝက်တစ်ပျက်ဖြစ်နေသည်။ သို့ရာတွင် ထိုတံတားမှာ တစ်ဝက်တစ်ပျက်မဟုတ်ဘဲ ရေအောက်ထဲမှ တံတားကို ဆက်လက်ဆောက်လုပ်ထားခြင်းဖြစ်သည်။ အလယ်ရေလမ်းမှာ ပင်လယ်ကူးသင်္ဘောများ သွားလာရလွယ်ကူအောင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထိုတံတားကို ၁၉၉၁ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတား၏အမည်ကို Oresund Bridge ဟု အမည်ပေးထားသည်။

Ref:Odd News, 18-2-2014

www.burmeseclassic.com

www.burmeseclassic.com

# ဆင်နှင့်တူသော ဝက်ပေါက်ကလေး



တရုတ်နိုင်ငံ၊ Anhui ခရိုင်တွင် ဝက်တစ်ကောင်မွေးဖွားရာ ထူးဆန်းစွာ ဆင်နှင့်တူလျက်ရှိသည်။ မွေးစကပင် အမွေးမပါဘဲ ပြောင်ချောကြီးဖြစ်နေကာ နားနှင့်နှာခေါင်းကလည်း ဆင်နှင့်အသွင်တူလျက်ရှိသည်။

ထိုဝက်ကလေးမွေးဖွားရာသို့ လူအများအပြား လာရောက်ကြည့်ရှုကြပြီး အားလုံး ဝက်လေး (၇) ကောင်ပေါက်သည့်အနက် တစ်ကောင်မှာ ဆင်နှင့်တူလျက်ရှိသည်။ ထိုဝက်ကလေးမှာ အလေးချိန် ၁၀၀၀ ဂရမ်ရှိကြောင်း သိရသည်။

Ref: Odd News

23-2-2014

# ချစ်သူများနေ့တွင် ဂင်းနစ်မှတ်တမ်းဝင်ခဲ့သည့် တက်တူးအများဆုံးစုံတွဲ

အာဂျင်တီးနားမှ စုံတွဲတစ်တွဲသည် ၎င်းတို့၏ ခန္ဓာကိုယ် လေးပုံသုံးပုံကျော်ကို တက်တူးထိုးထားကာ ခန္ဓာကိုယ်အလှဆင်မှု (ရရ)ခုကိုလည်း ပြုလုပ်ထားသည်။

နားပေါက်ချဲ့မှု၊ လျှာနှစ်ခွဖြစ်အောင် ခွဲစိတ်မှု၊ အရေပြား ထိုးဖောက်အလှဆင်မှု၊ ခန္ဓာကိုယ် ခွဲစိတ်ပြောင်းလဲမှုစသည့် အလှဆင်မှု (ရရ)ခုကျော်ကို ပြုလုပ်ထားပြီး ခန္ဓာကိုယ်တစ်ခုလုံး ဖောက်ထွင်းထားသည့် အပေါက်ပေါင်း ၅၀ ကျော် ပြုလုပ်ထားသည်။

ထိုစုံတွဲကို ခန္ဓာကိုယ်ပြုပြင်ပြောင်းလဲမှု အများဆုံးပြုလုပ်သည့် စုံတွဲအဖြစ် ဖေဖော်ဝါရီ (၁၄)ရက်နေ့ ချစ်သူများနေ့တွင် ဂင်းနစ်မှတ်တမ်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ ထိုစုံတွဲသည် လက်ထပ်ပေါင်းသင်းနေထိုင်ခဲ့သည်မှာ ၁၃ နှစ်ကျော်ကြာမြင့်ခဲ့ပြီး တစ်ဦးနှင့်တစ်ဦး အလွန်ချစ်ခင်ကြကြောင်း သိရသည်။

Ref: World Amazing News

22-2-2014

www.burmeseclassic.com

www.burmeseclassic.com



# တစ်နာရီ ၂၈ မိုင်နှုန်းမောင်းနှင်သည့် လျှပ်စစ်စက်ဘီး

ထိုစက်ဘီးမှာ Specialized Turbo Electric Bike ဟု အမည်ပေးထားသော စက်ဘီးဖြစ်ပြီး တစ်နာရီ ၂၈ မိုင်အထိ မောင်းနှင်နိုင်သည်။

လျှပ်စစ်ဓါတ်အားသွင်းပြီးလျှင် မိုင် ၃၀ ခရီးကို နင်းစရာမလိုဘဲ မောင်းနှင်နိုင်သည်။ ဘက်ထရီမှာ ၂၅၀ ဝပ်အားဖြစ်ပြီး အလေးချိန်မှာ ပေါင် ၅၀ ရှိသည်။ နောက်ဘီးတွင် မော်တာပါဝင်ကာ ၁၂ ပေါင်လေးသည်။

ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၅၉၀၀ ဝန်းကျင်ခန့်ရှိပြီး အမေရိကန်နိုင်ငံမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။

Ref: International News


25-2-2014



www.burmeseclassic.com

www.burmeseclassic.com





ထိုသို့ပြောပြီး
ခေါင်းကို စစ်ပီနပ်နှင့်
သုံးချက်တိတိ
ကန်လိုက်ပါက
အသတ်ခံရသူ၏
ဝိညာဉ်က
နေ့ရောညပါ ပူးကပ်ပြီး
လူသတ်သမား
သွားလေရာရာ လိုက်၍
နှောင့်ယှက်နေသဖြင့်
...

# ရွှေဘိုဘာမထီခင်အောင်

## လူသတ်ဖူးသည့် ရာဇဝတ်အုပ်က လူသတ်သမားကို အမှုစစ်ခဲ့စဉ်က

၁၉၆၀၊ ဒီဇင်ဘာ ဆောင်းတွင်းကာလကဖြစ်ပါ၏။

ဖေဖေ ဦးဖေခင်က မေမေနှင့်ကျွန်တော့်ကို ညစဉ်ညတိုင်း ဖေဖေ့ကိုယ်တွေ့ တကယ့်ဖြစ်ရပ် ရာဇဝတ်မှုနှင့် ပတ်သက်သော ဇာတ်လမ်းကလေးတွေကို အားရပါးရကြီး ပြောပြလေ့ရှိပေသည်။

အနီ ၁၉၆၀ ပြည့်နှစ်က ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် ရွှေဘိုမြို့၊ သက်သာပန်းတောင်းရပ်ကွက် (ယခု (၉) ရပ်ကွက်)မှာ နေကြ၏။ ဖေဖေက အငြိမ်းစားရဲဝန်ထောက်ဖြစ်သည်။

ကျွန်တော်က အသက် (၂၃)နှစ်အရွယ်ခန့်ရှိ အထက်တန်းကျောင်းသားဖြစ်၏။ ထိုစဉ်က ကျွန်တော် စာစတင်ရေးနေပြီဖြစ်၏။ ၂၉-၁၁-၁၉၆၀ ရက်နေ့ထုတ် မန္တလေး ဗဟိုရ်ရှိစည်သတင်းစာ၌ သီပေါမင်း၊ စုဖုရားလတ် ပါတော်မူနေ့ကို အကြောင်းပြုသည့် နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူအစိုးရအား ဆန့်ကျင်သော (အရှုံးခံဘယ်သူလဲ)ခေါင်းစီးဖြင့် ဆောင်းပါးကို **ပြည်ကုန်းဘောင်မှ ဘာမထီခင်အောင်** ကလောင်အမည်နှင့် ရေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မန္တလေးမြို့မှထုတ်ဝေသောဗဟိုရ်စည်သတင်းစာ၌ ဆောင်းပါးပါလာ၍ ပျော်မဆုံးမော်မဆုံး 'လွတ်'နေတော့သည်။ ကျွန်တော့်ဆောင်းပါးပါသည့် သတင်းစာ (၁၀) စောင်ကို ဝယ်ယူ၍ ကြွားဝါနေမိပါသည်။ "မင်းစာရေးဆရာဖြစ်အောင်လုပ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဖေဖေပြောခဲ့တဲ့ ရာဇဝတ်မှု မှုခင်းဖြစ်ရပ်တွေကို ရေးနိုင်အောင် ကြိုးစားစမ်း"ဟု ဖေဖေက အားပေးခဲ့သည်။

ဖေဖေ့စကားကို ကျွန်တော် မြေဝယ်မကျ နားထောင်ခဲ့ပါသည်။ ညစဉ်ညတိုင်းလိုလို တစ်ညတစ်ပုဒ်ကျ ဖေဖေပြောပြခဲ့သော တကယ့်ရာဇဝတ်မှု ဇာတ်လမ်းလေးတွေကို ကျွန်တော်က နားထောင်လိုက်၊ လက်ရေးတို (Shot Hand)နဲ့ လိုက်ရေးမှတ်လိုက် ပြုခဲ့၏။ ဖေဖေက ရှေး(၁၀)တန်းအောင်ခဲ့သဖြင့် အင်္ဂလိပ်လိုကျွမ်း သည်။ အင်္ဂလန်ပြည်က ထုတ်ဝေသည့် စုံထောက်ဝတ္ထုများကိုဖတ်၍ အတုယူနေသူဖြစ်သည်။

ဆရာကြီးရွှေဥဒေါင်း ဘာသာပြန်ခဲ့သည့် စုံထောက်မောင်စံရှား (ရှားလော့ဟုမ်း Shalock Home)ဝတ္ထုကြီးအား လက်စွဲထား၏။ ဖေဖေဦးဖေခင်က (Boxing) သမားလည်းဖြစ်၊ လူလည်းသတ်ဖူး၍ မိုက်မိုက်ကန်းကန်း ရဲရဲတောက်လုပ်တတ်သလို လိမ္မာပါးနပ်စွာလည်း လုပ်တတ်၊ ပြောတတ်ပြန်ပါသည်။

၁၉၃၀ ပြည့်နှစ်၊ မေလ (၃၀)ရက်နေ့က ကိုဗသောင်းဆိုသူ ဦးဆောင်၍ ဖွဲ့စည်းတည်ထောင်ခဲ့သော တို့ဗမာအစည်းအရုံးအဖွဲ့သို့ တိတ်တဆိတ်ဝင်ထား၏။ သခင်အဖွဲ့ဝင်မို့ သခင်ဖေခင်ပေါ့။ အင်္ဂလိပ်အစိုးရကသာ သိသွားလျှင် အလုပ်ဖြုတ်ပစ်မှာ သေချာသည်။ (မှတ်ချက်။ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်ခဲ့သူ ငါးဦးမှာ သခင်ဗသောင်း၊ သခင်ဗစိန်၊ သခင်လေးမောင်၊ သခင်ထွန်းအုပ်၊ သခင်လှဘော်တို့ပင်ဖြစ်သည်)

"ဖေဖေ ဘာဖြစ်လို့ သခင်အဖွဲ့ထဲ ဝင်ခဲ့တာလဲ"

ကျွန်တော်က ထိုသို့မေးရာ.....

"တို့က ဝမ်းစာရေးအတွက် အင်္ဂလိပ်လက်အောက်မှာ အလုပ်လုပ်ရပေမယ့် တို့က ကျွန်မှမဟုတ်ဘဲ၊ တို့ဗမာတစ်မျိုးသားလုံးဟာ သခင်တွေကွ ခင်အောင်ရဲ၊ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ နေလာခဲ့တာ၊ ခွေးမသား အင်္ဂလိပ်က တို့တိုင်း၊ တို့ဌာနီကို လက်နက်အားကိုးနဲ့ မတရားသိမ်းလို့ သူတို့ရဲ့လက်အောက်ရောက်ရတာ၊ ဒါပေမဲ့ သူ့ကျွန်မဟုတ်ဘူးကွ၊ မင်းနားလည်ထားဖို့က"

ဖေဖေက ပြောရင်း ဒေါကန်လာပုံရ၍ ကျွန်တော်ဆက်၍မမေးရဲတော့ပေ။

ဖေဖေဘုကန့်လန့်ကြီးက သူ့သခင်ထိလျှင် နည်းနည်းကလေးမှ မခံတတ်ချေ။

၁၉၃၆ ခုနှစ်၊ မတ်လအတွင်းက ရွှေဘိုမြို့မှ သခင်အဖွဲ့ဝင်အချို့အား ပုလိပ်အဖမ်းမခံရအောင် တိတ်တဆိတ် ကူညီခဲ့ဖူးသည်။

"ငါက ဖမ်းရမယ့်စုံထောက်၊ ငါက လွှတ်ပေးလိုက်တယ်၊ ရွှေဘိုမှာမနေကြနဲ့တော့၊ တခြားမြို့ကို ရှောင်နေကြတော့၊ ကျုပ် ခင်ဗျားတို့ကိုဖမ်းရမယ့် ပုလိပ်စုံထောက်ပဲလို့ ပြောရတော့တာပေါ့ကွာ၊ အရေးကြီးရင် သွေးနီးရမကွ၊ သွေးကြောင်နေလို့ မရဘူး"

"ရှင် အလုပ်ပြုတ်မှာ မကြောက်ဘူးလား"

မေမေက ထိုကဲ့သို့မေးခဲ့၏။

"မသန်းမေရာ ဒါ မြန်မာပြည်ကွ၊ ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ် ဘယ်တော့မှ ထမင်းမရှားဘူး၊ မှတ်ထားလိုက်ပါ"

ဖေဖေက ထိုသို့ပြန်ပြောခဲ့၏။

ဖေဖေက ပြောလိုက်သေးသည်။

"ငါ့ကို သခင်ဖေခင်ဆိုတာ ငါ့အထက်အရာရှိ (D.S.P) က သိသွားလို့ဖမ်းရင် ငါ အဖမ်းမခံဘူးကွ၊ သူ့ကိုပစ်သတ်ပြီး တောခိုသွားမှာ"

ထိုသို့ပြောရာ မေမေက.....

"ဟင်.....ရှင်တောခိုသွားတော့ ကျွန်မနဲ့ ကလေးတွေကို ပစ်ထားခဲ့မှာပေါ့၊ ဟုတ်လား"

"မင်းတို့မိဘတွေက ချမ်းသာတာပဲ၊ မင်းမိဘရှိတဲ့ မန္တလေးမှာ သွားနေကြပေါ့"

အဲဒီလို ပြောချပြီးမှ ဖေဖေက ရယ်ကျဲကျဲလုပ်နေခဲ့၏။

"ကဲပါ မသန်းမေရာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ကိစ္စတွေပါကွာ၊ အပိုမပြောကြစို့နဲ့"

www.burmeseclassic.com

www.burmeseclassic.com



မေမေက ဖေဖေ့ကို မျက်စောင်းတစ်ချက်ခဲလိုက်သေးသည်။

"ရှင်ဟာလေ ပုလိပ်လုပ်ဖို့မကောင်းဘူး၊ နိုင်ငံရေးသမား လုပ်ဖို့ပဲကောင်းတယ်"

"အေးဟ၊ ငါလမ်းမှားသွားတယ်"

ဖေဖေသည် ၁၉၂၂ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ရာဝယ် ဘယ်အင်္ဂလိပ်အရာရှိနှင့်မှ မတည့်ပေ။ ငွေလည်းမခံတတ်ပေ။ လာဘ်ပေးလာဘ်ယူ လုံးဝ(လုံးဝ) မလုပ်ခဲ့ပေ။ ဖေဖေ့လက်သုံးစကားတစ်ခွန်းမှာ "မဟုတ်ရင်လည်း မခံဘူးကွာ၊ မဟုတ်တာလည်း မလုပ်ဘူးကွ၊ မဟုတ်တာမလုပ်မှ ဘယ်လိုကောင်မျိုးကို ဖြစ်ဖြစ် ရဲရဲတောက် ခေါင်းမော့ပြီး ပြောလို့ရမှာကွ"တဲ့။

✦ ✦ ✦

**တရားခံကို နုနုလေးကိုင်တွယ်ပြီးစစ်နည်း**

ဖေဖေကိုယ်တိုင် တကယ့်လူသတ်မှုတရားခံကို စစ်ဆေးခဲ့မှုကို အောက်ပါအတိုင်း ပြောပြခဲ့သည်-

"ငါတို့ပုလိပ်အရာရှိတွေဟာ စိတ္တဗေဒပညာ တတ်ကျွမ်းဖို့လိုတယ် ခင်အောင်ရ၊ ဆိုက်ကိုပေ့ါကွာ၊ ရှားလော့ဟုမ်းထဲမှာလည်းပါတယ်၊ ဖေဖေက လူသတ်ထားတဲ့ကောင်ကို အိမ်ကိုခေါ်လာပြီး ရင်းရင်းနှီးနှီး ပြောဆိုဆက်ဆံတတ်တယ်၊ အဲ.....လက်ထိတ်တော့ ခတ်ထားရသကွ၊ ဖေဖေ့အိမ်ရဲ့ တစ်နေရာရာမှာ တရားခံ မမြင်နိုင်တဲ့နေရာမှာ ပုလိပ်နှစ်ယောက် စောင့်နေစေရတယ်၊ ထွက်ပြေးရင် ပစ်သတ်ရမယ်လို့လည်း အပြတ်မှာထားရတယ်၊ လူသတ်ထားတဲ့ တရားခံက ငပွားဆိုကြပါစို့၊ ငပွားကို 'မောင်ပွား ထိုင်ကွာ၊ ရေနွေးကြမ်းသောက်ဆိုပြီး ရေနွေးကြမ်း ကိုယ်တိုင်ထည့်ပေးလိုက်တယ်"

ထိုသို့အစချီပြီး ဖေဖေက ဆက်လက်ပြောပြခဲ့သည်။

"မောင်ပွား မင်းကိုငါ ထမင်းကျွေးမယ်၊ ဘာဟင်းနဲ့ စားချင်လဲ ပြော"

တရားခံက အံ့အားသင့်သည့် အမူအရာနှင့်ကြည့်နေခဲ့သည်။ ပြီးနောက်.....

"ကျုပ် ဝက်သားဟင်းနဲ့ စားချင်ပါတယ်"

"အေး.....ဟုတ်ပြီ၊ ဝက်သားဟင်းအပြင် ဘာဟင်းချိုကြိုက်လဲ"

"မန်ကျည်းရွက်ချဉ်ရည်ဟင်း"

"အေး.....ကောင်းပြီ၊ ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်း လိုက်ဖက်ညီတယ် မောင်ပွားရဲ့"

အဲဒီ ပထမနေ့မှာ မနက်စာ သူစားချင်တာတွေအားလုံး စီစဉ်ပေးလိုက်တယ်ပေါ့ကွာ။ ပထမရက် ဝက်

"

ကျုပ်သတ်လိုက်တဲ့လူက
ကျုပ်ကို
နေ့ရောညပါ
လိုက်ခြောက်လှန့်နေသဗျ။
ကျုပ်လည်း ကြာတော့
ကြောက်လာတာနဲ့
လာပြီးအဖမ်းခံတာပါ

"

www.burmeseclassic.com



သားဟင်း၊ ဒုတိယရက် ဆိတ်သားဟင်း၊ တတိယရက်ကျတော့ ကြက်သားဒံပေါက် ကျွေးလိုက်သည်တဲ့၊ ထိုသို့ အလှုံ့ပယ်ကျွေးအပြီး သုံးရက်မြောက်တွင် ဖေဖေက.....

"မောင်ပွား ငါတို့မိသားစု ပျော်ပျော်ပါးပါး စားသောက်နေတာမျိုးကို မင်း အားမကျဘူးလားဟင်"

ထိုသို့မေးရာ မောင်ပွားက.....

"နေချင်တာပ ဆရာရယ်၊ ကျုပ်မှာလည်း သားနဲ့သမီးလေးတွေ ရှိပါတယ်"

ဤတွင် ဖေဖေက.....

"အေး.....အေး ဟုတ်ပြီ၊ မင်း ငါ့ကိုယုံရင် မင်းလူသတ်ခဲ့တာတွေကို အားလုံးဖွင့်ပြောပြမလား။ ငါ မင်းရဲ့အမှုတစ်ဝက် လျော့ပေါ့ဖို့ တာဝန်ယူပေးမယ်၊ အဲဒါကို မင်း ကနေ့ည စဉ်းစားဆုံးဖြတ်၊ မနက်ဖြန်မနက်မင်းနဲ့ငါ ထမင်းဝိုင်းမှာ ဆုံကြတဲ့အခါ မင်းရဲ့ဆုံးဖြတ်ထားချက်ကိုပြော၊ အားလုံးမထိမ်မချန် ဖွင့်ပြောရင် ငါ မင်းရဲ့အမှုကို တစ်ဝက်လျှော့ပေးဖို့ တာဝန်ယူမယ်၊ ပုလိပ်ဝန်မင်းဆီကို ချက်ချင်းခေါ်သွားမယ်၊ ငါတကယ်လုပ်ပေးမပေး မင်းသိရစေ့မယ်၊ ကဲ.....ဒါပဲ မောင်ပွား"

"အဲဒီတော့ မောင်ပွားက ဘာလုပ်သလဲ ဖေဖေ"

ကျွန်တော်က သိလိုစိတ်ဖြင့် ဖြတ်မေးလိုက်ရာ

"မောင်ပွားရဲ့အမှုကို တစ်ဝက်တကယ်တာဝန်ယူမှာကို ဖေဖေ့ကို သူယုံကြည်သွားပြီမို့ နောက်တစ်ရက်မနက်စာထမင်းဝိုင်းမှာ အားလုံးဖွင့်ပြောတော့တာပါပဲ၊ လူသတ်မှုကြီးပေါ်ပြီး ဖေဖေကလည်း ကတိအတိုင်းဆောင်ရွက်ပေးခဲ့တယ်၊ ထောင် ခုနစ်နှစ်ပဲကျသွားတယ်"

"ဖေဖေက ဘယ်လိုလုပ်လိုက်တာလဲဟင်"

"အဲဒီလို အပျော့ဆွဲနည်းနဲ့ ကျင့်သုံးခဲ့တာ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းတော့ အောင်မြင်သကွ၊ တော်တော်လေး ဆိုက်ကိုသုံးရတယ်၊ လူယုံအောင် ပထမ လုပ်ယူရတယ်၊ နှစ်ဦးနှစ်ဖက် **ယုံကြည်မှုရှိပြီး** တစ်ဦးကိုတစ်သီး **တကယ်အားကိုးလာပြီးရင်** အဖြေထွက်လာတော့တာပါပဲ၊ အဲ.....အဲ ဟန်မဆောင်မှ ဒါမျိုးက အောင်မြင်တာကွနော့၊ လွယ်လွယ်လေးတော့ မရဘူး။ အပျော့ဆွဲပေါ့ကွာ၊ တရားခံတိုင်းကို ရိုက်မစစ်ရဘူး။ တရားခံရဲ့ စိတ်ဓာတ်ကို ပထမ လေ့လာရမယ်၊ လေ့လာအကဲခတ်တတ်ရင် အဖြေရပြီလေကွာ"

ဖေဖေ၏ တရားခံစစ်နည်းက တရားခံအား ကျွေးမွေးပြုစု၊ ပေါင်းသင်းဆက်ဆံပြီးကာမှ အပျော့ဆွဲအရ ညင်ညင်သာသာစစ်နည်းပင် ဖြစ်တော့၏။

တကယ်တော့ Police ဟူသည် စိတ္တဗေဒ ကျွမ်းကျင်ရမည်ဟု ဖေဖေပြောလိုပုံရပေသည်။

အသတ်ခံရသည့် အမျိုးသား၊ သို့မဟုတ် အမျိုးသမီးကို အမှုစစ်သူက "မင်းကိုသတ်တဲ့ကောင်ကို သုံးရက်အတွင်း မင်းဖော်ပေးရမယ်၊ မင်းပဲ တို့ပုလိပ်(ရဲ)ဌာနကို ခေါ်ခဲ့ရမယ်၊ အဲဒါ အမိန့်ပဲ၊ နားလည်လား"

ထိုသို့ပြောပြီး ခေါင်းကို စစ်ဖိနပ်နှင့် သုံးချက်တိတိကန်လိုက်ပါက အသတ်ခံရသူ၏ ဝိညာဉ်က နေ့ရောညပါ ပူးကပ်ပြီး လူသတ်သမားသွားလေရာရာ လိုက်၍နှောင့်ယှက်နေသဖြင့် မအိပ်နိုင်၊ မစားနိုင်၊ မနေနိုင်ဖြစ်လာကာ ကိုယ်တိုင်ကိုယ်ကျ ပုလိပ်ဌာန(ရဲစခန်း)သို့ လာရောက်အဖမ်းခံ/ဖြောင့်ချက်ပေးလေ့ရှိကြောင်း ဖေဖေက ပြောပြခဲ့သေးသည်။

"ကျုပ်သတ်လိုက်တဲ့လူက ကျုပ်ကို နေ့ရောညပါ လိုက်ခြောက်လှန့်နေသဗျ၊ ကျုပ်လည်း ကြာတော့ ကြောက်လာတာနဲ့ လာပြီးအဖမ်းခံတာပါ"

ထိုသို့ လူသတ်သမားက ဖွင့်ဟပြောပြခဲ့ကြောင်း ဖေဖေ၏ ပြောပြချက်အရ သိရှိရသည်။

မှတ်ချက်။ ၁၉၆၀ ပြည့်နှစ်၊ ဒီဇင်ဘာလအတွင်းက ဖေဖေဦးဖေခင်(အငြိမ်းစားရဲဝန်ထောက်မင်း D.Y.S.P) ပြောပြခဲ့သော အမှုစစ်ဆေးမှု အကွက်တစ်ကွက်ကို ဗဟုသုတရကြစိမ့်သောငှာ ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ရွှေဘိုကာမထီခင်အောင်

www.burmeseclassic.com



# ခင်လှုံ့မလေး (ဓာတု)

## တဒင်္ဂ . . . ထာဝရ



www.burmeseclassic.com

www.burmeseclassic.com


ဘာလိုလိုနဲ့ ညီမလေး နွေးနွေး လူ့လောကကြီးထဲက ထွက်ခွာသွားတာ တစ်လတောင်မှ ပြည့်ခဲ့ပြီပဲ။ သက်တို့မှာ ညီအစ်မ သုံးယောက်ရှိပြီးတော့ နွေးနွေးက အငယ်ဆုံး၊ အထွေးဆုံး။ သက်က အိမ်မှာ အကြီးဆုံး။ သက်အောက်မှာ ဖွေးဖွေးရှိသည်။ ဖွေးဖွေးက အလတ်မ။ အိမ်မှာ အချောဆုံး။ သက်သက်ချို၊ ဖွေးဖွေးချိုနှင့် နွေးနွေးချိုဟူ၍ ညီအစ်မသုံးယောက်ဖြစ်လေသည်။ နွေးနွေး သုံးနှစ်သမီးမှာ ဖေဖေဆုံးပြီး ဆယ့်ငါးနှစ်သမီးမှာတော့ မေမေဆုံးသည်။

နွေးနွေးဟာ အငယ်ဆုံးသာဆိုတယ်။ ကံမကောင်းရှာပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘဆုံးပြီး သူများအငယ်တွေလိုလည်း ပေါ်ကြော့မနေနိုင်ရှာ။

ဖွေးဖွေးက အရင်အိမ်ထောင်ကျပြီး သူ့အမျိုးသားရှိရာမန္တလေးသို့ လိုက်သွားရသည်။ ဖွေးဖွေးပြီးတော့ သက်က အိမ်ထောင်ကျပြန်သည်။ အဲဒီလိုနဲ့ သက်နှင့်နွေးနွေးတို့ အတူနေဖြစ်သွားကြတော့သည်။ နွေးနွေးက အင်မတန် လိမ္မာရှာပါသည်။ သက်အမျိုးသားအပေါ်မှာလည်း အဖေတစ်ယောက်လို၊ အစ်ကိုကြီးတစ်ယောက်လို အားကိုးရှာသည်၊ လေးလည်းလေးစားသည်။

ဆယ်တန်းတစ်နှစ်ကျပြီး ဆက်မတက်တော့။ သက်က ဘယ်လိုတက်ခိုင်းခိုင်း ပြန်မတက်တော့ဘဲ သူမ ဝါသနာပါရာ စက်ချုပ်ခြင်းကိုသာ တစိုက်မတ်မတ် လေ့လာသင်ယူခဲ့သည်။ သူမခမျာလည်း မအားရှာပါ။ သက်ရဲ့ကလေးသုံးယောက်စလုံး နွေးနွေးနှင့်သာ ကြီးလာရသည်။ သက်က မွေးရုံသာ မွေးထားရသည်။ ကလေးတွေရဲ့ ပညာရေး၊ ကျန်းမာရေးအားလုံး နွေးနွေးနှင့်သာ လွှဲထားရသည်။

ကလေးတွေကလည်း သူတို့အဒေါ်မှ သူတို့အဒေါ်။ သက် တစ်ရက်လောက်ပျောက်လျှင် ဘာသံမျှ မကြားရသော်လည်း နွေးနွေးများ တစ်မနက်လောက် ပျောက်လျှင်ဖြင့် ဒေါ်လေးရေ၊ တီတီရေနှင့် မိုးမွှန်အောင် အော်ကြပါတော့သည်။ ကလေးတွေ ဖြစ်ချင်လည်း ဖြစ်ချင်စရာပဲကိုး။ ကျောင်းပိတ်ရက်ရောက်တိုင်း မာလာဟင်း၊ လက်ဖက်သုပ်၊ မြီးရှည် တစ်ပတ်တစ်မျိုး မရိုးစေရ၊ ဆယ်တန်းသာမအောင်တယ်။ ကလေးတွေ နားမလည်တဲ့ သင်္ချာပုစ္ဆာတွေ၊ မြန်မာစာ ဝါကျဖွဲ့တွေ၊ အင်္ဂလိပ်စာ သဒ္ဒါပိုင်းတွေအားလုံး ကလေးတွေနားလည်အောင် ရှင်းပြနိုင်တဲ့အရည်အချင်း နွေးနွေးမှာရှိသည်။ ဒီတော့ ကလေးတွေရဲ့အချစ်တော်ဖြစ်တာလည်း မဆန်းတော့ဘူးပေါ့။

နွေးနွေးက ချောတဲ့စာရင်းထဲမှာမပါ။ ဒါပေမဲ့ ရိုးရိုးယဉ်ယဉ်လေးနဲ့ အင်မတန်မှ ရိုးသားသိမ်မွေ့သူဖြစ်လေသည်။ အဲဒါကြောင့်လည်း ညီမလေးကို လိုချင်တဲ့သူတွေ ရပ်ကွက်ထဲမှာ ဒုနဲ့ဒေး။ ဒါပေမဲ့လည်း ကာယကံရှင်က အနေတည်တော့ တော်ရုံတန်ရုံ မစရဲ မနောက်ရဲကြ။

+ + +

လူတစ်ယောက်ရဲ့ တန်ဖိုးဆိုတာ သူမရှိတော့မှ ပိုသိလာရသည်။ ရှိနေစဉ်မှာတော့ ဘာသိဘာသာပင်။

"မမသက် ကိုနေမျိုးရဲ့ အကျီတွေပါ လျှော်လိုက်မယ်နော်၊ မမသက်ယောက်ျားကလည်း လူကြီးတစ်ယောက်ဖြစ်ပြီးတော့ သိပ်ညစ်ပတ်တာပဲ၊ ကြည့်ပါဦး။ အဝတ်အစားတွေက ဖိုးဝတုတ်ထက်တောင် ညစ်ပတ်သေးတယ်"

"ဩော်ကွယ်.....ကားသမားတစ်ယောက်ပဲ၊ ဒီလောက်တော့ရှိမှာပေါ့ကွယ်၊ သူ့ခမျာ လေထဲမိုးထဲ ကားနဲ့နပန်းလုံးနေရရှာတာမဟုတ်လား"

သူမစကားကြောင့် နွေးနွေးက

www.burmeseclassic.com

www.burmeseclassic.com

မဲ့ပြုံးတစ်ချက်ပြုံးလျက် အဝတ်ထုပ်တွေ ယူသွားသည်။ သက် အဲဒီလိုကိုနေမျိုးဘက်မှ လိုက်ပြောတိုင်း နွေးနွေးက မဲ့ပြုံးပြုံးတတ်သည်။ ဘာမှတော့ ဆက်မပြောတော့။

"နွေးနွေးရေ.....ညီမလေး"

"ရှင်.....မမသက်၊ ဘာလုပ်မလို့လဲ"

"ဒီမှာ နင့်အစ်ကိုရဲ့ဘော်ဒါတွေ ဒီနေ့ ဒီမှာ စားကြသောက်ကြမယ်တဲ့၊ ဟင်းလေးဘာလေး လုပ်ထားလိုက်ဦး၊ ငါးယောက်လောက်တော့ ရှိမယ်ထင်တယ်"

"ဟုတ်ကဲ့ မမသက်၊ ဒါနဲ့ စားကြတာတော့ ဟုတ်ပါပြီ၊ သောက်ကြက ဘာလဲ၊ အရက်တွေ၊ ဘီယာတွေလား"

"ဟယ်...မဟုတ်ပါဘူးကွယ်၊ မမသက်က ကိုယ့်ညီမ အပျိုလေးရှိတဲ့အိမ်မှာ လုပ်ခွင့်ပြုပါ့မလား နွေးနွေးရယ်၊ ညည်းအစ်မ အဲဒီလောက်တော့ ဦးနှောက်ကောင်းပါသေးတယ်"

"ပြီးရော"

"ကိုမျိုး.....ကိုမျိုးခယ်မလေးက တကယ်ဗျာ ရင်ထဲကို အေးနေတာပဲ"

"ရှူး....."

"ဘာလဲဗျ ခင်ဗျားကလည်း၊ သူများတွေကိုတော့ လိုက်စနေပြီးတော့ ခယ်မကျမှ နှမြောနေရသလား၊ ရိုးမှရိုးရဲ့လား"

"ဟာ.....ဒီကောင် ပြောလေကဲလေ၊ မန်းလေပြဲလေပါလား၊ သက်က သူ့ညီမလေးကို သိပ်တိုတာကွ၊ ဘယ်သူနဲ့မှ တူတယ်တန်တယ် ထင်တာမဟုတ်ဘူး၊ သွားမလုပ်နဲ့"

"အလိမ္မာအိမ်ပါလေးပေါ့ ဟုတ်လား၊ လုပ်စမ်းပါဗျာ၊ ဒီခေတ်မှာ ဒါမျိုးက တော်တော်ရှားပါးတာဗျ၊ သူလေးနဲ့သာဆိုရင် ခင်ဗျားကို ကျွန်တော် တစ်ဝိုင်းပြုစုမယ်၊ ဘယ့်နှယ်လဲ၊ တစ်ဝိုင်းမဟုတ်ဘူးဗျာ၊ ဆယ်ဝိုင်း.....ဆယ်ဝိုင်း"

နွေးနွေးသည် အိမ်ရှေ့မှစကားသံတိုးတိုးများအား မကြားဟန်ပြုလျက် ခပ်မဆိတ်သာနေလိုက်၏။ အားလုံးက ကားသမားတွေ၊ သွားရောလို့မဖြစ်။ နွေးနွေးကြုံဖူးသမျှ ကားသမားတွေထဲမှာ တော်တော်များများ ပါးစပ်သရမ်းကြသည်။ စည်းမစောင့်တတ်ကြချေ။ ဒါပေမဲ့ အဲဒီထဲမှာ ကိုနေမျိုးတော့ မပါချေ၊ ကိုယ့်ခဲအိုမို့ ကိုယ်ပြောတာမဟုတ်။ ကိုနေမျိုးက အနေတည်သည်။ နွေးနွေးအပေါ်မှာလည်း ညီမလေးတစ်ယောက်လို ဆက်ဆံပေးရှာသည်။ သွားရေးသမီးရေး လာဆွေးနွေးလျှင်တောင် "ကျွန်တော့်ညီမလေးက ငယ်ပါသေးတယ်ဗျာ"ဆိုပြီး အပျော့ဆွဲလေးနှင့် ငြင်းလွှတ်တတ်သည်။

အခုထိတော့ နွေးနွေး ရင်ခုန်မိတဲ့သူ ဒီကမ္ဘာပေါ်မှာ မရှိလောက်သေးဘူးထင်ပါသည်။ ဘယ်နေ့မှ မိုးကျရွှေကိုယ်တစ်ယောက်လို ဘွားခနဲပေးလာမည်တော့မသိချေ။ နွေးနွေးကတော့ ဒီဘဝလေးကို ကျေနပ်ပါသည်။ အဖေနဲ့အမေ မရှိတော့

နွေးနွေးမျက်လုံးထဲမှာ
အဲဒီ စိုင်းလတ်ဆိုတဲ့
လူကြီးကို
အမြင်ကတ်လှသည့်
ကြားမှပင်
သံယောဇဉ်ဖြစ်လာခဲ့သည်
ထင်ပါသည်။
တစ်ခါတလေ
သူမလာခဲ့ရင်တောင်
ရင်ထဲမှာ
ဟာတာတာကြီးလိုလို
ဘာလိုလို ခံစားနေရသည်

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အမေနဲ့တူတဲ့ ကိုနေမျိုး၊ အမေနဲ့တူတဲ့မသက်တို့နဲ့နေရသည့်ပဲလေ။ နောက် ချစ်စရာကောင်းတဲ့ တူလေးနဲ့ တူမလေးတွေ။

"ကိုမျိုးရယ် ကိုမျိုးညီမလေးက ငယ်ပါသေးတယ်၊ ပြီးတော့ သက် အဲဒီကောင်လေးရဲ့ အပြောအဆိုတွေကို သဘောမကျပါဘူး။ ပြီးတော့ ကားသမားဆိုတာမျိုးက စိတ်ချရတာမဟုတ်ဘူး။ တစ်ခုခုဆို ညီမလေးက ဖြူဖြူစင်စင်လေးရယ်၊ သက်ပဲရင်ကျိုးရမှာ"

"ကားသမားဆိုပြီးတော့တော့ တစ်ဖက်သတ် မစွပ်စွဲပါနဲ့ သက်ရာ၊ ဒါဆို ကိုယ့်ကိုရော.....ကဲ၊ ကိုယ်ကလည်း နွေးနွေးကို ကိုယ့်ညီမလေးတစ်ယောက်လို၊ ကိုယ့်သမီးလေးတစ်ယောက်လို သံယောဇဉ်ရှိလို့ လက်ခံလိုက်တာပါ။ စိုင်းလတ်ကလည်း အပြောအဆိုမတတ်ပေမယ့် သူ ညီမလေးကို တကယ်ချစ်ရှာတာပါ။ ယောက်ျားချင်းမို့ ကိုယ်က ပိုသိတာပေါ့"

"ကဲပါ.....တော်ပြီ အဲဒီအကြောင်း။ ညဉ့်နက်နေပြီ၊ အိပ်ကြရအောင်၊ ရှင်အဲဒီလောက် သဘောတွေ့နေရင်လည်း မနက်မှပဲ ရှင့်ညီမကို မေးကြည့်လိုက်တော့၊ ကာယကံရှင်ကို ဆုံးဖြတ်ခိုင်းတာ အကောင်းဆုံးပဲ"

✦ ✦ ✦

"မသက် ခုတလော အဲဒီလူက အိမ်ကို ချောင်းပေါက်မတတ်လာနေသလိုပဲ၊ နွေးနွေးဖြင့်မကြိုက်ပါဘူး။ အဲဒီ ကိုနေမျိုးကြီးကလည်း မကြိုက်ပါဘူးလို့ ပြောနေတဲ့ဟာကို ဘာဖြစ်နေမှန်းကို မသိဘူး"

"ကဲပါကွယ်.....လာနေမှတော့ ထွက်ပြီးညှဉ့်ခံလိုက်ပါကွယ်၊ သူ့ခမျာ အဝေးကြီးကနေ လာနေရရှာတာ၊ ပင်ပန်းနေရှာမှာပေါ့၊ သနားပါတယ်"

နွေးနွေးက လက်ချုပ်လိုက်နေရာမှ သုတ်ခနဲ ထထွက်သွားသည်။ ဟို စိုင်းလတ်ဆိုတဲ့ ကောင်လေးနားတော့မဟုတ်။ ခြံနောက်ဘက် ဂျပန်ပိတောက်ပင်ကြီးအောက်သို့ဖြစ်လေသည်။ လက်ထဲမှာ စာအုပ်တစ်အုပ်လည်း ကိုင်သွားသေးသည်။

✦ ✦ ✦

နွေးနွေးမျက်လုံးထဲမှာ အဲဒီ စိုင်းလတ်ဆိုတဲ့လူကြီးကို အမြင်ကတ်လှသည့်ကြားမှပင် သံယောဇဉ်ဖြစ်လာခဲ့သည်ထင်ပါသည်။ တစ်ခါတလေ သူမလာခဲ့ရင်တောင် ရင်ထဲမှာ ဟာတာတာကြီးလိုလို ဘာလိုလို ခံစားနေရသည်။ အလုပ်နဲ့ အပြောတော့ တခြားစီဖြစ်တော့မည်ထင်ပါသည်။ "အစားကုန်အောင်စား၊ စကားကုန်အောင်မပြောနဲ့" ဆိုတဲ့စကားက တကယ်မှန်နေပြီပဲ။ ချစ်ခြင်းအစ ဘယ်ကလဲတော့မသိ။ ခုတော့ နွေးနွေးတစ်ယောက် သက်ပြင်းတွေသာ ချမိနေတော့သည်။

✦ ✦ ✦



www.burmeseclassic.com

www.burmeseclassic.com



“မမသက် ဟိုလူကြီးမလာတာ ဆယ်ရက်လောက်တောင် ရှိတော့မယ်နော်၊ ဘာဖြစ်လို့ပါလိမ့်၊ နေများမကောင်းလို့လားမသိဘူး”

“အောင်မယ်....အောင်မယ်၊ ဒါက ဘာစကားတုံး။ အစတုန်းကတော့ အရိုးများသလေး၊ ချေးခါးသလေးနဲ့၊ ခုတော့ ဘာဖြစ်သွားရတာပါလိမ့်”

“မမနော် နွေးနွေးက ရိုးရိုးတန်းတန်း မေးတဲ့ဟာကို၊ ဘာမှန်းလဲမသိဘူး”

“သြော်.....ကျုပ်ကလည်း ရိုးရိုးတန်းတန်းပဲ မေးတာပါတော်”

“----”

“ညီမလေးအသက်လည်း အစိတ်ထဲတောင် ရောက်နေပြီပဲ၊ မငယ်တော့ပါဘူးကွယ်၊ အိမ်ထောင်သားမွေးပြုမယ်ဆိုရင် ဒီအရွယ်က အကောင်းဆုံးပဲလေ၊ ဟုတ်တယ်မဟုတ်လား၊ ညီမလေးမှာ တိုင်ပင်စရာဆိုလို့ မမသက်ပဲရှိတာ၊ ဒါဟာ သဘာဝပဲလေ၊ ရှက်စရာကိစ္စမှ မဟုတ်တာ၊ ညီမလေးက ချစ်တယ်၊ သံယောဇဉ်ရှိတယ်ဆိုရင် မမဘက်က ဘာမှ သဘောမတူစရာမရှိပါဘူး။ ဘယ့်နှယ်လဲ”

“ဟုတ်”

စိုင်းလတ်က ရုပ်ရည်ချော၊ စီးပွားရေးချော ပြောစရာမရှိပါ။ မောင်နှမသားချင်း နှစ်ဦးတည်းသာရှိပြီး စိုင်းလတ်က အငယ်ဖြစ်လေသည်။ စိုင်းလတ်အစ်မက အိမ်ထောင်ကျသွားပြီဖြစ်ပြီး မူဆယ်မှာဖြစ်လေသည်။ ကိုနေမျိုးပြောသလို အပြောအဆိုမတတ်ဘူးဆိုပေမယ့် စိတ်ရင်းလေးကတော့ ကောင်းရှာပါသည်။ နွေးနွေးကိုလည်း ချစ်မည့်ပုံ၊ အလိုလိုက်မည့်ပုံပင်။

+ + +

“နွေး ဘာမှာဦးမလဲ၊ ကိုယ် မနက်ဖြန် မန္တလေးဆင်းမှာ၊ ထိုးမုန့် ဝယ်ခဲ့ရမလား၊ ဒါမှမဟုတ် သနပ်ခါးတုံး ဝယ်ခဲ့ပေးရမလား”

“ရပါတယ် စိုင်းရယ်၊ နွေးက ထိုးမုန့်မကြိုက်ဘူး၊ အရမ်းအီလို့လေ၊ သနပ်ခါးတုံးတွေလည်း ရှိပါသေးတယ်”

“အရမ်းချစ်တာပဲ၊ ဒီမျက်နှာလေးကို၊ လှလည်းသိပ်မလှဘဲနဲ့ ဘာဖြစ်လို့ ချစ်မိမှန်းလဲမသိဘူး”

“စိုင်းနော် မခေါ်ဘဲနေလိုက်မှာ၊ နွေးက နွေးကို မလှဘူးပြောတဲ့သူဆို သိပ်ကြည့်ရတာမဟုတ်ဘူး”

“ဟား...ဟား....ဟား၊ နွေးက အရင်က အေးအေးလေးပါ၊ ကိုယ်သိသလောက်တော့ ကိုယ်နဲ့ချစ်သူဖြစ်မှ ပိုစွာလာသလိုပဲ၊ မှန်လား၊ ကိုယ်ပြောတာ”

“သိပ်မှန်တာပေါ့၊ အချစ်နဲ့ ပတ်သက်လာရင် လူတွေကပြောင်းလဲလာတတ်တယ်ဆိုတာ ရှင်မသိဘူးလား ကားဆရာကြီးရဲ့၊ ဘာရုပ်ကြီးမှန်းကို မသိဘူး”

“ဟား.....ဟား.....ဟား”

+ + +

နွေးနွေးတို့အိမ်မှာ ခုတလော ပိုက်ဆံတွေ သိပ်ဝင်နေသလိုပင်။ ပိုက်ဆံမသုံးတတ်သေးတဲ့ နွေးနွေးရဲ့တူလေး ဖိုးဝတုတ်တောင် အခုတလော တစ်ထောင်တန်တွေဘာတွေကိုင်လို့။ မမတောင် နွေးနွေးကို မဆင်စဖူး ရွှေတွေဘာတွေဆင်လို့ဆင်။ ထီပေါက်တာမဟုတ်တာတော့ သေချာလှသည်။

“မမသက် ပိုက်ဆံတွေ ဘယ်ကရတာလဲဟင်၊ နွေးနွေးတောင် ကြောက်လာပြီ”

**မင်းက ငါ့ခြံထဲက ငါပိုင်တဲ့ပန်းတစ်ပွင့်ပါ**
**မိနွေးရယ်၊ ငါ မခူးချင်သေးလို့**
**ကြည့်နေတာပဲရှိတယ်၊ ခုတော့ ငါခူးချင်နေပြီ၊**
**မင်းက သိပ်လှနေတာကိုး...**

www.burmeseclassic.com

www.burmeseclassic.com



''တယ်.....ဒီကောင်မလေး ဘာတွေလျှောက်တွေးနေတာလဲ၊ နင့်အစ်ကိုက ကားသမားဆိုတာ မေ့သွားပြီလား။ ကားသမားဆိုတာ ဒီလိုပဲ၊ အဆင်ပြေလိုက် မပြေလိုက်ပဲပေါ့''

''မမကလည်း ကိုနေမျိုး ကားသမားလုပ်လာတာဖြင့် ကြာလှပေါ့၊ ညီမလေးတော့ ကိုနေမျိုး ပိုက်ဆံထောတာ တစ်ခါမှ မကြုံဖူးပေါင်''

မမသက်က နွေးနွေးရဲ့စကားတွေကို မကြားဟန်ပြုလျက် ကော့တော့ကော့တော့ဖြင့် ထွက်သွားလေသည်။ ကြည့်ရတာ ဈေးပတ်တော့မည့်ပုံစံပင်။ နွေးနွေးကို ရွှေဆင်ပေးတာကတော့ ထားလိုက်ပါတော့လေ။ ဒါပေမဲ့ ကလေးတွေကို ပိုက်ဆံပေးသုံးတာကိုတော့ဖြင့် နွေးနွေး စိတ်ထဲ တယ်ပြီးမကြိုက်ချင်လှပါ။ အဲဒီလိုနဲ့ ကလေးတွေ အကျင့်ပါသွားရင် ဘယ်လိုလုပ်မလဲ။

ခုတလော ကလေးတွေကလည်း နွေးနွေးရဲ့ တစ်ပတ်တစ်ခါ လုပ်ကျွေးနေကျ အစားအစာတွေကို အရင်လို မမက်မောကြတာကိုတွေ့လာရသည်။ ပိုက်ဆံတွေဝင်လာတာကို သဘောကျမိပေမယ့် နွေးနွေး ရင်ထဲ ဘာတွေတွေးပြီး လေးလံနေမိမှန်း မသိပါ။

နွေးနွေးထင်ထားသည့်အတိုင်းပင်။ မမသက်နှင့် ကိုနေမျိုးတို့ ငွေနောက်လိုက်ခဲ့ကြသည်။ လိုက်ရင်းလိုက်ရင်း လောဘတွေ အတောမသတ်နိုင်တဲ့ နောက်ဆုံးမှာတော့ မမသက်တစ်ယောက် ထောင်ကျသွားခဲ့လေသည်။ ကာယကံရှင်က ဘယ်လိုနေသည်တော့မသိ။ နွေးနွေးနှင့် တူ၊ တူမလေးတွေတော့ ရပ်ကွက်ထဲမှာ မျက်နှာငယ်ခဲ့ရသည်။

စိုင်းလတ်တစ်ယောက်လည်း တဖြည်းဖြည်း အလာကျဲလာသည်။ အေးလေ လာတာပဲ ကျေးဇူးတင်ရမည်မဟုတ်လား။ အငယ်ဆုံးလေးက နို့မပြတ်တတ်သေး။ ပါးစပ်က ထုတ်မပြောပေမယ့် မျက်လုံးလေးတွေက ပြောပြနေသည်။ အားငယ်ရိပ်၊ အမေကို တမ်းတရိပ်တွေထင်နေသည်။ ''သားသမီးမကောင်း မိဘခေါင်း''ဆိုပေမယ့် မိဘတွေရဲ့ လောင်းရိပ်ကလည်း အရေးကြီးလှသည်။



လောင်းရိပ်မိတဲ့ ပန်းကလေးတွေကိုကြည့်ပြီး နွေးနွေး ရင်နာလှပါသည်။ ဒါကြောင့် ခါတိုင်းထက် ပိုပြီးကြိုးစားဖြစ်သည်။ အပ်ထည်တွေ မနားစတမ်းချုပ်သည်။ သစ်ခွလိမ်သည်။ အလုပ်ပြီးအလုပ်သာ ဆက်လုပ်နေဖြစ်သည်။ အရင်က ရယ်မောသံ၊ ငြင်းခုန်သံတွေနှင့် စည်ကားပျော်ရွှင်ဖွယ်ကောင်းသည့်အိမ်ကလေးက ခုတော့လည်း မနိုင်းစကောင်း သုသာန်တစပြင်တစ်ခု လို တိတ်ဆိတ်ခြောက်သွေ့လွန်းလှသည်။

\+ \+ \+

ကိုနေမျိုးတစ်ယောက်လည်း အရက်ကလေးတမြမြနှင့် ဖြစ်လာသည်။ မျက်နှာက တဖြည်းဖြည်း တည်ကြည်ခံ့ညားသည့်ရုပ်အစား

www.burmeseclassic.com



ဖောသွပ်သွပ်ဖြစ်လာသည်။ ဆံပင်တွေလည်း မညှပ်တော့ ဖောင်းပွပွ ညှဉ်းသိုးသိုးနှင့် မမသက်တစ်ယောက်သာ တွေ့လိုက်လျှင် ဘုရားတမိမှာမလွဲ။

''ဟင်..ကိုနေမျိုး၊ ဒါ...ဒါ ဘာလုပ်တာလဲ၊ လွှတ်ပါ၊ ရှင်..ရှင် မယုတ်မာနဲ့နော်၊ နွေးနွေး အသက်ချင်း လဲပစ်လိုက်မယ်''

''ဟင်း..ဟင်း..ဟင်း၊ မင်းက ငှါခြံထဲက ငါပိုင်တဲ့ပန်းတစ်ပွင့်ပါ မိနွေးရယ်၊ ငါ မခူးချင်သေးလို့ကြည့်နေတာပဲရှိတယ်၊ ခုတော့ ငါခူးချင်နေပြီ၊ မင်းက သိပ်လှနေတာကိုး၊ အေ့.....''

''ရှင်.....ရှင် ခွေးကျင့်ခွေးကြံ မကြံနဲ့နော်၊ တောင်း...တောင်းပန်ပါတယ် ကိုနေမျိုးရယ်၊ မမသက်မျက်နှာပဲဖြစ်ဖြစ် ထောက်ပြီးတော့''

''တော်စမ်း၊ ငါက ဘာကိစ္စ မင်းအစ်မမျက်နှာ ထောက်ရမလဲ၊ ထောက်ချင်းထောက် မင်းမျက်နှာလေးကိုပဲ.....''

နွေးနွေးလူ့လောကကြီးထဲက နေ ထွက်ခွာသွားဖို့ အကြိမ်ကြိမ်ကြိုးစားမိသည်။ ဒါပေမဲ့ မသွားရဲခဲ့။ အတွေးနဲ့တင် တပ်ပြန်ဆုတ်ခဲ့ရသည်။ သူ့ဥယျာဉ်ထဲမှာ ပွင့်ခဲ့မှတော့ သူပြုသမျှပဲပေါ့။ ခုတော့ ဥယျာဉ်မှူးက ပြုချင်သလိုပြုပြီးစွန့်ခွာသွားပြန်သည်။ ရင်ထဲမှာ နာကျင်ခံခက်လွန်းလှပေမယ့် ပါးစပ်တွေက အာစေးထည့်ထားမိသလို။

ပတ်ဝန်းကျင်ကို ဖွင့်ပြောပြခဲ့ရင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်ပေမည်။ အထူးသဖြင့် ထောင်ထဲမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ နေနေရတဲ့ မမသက်ကို မသိစေချင်။ ဖြစ်နိုင်လျှင် တစ်သက်လုံးသာဖုံးဖိထားလိုက်ချင်သည်။

✦ ✦ ✦

''နွေး အရမ်းပိန်သွားတယ်နော်၊ နေမကောင်းဘူးလား၊ ကြည့်ပါဦး၊ မျက်နှာလေးကို ချောင်နေတာပဲ''

''ဘာကိစ္စရှိလို့လဲ စိုင်း''

''နွေးစကားကလည်း ဘာစကားကြီးလဲ၊ ကိုယ်နဲ့နွေးက ကိစ္စရှိမှ လာရမယ့်သူတွေလား''

''___''

''ကိုယ် နွေးကို လာတောင်းမလို့ မိဘစုံရာနဲ့ အဲဒါ နေ့ကောင်းရက်သာရွေးဖို့ လာပြောတာ''

အမှန်တကယ်ဆိုရင်တော့ ဒီအချိန်မှာ နွေးဟာ ကမ္ဘာပေါ်မှာ အပျော်ဆုံးသူတစ်ယောက် ဖြစ်ခဲ့ရမှာပါ။ ခုတော့ မထွေးနိုင်၊ မအန်နိုင်နှင့် ရင်ထဲမှာ တစ်ဆို့ဆို့ကြီး ခံစားနေရသည်။ စိုင်းကို ဖွင့်ပြောပြလိုက်ရင် ကောင်းမလား။ မဖြစ်သေးပါဘူး။ ဒါဆို စိုင်းကို နွားတစ်ကောင်လို သဘောထားရမလား။ ဒါလည်းမဖြစ်။ စဉ်းစားရတာတွေများလွန်းလို့ နွေးနွေးခေါင်းလည်း ပကတိအတိုင်း မရှိတော့ဘူးထင်ပါသည်။ စိုင်းကို သနားသလို ကိုယ့်ကိုယ်ကိုယ်လည်း ခုနှင့်တီးမိသည်။

ကျွန်မ ••• ကျွန်မနဲ့
စိမ်းကားလှချည်လား၊
ဒါနဲ့ စကားမစပ်
မင်းသားက
အဖေလည်းမတူ၊
အမေလည်းမတူဘူးနော်၊
အင်း ••• ငါနဲ့တော့
တော်တော်လေးကိုတူတာနော်၊
ဒါ မသက်ာစရာနော်၊
ကိုရီးယားကားထဲကလို
ဒီအင်(န်)အေလေးဘာလေး
စစ်ကြည့်ရင်တော့

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ လုပ်မထားပါဘဲနှင့် ဘာကိစ္စ ကြောက်စိတ်တွေ ဝင်နေရပါသနည်း။ အမှန်ဆို ဟိုအယုတ်တမာကောင်ကို ထောင်ထဲထည့်ရမည် မဟုတ်ပါလား။

+ + +

"သားက ချစ်စရာလေးနော် နွေး၊ အင်း.....ဒါပေမဲ့ ရုပ်က ဘယ်သူ့သွားတူတာပါလိမ့်၊ ကိုယ့်လည်း မတူဘူး၊ နွေးနဲ့လည်း မတူသလိုပဲ၊ နွေးရဲ့မျက်လုံးလေးတွေနဲ့သာ တူခဲ့ရင် သိပ်လှမှာပဲ၊ သူငယ်ချင်းတွေက ပြောတယ် သိလား၊ ကိုယ်မိန်းမရ သိပ်ကံကောင်းတယ်တဲ့၊ အရမ်းကိုဖြူစင်တဲ့၊ ရည်းစားတောင် မရှိဘူးတဲ့ ကောင်မလေးကို ရထားလို့တဲ့လေ"



စိုင်းရယ် နွေးနွေးကိုခွင့်လွှတ်ပါ။ သားလေးရော မေမေ့ကို ခွင့်လွှတ်ပေးပါကွယ်။ တစ်ခါတလေကျရင် ဘာမှမသိတာကလည်း ဘဝအတွက် ဆေးကောင်းတစ်လက်ပါပဲလေ။ သူမ ဒီအကြောင်းတွေကို မတွေးတောချင်ပေမယ့် တိုက်ဆိုင်မှုတွေနှင့် ကြုံလာတိုင်း သတိရမိတတ်သည်။ ဒီကြောက်စရာ၊ ရွံမုန်းစရာကောင်းလှတဲ့ အိပ်မက်ဆိုးကြီးထဲကနေ သူမလည်း လွတ်မြောက်ချင်လှပါပြီ။

"အန်တီနွေးနွေး"

"ရှင့်"

"သားနဲ့ဒီညီလေး ဘယ်သူ့ပိုချစ်သလဲဟင်"

"အောင်မယ်.....ဖိုးဝတုတ်က မေးခွန်းတွေဘာတွေတောင် မေးတတ်နေပါလား။ အင်း.....ဘယ်သူ့ပိုချစ်သလဲဆိုတော့ကာ....."

ဖိုးဝတုတ်လေးက သိချင်လွန်းလို့ မျက်ရည်လေးတွေ တလက်လက်နှင့် သူ့ကိုပိုချစ်စေချင်သည့် မျှော်လင့်ချက်ကလေးကလည်း အထင်းသား။

"သားက ဘယ်လိုထင်လို့လဲ၊ ပြောပြကြည့်လေ၊ အန်တီနွေးနွေး ပြောချင်တာနဲ့ သားဖိုးဝတုတ် ထင်ထားတာ တူ၊ မတူ"

"ဟင့်အင်း ရပြီ..ရပြီ၊ မဖြေနဲ့တော့၊ သား ဂေါ်လီသွားပေါက်လိုက်ဦးမယ်၊ နေလင်းနိုင်တို့ရောက်နေပြီထင်တယ်"

ဖိုးဝတုတ်တစ်ယောက် ဘာစိတ်ကူးပေါက်သွားသည်မသိ။ ပြောရင်းဆိုရင်း ဂေါ်လီထည့်ထားသည့် ဘူးကလေးမပြီး ပြေးလေတော့သည်။ လူကလေးက ဝဝတုတ်တုတ်နှင့်ဆိုတော့ ဘောင်းဘီဖင်ကြားညှပ်ကလေးနှင့် ချစ်စရာကောင်းလှသည်။ ရင်ဘတ်ကလေး ကော့ကော့ပြီး ပြေးတာများ ဘောဘီမိုက်တာထဲက ကလေးလေးနှင့်တောင် တူသလိုလို။

"အန်တီနွေးနွေးရေ...အန်တီနွေးနွေး"

"ဟဲ့.....သမီးချော ဘာဖြစ်လို့လဲ၊ အလောတကြီးနဲ့ လန့်လိုက်တာဟယ်"

"မေမေ..... မေမေလေ လွတ် တော့မယ်ဆို၊ ဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

သမီး အရမ်း ပျော်လို့လေ၊ ဟောဟဲ... ဟောဟဲ ပြေးလာတာ၊ အဟီး''

ဖြစ်ရမယ်၊ ဟုတ်တယ်၊ သမီးချောက အခု မှသိတာလား''

''ဟုတ်တယ်လေ၊ သမီးကို ဘယ်သူမှမှ မပြောပြတာ''



+ + +

''ရှင် ကျွန်မအခန်းထဲကို ဘာ ဝင်လုပ်တာလဲ၊ ဖယ်...ကျွန်မသားကို ထိ စရာမလိုဘူး၊ ရှင့်လိုအယုတ်တမာကောင်ရဲ့ မျက်နှာကိုလည်း မမြင်ချင်ဘူး''

''ဟင်း.....ဟင်း.....ဟင်း၊ ကျွန်မ... ကျွန်မနဲ့ စိမ်းကားလှချည်လား၊ ဒါနဲ့ စကားမစပ် မင်းသားက အဖေလည်းမတူ၊ အမေလည်းမတူဘူး နော်၊ အင်း.....ငါနဲ့တော့ တော်တော်လေးကိုတူတာ နော်၊ ဒါ မသက်ာစရာနော်၊ ကိုရီးယားကားထဲကလို ဒီအင်(န်)အေလေးဘာလေး စစ်ကြည့်ရင်တော့ အဖြေပေါ်နိုင် မယ်ထင်တယ်နော်''

''ကဲဟယ်.....ကဲဟယ်၊ အဲဒါ ငါ့အိမ်ထဲမှာနေပြီး ခွေးဇာတ်ခင်းချင်ကြဦး၊ သွား.....နင်လည်းထွက် သွား၊ ငါ့သားသမီးကလွဲရင် အကုန်ထွက်သွား၊ ဘယ်သူ့မှမမြင်ချင်ဘူး''

''မမသက် နွေးနွေး ရှင်းပြပါရစေဦး''

''ဟင်း...ဟင်း ပြောပါဦး၊ နားထောင်ကြည့်ရတာပေါ့'' ''-------------''

''**ဆိုးတော့မဆိုးပါဘူး** ပုံပြင်လေးက သနားစရာတော့ကောင်းသားပဲ၊ စိုင်းလတ်ဆိုတဲ့ ကောင်လေး ကိုတော့ သနားမိသား။

နွေးနွေး တာဝန်**ကျေပြီ**ထင်ပါသည်။ မမသက်ရဲ့ အရင့်သီးဆုံး စကားလုံးတွေက နားထဲမှာ မဝင်တစ်ချက်၊ ဝင်တစ်ချက်။ အပေါက်ဝမှာ ကြက်သေသေနေတဲ့ စိုင်းရဲ့ပုံရိပ်။ အပူအပင်မဲ့ အိပ်မောကျနေရှာတဲ့ သား ကလေးရဲ့မျက်နှာ။ ဒါတွေအားလုံး အိပ်မက်တစ်ခုသာ ဖြစ်ပါစေတော့။ နွေးနွေး နောက်ဆုံးသိ လိုက်ရတာက ဘယ်ဘက်ရင်အုံဆီမှ စူးရှရှနာကျင်မှုတစ်ခုသာ။

ဪ.....ညီမလေးရယ် ဖြစ်နိုင်ခဲ့မယ်ဆိုရင် မမသက် အဲဒီနေ့ရက်တွေကို ပြက္ခဒိန်စာရွက်တစ်ရွက် လို စုတ်ဖြဲပစ်လိုက်ချင်ပါတယ်။ အခုတော့.....အခုတော့ကွယ်.....ညီမလေးရဲ့ ရင်ဘတ်ကလေးဖိပြီး အသက်ပျောက် သွားရှာတဲ့ ပုံရိပ်ကလေးက သူမတစ်သက် မေ့နိုင်တော့မည်မထင်ပါ။ သူမရဲ့တဒင်္ဂအမှားကြောင့်.....

အချို့သော တဒင်္ဂများသည် ထာဝရဖြစ်တတ်၍ အချို့ထာဝရများသည်လည်း တဒင်္ဂဖြစ်သွားနိုင်ပါသည်။

**သင်္ချိုင်းလုံမလေး(ဓာတု)**

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ဝုဝုအေးအောင်

TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com





တိုးမြင့်

# မေတ္တာရှင်ကို ကြင်နာသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ဦးချမ်းမြသည် ကူးတို့ဆိပ်ရပ်ကွက်တွင် လူချစ်လူခင်ပေါများသူဖြစ်သည်။ သြဇာရှိသည်။ သမာသမတ်ကျကျ လုပ်ကိုင်စားသောက်သည်။ ရပ်ကွက်လူကြီးများ၏ ဦးဆောင်မှုနှင့်အတူ သာရေး၊ နာရေး၊ လူမှုရေးကိစ္စများကို စိတ်ဝင်စားစွာ ပါဝင်လုပ်ကိုင်လေ့ရှိသည်။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းတွင် ကျွန်တော် တာဝန်မှူးတာဝန်ထမ်းဆောင်နေစဉ် ဦးချမ်းမြအသတ်ခံရကြောင်း သမီးဖြစ်သူ မကြည်ကြည်မြက လာရောက်တိုင်ကြားခဲ့သည်။ အချိန်မှာ ညနေ မှောင်ရီသန်းနေချိန်ဖြစ်၏။

"ဆရာတိုးမြင့် အချင်းဖြစ်အရပ်ကိုသွားမယ်၊ ကားသမား လုသိန်းကိုခေါ်ပါ"

စခန်းမှူး ရဲအုပ် (ယခုဒုရဲမှူး) ကျော်မြတ်သူက ကျွန်တော့်ကို ညွှန်ကြားခဲ့သည်။ တာဝန်ကြပ် တပ်ကြပ်ကြီး ကြည်သိန်းကို ကားသမားအခေါ်ခိုင်းခဲ့သည်။ ဂိတ်စာရေး တပ်ကြပ်ကြီး မောင်တင်အား ကိုဒီပြရန်၊ ထူးခြားဖြစ်စဉ် ပဏာမသတင်းကို ဒုတိုင်း(၄)နှင့် ရန်ကုန်တိုင်းဒေသကြီး ကွပ်ကဲရုံးသို့ တယ်လီဖုန်းသတင်းပို့ရန် မှာခဲ့သည်။ မကြာမီ စခန်းမှူး၏ကားနောက်ခန်းတွင် ကိုကြည်သိန်းနှင့်ကျွန်တော် တက်လိုက်ခဲ့၏။

ကားစထွက်ချိန် နယ်ထိန်းအဖွဲ့မှ တပ်ကြပ်ကြီး ညွန့်ကြည်နှင့် တပ်ကြပ် တင်ထွေးတို့ ခုန်တက်လိုက်လာကြသည်။ စာပို့ ဒုတပ်ကြပ် ကျားလုထွန်းလည်း ပါလာသည်။ တရားလို မကြည်ကြည်မြလည်း ပြန်လိုက်လာခဲ့သည်။

ရဲကားကို ၁၅ပေခုံးတံတားမှ ကွေ့ကာ ပုဇွန်တောင်လမ်းမကြီးအတိုင်း မောင်းသွားခဲ့သည်။ ရုံးလေးမှတ်တိုင်၊ မီးကင်းတဲအနီးသို့ ရောက်သောအခါ ကားကိုရပ်လိုက်သည်။ လူများဝိုင်းအုံနေသည်ကို တွေ့ရသည်။

နယ်ထိန်းအဖွဲ့က လူများကို ဖယ်ခိုင်းရသည်။ မာတ်တိုင်မှ မီးချောင်းနှင့်နီးသဖြင့် ကောင်းစွာမြင်ရသည်။ ဦးချမ်းမြသည် လမ်း၏အရှေ့ဘက်အစပ်တွင် တောင်ဘက်ကို ဦးခေါင်းပြု၍ ပက်လက်အနေအထားဖြင့် လဲကျသေဆုံးနေကြောင်း တွေ့ရသည်။ ဒဏ်ရာများရှာဖွေစစ်ဆေးကြည့်ရာ ဝဲဘက်ရင်ညွှန့်ဖြစ်သော ဝမ်းဗိုက်အထက်နားတွင် ထိုးသွင်းဒဏ်ရာတစ်ချက်သာ တွေ့ရသည်။

စခန်းမှူးက သေရှာစ္စာစစ်ဆေး၍ အချင်းဖြစ်အရပ် မြေပုံရေးဆွဲရန်၊ ဓာတ်ပုံရိုက်ရန် ကျွန်တော့်အား ညွှန်ကြားခဲ့သည်။ ကျွန်တော်လည်း နယ်ထိန်းအဖွဲ့နှင့်အတူ ဆောင်ရွက်ခဲ့သည်။ ပြီးသောအခါ သေသူ၏အလောင်းကို ရန်ကုန်ဆေးရုံကြီး၊ ရင်ခွဲစစ်ဆေးမည့် ရေခဲတိုက်သို့ပို့ရန် ကားငှားခိုင်းသည်။

အလောင်းတင်ရန်ဖြစ်၍ မည်သည့်ကားမျှ ငှား၍ရမည်မဟုတ်ကြောင်း ကျွန်တော် ကြိုတင်သိနေခဲ့သည်။ ကျွန်တော်က စခန်းမှူးအနီးသို့ကပ်၍ ရဲကားဖြင့်ပို့ရန် တင်ပြရာ စခန်းမှူးက လက်ခံခဲ့သည်။

ကျားလုထွန်း (ခ) ရဲတပ်သား လုထွန်းသည် ရဲစခန်းအပိုင်အတွင်း ဖြစ်ပွားသော လူသတ်မှု၊ လူသေမှု၊ လမ်းဘေးအခြေအနေမဲ့ သေဆုံးနေသောအမှုများတွင် အလောင်းပို့သည့်အလုပ်ကို ဒိုင်ခံလုပ်ပေးတတ်သူဖြစ်၍ သူ့ကို မပါမဖြစ် ခေါ်ခဲ့ရသည်။

ကျားလုထွန်းကို တာဝန်မှူးအရာရှိတိုင်းကခင်မင်ကြသည်။ ကြုံကြိုက်သလို ကျွေးမွေးကြ၏။ ကားဆရာ ကိုလှသိန်းနှင့် တာဝန်ကြပ်ကြီး ကိုကြည်သိန်းတို့ကိုပါ ရဲတပ်သား လုထွန်းနှင့်အတူ လွှတ်လိုက်သည်။ ကျွန်တော်က စခန်းမှူးသွားနှင့်ပြီးဖြစ်သော ကူးတို့ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လိုက်သွားခဲ့သည်။

www.burmeseclassic.com

အေပီစီ ခေါ် ကူးတို့ဆိပ်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်နှင့် စခန်းမှူးတို့ တရင်းတနှီး စကားပြောနေသည်ကို တွေ့မြင်ရသည်။


"ဗိုလ်တိုး.....လာ၊ သေဆုံးသွားတဲ့ ဦးချမ်းမြဟာ ဘယ်တုန်းကမှ ရန်ငြိုးရန်စ မရှိဘူးတဲ့၊ အဲဒါ ဗိုလ်တိုး ရပ်ကွက်ထဲဆင်းသွားဦး၊ ကိုယ် နယ်ထိန်းတွေတော့ လွှတ်ထားပြီးပြီ"

စခန်းမှူး လမ်းညွှန်ချက် (Guidence) ပေးခြင်းမှာ မှန်ပါသည်။ ကျွန်တော် စခန်းမှူးကို အရိုအသေပေးပြီး ရပ်ကွက်ရုံးထဲမှ ထွက်လာခဲ့သည်။ အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ပြောလိုက်သည်က ရန်ဖြစ်တာဖြစ်နိုင်ကြောင်း၊ အချင်းဖြစ်ချိန်က ဆူညံသံများ ကြားရကြောင်း ပြောလိုက်သည်။

သေဆုံးသူ၏အိမ်သို့ ကျွန်တော် သွားခဲ့သည်။ တရားလို မကြည်ကြည်မြကို အသေးစိတ်မေးရန်ဖြစ်သည်။ ထိုမှတစ်ဆင့် တရားခံဖော်ထုတ်ရန် ကြိုးစားရမည်ဖြစ်သည်။

"မကြည်ကြည်မြရေ ရပ်ကွက်ရုံးကို အရင်သွားနေရလို့၊ အချင်းဖြစ်ပွားပုံလေး ပြောပြပါဦး"

ကျွန်တော် သေဆုံးသူနေအိမ်ရောက်သောအခါ မကြည်ကြည်မြတစ်ယောက်တည်းကိုသာ တွေ့ရသည်။ အဖေတစ်ခု၊ သမီးတစ်ခု နေ ထိုင်ကြကြောင်း ပြောပြခဲ့သည်။ မကြည်ကြည်မြက သူသိသည့်အတိုင်း ပြောပြအစစ်ခံခဲ့သည်။



"ကျွန်မက အိမ်နောက်ဖေးမှာ ညစာချက်နေတာပါ၊ ကလေးတွေ ပြေးလွှားဆော့ကစားသလို ဆူဆူညံညံအသံတွေ ကြားလိုက်တယ်၊ အဲဒီအချိန်မှာ အဖေက ဧည့်ခန်းထဲမှာရှိနေပါတယ်၊ လူသံတွေပိုကျယ်လောင်လာတာမို့ ကျွန်မ ထွက်ကြည့်တော့ အဖေ အိမ်ထဲမှာမရှိတော့ဘူး၊ ပြေးလွှားနေတဲ့လူတွေလည်း တောင်ဘက်ကိုရောက်သွားပြီး အိမ်ရှေ့ဘယ်ဘက်နားက ကင်းတဲဘေးမှာ လူတစ်ယောက်လဲနေတာ တွေ့ပါတယ်၊ အဖေလားဆိုပြီး သွားကြည့်တော့ အဖေဖြစ်နေတယ်၊ သွေးတွေနဲ့၊ စကားမပြောနိုင်တော့ဘူး၊ မကြာခင်မှာပဲ အဖေအသက်ပျောက်သွားပါတယ်"

မကြည်ကြည်မြက ဤသို့ပြောဆိုနေခဲ့သည်။ ပုသိမ်ညွှန့်ရပ်ကွက်တွင် နေထိုင်ကြသော အဒေါ်တော်စပ်သူနှင့် မိသားစုသုံးဦး ရောက်လာသည်။ ထို့နောက် ငိုကြတော့သည်။ ဘယ်သူတွေနဲ့ထိုးသွားလဲဆိုသည်ကို မပြောနိုင်ကြောင်း၊ သူတို့သားအဖနှစ်ယောက်မှာ ရပ်ကွက်အတွင်း ရန်မဖြစ်ဖူးကြောင်းလည်း ပြောပြပါသည်။

ရောက်လာသော မကြည်ကြည်မြ၏အဖေဘက်က အမျိုးများကို သိလိုသောအချက်လေးများကို မေးမြန်းခဲ့သည်။ သေဆုံးသူမှာ လူကောင်းတစ်ယောက်ဖြစ်ကြောင်းကိုသာ သိရှိရသည်။ ပတ်ဝန်းကျင်တွင် စုံစမ်းရန် နှုတ်ဆက်၍ အိမ်မှထွက်လာခဲ့သည်။ စခန်းမှူးခေါ်နိုင်း၍ ကိုအောင်မြတ် ရောက်လာသည်။ တရားခံဖမ်းမိပြီပြောသဖြင့် ကျွန်တော် ဝမ်းသာသွားခဲ့သည်။

နယ်ထိန်း ဆရာညွှန့်ကြည်၊ ဆရာတင်ထွေးတို့က ဖမ်းဆီးခေါ်ဆောင်လာကြောင်း တွေ့ရသည်။ တရားခံမှာ အသားမည်းမည်း၊ ပိန်ပိန်ပါးပါးဖြစ်၏။ အရက်သောက်ထားသည့်လက္ခဏာ တွေ့ရသည်။ ကျွန်တော် အနီးကပ်ကြည့်ရာ အရက်နံ့ရနေသေးသည်။

ဆရာညွှန့်ကြည်တို့ကို ကျွန်တော်က ကျေးဇူးတင်စကားပြောခဲ့သည်။ တပ်ဖွဲ့ဝင်အချင်းချင်း ဂုဏ်ပြုချီးကျူးခြင်းဖြစ်သည်။

ကျွန်တော် သဘောပေါက်သည်ကား လက်ဦးဆရာ ရဲအုပ်

www.burmeseclassic.com

ဝင်းသောင်၏ စီမံလုပ်ဆောင်မှုတစ်ခုဖြစ်သည်။ တပ်မတော်မှအသွင်ပြောင်းလဲလာလင့်ကစား စခန်းမှူးရဲအုပ် ဝင်းသောင်မှာ ရဲလုပ်ငန်းများကို မူလကတည်းက သဘောပေါက်ထားသူပင်ဖြစ်သည်။

ကျွန်တော် တရားခံကို စစ်ဆေးရန်ပြင်သောအခါ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ခေါင်းကို လက်ညှိုးထိုးပြီး လက်ခါပြခဲ့သည်။ စိတ်ကျန်းမာရေးမကောင်းသူဟု အဓိပ္ပာယ်ရပါသည်။ စခန်းမှူးကလည်း ကျွန်တော့်ကို လှမ်းကြည့်နေရာ နောက်မှစစ်ဆေးရမည်ဟု သဘောပေါက်ခဲ့သည်။

"ဆရာ ကျွန်တော် တရားခံအိမ်ကိုသွားချင်တယ်၊ သက်သေခံပစ္စည်း ရလိုရငြားပေါ့"

ကျွန်တော် စခန်းမှူးကို ကပ်ပြောမိသည်။ သက်သေခံပစ္စည်းနှင့်ပတ်သက်၍ ခြေတစ်လှမ်းနောက်မကျစေချင်ပါ။ နောက်နေ့မှဆိုလျှင် အခြေအနေတို့သည် များစွာပြောင်းလဲသွားနိုင်ပါသည်။ စခန်းမှူးက တရားခံအား သေသေချာချာခေါ်သွားရန် နယ်ထိန်းအဖွဲ့ကို မှာကြားခဲ့သည်။

"တရားခံရဲ့ မိသားစုရှေ့မှာ မြင်သာအောင် ဆောင်ရွက်နော်"

"စိတ်ချပါ ဆရာကျော်"

တရားခံမှာ တဖြည်းဖြည်းအမူးပြေလာပုံရသည်။ အိုတူးဆန်စက်အနီးရှိ တရားခံ၏အိမ်ကို ရပ်ကွက် လမ်းမှူးများနှင့်အတူ သွားရောက်ခဲ့သည်။ ပြဿနာမရှိသော်လည်း အခက်အခဲတစ်ခု ကြုံခဲ့ရသည်။

သက်သေခံ ဓားမြှောင်တစ်ချောင်းကို အိပ်ရာခေါင်းရင်းတွင် တွေ့ရသော်လည်း အပ်နှံရာ၌ ဖြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ဓားမြှောင်ဖြစ်ကြောင်း လက်မှတ်ရေးထိုးမပေးပါ။ သို့အတွက် ရှာဖွေပုံစံအသစ် ထပ်မံရေးပြီး တွေ့ရှိ၍ သိမ်းဆည်းကြောင်းသာ ဆောင်ရွက်နိုင်ခဲ့သည်။ လူကြီးများပြောသလို တရားခံ ပိုင်းစိန်မှာ စိတ်ကျန်းမာရေးမကောင်းဟုဆိုသည်။ အကဲခတ်မရပါ။ လူကောင်းလိုပင်ဖြစ်သည်။

**စိတ်မကျန်းမာသူ လုပ်ဆောင်ချက်သည် ပြစ်မှုမမြောက်ကြောင်း ဥပဒေမှာ ကင်းလွတ်ရမြဲအချက်ရှိသည်။ မိမိက အမှုကို တင်ပေးရုံသာရှိ၏။ တရားသူကြီး၏ ဆင်ခြင်တုံတရားအရသာ ဆောင်ရွက်ရမည်ဖြစ်သည်**

...

လုပ်ငန်းပြီးဆုံး၍ ပိုင်းစိန့်အိမ်မှ ဆင်းလိုက်ကြသည်။ စခန်းမှူးက စခန်းကားဖြင့် ရောက်လာသည်။ ရပ်ကွက်လူကြီးများကို နှုတ်ဆက်ပြီး ပြန်ခဲ့သည်။ ညဦးနက်နေပြီဖြစ်၏။ အထက်ပုဇွန်တောင်လမ်းမပေါ်တွင် ကားများရှင်းလင်းနေချိန်ဖြစ်သည်။ ကားသမား ကိုလှသိန်းမှာ အိပ်ချင်မူးတူးဖြင့် ကားမောင်းနေသည်ကို သတိပြုမိလေသည်။

+ + +

လူသတ်မှုကဲ့သို့ အမှုကြီးများကို ရဲစခန်းမှူးက စစ်ဆေးရန် တာဝန်ရှိ၏။ ပိုင်းစိန်အမှုကို စခန်းမှူးက ကျွန်တော့်အား အစစ်ခိုင်းခြင်းမှာ ထုံးစံအတိုင်းဖြစ်သည်။ ရဲလုပ်ငန်းစစ်ဆေးဆောင်ရွက်ချက်အားလုံးကို စခန်းမှူးအစား ကျွန်တော် အစအဆုံးလုပ်ခဲ့သည်။

ကျွန်တော် သေဆုံးသူ ဦးချမ်းမြကို လူချင်းမရင်းနှီးသော်လည်း လူကြီးလူကောင်းဖြစ်ကြောင်း သိရှိထားသည်။ မျက်မြင်သက်သေဟူ၍ မီးကင်းစောင့် မောင်မြင့်ဆွေတစ်ယောက်သာတွေ့ရသည်။ ရဲစခန်းသို့ ခေါ်စစ်၏။

"မင်းမြင်လိုက်ရတယ်ဆိုတာ ပြောပါဦး"

"ကျွန်တော် မီးကင်းတာဝန်ကျ၊ မကျ လာကြည့်တာပါ၊ ကျွန်တော် မီးကင်းနားမှာပဲရှိနေတုန်း လူတစ်ယောက် အထက်ပုဇွန်တောင်လမ်းမကြီးအတိုင်း ပြေးလာတာ

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါတယ်၊ မြောက်ဘက်ကပြေး လာတာပါ၊ အော်သံဟစ်သံတွေ လည်း ကြားနေရတယ်၊ ဦးလေး ဦး ချမ်းမြလည်း သူ့အိမ်ရှေ့ကထွက် ကြည့်တာတွေ့ရတယ်၊ ပော့ကောင် ပိုင်းစိန် ပိုင်းစိန်လို့ လှမ်းအော်သံ လည်း ကြားရပါတယ်''

"နောက်ပြီးတော့ကော"

''နောက်ပြီးတော့ အဲဒီလူက ဦးချမ်းမြကို ဓားနဲ့ထိုးသွားတာပဲ''

''အင်း''

''ဓားနဲ့ထိုးတော့ ဦးလေးဦးချမ်းမြရဲ့ ရင် ဘတ်ကို ထိုးမိသွားပြီး လက်နဲ့အုပ်ထားတာမြင် ရတယ်၊ ကျွန်တော်လည်း ကြောက်လို့ ကင်းတဲနား ကပ်နေလိုက်တယ်''

''ပြောပါဦး၊ ဘယ် လိုထိုးလိုက်တာ''

''ပြေးရင်းလွှားရင်း ထိုးသွားတာ၊ ပါးစပ်က လည်း ဝူးဝူးဝါးဝါး အော်သွားတယ်''

"အဲဒီအချိန်က နေဝင်ပြီလား"

"နေတော့ဝင်ပြီ၊ ဒါပေမဲ့ လင်း နေတယ်၊ ကောင်းကောင်းမြင်နေရ သေးတယ်''

သက်သေ မောင်မြင့်ဆွေက အကောင်းဆုံးအဓိကမျက်မြင်သက် သေဖြစ်နေ၏။ တန်ဖိုးအရှိဆုံးမျက် မြင်သက်သေဖြစ်သည်။ ထွက်ချက် အလုံးစုံရရှိပြီးဖြစ်သဖြင့် စခန်းရှေ့ မှ လက်ဖက်ရည်ဆိုင်တွင် ကျွေးမွေး ပြီးမှ ရွှေအပိစီသို့ပြန်လွှတ်လိုက်သည်။

အမှုတစ်ခု၏ သော့ချက်ကို အမှုနိုင်မာအောင် ပြုလုပ်ရမည်ဖြစ်၏။ မျက်မြင်သက်သေ မောင်မြင့်ဆွေ မှာ တရားရုံးတွင် စိတ်ပြောင်းနိုင် သူမဟုတ်သဖြင့် ကျင့်ထုံးပုဒ်မ ၁၆၄ အရ ကြိုတင်ထွက်ချက် မယူလို



တော့ကြောင်း စခန်းမှူးအား တင် ပြခဲ့သည်။ စခန်းမှူးက သဘောတူ ပါသည်။

တရားခံ ပိုင်းစိန်အား ပထမ ရမန်ကုန်သွားသည်။ ဒုတိယရမန် ယူရ၏။ တရားလို မကြည်ကြည်မြ နှင့် သက်သေများကို နှံ့စပ်အောင် စစ်ဆေးပါသည်။ သက်သေခံဓား မြှောင်တွင် လူသွေးရှိ/မရှိ ဓာတု ဗေဒဝန်ရုံးသို့ ပေးပို့စမ်းသပ်ရသည်။

တရားခံပိုင်းစိန်မှာ စိတ်ကျန်း မာရေးမကောင်းဟု သတင်းရရှိ ထား၏။ တရားရုံးတင်သည့်အခါ တရားရုံးက သံသယကင်းရှင်းစွာ စီရင်နိုင်ရန် ရဲတပ်ဖွဲ့က ဆောင်ရွက် ပေးရမည့်ပင်ဖြစ်ပါသည်။

စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ပေးပို့စစ်ဆေးသည်။ စိတ်မကျန်းမာ သူ လုပ်ဆောင်ချက်သည် ပြစ်မှုမမြောက်ကြောင်း ဥပဒေမှာ ကင်းလွတ်ရမြဲ အချက်ရှိသည်။ မိမိက အမှုကို တင်ပေးရုံသာရှိ၏။ တရားသူကြီး၏ ဆင်ခြင်တုံ တရားအရသာ ဆောင်ရွက် ရမည်ဖြစ်သည်။

တရားခံ ပိုင်းစိန်က ဦး ချမ်းမြကို စိတ်မကျန်းမာ သောကြောင့် သတ်မိလေ သလား၊ သို့မဟုတ် အခြား မကျေနပ်စရာ တစ်ခုခုရှိ သောကြောင့် သတ်လေသ လားဆိုသည်ကို မိမိတို့က ရှင်းလင်းအောင် တိတိကျကျ လုပ်ထားရမည်ဖြစ်၏။ အမှု ဖြစ်ပွားစဉ်က သူ့စိတ် ဘယ်လိုရှိ သနည်း။

ကျွန်တော် ဖမ်းဆီးစစ်ဆေးနေ စဉ် ပိုင်းစိန်မှာ စိတ်ကျန်းမာရေး မကောင်းသည့် အနေအထား အလျှင်းမတွေ့ရပါ။ အမှုမဖြစ်မီက ပိုင်းစိန်၏ ကျန်းမာရေးအခြေအနေ ကို ကျွန်တော် သိရှိလိုပါသည်။ ကြို တင်ကြံစည်မှု ပါ၊ မပါကိုလည်း အမှု စစ်အရာရှိအနေဖြင့် သိရှိရမည် လည်းဖြစ်ပါသည်။ သို့ဖြစ်၍ ပိုင်း စိန်အကြောင်း လေ့လာနိုင်ရန် ကူး

www.burmeseclassic.com



**ပိုင်းစိန်မှာ မိဘမဲ့ဘဝဖြင့် နေခဲ့ရသည်ဖြစ်၍ ညိုရီနှင့်တွေ့မှ မေတ္တာငတ်လင့်နေခြင်းမှ အဆုံးသတ်သွားသည်။ ငယ်ဘဝတစ်လျှောက်လုံး သူ့ကိုချစ်တဲ့သူ မရှိခဲ့ဟု ထင်မြင်ခဲ့သမျှသည် မိုးတိမ်များကဲ့သို့ လွင့်စဉ်သွားခဲ့လေသည် ...**

တို့ဆိပ်ရပ်ကွက်အတွင်း အခေါက်ပေါင်းများစွာ ဆင်းရ၏။

✦ ✦ ✦

ပိုင်းစိန်သည် စကားနည်းသူတစ်ဦးဖြစ်၏။ ရိုးရိုးအေးအေးနေတတ်သည်။ ကုန်သွယ်လယ်ယာ ဂိုဒေါင်များနှင့် **အိုတူးဆန်စက်**တွင် ကုန်တင်ကုန်ချအလုပ်သမားဖြစ်သည်။ အခြားသူများနှင့် ရောရောနှောနှော နေတတ်သူမဟုတ်။ တစ်ယောက်တည်းနေရသည်ကို နှစ်ခြိုက်၏။

အလုပ်သမားဂိုဏ်းမှူး ကိုကျော်ကြီးခိုင်းသမျှ ကျေပွန်အောင် လုပ်ပေးတတ်သည်။ အပေါင်းအသင်း သူငယ်ချင်းအချင်းချင်း ကျီစားနောက်ပြောင်လျှင် ပိုင်းစိန် စိတ်မဆိုးတတ်။ တဟားဟားရယ်နေတတ်၏။

တစ်နေ့ ညိုရီဆိုသော မိန်းကလေးတစ်ဦး ပိုင်းစိန်တို့ အလုပ်သမားဂိုဏ်းထဲရောက်လာသည်။ ညိုရီရောက်လာသည့်နေ့မှာပင် ပိုင်းစိန်သည် ညိုရီကို မျက်တောင်မခတ်ဘဲ ငေးကြည့်နေမိသည်။ ဆန်စက်ကုန်တင်ကုန်ချ အလုပ်သမားဂိုဏ်းတွင် အမျိုးသမီးများ ပါဝင်လာ၏။

သီးခြားဂိုဏ်းများလည်းရှိသည်။ ယောက်ျား၊ မိန်းမ ပေါင်းထားသည်လည်းရှိ၏။ ညိုရီသည် တုတ်တုတ်ခိုင်ခိုင်၊ အသားညိုညို မိန်းမချောလေးဖြစ်သည်။ ရင်းနှီးလာသောအခါ သူငယ်ချင်းများက ညိုရီကို ညိုချောဟု ခေါ်လာကြသည်။ မျက်တောင်မခတ်တမ်း ကြည့်ကြည့်နေတတ်သည့် ပိုင်းစိန်ကို ညိုရီကလည်း အကြည့်ခံမျက်လုံးလေးများဖြင့် အချိန်စောစွာ အသိအမှတ်ပြုထားခဲ့လေသည်။

ဌာနတစ်ခု ဆန်များလာတင်သည့်နေ့က ပိုင်းစိန်နှင့်ညိုရီတို့ ရင်းနှီးသွားကြသည်။ ညိုရီက စပြီးပြောဆိုခြင်းဖြစ်၏။

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

"ပိုင်းစိန်လို့ ဂိုဏ်းမှူးကခေါ်ခေါ်နေတာ မကြားဘူးလား ညိုရီ"

နာမည်မေးသောကြောင့် ပိုင်းစိန်သည် အောင်ပွဲရစစ်သူကြီးတစ်ယောက်ကဲ့သို့ ခံစားရသည်။ သို့သော် သူ့မျက်နှာက ရှက်နေပုံပေါ်သည်။

"ကျွန်မနာမည် ညိုရီလို့ ဂိုဏ်းမှူးက မခေါ်ပါဘူး။ ပိုင်းစိန်က သိနေတာလား"

ပိုင်းစိန်က ခေါင်းညိတ်ပြ၏။ ဆန်အိတ်များ ကားပေါ်တင်သောအလုပ် ပြီးဆုံးချိန်တွင် နေ့ခင်း ၁ နာရီထိုးပြီဖြစ်၏။ ကုန်သွယ်လယ်ယာ ဂိုဒေါင်အနီး ညောင်ပင်ကြီးအောက်တွင် အလုပ်သမားများက ထမင်းချိုင့်ကိုယ်စီဖြင့် နေ့လယ်စာစားကြသည်။ ပိုင်းစိန်နှင့် ညိုရီတို့လည်း အတူထမင်းစားကြသည်။ အစားကြီးသော ပိုင်းစိန်ထမင်းချိုင့်ထဲသို့ ညိုရီက ဟင်းများထည့်ပေးသည်။

ထိုနေ့မှစ၍ ပိုင်းစိန်နှင့် ညိုရီတို့ အရိပ်ကောင်းသည့် နေရာတိုင်းလိုလိုတွင် စားရိပ်သာသဖွယ် ပျော်ပျော်ပါးပါး စားသောက်ကြလေသည်။ အလုပ်သမားဂိုဏ်းများ တစ်ခုနှင့်တစ်ခု မဆုံသည့်နေ့များရှိ၏။ ထိုနေ့များတွင် ရင်ထဲမှာ ကွက်လပ်ဖြစ်နေရသည်။ မလာသူကို လာသူက လွမ်းရ၏။

သူတို့နှစ်ယောက်သည် နှလုံးသားဝယ် ရစ်ပတ်နေသော သံယောဇဉ်ကြိုးများ ခိုင်မြဲနေတော့သည်။

✦ ✦ ✦

"ဦးလေး ခေါ်တယ်ဆိုလို့"

ပိုင်းစိန်သည် အသက်ပုဇွန်

www.burmeseclassic.com

တောင်လမ်းမကြီးရှိ ဦးချမ်းမြနေအိမ်သို့ ရောက်လာသည်။ ညည့်ခန်းအတွင်းမှ ဦးချမ်းမြကို နှုတ်ဆက်လိုက်ခြင်းဖြစ်သည်။

"အေး..ပိုင်းစိန်၊ လာ..ထိုင်"

ပိုင်းစိန် ဆက်တီတွင်ဝင်ထိုင်လိုက်သည်။

"ထူးထူးထွေထွေမရှိပါဘူး၊ အိမ်မှာ မုန့်ဟင်းခါးချက်လို့ မင်းကိုခေါ်ကျွေးတာ"

"တော်ပြီ ဦးလေး"

"ဘယ်ဟုတ်ပါ့မလဲ၊ စားစေချင်လို့ ဖေဖေက ခေါ်ခိုင်းလိုက်တာပဲ ကိုပိုင်းစိန်ကြီးရဲ့"

ဦးချမ်းမြ၏သမီး ကြည်ကြည်မြက မုန့်ဟင်းခါးပန်းကန်နှင့်လိုက်ပွဲများယူလာရင်း ပြောလိုက်သည်။ ထိုသို့ ကြည်လင်ရွှန်းမြသော အသံပိုင်ရှင်လေးစကားကြောင့် ပိုင်းစိန်က မုန့်ဟင်းခါးနှစ်ပွဲကို အားပါးတရစားလိုက်သည်။

ခဏအကြာ ဦးချမ်းမြလက်ထဲသို့ ကြည်ကြည်မြက စက္ကူအိတ်နှင့်ထည့်ထားသော မီးခိုးရောင် ဖင်စအင်္ကျီလက်ရှည်တစ်ထည်၊ ချည်လုံချည် ပုဆိုးကြမ်းတစ်ထည်တို့ကို လှမ်းပေးလိုက်သည်။ ပြီးနောက် ပိုင်းစိန်သို့ တစ်ဆက်တည်းပေးလိုက်သည်။

"ငါဝတ်တဲ့ အင်္ကျီနဲ့လုံချည်ပဲ၊ မင်းဆန်ထမ်းရင်းဝတ်ဖို့ ယူသွား"

ပိုင်းစိန်၏ ဝင်းလက်သွားသည့် မျက်နှာလေးကို ကြည်ကြည်မြ တွေ့လိုက်ရသည်။ ဦးချမ်းမြက အားမည့်နေ့တွင် အိမ်သာကျင်းတူးပေးရန်နှင့် လုပ်အားခပိုပေးမည်ဖြစ်ကြောင်းပြောရာ ပိုင်းစိန်က ခေါင်းညိတ်သဘောတူခဲ့သည်။ ကြည်ကြည်မြ ချပေးသော ရေနွေးကြမ်းကို ပိုင်းစိန်သောက်နေ၏။

"ကိုပိုင်းစိန်ကြီး အသံတွေကြားနေရတယ်နော်"

ကြည်ကြည်မြက မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ရင်း ပြောလိုက်ခြင်းဖြစ်သည်။

"ကိုပိုင်းစိန်ကြီး ရည်းစားတွေဘာတွေရှိနေပြီလို့ အရပ်ထဲမှာပြောနေကြပြီ၊ ဟုတ်တယ်မဟုတ်လား"

"အလုပ်အတူတူလုပ်တဲ့သူပါ"

"ကျွန်မ သိပါတယ်နော်၊ နာမည်က ဘယ်သူတဲ့ ညိုရီဆိုလား၊ ကိုပိုင်းစိန်ကြီး ဘာမှရှက်မနေနဲ့၊ မိန်းမတောင်းရင် ဖေဖေက လိုက်တောင်းပေးမှာ၊ ဟုတ်တယ်နော် ဖေဖေ"

ကြည်ကြည်မြက ဦးချမ်းမြဘက်သို့ လှည့်ပြောလိုက်သည်။

"လုပ်ပေးရမှာပေါ့၊ ပိုင်းစိန် အဲဒါ ငါ့တာဝန်ထား"

သားအဖနှစ်ယောက်က ပိုင်းစိန်ကို ဝိုင်းစကြသည်။ ပိုင်းစိန် သဘောကျသဖြင့်ရယ်လားမောလားဖြင့် အထုပ်ယူ၍ ပြန်လာခဲ့သည်။

+ + +

"အခါတော်ပေးတာက.....နတ်ရေးငယ်ရွှေစာ.....သာသနာရောင်လင်း...ကောင်းခြင်းခု သည်ချိန်ခါ....."

မောင်ပိုင်းစိန်နှင့် မညိုရီတို့၏ မင်္ဂလာပွဲ အသံချဲ့စက်မှ တေးသီချင်းသံဖြစ်သည်။ အိုတူးဆန်စက်ဝင်း၊ ကုန်သွယ်လယ်ယာရုံးခန်းတွင် မင်္ဂလာအခမ်းအနား ပြုလုပ်သည်။ ပူဖောင်းနှင့် ပန်းစက္ကူများ လှပစွာ သွယ်တန်းချိတ်ဆွဲထားသည်။ အလုပ်သမားဂိုဏ်းမှ မတည်၍ မုန့်ဟင်းခါးကျွေးသည်။ ဦးချမ်းမြက ကမကထပြုလုပ်ခြင်းဖြစ်သည်။

အိုတူးဆန်စက်အကြီးအကဲလည်းဖြစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးလည်းဖြစ်သူ ဦးစိုးမြင့်သည် မိမိအောက်ခြေအလုပ်သမားတို့၏ မင်္ဂလာပွဲကို စေတနာရှေ့ထားလုပ်ကိုင်ပေးသည်။ စီမံပေးသည်။

တပည့်သားသမီးများဟု ကြေညာထားရာ လှပသော အခမ်းအနားလေးတစ်ခု ဖြစ်လာခဲ့၏။

ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်လာသည်။ လက်ဖွဲ့ငွေလေး အတော်အတန်ရသဖြင့် ကုန်သွယ်လယ်ယာပိုင်မြေထဲတွင် ၇ ပေ ပတ်လည်အိမ်လေး ဆောက်နေကြလေသည်။ ဘယ်မှာနေရနေရ ချစ်တာသာပဓာနဆိုသည်မှာ ပိုင်းစိန်နှင့် ညိုရီအတွက်ပင်ဖြစ်၏။

ဦးချစ်မြသမီး ကြည်ကြည်မြက ပိုင်းစိန်တို့အိမ်သစ်လေးသို့ ရေထည့်သော ကျောက်စည်တစ်လုံး၊ အိုးခွက်ပန်းကန်အချို့ကို တွန်းလှည်းငှား၍ ပို့ပေးလိုက်သည်။

"ငါတို့မေတ္တာအိမ်လေး၏ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်ထားတာ"

www.burmeseclassic.com

www.burmeseclassic.com



ပိုင်းစိန်ပြောသည်ကို ညိုရီက နားထောင်နေပြီး ရုပ်ရှင်ထဲက အတိုင်း ပြောနေသည်ဟု သဘောထားခဲ့သည်။ ညိုရီ၏ဆွေမျိုးများက ပိုင်းစိန်နှင့် သဘောမတူ၍ အဆက်အသွယ်ဖြတ်ထားသည်။

ရွာကိုမပြန်သည်မှာကြာပြီ။ လင့်တစ်မျက်နှာ တစ်ရွာထင်ခဲ့၏။ ပိုင်းစိန်သည်သူတစ်ပါးနှင့်မတူသော အနေအထိုင်၊ အပြုအမူရှိသည်။ မွေးရာပါဖြစ်နိုင်သည်။ ယခင်က ငူငူငိုင်ငိုင်နေသော်လည်း အိမ်ထောင်ကျပြီးနောက်ပိုင်း လူမှုဆက်ဆံရေးတိုးတက်ပြောင်းလဲလာသည်။

လင်မယားနှစ်ယောက်သည် ပုဇွန်တောင် ရွှေဘုန်းပွင့်ဘုရား၊ မင်္ဂလာတောင်ညွန့်၊ တောင်လုံးပြန် ရပ်ကွက်ရှိ ဆုတောင်းပြည့်ဘုရားသို့ မကြာခဏ သွားရောက်ဖူးမြော်ကြသည်။ ပိုင်းစိန်သည် အသောက်အစားကင်းသည်။ လောင်းကစားလည်းမလုပ်။ ဆေးလိပ်မသောက်၊ ကွမ်းမစားချေ။

ပိုင်းစိန်မှာ မိဘမဲ့ဘဝဖြင့် နေခဲ့ရသည်ဖြစ်၍ ညိုရီနှင့်တွေ့မှ မေတ္တာငံ့လင့်နေခြင်းမှ အဆုံးသတ်သွားသည်။ ငယ်ဘဝတစ်လျှောက်လုံး သူ့ကိုချစ်တဲ့သူ မရှိခဲ့ဟု ထင်မြင်ခဲ့သမျှသည် မိုးတိမ်များကဲ့သို့ လွင့်စဉ်သွားခဲ့လေသည်။

✦ ✦ ✦

အိမ်ထောင်သက် နှစ်နှစ်ပြည့်ခဲ့၏။ ချစ်ဇနီးညိုရီ တောသို့ပြန်သွားသည်။ အမေကျန်းမာရေးကောင်းကြောင်း၊ အိပ်ရာထဲလဲနေကြောင်း ကြည့်မြင်တိုင်ရှိ တစ်ရွာတည်းအတူနေသူက ပြောပြ၍ဖြစ်သည်။ ဆွေမျိုးများက အကြောင်းမကြားပါ။ သို့ရာတွင် အမေ့ကို မသေခင် စိတ်ဆိုးပြေစေလို၍ သွားရောက်၍ ဆေးဝါးစသည်များကို ကန်တော့လိုသည်။ ပိုင်းစိန်လိုက်ပို့ရန် တိုင်ပင်သော်လည်း မလိုက်သည်က ပို၍ကောင်းမည်ဟု အဖြေထွက်သဖြင့် တစ်ဦးတည်းပြန်သွားရခြင်းဖြစ်သည်။

၆ လ ကြာမြင့်သွားသည်။ ပိုင်းစိန် ဖြစ်ချင်ရာဖြစ်ဆိုပြီး ညိုရီတို့ ခတ္တိယရွာမသို့ လိုက်သွား၏။ ညိုရီ၏အမေ သေဆုံးသွားကြောင်း သိရသည်။ ညိုရီနှင့်လည်း တွေ့ရသော်လည်း ဦးလေးက အမေ၏ လယ်များကို ညိုရီအား လုပ်ခိုင်းထားသဖြင့် ရန်ကုန်သို့မလွှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ရုတ်တရက် ပိုင်းစိန်လည်း ရွာမှာ ညိုရီနှင့်နေထိုင်ရန် မဖြစ်နိုင်သေးပေ။ သို့အတွက် နောက်ကြောင်းပြန်လာခဲ့သည်။ အိမ်ပြန်ရောက်သောအခါ ပိုင်းစိန်သည် ယခင်က ခံစားဘူးသည့် အထီးကျန်ဘဝသို့ ပြန်ရောက်သွားသည်။

ထမင်းမှန်မှန်မစားဖြစ်ပါ။ ထမင်းပင် မချက်ဖြစ်ပါ။ ချစ်သောသူငယ်ချင်းများကို ဥပေက္ခာပြုထားတော့သည်။ ကြုံရာစားတဲ့အကျင့်ဖြစ်လာတော့သည်။ အရက်ဖြူ တစ်ခွက်တလေ သောက်မိ၏။ အစားအသောက်ပျက်တော့ အာဟာရချို့တဲ့လာသည်။

ညိုရီက အခွင့်သာလျှင် ပိုင်းစိန်ထံပြန်လာရန် ပြောလိုက်သည်။ မိန်းမကို မျှော်ရသည့်အလုပ်ကလည်း ဝေဒနာခေါင်ခိုက်နေသည်။ ဦးတင်မှူးကိုကျော်ကြီးအနေနှင့် ပိုင်းစိန်အနေအထားကို အကဲခတ်၍ အထူးဂရုပြု ပြောဆိုဆုံးမနေသည်။

ဖုံလေး (၉)လမ်းစားသောက်ဆိုင်တွင် ထမင်းသွားစားချင်းက အရက်ဖြူကို တိုး၍သောက်လာမိတော့၏။ အလုပ်ကိုခေါင်းနှင့် ဈေးဆိုင်ကိုသာလျှင် ပိုင်းစိန် အကူးအသန်း၊ အသွားအလာလုပ်တော့သည်။ အခြား မည်သူနှင့်မျှ အဆက်အသွယ်၊ အပေါင်းအသင်း မလုပ်တော့ချေ။

တစ်ကိုယ်တော်ပိုင်းစိန်ကို အရက်ဆိုင်တွင်တွေ့သောသူများက စချင်နောက်ချင်ကြသည်။ အချို့ကလည်း ပိုင်းစိန်ကို ချစ်ခင်သဖြင့် စကြခြင်းဖြစ်၏။ အချို့သောသူများက ပိုင်းစိန် ဂူးဂူးဝါးဝါး ဒေါသထွက်တာ မြင်ချင်၍ဖြစ်၏။

ပိုင်းစိန် တစ်ခုမှားနေသည်။ အရက်ဖြူကို အနည်းအကျဉ်း မှန်မှန်သောက်သုံးနေလျှင် ဘာမျှမဖြစ်နိုင်ချေ။ ထိုသို့မဟုတ်။ ဖျော်စပ်တောအရက်၊ ချက်အရက်များ တွေ့ရာ၊ ရရာ သောက်လာသည်။ အရက်သောက်ပြီး အမြည်းကို ကောင်းကောင်းစားသောက်ခြင်းမရှိ။

အရက်ကို အာသာငမ်းငမ်း သောက်နေသူသည် ဦးနှောက်၏

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းဆောင်တာများ ထိခိုက်စေသည်။ အသည်းစွမ်းဆောင်ရည် ပျက်စီးစေပါသည်။ အားငယ်စိတ်၊ အထီးကျန်စိတ်ကို ထိပါးစေ၏။ ပိုင်းစိန်သည် အရက်ကို တစ်ခါသောက်လျှင် တစ်ပိုင်းအနည်းဆုံး သောက်ဖြစ်၏။

ပိုင်းစိန်၏စိတ်ထဲ၌ သူတစ်ပါးအား အထင်အမြင် လွဲမှားစိတ်တို့ ဘယ်ကရောက်လာမှန်းမသိ ဖြစ်လာသည်။ ညီရုံကို စဉ်းစားမိပြီး အပြစ်တင်စရာများ၊ သံသယများ ဖြစ်နေပြန်သည်။ လူအချို့က ကိုယ့်ကို ရန်ရှာတော့မည်ဟုလည်း အမျိုးမျိုးအဖုံဖုံ ဖြစ်ပေါ်ကာ စိတ်ကစဉ့်ကလျား ဖြစ်နေတော့၏။

တစ်နေ့တွင် ရုံးလေး (၉)လမ်း စားသောက်ဆိုင်၌ နေ့ခင်းကြောင်တောင် သောက်စားမူးယစ်ပြီး မောင်ပုတို့အဖွဲ့နှင့် ရန်ဖြစ်ပါသည်။ ပိုင်းစိန်သည် ပင်ကိုယ်မူလ ရိုးသားသည်။ ခိုက်ရန်ဆိုတာမရှိ။ သူ့စိတ်သည် နုံးညံ့ရာမှ ဒေါသစိတ်တို့ ဝင်လာတတ်လေသည်။ မောင်ပုတို့အဖွဲ့က ချစ်ခင်၍ စသည်ကို သည်းမခံနိုင်ပေ။ ပိုင်းစိန်က တိုက်ခိုက်မည့်ပုံ၊ ရန်မူမည့်ပုံဖြစ်လာသည်။ နှုတ်မှလည်း ပြောဆိုရာ ဂွးဂွးဝါးဝါးဖြစ်ကာ မပြီးနိုင်တော့ပေ။

"ပိုင်းစိန်၊ မင်းမှာ ပိုက်ဆံမပါရင် ငါတို့ရှင်းလိုက်မယ် သူငယ်ချင်း"

မောင်ပုစနောက်သည်ကို ပိုင်းစိန် ဒေါသရှေ့ထားနေမိ၏။ မကျေမနပ်ဖြစ်နေသည်။

နှုတ်နည်း၍ နုံးညံ့သိမ်မွေ့သော မွေးသန္ဓေပါသည့် ပိုင်းစိန်သည် အရက်ဖြူနှင့် ချက်အရက်များ သောက်ပါများလာသောအခါ စိတ်ကြမ်း၊ လူကြမ်းအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာ၏။ တစ်ခါတစ်ရံ ဝမ်းနည်းသလို ခံစားရ၏။ ရံဖန်ရံခါ ကြောက်စိတ်ဝင်၏ ...

"ငါ့မှာပိုက်ဆံပါတယ်၊ ပေးသောက်တာ၊ လာမပြောနဲ့"

ပိုင်းစိန်မှာ ဒေါသထွက်၍ စကားပင်မပီတော့ပေ။ စားပွဲခုံကို လက်သီးနှင့်ထိုးခြင်း၊ လက်ဝါးနှင့် ရိုက်ခြင်းများလုပ်ကာ ကြမ်းတမ်းစွာ ပြုမူနေခဲ့သည်။

လမ်းသွားလမ်းလာလူတစ်ယောက်က တွေ့မြင်သွား၍ ဦးချမ်းမြထံ သတင်းရောက်သွား၏။ ဦးချမ်းမြ ရောက်လာသည်။ ပိုင်းစိန် တစ်ခုခုဖြစ်မည်စိုးသဖြင့် လိုက်လာခြင်းဖြစ်၏။

"ပိုင်းစိန် ထ...ထ၊ ပြန်တော့၊ အိမ်ပြန်တော့"

ဦးချမ်းမြစကားကို ပိုင်းစိန်နားထောင်သည်။ ပြောသည့်အတိုင်း အိမ်ပြန်သွားခဲ့သည်။

+ + +



www.burmeseclassic.com



ပိုင်းစိန်သည် ရှံးလေး (၉) လမ်းဆိုင်များသို့ခြေဦးမလှည့်တော့။ ငယ်သူငယ်ချင်းဆိုင်သို့ လမ်းကြောင်းပြောင်းခဲ့သည်။ ကူးတို့ဆိပ်ကမ်းနဖူးမှ 'လမင်းသာ'ဆိုင်သို့ သွားခဲ့သည်။ သူငယ်ချင်းသည် ပိုင်းစိန်အပေါ် ငွေရေးကြေးရေးအဓိကမဟုတ်။ စေတနာနှင့် တိုက်ကျွေးခဲ့သည်။ ပိုင်းစိန်ကလည်း သူ့မှာရှိသောငွေ တော်တော်များများကို သူငယ်ချင်းအား ပေးထားသည်။ သူစားချင်တာစားရန်ဖြစ်သည်။

ပိုင်းစိန်ကို ရှုခင်းကောင်းသောနေရာတစ်ခုတွင် သီးခြားစားပွဲလေးလုပ်ပေးထားသည်။ သူငယ်ချင်းနှစ်ယောက် ဆုံသောအခါ စကားနည်းသော ပိုင်းစိန်သည်ပင်လျှင် စကားပိုပြောလာသည်။ ငယ်စဉ်က သွားလာပျော်ပါးခဲ့သည်များ နေ့တိုင်းပြောဆိုမိသည်။

သူတို့သည် တံတားဟောင်းကြီးအနီးတွင် သုံးကားပေါင်းမိုးအလင်းရုပ်ရှင်ကို ညပေါင်းများစွာကြည့်ခဲ့ကြသည်။ တံတားဟောင်းလမ်းထိပ်တွင် သင်္ကြန်အခါခါပျော်ခဲ့ကြသည်။ ပုဇွန်တောင်ချောင်းတစ်ဖက်ကမ်း၊ ဒေါ်ပုံဘက်မှ တွံတေးသိန်းတန်၏ ထွေးညိုသီချင်းက လမင်းသာသို့ လေနှင့်အတူ ပျံ့လွင့်လာသည်။

ဆိုင်ရှင်သူငယ်ချင်း ဈေးရောင်းနေရသဖြင့် အလုပ်များနေချိန်တွင် ပိုင်းစိန်မှာ သူ့နားရှိ စားပွဲမှလူများနှင့် အချင်းများခဲ့သည်။ လူငယ်လေးယောက်က ထွေးညိုသီချင်းကို ပြိုင်တူဆိုနေကြသည်။

ပိုင်းစိန် နောက်ဘက်သွားရန် ရုတ်တရက်ထသွားစဉ် လူတစ်ယောက်နှင့် တိုက်မိသည်။ ပိုင်းစိန်က 'မတော်လို့ပါ'ဟု တောင်းပန်သည်။ ထိုအတိုက်ခံရသူက ပိုင်းစိန်ကို မကြားတကြားဖြင့် 'စိတ်ပေါ့သွပ်သူ'ဟု ပြောလိုက်သည်။ ပိုင်းစိန် ယမ်းပုံမီးကျဖြစ်သွားတော့၏။ အသေးအမွှားကိစ္စလေးက ပြဿနာကြီးထွားလာသည်။

"ခင်ဗျားတို့ကို တောင်းပန်ပါတယ်ဗျာ၊ ကျုပ်သူငယ်ချင်းက နေမကောင်းဘူးဗျ"

ဆိုင်ရှင်က တောင်းပန်သည်။ ထိုသူများက ပိုင်းစိန်ကို ကိုယ်ထိလက်ရောက် မလုပ်ကြပါ။ ပိုင်းစိန်ကတော့ ထိုဝိုင်းနားသွားကာ လက်သီးနှင့်လိုက်ထိုးနေသည်။

သတင်းက မြန်လှသည်။ ဦးချမ်းမြ စက်ဘီးနှင့်ရောက်လာသည်။ ပိုင်းစိန်ကို လှမ်းအော်လိုက်သည်။

"ပိုင်းစိန်..ကောင်လေး တော်ပြီ၊ သွားမယ်"

ပိုင်းစိန် ဦးချမ်းမြကို လှမ်းကြည့်လိုက်သည်။ မီးကိုရေနှင့်လောင်းလိုက်သကဲ့သို့ဖြစ်သည်။ ပိုင်းစိန် အိမ်ပြန်ပြေးသွားတော့၏။

\+ + +

"ဦးချမ်းမြ အထဲကိုကြွပါ၊ ဘာများလုပ်ပေးရမလဲ"

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ကြိုဆိုလိုက်သည်။ ဦးချမ်းမြက ဝင်ထိုင်ပြီး ပြောခဲ့သည်။

"အုပ်ချုပ်ရေးမှူးရဲ့ တပည့်ကျော်ကိစ္စပဲ၊ ပိုင်းစိန်လေ၊ စိတ်ကဖောက်နေတယ်၊ ပြဿနာလေးတွေ တစ်ခုပြီးတစ်ခု ပေါ်နေပြီ၊ အဲဒါ ခင်ဗျားနဲ့တိုင်ပင်ရအောင် လာတာပါ"

"ဟုတ်တယ် ဦးချမ်းမြ၊ ကျွန်တော့်ကိုလည်း သူ့အလုပ်သမားဂိုဏ်းမှူးကပြောပါတယ်၊ အကောင်းဆုံးက သူ့မိန်းမကို ရအောင်ပြန်ခေါ်ပေးလိုက်ရင် သင့်တော်မယ်"

"ဟုတ်ကဲ့ ကူညီပါဦး ညီရှိကို အခေါ်လွှတ်ဖို့ အလုပ်သမားတစ်ယောက်ယောက် စရိတ်ပေးပြီး ခိုင်းပေးပါဦး"

"ဂိုဏ်းမှူးကျော်ကြီးကို မေးကြည့်ပါဦးမယ်"

အုပ်ချုပ်ရေးမှူးက ဦးချမ်းမြကို ကော်ဖီတိုက်၍ဧည့်ခံကာ ရပ်ကွက်လူမှုရေးများကို ကူညီသဖြင့် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

နောက်နေ့နံနက်စောစော ဆန်ထမ်းအလုပ်သမား အောင်ဘုအား လုပ်အားတစ်ရက်ခ၊ အသွားအပြန်စက်လှေခ၊ စားစရိတ်တို့ကို ဦးချမ်းမြကထုတ်ပေး၍ တွံတေးမြို့နယ်၊ ခတ္တိယရွာသို့ စေလွှတ်လိုက်သည်။

အောင်ဘုလည်း ထိုခရီးအား သွားဖူးရာ ဒီရေကျချိန်နှင့်ထွက်သော ငါးစက်လှေများအမီ ကြည့်မြင်တိုင်ဆိပ်ကမ်းသို့ ထွက်ခွာသွားခဲ့သည်။

\+ + +

www.burmeseclassic.com

www.burmeseclassic.com



နှုတ်နည်း၍ နူးညံ့သိမ်မွေ့သော မွေးသနွေ့ပါသည့် ပိုင်းစိန်သည် အရက်ဖြူနှင့် ချက်အရက်များ သောက်ပါများလာသောအခါ စိတ်ကြမ်း၊ လူကြမ်းအဖြစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာ၏။ တစ်ခါတစ်ရံ ဝမ်းနည်းသလို ခံစားရ၏။ ရံဖန်ရံခါ ကြောက်စိတ်ဝင်၏။

ပိုင်းစိန် ပြောင်းလဲလာသည့် အချက်တစ်ခုရှိ၏။ မူးလာချိန်တွင် နားလျှင်လာသည်။ မျက်စိလျှင်လာသည်။ ၎င်းပြင် အသေးအမွှားလေးဖြစ်သော်လည်း ဒေါသလွယ်လွယ်ထွက်လာတတ်၏။ သူ့အား ဝေဖန်ပြောဆိုမှု တစ်ခုမျှမကြိုက်ပါ။ တုံ့ပြန်မှုကလည်း မြန်ဆန်လွန်းသည်။

ချစ်ဇနီး ညိုရီနှင့် ကင်းကွာနေရသည်က မေတ္တာမဲ့သူ၊ မေတ္တာခန်းခြောက်သူအဖြစ် ခံစားနေရ၏။ ညိုရီမှာ ပိုင်းစိန်ကိုမချစ်၍ ပစ်ပြေးသည်မဟုတ်ဟု ပိုင်းစိန် စဉ်းစားမိ၏။ သို့သော် ညိုရီအပေါ် သူ့ဆွေမျိုးများက ကရုဏာ၊ အကြင်နာများကို သိမ်းပိုက်ကန့်သတ်လိုက်သည်ဟု တထစ်ချတွက်မိသည်။

ပိုင်းစိန်က သူများလုပ်တာကို လိုက်လုပ်သည်။ သူများစားလျှင် လိုက်စားသည်။ သို့ရာတွင် သူများနှင့်အတူ မသွားတတ်ဘဲ တစ်ကိုယ်တော်သာ လှုပ်ရှားတတ်သည်။

ခတ္တိယသူ ညိုရီသည် ဆန်ထမ်းအလုပ်သမားတစ်ယောက်လာခေါ်သဖြင့် ချက်ချင်းလိုက်လာသည်။ ဆွေမျိုးများကလည်း မကန့်ကွက်ခဲ့။

ညနေစောင်းတွင် ဒီရေကျနေသဖြင့် ခလောက်ချိုက်ရွာအနီး စက်လှေနားနေရခိုက် ညိုရီ၏စိတ်များမှာ ပိုင်းစိန်ထံရောက်နေလေသည်။ သူ့မျက်နှာကိုတွေ့လျှင် သူ့ယောက်ျား လန်းဆန်းသွားမည်၊ နေကောင်းသွားမည်ဟု အတွေးထဲတွင် ကြည်နူးနေမိသည်။ လင်မယား ဝေးကွာနေသည်မှာ ကြာမြင့်ပြီမဟုတ်ပါလား။

ပိုင်းစိန်တို့ သင်္ဘောဆန်တင်လုပ်ငန်း ညနေ ၄ နာရီတွင်ပြီးဆုံးသည်။ ပိုင်းစိန်သည် လုပ်အားခများအိတ်ထဲထည့်၍ အထက်ပုဇွန်တောင်လမ်းမကြီးတစ်ဖက်ရှိ စက်ဆန်းရပ်ကွက်အတွင်း သွားရောက်ခဲ့သည်။

ထုံးစံအတိုင်း 'ယစ်ရွှေရည်' အမည်ရှိဆိုင်တွင် အရက်ဖြူနှင့် လစ်ပိုကို စားစရာ တစ်မျိုးပြီးတစ်မျိုးမှာကာ သောက်စားနေလေသည်။ ဆိုင်မှ တေးသီချင်းသံများကို သာသာယာယာ ခံစားနေမိသည်။ အချိန်ကြာညောင်းလာသောအခါ ပိုင်းစိန်မူးလာသည်။ တေးသီချင်းသံများမှာ နားဝင်မချိုတော့ပေ။ နေလည်းစောင်းသွားပြီဖြစ်သည်။ ငွေရှင်းပြီးပေါ့ပါးသွက်လက်စွာ ဆိုင်မှထွက်လာခဲ့သည်။

"စိတ်မကျန်းမာတဲ့သူဟေ့"

ဘောလုံးကွင်းထဲ ကစားနေသူများမှ တစ်ယောက်က အော်လိုက်၏။ ပိုင်းစိန်ကြား၍ ပြဿနာရှာရန်သွားခဲ့သည်။ ဘယ်ဘက်လက်ထဲတွင် ပစ္စည်းတစ်ခုပါလာသည်။

"ဟေ့.....ပိုင်းစိန်၊ မင်းကိုပြောတာမဟုတ်ဘူး၊ ဘောလုံးကန်နေတဲ့ လန်ဘားဆိုတဲ့ကောင်လေးကိုပြောတာ"

ဆိုက်ကားသမား ချစ်ခိုင်က သူငယ်ချင်းဖြစ်သူ ပိုင်းစိန်အား တစ်ခုခုမဖြစ်အောင် အာရုံပြောင်းလိုက်ခြင်းဖြစ်သည်။ တစ်ဖန် ချစ်ခိုင်က ပိုင်းစိန်လက်ထဲမှပစ္စည်းအား တောင်းယူရန် ကြိုးစားသော်လည်း ပိုင်းစိန်မှာ မီးရထားသံလမ်းဘက်သို့ ခြေလှမ်းကျဲကြီးများဖြင့် ထွက်သွားလေတော့သည်။

✦ ✦ ✦

ပိုင်းစိန်သည် မီးရထားဝင်းအတွင်း ဝင်သွား၏။ မီးရထားသံလမ်းဘေးမှ မြောက်ဘက်သို့သွားခဲ့သည်။ မီးခြစ်စက်ဘေး ပါနီချက်အရက်ဆိုင်သို့ ဝင်လိုက်ပြန်၏။ ပိုင်းစိန် အလွန်တရာမူးပုံမပေါ်သေးသော်လည်း အဝတ်အစားတို့ ဖရိုဖရဲဖြစ်နေပြီဖြစ်သည်။

ပိုင်းစိန် တစ်ခွက်မှာသောက်သည်။ ပဲကြီးလှော် တခြွမ်းခြွမ်းဝါးသည်။ အလယ်လောက်တွင် မောင်ပုတို့ဝိုင်းရောက်နေသည်ကို ပိုင်းစိန်သိသည်။ မောင်ပုတို့အားလုံး စကားသံကျယ်လောင်နေလေပြီ။ ပိုင်းစိန်ဝင်လာသည်ကို သိသော်လည်း ဂရုစိုက်ပုံမပေါ်ပေ။ သူတို့ အငြင်းအခုံဖြစ်နေသည်။

"ပုထုဇန လူမှန်သမျှ အချုံးချည်းပဲလို့ ဘုရားက ဆုံးမထားတယ်"

www.burmeseclassic.com





"လူတိုင်းမရှုးဘူးကွ"

"လူတိုင်း ကိုယ့်နည်းနဲ့ကိုယ်ရူးတာပဲကွ"

ပိုင်းစိန် စိတ်ဆိုးနေသည်။ သူ့ကို ကောင်းမြောင်းပြောဆိုနေသည်ဟု ထင်မိ၏။ ပိုင်းစိန်သည် အရက်ခွက်နှင့် မောင်ပုတို့အကော် ပေါ်လုပ်မပစ်လိုက်သည်။ တစ်ယောက်ကိုထိမှန်သွားသည်။ ရုတ်တရက် လန့်သွားကြ၏။ ပိုင်းစိန်က အော်ဟစ်ထွက် ပြေးသွားသည်။ ဘာအော်မှန်းမသိ။ ဝူးဝူးဝါးဝါးဖြစ်နေ၏။

မောင်ပုအပါအဝင် လူအချို့ ပြေးလိုက်လာကြသည်။ သူများယောင်၍ နောက်မှလိုက်လာသူများ လည်းပါ၏။ ပိုင်းစိန်ရှေ့တွင် စွပ်ကျယ်အနီရောင်ဖြင့် လူတစ်ဦး ရှေ့ကသွားနေသည်။ ပိုင်းစိန်နှင့် လူအချို့ ပြေးလိုက်လာသည်ကို မြင်ရသဖြင့် စွပ်ကျယ်အနီရောင်နှင့်လူကလည်း ကြောက်လန့်ကာ ရှေ့မှ ပြေးတော့သည်။

ပြေးနေသော လူတန်းရှည်ကြီးမှာ ဆူညံပူညံနေသည်။ စွပ်ကျယ်အနီရောင်နှင့်လူသည် အထက်ပုဇွန်တောင်လမ်းမကြီးအတိုင်းပြေးပြီး နောက်ရုံးလေးရပ်ကွက်အတွင်း ဝင်ပြေးသွားရာ ပိုင်းစိန်တို့က လမ်းအတိုင်း ဆက်ပြေးနေသည်။ လမ်းဘက်သို့ အထိတ်တလန့် ထွက်ကြည့်ကြသည်။ လူသံများ ပိုမိုကျယ်လောင်လာသည်။

"ဟေ့ကောင်..ပိုင်းစိန်..ပိုင်းစိန်၊ ဘာဖြစ်တာလဲ"

မီးကင်းတဲမရောက်မီ ဦးချမ်းမြ အိမ်ရှေ့၌ ဦးချမ်းမြအော်သံကို ပိုင်းစိန် မကြားပါ။ ပိုင်းစိန်မှာ အသိကင်းလွတ်လျက်ရှိနေသည်။ ပိုင်းစိန်က လက်ထဲပါလာသောအရာနှင့် တွေ့ရာကိုထိုးသွားရာ ဦးချမ်းမြလည်း အထိုးခံလိုက်ရသည်။

ပိုင်းစိန်လက်ထဲ ပါလာသော အရာမှာ ဓားမြှောင်ဖြစ်သည်။ ဦးချမ်းမြ၏ ဘယ်ဘက်ရင်ဘတ်တွင် အထိုးခံလိုက်ရခြင်းဖြစ်သည်။ ဒဏ်ရာကို လက်နှင့်အုပ်လျက် ဦးချမ်းမြ လဲကျသွား၏။ ဦးချမ်းမြ ဝတ်ထားသည့် အနီရောင်ရှပ်အင်္ကျီမှာ သွေးများဖြင့် စိုရွှဲကာ နီမြန်းသွားတော့သည်။ ပိုင်းစိန်မှာ ဆက်၍ပြေးဆဲ ဖြစ်သည်။ တွေ့ရာကို ဓားဖြင့်လှမ်းထိုးသွားရာ အချို့လည်း ရှပ်ထိ၍ အချို့လည်း ရှောင်ရှားလိုက်ရသည်။

\+ + +

www.burmeseclassic.com

ညီ့ရီငှားလာသော သုံးဘီးကား အိုတူးဆန်စက်ဝင်လမ်းတွင် ရပ်သည်။ လူတန်းကြီး ဆူညံစွာ ပြေးလာနေသည်ကို ညီ့ရီတွေ့ရသည်။ ပိုင်းစိန်မှာ ရှေ့ကပြေးလာသည်ကို မြင်နေရသည်။

"ငါ့ယောက်ျားကို လိုက်နေကြပါလား"


ညီ့ရီသည် ရှေ့တည့်တည့်မှရပ်ပြီး လက်နှစ်ဖက်မြှောက်ကာ တားနေသည်။ ပိုင်းစိန်က ထိုးရန်လုပ်သည်။

''အစ်ကိုပိုင်းစိန်...အစ်ကိုပိုင်းစိန်၊ မိန်းမရယ်...မိန်းမရယ်၊ ကျွန်မ ညီ့ရီရယ်''

ပိုင်းစိန် လက်ထဲမှဓားကို ပစ်ချလိုက်သည်။ ညီ့ရီအား ပြေး၍ ဖက်လိုက်သည်။ အရှိန်နှင့် လင်မယားနှစ်ယောက် ယိုင်လဲလိမ့်ကျသွားခဲ့သည်။

✦ ✦ ✦

ကျွန်တော်သည် ပိုင်းစိန်ကို ရမန်ကာလအတွင်း ရဲစခန်းအချုပ်တွင် ထားရှိခဲ့သည်။ မကြာခဏ အချုပ်တွင်းမှထုတ်ပြီး စကားပြောဖြစ်သည်။ ပိုင်းစိန်မှာ ယခင်က စိတ်ကျန်းမာရေးအခြေအနေ ဆိုးခဲ့သည်။ ကျွန်တော် ဖမ်းဆီးစစ်ဆေးချိန်၌ ပိုင်းစိန် အခြေအနေကောင်းနေသည်။ ဘယ်လိုဖြစ်တာလဲဆိုသည်ကို ကျွန်တော် စဉ်းစားကြည့်မိ၏။ အရက်မသောက်ရသဖြင့် လူကောင်းဖြစ်သွားဟန်တူသည်။ စိတ်



တစ်ချိန်သော
ကာလက
သူ၏စိတ်များကို
ကပြောင်းကပြန်
ဖြစ်စေရန် ကျိုးစယ်
နောက်ပြောင်
ခဲ့သူများကြောင့်
မေတ္တာရှင်ကို
အသိမဲ့ဖြင့်
သတ်ခဲ့သည်အထိ
ဖြစ်ခဲ့ရ၏။
ပတ်ဝန်းကျင်သည်
လူတစ်ဦး၏
စိတ်ဓာတ်နှင့်ဘဝကို
ပြောင်းလဲစေရန်
ပြုလုပ်တတ်ကြောင်း
...

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး ပြန်ကောင်းနေသည်။ စတင်ကောင်းသည်မှာ ပြစ်မှုကျူးလွန်ပြီးနောက် ဖနီးညှိရီနင် မွေ့ဖက်လုံးထွေးကျသွားသည့်အချိန်ဖြစ်သည်ဟု ကျွန်တော် ယူဆမိသည်။

မှုခင်းဘက်ဆိုင်ရာ ဆရာဝန်ကြီးက ပြစ်မှုကျူးလွန်စဉ် စိတ်ကျန်းမာရေးမကောင်းဟု ပြန်ကြားထားသည်။ အမှုတွဲတွင်တွဲ၍ တရားရုံးတင်ရမည်။ ပိုင်းစိန်အား နေ့စဉ်လက်ဖက်ရည်နှင့် မုန့်တစ်မျိုး မှာကျွေးခဲ့သည်။

''ဗိုလ်လေး ပိုင်းစိန် ကျေးဇူးမှတ်ထားပြီး ပြန်ဆပ်ဦးမှာပါ''

''ဘာမှမလိုပါဘူး ပိုင်းစိန်၊ မင်းအရက်ဖြတ်လို့ရအောင်လို့ပါ''

ကျွန်တော့်ကို ကြည်လင်သောအကြည့်လေးဖြင့် ပိုင်းစိန်က တုံ့ပြန်ခဲ့သည်။ ညကိုရီလည်း သူ့ခင်ပွန်းကို နေ့စဉ်နှစ်ကြိမ်လာတွေ့တိုင်း ကျွန်တော့်အား နှုတ်ဆက်သည်။

မင်္ဂလာတောင်ညွန့်တရားရုံးသို့ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် တရားစွဲတင်သောအခါ ရှေ့နေမငှားနိုင်ကြောင်း ပြောပြသည်။ ကျွန်တော်က အစိုးရရှေ့နေရရှိရေးအတွက် အကြံပေးလုပ်ဆောင်ပေးခဲ့သည်။ နောက်ပိုင်းတွင် ရှေ့နေဦးညီညီနှင့် ဒေါ်ဘေဘီအေးတို့နှစ်ယောက် လိုက်ပါဆောင်ရွက်ကြောင်း တွေ့မြင်ရသည်။

ရှေ့နေများက တရားခွင်တွင် ကင်းလွတ်ခွင့်ရမြဲ အခွင့်အရေးများ လျှောက်ထားပြုလုပ်ကြ၏။ ''စိတ်ပေါ့သွပ်သူ၏ လုပ်ဆောင်ချက်သည် ပြစ်မှုမမြောက်''ဟု ဆိုထားသည်လည်း မဟုတ်ပါလား။

\+ + +

၁၉၈၈ ခုနှစ်နှောင်းပိုင်းတွင် ပိုင်းစိန်အမှု ဆုံးခန်းတိုင်သွားပါသည်။ သက်သေများကို တရားရုံးက ခေါ်ယူစစ်ဆေးကြားနာပါသည်။ နိုင်ငံတော်အတွင်း ဆူပူမှုများရှိခဲ့သည်လည်းဖြစ်၊ ရှေ့နေများက ကြိုးစားအားထုတ်သည်လည်းဖြစ်သောကြောင့် ပိုင်းစိန်မှာ ပြစ်ဒဏ်ခံရခြင်းမရှိဘဲ အင်းစိန်အကျဉ်းထောင်မှ လွတ်လာခဲ့သည်ကို ကျွန်တော်ကြားသိရပါသည်။

နှစ်အနည်းငယ်ကြာသောအခါ အိုတူးဆန်စက်သို့ ကျွန်တော်ရောက်သွားပါသည်။ မိတ်ဆွေဟောင်းကြီး ဦးစိုးမြင့် ဝန်ထမ်းဆန်ထုတ်ပေးသဖြင့်ဖြစ်၏။ အငှားကားပေါ်သို့ အလုပ်သမားတစ်ယောက်က ဆန်အိတ်တင်ပေးနေသည်။

''ဗိုလ်လေး နေကောင်းလား၊ ဗိုလ်လေးပခုံးပေါ်မှာ ရာထူးတံဆိပ်တွေ တိုးနေပါပေါ့လား''

နှုတ်ဆက်သူမှာ ပိုင်းစိန်ဖြစ်နေပါသည်။ ကျွန်တော် ဝမ်းသာမိ၏။

''ပိုင်းစိန်''

သူ အလုပ်သမားဂိုဏ်းမှူးဖြစ်နေသည်။ ဂိုဏ်းမှူးပိုင်းစိန်က သူ့အလုပ်သမားဖြင့် ကျွန်တော့်ဆန်အိတ်တင်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောရာ.....

''ကျွန်တော်ကသာ ဗိုလ်လေးကို ကျေးဇူးတင်ရမှာပါ၊ ကျွန်တော်အချုပ်ထဲနေရတုန်းက ဗိုလ်လေးပဲ လက်ဖက်ရည်တိုက်ခဲ့တာပဲလေ''

ကျွန်တော် ဦးစိုးမြင့်နှင့် ပိုင်းစိန်တို့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့သည်။ တစ်ချိန်သောကာလက သူ၏စိတ်များကို ကပြောင်းကပြန်ဖြစ်စေရန် ကျီစယ်နောက်ပြောင်ခဲ့သူများကြောင့် မေတ္တာရှင်ကို အသိမဲ့ဖြင့် သတ်ခဲ့သည်အထိ ဖြစ်ခဲ့ရ၏။

ပတ်ဝန်းကျင်သည် လူတစ်ဦး၏စိတ်ဓာတ်နှင့် ဘဝကို ပြောင်းလဲစေရန် ပြုလုပ်တတ်ကြောင်း သတိထားမိခဲ့ရလေသည်။

''မှုမမြောက်လည်း ကျရောက်အပါယ် သေချာတည်း''။

တိုးမြင့်



www.burmeseclassic.com

www.burmeseclassic.com

# မောင်သာမန် (ဇီးကုန်း)

## ရတာနာ



www.burmeseclassic.com

www.burmeseclassic.com



နွေရောက်ပြီဆိုသည်နှင့် ပတ်ဝန်းကျင်တစ်ခွင်လုံး နေ၏အပူရှိန်ကြောင့် မြူများဆိုင်းလျက် တံလျှပ်များ တလက်လက်ထနေကြ၏။ တစ်ရွာလုံး နေပူရှိန်ကြောင့်ရွာလမ်းပေါ်တွင် လူသူကင်းမဲ့နေကြ၍ ကိုယ့်အိမ်၊ ကိုယ့်တဲများ၌ နေ့လယ်နေ့ခင်း နားနေကြစဉ် ဒေါ်တင်ရီမှာမူ နေ၏အပူဒဏ်ကို ဂရုမစိုက်နိုင်။ ရိတ်သိမ်းချိန်၊ နုတ်သိမ်းချိန် လွန်နေပြီဖြစ်သော သူမတို့၏မတ်ပဲခင်းအား အငှားနုတ်မည့် နေ့စားအလုပ်သမားရရှိရန် ရွာထဲသို့လျှောက်၍ စုံစမ်းနေခြင်းဖြစ်၏။ ဒေါ်တင်ရီသည် ရွာနောက်ပိုင်း အေးသာတို့အိမ်ရှေ့ရောက်သည်နှင့် အေးသာအား အသံပေးလျက် အိမ်ထဲသို့ဝင်လိုက်၏။ အေးသာသည်လည်း ညှော်ဝတ်ပြုစုလျက် ရေနွေး၊ ထန်းလျက် ချပေးပါ၏။ ဒေါ်တင်ရီက ခရီးရောက်မဆိုက်.....

"အေးသာရေ အရိုးလေးရဲ့ပဲတွေတော့ အမှည့်လွန်ပြီး ပဲစေ့တွေ ကွဲကျကုန်တော့မယ်။ အဲဒါ အရိုးလေးရဲ့ပဲခင်းကို နှစ်ရက်သုံးရက်လောက်လိုက်နုတ်ပေးပါလားဟယ်၊ အများပေးတဲ့ဈေးထက် ပိုပေးပါ့မယ်"

အေးသာက အားတုံ့အားနာစွာဖြင့်

"အင်း.....အရီးလေးရဲ့ပဲခင်းကို နုတ်ပေးချင်ပေမယ့် တခြားလယ်သမားတွေဆီမှာ ပဲနုတ်ခတွေ လွှန်ထားလို့ အခုရက်အတွင်း အရီးလေးရဲ့ ပဲခင်းကို မနုတ်အားသေးပါဘူး၊ နောက်လေးငါးရက်ဆိုရင်တော့ ကျွန်မ လိုက်နုတ်ပေးနိုင်လိမ့်မယ်"

ဒေါ်တင်ရီသည် စိတ်မသက်မသာဖြင့်.....

"ညည်းရဲ့လေးငါးရက်ဆိုရင် ငါတော့ ပဲတစ်စေ့မှရမှာမဟုတ်တော့ဘူး"

အေးသာမှာ တခြားလယ်တွင် နုတ်နေရသဖြင့် ကြားဖောက်ထွက်၍ မဖြစ်သည့်ကိစ္စရှိသော်လည်း ဒေါ်တင်ရီအား တတ်နိုင်သမျှ အကြံပေးပါ၏။

"ဒါဆိုရင် အရီးလေးရဲ့တူမဆိုလည်းဟုတ်တဲ့ တင်တင်ဆွေတို့၊ သိန်းသိန်းတို့ဆီ သွားမေးကြည့်ပါလား၊ သူတို့အားနေသားပဲ"

ဇရာထောင်း၍ ပါးရေနားရေတွန့်နေပြီဖြစ်သော ဒေါ်တင်ရီ၏ နဖူးပြင်များအပူဒဏ်ကြောင့် ချွေးများစို့နေပါ၏။ ပခုံးပေါ်တင်ထားသော တဘက်စလေးဖြင့် ချွေးများကို သုတ်လိုက်ပြီး အေးသာငှဲ့ပေးသော ရေနွေးကြမ်းကို တစ်ငုံနှစ်ငုံသောက်လိုက်ပါ၏။ ယင်းနောက် ဒေါ်တင်ရီက.....

"ပြီးခဲ့တဲ့အပတ်ကတည်းက ပဲတွေနုတ်ဖို့ကောင်းနေတာ၊ ပဲနုတ်ကလည်း ငှားမရ၊ ပဲနုတ်ငှားမရလို့ အိမ်ကအကောင်နှစ်ယောက်ကိုပြောပေမယ့် အကြီးကောင်ဖြစ်တဲ့ ထွန်းအောင်ကလည်း သွားချင်ရာသွား၊ အငယ်ထွန်းမောင်ကလည်း သူ့အလုပ်သူလုပ်ဆိုတော့ ငါ့လယ်ထဲက ငါ့ပဲတွေကို နုတ်ဖို့အခွင့်မရှိသလို ဖြစ်နေရတယ်၊ ကိုယ့်လယ်ထဲက ပဲတွေကို ဒီအတိုင်းပစ်မထားနိုင်လို့ ကိုယ်တိုင်အငှားလိုက်ရှာနေရတာပါအေ"

ဒေါ်တင်ရီ၏အဖြစ်ကို အေးသာသည် စိတ်ပျက်စွာနားထောင်နေပြီးနောက် သက်ပြင်းချလိုက်ပြီးနောက်.....

"အင်း.....အရီးလေးရဲ့ သားနှစ်ယောက်ကတော့တကယ့်စံပါပဲ"

ဒေါ်တင်ရီသည် အေးသာဆီ၌ ခေတ္တနားနေပြီးနောက် တင်တင်ဆွေတို့အိမ်ဘက်ဆီသို့ ထွက်လာခဲ့သည်။ တင်တင်ဆွေတို့အိမ်ရှေ့ ရောက်သည်နှင့် ဒေါ်တင်ရီက.....

"တင်တင်ဆွေ ဟဲ့..တင်တင်ဆွေ၊ ဘယ်သွားကြတုံး၊ အိမ်မှာ ဘယ်သူမှမရှိကြဘူးလား"

နောက်ဖေးမီးဖိုချောင်ထဲတွင် ရေနွေးထည့်နေသော တင်တင်ဆွေသည် ရေနွေးကရားကို လက်တစ်ဖက်ဖြင့်ကိုင်လျက်.....

www.burmeseclassic.com

www.burmeseclassic.com

"လာ...အရီးလေးရေ၊ ကျွန်မ ရှိပါတယ်၊ မီးဖိုချောင်ထဲမှာ ရေနွေး ထည့်နေလို့၊ လာလေ...အိမ်ထဲကို၊ နေ့ခင်းကြောင်တောင် နေပူထဲ ဘာ ကိစ္စရှိလို့လဲ အရီးလေးရဲ့"

ဒေါ်တင်ရီမှာခေါင်းပေါင်းထားသော တဘက်ကို ဖြုတ်လိုက်ပြီး ပခုံးပေါ်တင်လိုက်၏။ ယင်းနောက် ပင်ပန်းနွမ်းနယ်သောလေသံဖြင့်.....

"တင်တင်ဆွေ ငါ့ကိုကူပါဦး ဟယ်၊ သူများပဲတွေ တလင်းထဲ ရောက်ကုန်ကြပြီ၊ ငါ့ပဲတွေတော့ အငှားသမားမရှိတာနဲ့ အပင်တန်း လန်းနဲ့ ငုတ်တုတ်သေမလားမသိပါ ဘူး၊ အခုထိလည်း ပဲနုတ်သမားမရ သေးဘူး၊ နင်တို့လင်မယား ငါ့ပဲ လေးကို လိုက်နုတ်ပေးပါလား၊ သူ များဈေးထက် ပိုပေးပါ့မယ်"

တင်တင်ဆွေက သက်ပြင်းနှင့် အတူ.....

"ဖြစ်ရမယ် အရီးလေးက တော့၊ ကျွန်မက အခုလောလော ဆယ် အားတော့နေပါတယ်၊ ကိုမြင့် နိုင်ကတော့ အခုရက်တွေမှာ ဘာ ဖြစ်တာလဲမသိဘူး တော်တော်ကြာ ဖျားလိုက်၊ နာလိုက်နဲ့ အလုပ်လုပ် ရတယ်မရှိဘူး၊ အခုရက်တွေမှာ တော့ နေကောင်းပြန်ပြီဆိုတော့ ကျွန်မနဲ့ ကိုမြင့်နိုင် နက်ဖြန်မနက် ကျရင် ပဲနုတ်ဆင်းပေးပါ့မယ်၊ ဒါနဲ့ အရီးလေးရဲ့ သားနှစ်ယောက်က ရော"

ဒေါ်တင်ရီသည် စိတ်ပျက်စွာ ဖြင့်.....


"သူတို့အကြောင်း မပြောချင် ပါဘူးဟယ်၊ သင်းတို့ကို ခိုင်းလို့မရ ပါဘူး၊ သူတို့က ဂရုမစိုက်တော့ ကိုယ်တိုင်ပဲ အငှားသမားကို လိုက် ရှာနေရတာပေါ့ဟယ်၊ အင်း..ခေတ် တွေ၊ စနစ်တွေ ဘယ်လိုပဲပြောင်း ပြောင်း သင်းတို့ရဲ့ပုံစံနဲ့ မကြာပါဘူး၊ ငတ်မှာကတော့ ကျိန်းသေပဲ၊ နက် ဖြန်ကျ လယ်ထဲကိုဆက်ဆက်ဆင်း ပေးပါဟယ်၊ အဲ...ပဲနုတ်ခကိုတော့ နှစ်ရက်သုံးရက်လောက်ကြာမှ ယူ ပါနော်၊ ပဲရောင်းပြီးမှ ပေးရမှာမို့လို့ ပါ"

ယင်းနောက် ဒေါ်တင်ရီတစ် ယောက် တဘက်ကို ခေါင်းပေါ်တင် လျက် နေပူထဲထွက်သွားသည်ကို တင်တင်ဆွေတစ်ယောက် ငေးကြည့်လျက် ကျန်ခဲ့ လေ၏။

+ + +

ဟုတ်တော့လည်း ဟုတ်ပါ၏။ တခြားသော လယ်သမားများ၏ ပဲ များမှာ တလင်းထဲသို့ အပြောင်အစင် ရောက်ရှိ ကုန်ကြပြီဖြစ်၏။ တချို့ မှာ ပဲနယ်လျက်ရှိသကဲ့ သို့ တချို့မှာ ပဲလှေ့နေ ကြပြီဖြစ်၏။ တချို့ဆို ပါလျှင် လှေ့ပြာပြီးပဲများ ကို မြို့ရှိပွဲရုံများသို့ သွား ရောက်ရောင်း ချနေကြ ပြီဖြစ်ပါ၏။

အများအမြင်အရ ဒေါ်တင်ရီ တွင် အားကောင်းမောင်းသန် သား နှစ်ယောက်ရှိသည်ကား ယေဘုယျ မှန်ပါ၏။ ဒေါ်တင်ရီ၏ခင်ပွန်းသည် ဦးလုကြိုင်မှာ လေငန်းဖြစ်နေလင့် ကစား ထိုသားနှစ်ယောက်၏ လုပ် အားနှင့်ဆိုပါလျှင် ဒေါ်တင်ရီတစ် ယောက် အငှားပဲနုတ်သမားလိုက် ရှာစရာမလိုပေ။ သို့စေကာမူ ထို သားနှစ်ယောက်သည်ကား မိဘ၏ စီးပွားရေးအားငဲ့မကြည့်နိုင်လောက် အောင် သူတို့အကြောင်းနှင့်သူတို့ ရှိနေသည်ကြောင့် ဒေါ်တင်ရီခမျာ



www.burmeseclassic.com



ကိုယ်တိုင်ထွက်၍ ပဲနုတ်သမား ရှာ နေရခြင်းပင်ဖြစ်ပါ၏။

တစ်ချိန်သောအခါက ရွာထဲ တွင် လယ်သမားကြီး ဦးလုကြိုင်နှင့် ဇနီး ဒေါ်တင်ရီတို့သည် တစ်ခေတ် တစ်ခါက ရွှေထီးဆောင်းခဲ့ကြသူ များဆိုပါက မှန်ပါလိမ့်မည်။ ထင် ပေါ်၍ စပါးအထွက်ကောင်းအောင် စိုက်ပျိုးနိုင်သော ရှားရှားပါးပါး လယ် သမားထဲတွင် ဦးလုကြိုင်တို့ အပါ အဝင်ဖြစ်ခဲ့ပါ၏။ သူတို့တွင် လယ်ဆယ့်နှစ်ကေလုပ်ကိုင်ခွင့်ရှိပြီး အလွန်တရာကောင်းမွန်သော ခိုင်း နွားနှစ်ရှဉ်းလည်း ရှိခဲ့၏။ ဆန်စပါး တင်မက သီးထပ်သီးညှပ်စိုက်ပျိုး ခြင်းဖြင့်လည်း ဝင်ငွေကောင်းလှ သော လယ်သမားဖြစ်ခဲ့ပါ၏။ ဦးလု ကြိုင်နှင့် ဒေါ်တင်ရီတို့တွင် သားနှစ် ယောက်ထွန်းကားမှုကြောင့် ဦးလု ကြိုင်ရော ဒေါ်တင်ရီပါ ဂုဏ်ယူဝင့် ကြွားလျက်ရှိခဲ့သည်။ ဦးလုကြိုင်နှင့် ဒေါ်တင်ရီသည် သားနှစ်ယောက် အပေါ် ရည်ရွယ်ချက်ကြီးကြီးမား မား ထားပုံရပါ၏။ သို့ကြောင့်ပင် မြေကြီးမှ ရွှေသီးခဲ့ခြင်းများကြောင့် သားနှစ်ယောက်အား ထမင်းရည် ချောင်းစီး အလှူပေး၍ ရှင်ပြုပွဲကို စည်စည်ကားကား ကျင်းပခဲ့ကြ၏။ ထိုသားနှစ်ယောက်ကို နေ့နံကိုက် သည်၊ မကိုက်သည်မသိ။ ထွန်း အောင်၊ ထွန်းမောင်ဟူ၍ နာမည် တွင်စေ၏။

ဦးလုကြိုင်သည် နွားနှင့်ပတ် သက်လျှင် ကျွမ်းကျင်နှံ့စပ်လှပါ၏။ တခြားလယ်သမားများ နွားကောင်း ကိုင်လိုပါက ဦးလုကြိုင်ဆီသို့ ကပ် ရ၏။ နွားဝယ်လိုသူများအား ဦးလု ကြိုင်ဦးဆောင်လျက် တစ်ရွာဝင် တစ်ရွာထွက် နွားဝယ်ပေးလေ့ရှိ သည်။ ထိုသို့ နွားအရောင်းအဝယ် များတွင်ပါဝင်နေရသော ဦးလုကြိုင် တစ်ယောက် အရက်ကို စွဲလမ်းစွာ သောက်ခြင်းမှာ ထူးဆန်းသည့်ကိစ္စ မဟုတ်ပေ။ ဦးလုကြိုင်သည်အရွယ် ရောက်စပြုသော သားကြီး ထွန်း အောင်အား လယ်သမားကောင်း ဖြစ်စေလိုသည့်ကြောင့် နွား အကြောင်းကို စေ့စပ်သေချာစွာ သင်ပေးပါ၏။

သို့သော် ထွန်းအောင်သည် မိရိုးဖလာ လယ်ယာကို စိတ်ဝင်စား မှု နည်းပါးလျက် နွားနှင့်ပတ်သက် ၍ ပို၍စိတ်ဝင်စားမှုဖြစ်ခဲ့သည်။ ထို ပြင် ငယ်စဉ်ကပင် တိုက်ကြက်ဖ များကို မွေးမြူလျက် ကြက်တိုက် ခြင်းကို ဝါသနာထုံခဲ့သည်။ သား ငယ် ထွန်းမောင် ရှစ်တန်းတွင် ကျောင်းတက်နေစဉ် သားကြီးထွန်း အောင်သည် သဲခုံပြင်ကျေးရွာမှ ဦး တင်နွယ်၏သမီး ခင်ခင်တင့်ဆိုသူ မိန်းကလေးနှင့် လူငယ်ချင်းမေတ္တာ မျှ၍ ခိုးယူပေါင်းသင်းခြင်းကြောင့် ဦး လုကြိုင်နှင့် ဒေါ်တင်ရီမှာ မိန်း ကလေးအား မိဘများထံ ပြန်အပ် ၍ နားဖောက်၊ တောင်းရမ်းလက် ထပ်မင်္ဂလာ ဆောင်ကြဉ်းပေးရ၏။

သားကြီးထွန်းအောင် အိမ် ထောင်ထူသည့်အတွက် မိဘများ က မင်္ဂလာလက်ဖွဲ့အဖြစ် လယ်သုံး ကေနှင့် နွားတစ်ရှဉ်းအား လက်ဖွဲ့ လိုက်ရ၏။ ထွန်းအောင်မှာ ဆံထုံး နောက် သျှောင်ပါ၍ တစ်ရွာသူ ခင်ခင်တင့်တို့ သဲခုံပြင်ရွာသို့ လိုက် ရသည့်အတွက် ထက်ခွဲသော လယ်သုံးကေကို သူ့သဘောနှင့် ရောင်းချ၍ ငွေထုပ်ပိုက်၊ နွား တစ်ရှဉ်းဆွဲ၍ မိန်းမနောက်သို့ ကောက်ကောက်ပါအောင် လိုက် သွားတော့၏။ ဦးလုကြိုင်မှာ သား ကြီးအပေါ် အားထားလေသမျှ မျှော်လင့်ချက်များမှာ သဲထဲရေ သွန်သည့်ပမာ ဖြစ်ခဲ့ရ၏။

''သူ့သဘောသူဆောင်တာပဲ လေ၊ ဘာတတ်နိုင်မလဲ''

ထိုမျှသာမှတ်ချက်ချခဲ့၏။ ဒေါ် တင်ရီခမျာတော့ မျက်ရည်တစမ်း စမ်း ဖြစ်ခဲ့ရသည်။ ဦးလုကြိုင်တို့ ဇနီးမောင်နှံသည် သားကြီးထွန်း အောင်အတွက် အေးရပြီဟုအထင် ရှိလေသမျှ မကြာမီသောကာလ၌ တက်တက်စင်အောင် လွဲမှားနေ သည်ကို သိလိုက်ရ၏။

ထွန်းအောင်နှင့် ခင်ခင်တင့်တို့ တွင် သမီးကလေး ရွှေသစ္စာ မွေး ဖွားပြီးသည့်နောက် ထွန်းအောင် သည် ဖောက်လာ၏။ အပေါင်း အသင်းများလာ၍ ကြက်တိုက်၊ နွား တိုက် လောင်းကစားများတွင် ဝင် ဆံ့လာခြင်းပင်ဖြစ်သည်။ ထို လောင်းကစားများကြောင့် အဖမ်း အဆီးခံခဲ့ရသော်လည်း ထိုဝါသနာ ကား ထွန်းအောင်အား လွှမ်းခြုံ ထားခဲ့ပြီလားမသိ။ ကစားမြဲ လောင်းမြဲပင်။

အမှန်အားဖြင့် ထွန်းအောင်မှာ

www.burmeseclassic.com

www.burmeseclassic.com

သားကြီးသြရသဖြစ်ခြင်းကြောင့် ဖခင်ဦးလှကြိုင်သည်မိဘ၏မေတ္တာနှင့်အတူ ရည်မှန်းချက်ထားခဲ့ပါ၏။ ထွန်းအောင်အား ဆန်စပါးစိုက်ပျိုးခြင်းဖြင့် ကြီးပွားတိုးတက်သောလယ်သမားတစ်ယောက် ဖြစ်စေလိုလှ၏။ သို့သော် ဦးလှကြိုင်၏ဆန္ဒကား မပြည့်ဝရှာ။ ထွန်းအောင်ကားကြက်နှင့်နွားတွင် ဆရာတစ်ဆူပမာဖြစ်နေပေ၏။ ထိုသားကြီးမှစ၍ စိတ်ဆင်းရဲခြင်းများ ဖြစ်ပေါ်လာခြင်းနှင့်အတူ ဦးလှကြိုင်သည်လည်း အရက်ကို သောက်မှန်းမသိသောက်လာလေတော့၏။



သားငယ် ထွန်းမောင်သည်လည်း ရှစ်တန်းကို အကြိမ်ကြိမ်ကျရှုံးခဲ့ပြီး ကျောင်းထွက်၍ မိဘများ၏လယ်ကို လုပ်ကိုင်ခဲ့၏။ ထွန်းမောင်သည်လည်း သူ့အစ်ကို၏ခြေရာကို လိုက်နေသည်ဟု ဆိုရပေမည်။ ဖခင် အရက်တစ်ပိုင်းသောက်လျှင် သူက အရက်တစ်လုံးသောက်၏။ အစ်ကိုကြီးထွန်းအောင် ကြက်တိုက်၊ နွားတိုက်သည်ကို အားကျသည်လား၊ အရွဲ့တိုက်သည်လားမသိ။ အရက်သောက်၍ ဖဲရိုက်လေတော့၏။ ဒေါ်တင်ရီမှာ ခင်ပွန်းဖြစ်သူ နေ့စဉ်အရက်သောက်နေသည့်အဖြစ်၊ သားကြီး၏ သားပစ်မယားပစ် ကြက်ပွဲနွားပွဲများတွင် ပျော်မြူးနေသည့်အဖြစ်၊ သားငယ်ဖြစ်သူ အရက်သောက်၍ ဖဲရိုက်နေသည့်အဖြစ်များကို ရင်မလျက် ကြည့်နေပြီး ပဋ္ဌာမြေလူးရမည့်ကိန်း ဆိုက်နေတော့၏။

မကြာပါချေ။ ထွန်းအောင်၏ လုပ်ရပ်မမှန်ကန်မှုများကြောင့် လင်မယားချင်း စကားများကြပြီး ကွာရှင်းပြတ်စဲရမည့်အခြေသို့ ရောက်ရှိလာခဲ့၏။ နောက်ပိုင်း ထွန်းအောင်တစ်ယောက် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် မိဘအိမ်သို့ တစ်ဦးတည်း ရောက်ရှိလာတော့၏။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မိဘအိမ်တွင် ရှိနေသော ထွန်းမောင်နှင့်ထွန်းအောင် ညီအစ်ကိုတို့သည် မကြာခဏ လုပ်ငန်းတွက်ကပ်မှုများဖြင့် စကားများရန်ဖြစ်မှုများ ရှိလာခဲ့သည်။ ဟုတ်ပါသည်။ ထွန်းအောင်သည် မိဘအိမ်သို့ ရောက်ရှိသည့်တိုင် လယ်ယာလုပ်ငန်းများတွင် ဟုတ်တိပတ်တိ ဝင်၍မလုပ်ခဲ့။ ကြက်ပွဲ၊ နွားပွဲ၌သာ အချိန်ကုန်၏။

**သားကြီး၏**
**သားပစ်မယားပစ်**
**ကြက်ပွဲနွားပွဲများတွင်**
**ပျော်မြူးနေသည့်အဖြစ်၊**
**သားငယ်ဖြစ်သူ**
**အရက်သောက်၍**
**ဖဲရိုက်နေသည့်**
**အဖြစ်များကို**
**ရင်မလျက် ကြည့်နေပြီး**
**ပဋ္ဌာမြေလူးရမည့်ကိန်း**
**ဆိုက်နေတော့၏**
**. . .**

www.burmeseclassic.com

www.burmeseclassic.com



ယင်းကြောင့်ပင် ထွန်းမောင်နှင့် မကြာခဏ စကားများရတော့၏။ ထိုသို့စကားများလေတိုင်း ညီအစ်ကိုနှစ်ယောက် တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဖြစ်ရသည်ချည်း။

✦ ✦ ✦

ထွန်းမောင်သည် လူငယ်တို့၏ ထုံးစံအတိုင်း မန်ကျည်းပင်ဆိပ်ရွာ အလှူသို့သွားရာမှ ထိုရွာမှ ဦးရွှေသီး၏သမီး မြမြဆိုသည့် မိန်းမချောလေးနှင့် ရည်ငံလာခဲ့၏။ ထိုသို့ ရည်ငံ၍ ငါးလခန့်ပင် မကြာသေး။ မြမြက.....

"အစ်ကိုထွန်းမောင် မြမြကို ချစ်တယ်ဆိုရင် မြမြကို တကယ်လက်ထပ်မှဖြစ်မှာ၊ လာမယ့်နှစ်မှာ မိဘတွေ သဘောတူတဲ့ လူတစ်ယောက်နဲ့ မြမြကိုပေးစားဖို့ တိုင်ပင်နေကြတာမို့ အစ်ကိုထွန်းမောင်က ဒီနှစ်ထဲမှာ မြမြကို လာတောင်းစေချင်တယ်၊ တကယ်လို့ လူကြီးတွေက သဘောမတူရင်လည်း မြမြအနေနဲ့ ကိုယ်မကြိုက်တဲ့သူကို မယူနိုင်ပါဘူး၊ မြမြချစ်တဲ့ ကိုထွန်းမောင်နဲ့ပဲ မဖြစ်မနေယူရမှာပဲ"

မြမြ၏စကားကြောင့် ထွန်းမောင်သည် ချစ်သူကိုလက်မလွှတ်နိုင်သဖြင့် ဖခင် ဦးလုကြိုင်နှင့် ဒေါ်တင်ရီတို့အား နားဖောက်ကြောင်း လမ်းပေးရန်နားပူနားဆာလုပ်တော့၏။ ဦးလုကြိုင်နှင့် ဒေါ်တင်ရီတို့က လည်း "ဒီကောင် မိဘဖြစ်မှ ကိုယ်ချင်းစာလာမယ်၊ သူပူဆာတာ လုပ်ပေးလိုက်ကြတာပေါ့၊ အဲဒါမှ နားအေးမှာ" ဟု သဘောထားလျက် မန်ကျည်းပင်ဆိပ်ရွာသို့သွားရောက်၍ နားဖောက်ရလေတော့၏။ ထွန်းမောင်အလိုကျ မင်္ဂလာပွဲအား စည်စည်ကားကား ကျင်းပပေးလိုက်ကြ၏။ မင်္ဂလာဆောင်၍ရရှိသော လက်ဖွဲ့ငွေရှစ်သိန်းကိုလည်း ထွန်းမောင်တို့အား ပေးလိုက်ရ၏။ မင်္ဂလာဆောင်ကုန်ကျစရိတ်များကို ဦးလုကြိုင်နှင့် ဒေါ်တင်ရီတို့က အကုန်အကျခံလိုက်ရ၏။ သို့သော် ထွန်းမောင်ကမူ.....

"အဖေတို့ မတရားဘူးဗျာ၊ အစ်ကိုတို့ မင်္ဂလာဆောင်တုန်းက နွားတစ်ရှဉ်းပေးခဲ့ပြီး ကျုပ်ကျတော့ နွားတစ်ကောင်တည်းပေးတယ်၊ ပေးမယ့်ပေး တစ်ရှဉ်းလုံးပေးသင့်တာပေါ့၊ အခုတော့....."

ဖခင်ဦးလုကြိုင်က.....

"ထွန်းမောင် မင်း လောဘသိပ်မတက်နဲ့၊ ထွန်းအောင်ကို နွားတစ်ရှဉ်းနဲ့ လယ်သုံးဧက ပေးခဲ့တယ်၊ မင်းကိုပေးတာ နွားတစ်ကောင်နဲ့ လယ်လေးဧက၊ လက်ဖွဲ့ငွေတွေ အကုန်ပေးခဲ့တာပဲ၊ နွားတစ်ကောင်လိုချင်ရင်တော့ မင်းရတဲ့ လက်ဖွဲ့ငွေနဲ့ ဝယ်လိုက်ပေါ့ကွာ၊ ဘာခက်တာမှတ်လို့၊ မင်းတို့ညီအစ်ကိုနှစ်ယောက်ဟာ ငါတို့အိုကြီးအိုမတွေကို ဘာမှအာမခံချက် မပေးနိုင်တာကြောင့် ကျန်တဲ့လယ်ငါးဧကနဲ့ နွားတစ်ကောင်ကိုတော့ ဘယ်သူ့ကိုမှ မပေးတော့ဘူးလို့ ဆုံးဖြတ်ထားတယ်၊ ဒီပစ္စည်းတွေက ငါတို့ကျန်းမာရေးအတွက် ခြေစောင့်လက်စောင့်ပဲ ထွန်းမောင်၊ အေး...ငါတို့နှစ်ယောက် သေသွားရင်တော့ ကျန်တာကို မင်းတို့ညီအစ်ကို ခွဲယူကြပေါ့ကွာ"

"ဒါတွေကို ကျုပ်နားလည်ပြီးသားပါ၊ ဒါပေမဲ့ အစ်ကိုဖြစ်သူက ဘာအလုပ်မှမလုပ်ဘဲ အဖေတို့ အိမ်ပေါ်မှာ ကပ်စားပြီးနေထိုင်တာကိုတော့ ကျုပ် နည်းနည်းလေးမှ မသဒ္ဓါပါဘူးဗျာ"

ဦးလုကြိုင်က သားငယ်ဖြစ်သူအား စိန်းစိန်းကြည့်လျက်.....

"မင်းအစ်ကို ထွန်းအောင်ကို ငါတို့မိဘတွေက ကျွေးထားတာပါ၊ ကိုယ့်အစ်ကိုကို မင်းကပဲ မသဒ္ဓါဘူး ရှိရမလား၊ သူက မင်းအစ်ကိုမဟုတ်ဘူးလား။ နောက်ပြီး မိဘက သဒ္ဓါလို့ကျွေးတာပဲ၊ ဘာဖြစ်သလဲကွ"

"ဒီအတိုင်းဆိုရင် အဖေတို့နဲ့ ကျုပ်တို့ အတူမနေနိုင်ဘူး၊ အိမ်ခွဲမယ်၊ အိုးခွဲစားမယ်၊ အိမ်ရဲ့ခြေရင်းဘက်မှာ အိမ်ဆောက်နေမယ်ဗျာ"

ဦးလုကြိုင်က တစ်စုံတစ်ရာ ပြောဆိုရန် ပြင်လိုက်စဉ် ဒေါ်တင်ရီက ဝင်ရောက်ဟန့်တားလိုက်ပြီး....

"ကဲ.....ကဲ ကိုလုကြိုင်၊ ဘာမှပြောမနေနဲ့တော့၊ သူလုပ်ချင်ရာ လုပ်ပါစေ၊ သူခွဲသွားလည်း ကျုပ်တို့ဘာသာလုပ်ကိုင်စားသောက်ကြတာပေါ့ရှင်"

သို့ဖြင့် ဖခင်ဦးလုကြိုင်တို့ခြံ အိမ်ခြေရင်းဘက်၌ အိမ်ဆောက်လုံး ဆောက်၍ထွန်းမောင်တို့လင်မယား

www.burmeseclassic.com



နေထိုင်ကြတော့၏။ ထွန်းမောင်သည် ဖခင်နှင့် စကားပြောမတည့်သဖြင့် မိခင်ဖြစ်သူ ဒေါ်တင်ရီထံ ကပ်၍ ဆန်လိုရင်ဆန်၊ ဆီလိုရင်ဆီ တောင်းလေ့ရှိ၏။ ဒေါ်တင်ရီ အနေဖြင့် ထွန်းအောင်သည်လည်း သား၊ ထွန်းမောင်သည်လည်း သားဖြစ်ခြင်းကြောင့် သားဖြစ်သူတို့၏ အခက်အခဲမှန်သမျှ ဒေါ်တင်ရီက ဖြေရှင်းပေးရမြဲပင် ဖြစ်တော့၏။

ဦးလှကြိုင်နှင့် ဒေါ်တင်ရီတို့၏ သားနှစ်ယောက်သည် ဖြောင့်မတ် မှန်ကန်နေမည်ဆိုပါက မိဘနှစ်ဦး မည်သို့မျှ လုပ်စရာမလိုတော့။ ယခုတော့ သူတို့သားများသည် သူတို့အတွက် အားမဖြစ်ပါဘဲ ကျားများ ဖြစ်၍နေသည်ကြောင့် သူတို့၏ စီးပွားရေးသည် ကျဆင်းလာ၏။ လယ်ယာမြေတချို့ကိုလည်း ရောင်းချလိုက်ရ၏။ မိဘလယ်ယာလုပ်ငန်းများကို သားနှစ်ယောက်စလုံး မျက်စောင်းပင် လှည့်မထိုးကြ။ ထွန်းအောင်သည် အိမ်ထောင်ကွဲ တစ်ခုလပ်ဖြစ်သည့်တိုင် နောင်တရသည် မရှိ။ ကြက်ပွဲ၊ နွားပွဲများရှိရာသို့ လှည့်လည်သွားလာလှုပ်ရှားနေ၏။ လယ်ယာစိုက်ပျိုးရေးတွင်လည်း ဂရုတစိုက်ပြုစုမှု နည်းပါးလာခြင်းကြောင့် စပါးအထွက်များ ကျဆင်း၍ ကြွေးတနင့်တပိုး ဖြစ်နေရတော့၏။

ဤသို့သော စိတ်ဆင်းရဲစရာများ ကြုံဆုံလာရသည့်နောက် ဦးလှကြိုင်မှာ လောကဓံတရားကို ကြံ့ကြံ့မခံနိုင်တော့။ တစ်နေ့ အရက်ကို အလွန်အကျူး သောက်လျက် မူး၍ လဲရာမှ နောက်နေ့တွင် သွေးတိုးအခြေခံဖြင့် လေငန်းရောဂါဖြစ်လေတော့၏။ ခြေတစ်ဖက်၊ လက်တစ်ဖက် သေသကဲ့သို့ ဖြစ်ရလေ၏။ လယ်ယာမြေစိုက်ပျိုးမှု ကိစ္စများကို လယ်သူရင်းငှားဖြင့်သာ ငှားရမ်းဆောင်ရွက်ရတော့၏။ စပါးကောက်လှိုင်းများ တလင်းထဲ ရောက်၍

**ရင်နှစ်သည်းချာ သားသမီးရတနာတို့သည်
မိဘများအတွက် အဖိုးအနဂ္ဃထိုက်တန်သည်ဆိုငြား
သော်လည်း တစ်ခါတစ်ရံတွင် သားသမီးတို့သည်
မိဘများအတွက် ရတနာများမဟုတ်ကြ။
မိဘများအတွက် ရတနာဖြစ်ကြရသည်လည်း
ရှိသည်ဟု ဆိုရမည်လား မပြောတတ်တော့ပေ . . .**

www.burmeseclassic.com

www.burmeseclassic.com



တလင်းနယ်ပြီးပါက ထွန်းအောင်၏ စပါးပေးကြွေးများ ဟိုမှဒီမှ မှိုလို ပေါက်လာကြ၏။ ထွန်းအောင်၏ ကိစ္စများ ရှင်းလင်းပြီးသည်နှင့် ဝမ်းစာစပါး မဆိုထားနှင့်။ သူရင်းငှား အတွက် စရိတ်ပေးရန် အနိုင်နိုင် ချန်ရတော့၏။

ထိုကဲ့သို့ ဦးလှကြိုင်တို့ ဇနီးမောင်နှံ ဒုက္ခပင်လယ်ဝေနေသည်ကိုကြည့်လျက် လက်ခုပ်တဖြောင်းဖြောင်းတီး၍ အားရစွာ အော်ဟစ်နေသူကား သူတို့၏သားငယ် ထွန်းမောင်ပင်ဖြစ်၏။ ထွန်းမောင်၏ အားရကျေနပ်သံကို လှမ်းကြည့်မိသော ဒေါ်တင်ရီအဖို့ ထွန်းအောင်နှင့်ထွန်းမောင်ဟူသော သားနှစ်ယောက်သည် မိမိကိုယ်တိုင် မွေးဖွားခဲ့လေသော သားများမှ ဟုတ်ပါလေစဟု သံသယပေါင်းများစွာဝင်လျက် ကြေကွဲဝမ်းနည်းခြင်းများ ဖြစ်ခဲ့ရ၏။

ယခုလောလောဆယ်အားဖြင့် ဒေါ်တင်ရီတစ်ယောက် နေပူကျဲကျဲ ရွာထဲလျှောက်၍ ပဲနှုတ်သမား ငှားနေရ၏။ ဒေါ်တင်ရီတစ်ယောက် အိမ်ပြန်ရောက်သည့်အခါ ညနေ ၄ နာရီပင် ထိုးနေပေပြီ။ အိမ်သို့ရောက်သည်နှင့် လေငန်းသမား ဦးလှကြိုင်က အမောတကောဖြင့်...

"မတင်ရီ ပဲနှုတ်သမားရှာတာ ရရဲ့လားဟင်"

မောပန်းနွမ်းနယ်စွာဖြင့် ဒေါ်တင်ရီက.....

"ရတော့ရခဲ့ပါတယ်တော်၊ တင်တင်ဆွေတို့လင်မယား နက်ဖြန်နံနက် ပဲနှုတ်သွားတော့မယ်"

ဦးလှကြိုင် ထိုသို့ပြောပြော တော့။ ဇနီးသည်ကိုသာ တွေ၍ ကြည့်နေ၏။ သူ့အဖို့ ဇနီးသည် ဒေါ်တင်ရီသာလျှင် ကောက်ရိုးတစ်မျှင်ဖြစ်သည်ကို လက်ခံခဲ့ပြီဖြစ်၏။ ဒေါ်တင်ရီသည် ခရီးရောက်မဆိုက် ခြေရင်းအိမ်၌ရှိသော သားငယ်ထွန်းမောင်အား.....

"ထွန်းမောင် နက်ဖြန်မနက် အမေတို့ပဲခင်းကို လိုက်သွားလိုက်ပါဦး လူလေးရယ်"

မိခင်၏ ပြောစကားအား ချက်ချင်းမဖြေကြားသေးဘဲ ငြိမ်သက်နေပြီးမှ ထွန်းမောင်က ပြောချလိုက် သောစကားမှာ.....

"ကျုပ်ရဲ့ပဲတွေကို လှေ့ရဦးမယ်ဗျ၊ ကျုပ်မအားဘူး။ ခင်ဗျားတို့ ပဲခင်းကို နှုတ်မနေပါနဲ့တော့ဗျာ၊ မီးသာရှို့ပစ်လိုက်ပါ"

ရုတ်တရက်ပြောချလိုက်သော စကားကြောင့် ဒေါ်တင်ရီမှာ ကြောင်ငေးသွားရပြီး ဝမ်းနည်းကြေကွဲခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ အံ့သြခြင်းများ ဖြစ်ပေါ်လာပြီးနောက် ရုတ်ခြည်းဆို သကဲ့သို့ လှုပ်ရှားလှုပ်ခါလာသော ရင်အစုံအားဖိလျက်.....

"ပြောမှပြောရက်လေတယ် ထွန်းမောင်ရယ်"

ဟု မချိသောအသံဖြင့် ပြောဆိုညည်းတွားလျက်မှပင် ဒေါ်တင်ရီသည် မြေပေါ်သို့ အရုပ်ကြိုးပြတ်ပုံ၍ကျသွားရတော့၏။ ထိုအဖြစ်အပျက်ကိုမြင်လေသော ဦးလှကြိုင်မှာ မျက်ရည်တွေတွေကျလျက် မပီသသော လေသံဖြင့်.....

"မတင်ရီကို ထွန်းမောင်သတ်ထား ထွန်းမောင် လူမိုက်၊ အမေကိုသတ်တဲ့သား၊ ကံကြီးထိုက်တော့မယ်၊ မတင်ရီကို သားကသတ်လိုက်ပြီ လာကြပါဦးဗျာ"

ဦးလှကြိုင်၏ ကယောင်ကတမ်းအော်သံကြောင့် အိမ်နီးပတ်ဝန်းကျင်မှလူများ အပြေးအလွှား ရောက်ရှိလာကြ၏၊ အသက်ပျောက်နေပြီဖြစ်သော ဒေါ်တင်ရီအား ချီပိုး၍ အိမ်ထဲသို့ သွင်းနေစဉ်မှာပင် ထွန်းမောင်သည် အိမ်ရှေ့၌ တွေတွေကြီးရပ်လျက်ရှိနေပေတော့၏။ ထွန်းအောင်သည်ကား အိမ်ကပ်သူမဟုတ်၍ အိမ်တွင် မရှိပေ။

ရင်နှစ်သည်းချာ သားသမီးရတနာတို့သည် မိဘများအတွက် အဖိုးအနဂ္ဃထိုက်တန်သည်ဆိုငြားသော်လည်း တစ်ခါတစ်ရံတွင် သား သမီးတို့သည် မိဘများအတွက် ရတနာများမဟုတ်ကြ။ မိဘများအတွက် ရတနာဖြစ်ကြရသည်လည်း ရှိသည်ဟု ဆိုရမည်လားမပြောတတ်တော့ပေ။

**မောင်သာမန် (ဇီးကုန်း)**

www.burmeseclassic.com

www.burmeseclassic.com



# ရှင်လွန်းမယ်
## စေတန်ရဲ့ အပ်တစ်စင်း

ဘုရားဟောထဲမှာတောင်ရှိသေးသည်။

လူ့ပြည်ကအပ်တစ်စင်းနှင့် နတ်ပြည်ကအပ်တစ်စင်း ထိဖို့လွယ်ချင်လွယ်မည်။ လူ့ဘဝ ရဖို့မလွယ်တဲ့။ ရခဲတဲ့လူ့ဘဝတဲ့။

အချို့သောသူများကတော့ သားသမီးရချင်ကြတာ တစ်ပိုင်းသေလို့။ ဟော.....မကျွေးနိုင်၊ မမွေးနိုင်လို့ပါဆိုတဲ့ မိသားစုကတော့ တစ်နှစ်တစ်ယောက်နှုန်း ပုံမှန်မွေးဖွား နေလိုက်တာ ဟုတ်နေပါလား။ ရမ်းပစ်ရင် **တောင် တန်းထိတဲ့ အပ် တစ်စင်းပဲ။ ဘာပဲဖြစ်ဖြစ်** အဲဒီမိသားစုတွေကတော့ မကျွေးနိုင်၊ မမွေးနိုင်တာကို အပထား၊ လူ့ပြည်က အပ်တစ်စင်းနှင့် နတ်ပြည်က အပ်တစ်စင်း ထိသလို ရခဲတဲ့လူ့သားအပ်တစ်စင်းလေး။ အဲဒါကိုပဲ တန်ဖိုးထားကြသည်။ သို့သော် လူ့ပြည်သို့ရောက်လာသော အပ်တစ်စင်းသည် စေတန်၏ အပ်တစ်စင်းဆိုလျှင်.....။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ ကန့်ကွက်မယ့်သူ မရှိဘဲနဲ့ နောက်ဆုံးနှုတ်ဆက်ချိန်ကို မုန်းတယ်။ မောင်.....ထာဝရ တို့အတွက်ဆို...မောင်ရေ...တစ်နာရီလေးမှ မဝေးဘူးဆို"

တေးသီချင်းလေးတစ်ပုဒ်က ညင်သာစွာ ထွက်ပေါ်နေသည်။ ရတနာစင်တင်တေးဂီတမှ အဆိုတော် ဖြူဖြူအေးပင်ဖြစ်ပါသည်။ သူမသည် နာမည်နှင့်လိုက်အောင် ဖြူဖြူချောချောလေးဖြစ်သည်။ စားသောက်ဆိုင်က အဆိုတော်ဖြစ်သော်လည်း ဤစင်တင်တေးဂီတသည် သီဆိုနေသော မိန်းကလေးများနှင့် ဧည့်ကြိုမိန်းကလေးများအတွက် အတိုင်းအတာတစ်ခုအထိ ဘဝလုံခြုံမှုပေးထားလေသည်။

မူးယစ်ရမ်းကားတတ်သော၊ ထိကပါးရိကပါး ပြုလုပ်တတ်သော ဧည့်သည်များ၏အန္တရာယ်ကို ကာကွယ်ရန်အလို့ငှာ 'ပန်းကုံးမစွပ်ရ'၊ 'မနှောင့်ယှက်ရ'ဟု တားဆီးထားသည်။

ည ၁၁ နာရီ အိမ်ပြန်သည့်အချိန်တွင်လည်း ဖယ်ရီစီစဉ်ပေးသည်။ အတိုင်းအတာတစ်ခုဟု ဆိုသည်မှာ ဆိုင်ရှင်ဘက်မှ တတ်နိုင်သမျှ ဤသို့စီစဉ်ပေးခဲ့ပါသော်လည်း အချို့မိန်းကလေးများမှာ ဧည့်သည်များနှင့် ရတနာစင်တင်တေးဂီတ၏ ပြင်ပ၌ ပတ်သက်မှုရှိလာသည်။

အချို့လည်း ကောင်းစားသွားသည်။ အချို့လည်း မျက်ရည်နှင့်မျက်ခွက်၊ အချို့လည်း နာမည်ပျက်၊ ဘဝပျက် ဖြစ်ခဲ့ကြရသည်။

"ဖြောင်း.....ဖြောင်း"

လက်ခုပ်သံတဖြောင်းဖြောင်းနှင့်အတူ ဖြူဖြူအေး၏ ကျေးဇူးတင်စကားပြောဆိုသံကို ကြားရသည်။ သူမသည် အနက်ရောင် ဂျင်းဘောင်းဘီနှင့် စပို့ရှပ်အပေါ်၌ ကုတ်အင်္ကျီ အနီရောင်ကို ဝတ်ဆင်ထားသည်။ သီချင်းသီဆိုနေစဉ်အတွင်း မျက်နှာလေးကို ပြုံးထားသော်ငြား စည်းချက်ညီအောင် လှုပ်ခတ်နေသော ခြေထောက်မှတစ်ပါး ကျန်ခြေပျက်၊ အရုပ်ဆိုးခြင်း မဖြစ်စေပေ။

ဖြူဖြူအေးကဲ့သို့ တာဝန်ထမ်းဆောင်နေသူတစ်ယောက်က ဧည့်သည်များအကြား၌ ရှိနေလေသည်။ ထိုတစ်ယောက်ကတော့ ဧည့်ကြိုမလေး 'ဆောင်းသံစဉ်'ပင်ဖြစ်သည်။

သူမက ဖြူဖြူအေးကဲ့သို့ အေးငြိမ့်ငြိမ့်မဟုတ်ချေ။ မြူးကြွသော ဒီဂျေတေးသံများကြား ဟန်ချက်ညီညီ ရွေ့လျားရင်း မျက်နှာ၌ အပြုံးပန်းဝေနေသည်။

ကိုယ့်ထက်အသက်တော်တော်ကွာနေလျှင် 'ကိုကြီး'၊ နည်းနည်းကွာလျှင် 'ကိုကို'၊ ငယ်သည်ထင်လျှင် 'မောင်လေး'ဟုခေါ်တတ်ပြီး နှုတ်ပေါ့၍ ဖော်ရွေသူတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ဆောင်းသံစဉ်အား ပေါ့ပြက်ပြက်နှင့် ဘာကိုမှ အလေးအနက်မထားသူအဖြစ် သဘောထား၍မရပေ။

ဆောင်းသံစဉ်နှင့် ဖြူဖြူအေးသည် ရန်ကုန်နှင့် အလှမ်းဝေးကွာသော မြို့ငယ်လေးတစ်ခုမှ ရန်ကုန်သို့ အလုပ်လုပ်ရင်း ကျောင်းတက်ရန်အတွက်ရောက်လာသောသူများဖြစ်သည်။ အချစ်ဆုံးသူငယ်ချင်းများဖြစ်သည့် သူမတို့နှစ်ဦးသည် အသက်ငယ်သော်လည်း ကိုယ့်ဘဝကိုထိန်းမတ်နိုင်ကြသည်။

+ + +

"ဟေ့...ဖြူဖြူ၊ နင် သတိထားမိလား"

"ဘာကိုလဲ"

အဆက်အစပ်မရှိ သတိထားမိလားဆိုသည့် ဆောင်းသံစဉ်၏ အမေးစကားကို ဖြူဖြူအေးက အမေးနှင့်ပင် ပြန်လည်တုံ့ပြန်လိုက်သည်။

ဖယ်ရီပေါ်က ဆင်းလိုက်သောအခါ ည (၁၂)နာရီပင် ထိုးလုပြီ။ အဆောင်ပေါ်ရောက်တော့ ခြေလက်မျက်နှာများကို ရေနှင့်သန့်စင်လိုက်သောအခါ အိပ်ချင်စိတ်အနည်းငယ်ပျောက်သွားသည်။

ဘုရားရှိခိုးပြီး အိပ်ရာပေါ်သို့ လှဲလိုက်စဉ် တစ်ဖက်ခုတင်ပေါ်မှ ဆောင်းသံစဉ်က မအိပ်သေးဘဲ မေးခဲ့ခြင်းဖြစ်သည်။

"ဖြူဖြူက မသိချင်ယောင်ဆောင်တာလား"

"ကိုယ်ဘာကို မသိချင်ယောင်ဆောင်နေလို့လဲ၊ ပြဿနာမလုပ်နဲ့ကွာ"

"အင်း...ထားလိုက်ပါတော့"

"မနက် ကွန်ပျူတာသင်တန်းရှိသေးတယ်၊ အိပ်ကြစို့"

"ရဲခေါင်ဆိုတဲ့လူကို မသိချင်

www.burmeseclassic.com

www.burmeseclassic.com

ယောင်ဆောင်တာလေ''

ဆောင်းသံစဉ်၏စကားသည် ဖြူဖြူအေး၏အရှိက်ကို ကောင်းစွာ ထိသွားလေသည်။ စောင်ကိုခေါင်း မြီးခြုံရန် ပြင်နေသော ဖြူဖြူအေး ၏လက်များ ရပ်တန့်သွားကာ ဆောင်းသံစဉ်အား လှမ်းကြည့်လိုက် သည်။ ဆောင်းသံစဉ်ကတော့ သူမ ထံမှ အဖြေတစ်ခုကို အသည်း အသန် သိချင်နေသည့်ဟန်။ ဖြူဖြူ အေးက သက်ပြင်းအသာချကာ ပြောလိုက်၏။

''ကိုရဲခေါင်နဲ့ကိုယ်နဲ့ ဘာဆိုင် တာမှတ်လို့လဲ ဆောင်းရာ၊ ပြီး တော့ ကိုယ်က ဆိုင်လည်းမဆိုင် ချင်တာ မင်းအသိပဲ''

''ဒါပေမဲ့ သူကတော့ ဖြူဖြူ့ ကို ဆိုင်ချင်ပုံရတယ်၊ ဆိုင်မှာစား ချင်သောက်ချင်လို့မှ မဟုတ်ဘဲ၊ အဆိုရှင်ကို ငေးချင်ရုံသက်သက်ဆို တာ သိတယ်၊ ဒီအသိဟာ ဆောင်း ဘဝမှာ ဒါ ပထမဆုံးပဲ ဖြူဖြူ''

ဆောင်းသံစဉ်၏ စကားများထဲ တွင် ရဲခေါင်ဆိုသည့်လူအား အထင် ကြီးခြင်းများ ပါဝင်ကြောင်း ဖြူဖြူ အေး သတိထားမိသည်။ စိတ်ပျော့ သော ဆောင်းသံစဉ်အတွက်လည်း စိတ်ပူသွားရသည်။ ဆောင်းသံစဉ် က ပျော်ပျော်နေတတ်ပေမယ့် ဖြူ ဖြူစင်စင်လေးဖြစ်သည်။

''ဒါနဲ့ မင်းအစပိုင်းမေးခွန်းက ဘာလဲ၊ သတိထားမိရဲ့လားဆိုတာ လေ''

''သြော်.....ကိုရဲခေါင် တစ်လ လောက် ပျောက်နေလို့ပါ။ အရင် ဆို နေ့တိုင်းမပျက်ရင်တောင် တစ် ရက်ခြား၊ နှစ်ရက်ခြား ရောက်လာ တတ်တယ်မဟုတ်လား''

''သူ ဘယ်အချိန်လာသလဲ၊ မလာဘူးလဲ ကိုယ်မှတ်ဖို့ စိတ်မဝင် စားဘူး ဆောင်း၊ နောက်ပြီး ဆောင်း ကို ကိုယ်တစ်ခု ပြောပြထားချင် တယ်၊ အခုဆိုင်မှာ လာရောက်စား သောက်နေတဲ့လူအချို့က ကိုယ်တို့ လို အဆိုရှင်တွေနဲ့ ဆောင်းတို့လို ညှော်ကြိုတွေကို အရေးတယူလုပ် တယ်ဆိုပြီး အထင်ကြီး သာယာနေ လို့ မရဘူး၊ ကိုယ်တို့တွေက နိုင်ငံ ကျော် တေးသံရှင်တွေမဟုတ်ဘူး၊ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မိန်းကလေးက သာမန်အရပ်သူ လောက်မှ အဆင့်မရှိဘူးလို့ ပတ် ဝန်းကျင်က ပြောကြတယ်၊ မင်း အထင်ကြီးတဲ့ ရဲခေါင်ဆိုတဲ့လူက ကော မပြောဘူးလို့ မင်းထင်နေ သလား၊ မရူးစမ်းပါနဲ့ ဆောင်းရယ်၊ ကိုယ်တို့ဘဝမှာ တိုးတက်ဖို့ ကြိုး စားရမှာ အများကြီးရှိသေးတယ်၊ ဘာမဟုတ်တဲ့ အပြုံးအရယ်ပေါ်မှာ သာယာနေလို့မရဘူး''

''နင်က အသည်းမာတော့ ပြောအားရှိတာပေါ့''

ဆောင်းပြောလျှင်လည်း ပြော ရော။ ဖြူဖြူအေးသည် ယောက်ျား လေးတွေနှင့် ပတ်သက်လျှင် မတုန် မလှုပ် သွေးအေးလွန်းလှသည်။ ဖြူ ဖြူအေး ဆယ်တန်းကျောင်းသူဘဝ ကဖြစ်သည်။ ကျောင်းသွား၊ကျောင်း ပြန် စောင့်ကြည့်ပြီး တိတ်တခိုး ပိုး ပန်းနေသည့် အစ်ကိုကြီးတစ်



ယောက်ရှိသည်။

တစ်နေ့ ဖြူဖြူအေး ကျူရှင်မှ အပြန်တွင် ထိုအစ်ကိုကြီးက နောက် မှတကောက်ကောက်လိုက်လာ၏။

www.burmeseclassic.com

အစပိုင်းတွင် ဖြူဖြူအေးမှာ ကြောက်ရွံ့မှုမရှိလှသော်လည်း ထူးခြားသော ကွေ့တစ်ကွေ့အရှေ့ဘက်တွင် ထိုအစ်ကိုကြီးက အရဲရွှန်းကာ ရည်းစားစကားပြောဖို့ ကြိုးစားသည်။

ထိုအခါ ဖြူဖြူအေးက အနီးတွင်တွေ့သော ကျောက်ခဲတစ်လုံးနှင့် ထိုအစ်ကိုကြီး၏ခေါင်းကို ထုပစ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် ထိုအစ်ကိုကြီးလည်း မထိုက်ရဲတော့ချေ။

ပေးတာယူ၊
ကျွေးတာစားတတ်တဲ့
မိန်းကလေးမျိုးကို
ရှင်ဘယ်နယောက်
တွေ့ဖူးသလဲ၊
တွေ့ဖူးတယ်ဆိုရင်လည်း
ရှင်တွေ့ဖူးတဲ့သူတွေကပဲ
ကျွေးတာစား၊
ပေးတာယူလိမ့်မယ်
...

ဖြူဖြူအေးသည် မည်သည့်ယောကျ်ားကိုမှ အပြုံးလေးနှင့်မဆက်ဆံတတ်ချေ။ တစ်ခါတစ်ရံ နံဘေးမှ လိုက်ပါလာသော ဆောင်းသံစဉ်ကပင် အားနာသလောက် ဖြူဖြူအေးကတော့ ဂရုမစိုက်ခဲ့ပေ။ ဤသည်မှာ ဖြူဖြူအေးအနေဖြင့် သူမက ချစ်ရသောချစ်သူနှင့်မတွေ့သေးသောကြောင့်ဟု ဆောင်းသံစဉ်က ယူဆထားသည်။

ဆောင်းသံစဉ်ကတော့ ဖြူဖြူအေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ရုပ်ရှင်ကားကြည့်တာကအစ အမေဆူသည့်အထိ မျက်ရည်လွယ်ကာ ဝမ်းနည်းတတ်သည်။ ဖြူဖြူအေးကို လာရောက်ငေးနေသော ရဲခေါင်ဆိုသူကို ဆောင်းသံစဉ်က တစ်ဖက်သတ် ကြွေနေမိသည်။ အရပ်မြင့်မြင့်၊ အသားညိုညိုနှင့် ရဲခေါင်ဆိုသူသည် ဆောင်းသံစဉ်၏ အိပ်မက်ထဲ၌ မင်းသားတစ်ပါးဖြစ်နေသည်မှာ ကြာပြီဖြစ်သည်။

ဖြူဖြူမှဖြူဖြူဟု အရေးတယူနိုင်လှသော ရဲခေါင်ကြောင့် ဆောင်းသံစဉ်က တစ်ခါတစ်ရံ ဖြူဖြူအေးနှင့်ပင် နေရာချင်းလဲပစ်လိုက်ချင်သည်။ တစ်ခါတလေ သူ့ဆီမှ ဆောင်းသံစဉ်အား အသိအမှတ်ပြုသလို ခေါင်းဆတ်ပြီး အပြုံးတစ်ပွင့်ခြွေချသွားသည်ကိုပင် ကျေနပ်အားရဖြင့် သာယာနေမိသည်။ ဖြူဖြူအေးသာသိလျှင် ခက်မည်။

"သူတို့တစ်တွေက ကိုယ်တို့လို မိန်းကလေးတွေကို အထင်ကြီးပါ့မလား ဆောင်းရေ၊ မရှူးချင်စမ်းပါနဲ့"

ဖြူဖြူအေး၏စကားများက ဆောင်းသံစဉ်၏နားထဲ စီးဝင်လာခဲ့ဖြစ်သည်။

+ + +

"ဖြူဖြူအေး..."

နံနက်စာ ချက်ပြုတ်ရန် ဈေးဝယ်နေသော ဖြူဖြူအေးမှာ ကိုယ့်အာရုံနှင့်ကိုယ်ဖြစ်သည်။ ဒီနေ့ အိမ်ရာထနောက်ကျရသည့်အထဲ ကွန်ပျူတာသင်တန်းကလည်း ရှိနေသေးတာမို့ ဈေးဝယ်ခြင်းကို ခပ်မြန်မြန် ဆောင်ရွက်နေရသည်။

ဈေးဆိုသည်မှာ အော်သံ၊ ခေါ်သံများနှင့် ဆူညံနေသည်မှာ ထုံးစံလိုဖြစ်နေပေသည်။ ထို့ကြောင့် သူမ၏နာမည်ကို ခေါ်လိုက်သည့်အသံကိုပင် သတိမထားမိခဲ့ပေ။

"ဖြူဖြူအေး....."

ဒီတစ်ခါခေါ်သံက အနီးကပ်မှ ကြားသွားခဲ့သည်။ ထို့ကြောင့် ကြက်သွန်နီ ချိန်ခိုင်းထားရင်း ဖြူဖြူအေးက လှည့်ကြည့်မိတော့ သူမနောက်၌ လူတစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရ၏။ ဖြူဖြူအေးက ရုတ်တရက် ကြည့်လိုက်မိရာ မြင်ဖူးသလိုလိုရှိသော်လည်း မည်သူမှန်းမသိသောကြောင့် ပြန်မေးမိသည်။

"ရှင် ဘယ်သူလဲ"

"ကျွန်တော့်ကို မမှတ်မိဘူးလား၊ ဖြူဖြူတို့ဆိုင်မှာ အမြဲတမ်း

www.burmeseclassic.com

www.burmeseclassic.com



လာပြီး အားပေးနေတဲ့ ညှော်သည် တစ်ယောက်ပါ။ ကျွန်တော့်နာမည် ရဲခေါင်ပါ''

''ရဲခေါင်...ဆောင်းပြောသော ရဲခေါင်ဆိုတာ သူပေါ့''

ရင်ထဲမှရေရွတ်ရင်း ဖြူဖြူအေးက ထိုလူကို မသိမသာ အကဲခတ်လိုက်သည်။ ရုပ်ရည်ကတော့ သနားကမားရှိသည်။ ဂျင်းဘောင်းဘီနှင့် အပြာနုရောင် ရှပ်အင်္ကျီကို ဝတ်ဆင်ထားသည်။ ခါးကြား၌ ပိုက်ဆံအိတ်ထိုးထားသည်။ လက်ထဲ၌ ဟန်းဖုန်းကိုင်ထားသည်။ ဈေးကြီးပြီး သာမန်လူများ အနားမကပ်နိုင်သော သူမတို့၏ဆိုင်၌ နေ့စဉ်လာရောက် စားသောက်နိုင်ခြင်းကပင် သူ၏အခြေအနေကို ဖော်ပြနေသလိုရှိနေ၏။

''အစ်မ ရပြီ''

ကြက်သွန်နီ ချိန်တွယ်နေသော ဈေးသည်အမျိုးသမီး၏စကားကြောင့် ဖြူဖြူအေးမှာ အတွေးများ ပျက်သွားခဲ့ရသည်။

''ဪ...ရော့...ဒီမှာပိုက်ဆံ ညီမလေး''

သူမက ကျသင့်ငွေရှင်းပြီး ထွက်လာတော့ ရဲခေါင်က သူမနောက်မှ ကပ်လိုက်လာသည်။ သူမသည် တတ်နိုင်သမျှ လူကဲ့ရဲ့ခံရခြင်းမှလွတ်အောင် နေသူတစ်ဦးမို့ ခပ်ပြတ်ပြတ်ပင် မေးလိုက်၏။

''ကိုရဲခေါင် ကျွန်မကို ပြောစရာရှိလို့လား။ ဒါမှမဟုတ် တွေ့လို့ နှုတ်ဆက်တာလား''

''ဗျာ.....တွေ့လို့နှုတ်ဆက်တာပါ''

ခပ်တင်းတင်းမေးလိုက်သောကြောင့် ရဲခေါင်က အယောင်ယောင်အမှားမှားဖြင့် ဖြေလေသည်။ သူမက ရဲခေါင်ကို ခပ်တင်းတင်းမျက်နှာထားဖြင့်ပြောရင်း လှည့်ထွက်လိုက်၏။

''ဟုတ်ကဲ့၊ ဒါဆိုရင်လည်း ကျွန်မကို သွားခွင့်ပြုပါဦး''

''ဟို.....လမ်းကြုံနေတာပဲ၊ တစ်ခုခုစားပါလား။ ပြီးရင် ကျွန်တော် လိုက်ပို့ပါ့ရစေ''

''ဒီမှာ ကိုရဲခေါင်၊ ပေးတာယူ၊ ကျွေးတာစားတတ်တဲ့ မိန်းကလေးမျိုးကို ရှင် ဘယ်နှယောက်တွေ့ဖူးသလဲ၊ တွေ့ဖူးတယ်ဆိုရင်လည်း ရှင်တွေ့ဖူးတဲ့သူတွေကပဲ ကျွေးတာစား၊ ပေးတာယူလိမ့်မယ်၊ ကျန်တဲ့လူတွေကတော့ ဆောရီးပဲ''

''ဟို.....''

''တော်ပြီ၊ ရှင်ဆက်လိုက်မလာနဲ့၊ ကျွန်မ မအော်ရဲဘူးများ ထင်နေသလား''

တတွတ်တွတ်တောင်းပန်နေသံကို ထားရစ်ခဲ့ပြီး ဖြူဖြူအေးထွက်လာခဲ့သည်။ စိတ်ထဲ၌လည်း ရဲခေါင်ဆိုသည့်လူကို သဘောမကျဖြစ်မိသည်။ တစ်ခါမှ စကားလက်ဆုံမကျဖူးဘဲ ဘာကြောင့် စားဖို့သောက်ဖို့ခေါ်ရသနည်းဟု အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သည်။

အဆောင်သို့ ပြန်ရောက်သောအခါ ဆောင်းသံစဉ်က အိပ်ရာကပင် မထသေးချေ။ ဖြူဖြူအေးက ဆောင်းသံစဉ်ကိုနှိုးပြီး မီးဖိုခန်းထဲဝင်ခဲ့ချိန်တွင် ဆောင်းသံစဉ်က နောက်မှ တဝါးဝါးသမ်းရင်း ပါလာသည်။

ဖြူဖြူအေးနှင့် ဆောင်းသံစဉ်တို့သည် ဈေးသွားခြင်းတာဝန်နှင့် ချက်ပြုတ်ခြင်းတာဝန်ကို အလှည့်ကျယူကြသည်။ ဒီနေ့ သူမအလှည့်မို့ ဈေးသွားခြင်းဖြစ်သည်။ အကယ်၍ ဆောင်းသံစဉ်အလှည့်မို့ ဟို ရဲခေါင်ဆိုသူနှင့်ဆုံလျှင်တော့ ဆောင်းသံစဉ်အား ကြိုပို့ ကျွေးမွေးမည်ဆိုလျှင် ဖြူဖြူအေးလိုတော့ အားမနာစတမ်း ငြင်းလိမ့်မည်မဟုတ်ပေ။ ဆောင်းသံစဉ်က သူမကိုယ်တိုင်စိတ်ရင်းကောင်းသလို လူတိုင်းကောင်းမည်ဟု ထင်မြင်ယူဆကာ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်သူဖြစ်သည်။

''ကိုယ်ဈေးမှာ မင်းပြောတဲ့ ရဲခေါင်ဆိုတဲ့လူနဲ့ တွေ့ခဲ့တယ် ဆောင်း''

အိပ်ချင်နေသော ဆောင်းသံစဉ်၏ မျက်လုံးများ ပွင့်သွားသည်။ ဆောင်းသံစဉ်၏ရင်တွေ တဒိတ်ဒိတ် ခုန်လာသည်။ စိုးရိမ်တုန်လှုပ်စိတ်နှင့် ဖြူဖြူအေးကို ကြည့်မိပေမယ့် ဖြူဖြူအေးကတော့ သူမကို လှည့်ကြည့်ဖို့ သတိမရချေ။ တုန်လှုပ်မှုများကို ထိန်းထားရင်းမှ

''ဖြူဖြူ့ကို လာနှုတ်ဆက်တာလား၊ တခြား.....တခြားဘာပြောသေးလဲဟင်''

''နှုတ်ဆက်တာလေ၊ ဘာပြောရဦးမှာလဲ ဆောင်းရယ်''

ဖြူဖြူအေး[illegible]က ဘာ[illegible]ဆိုနိုး [illegible]

www.burmeseclassic.com





တိတ်ဆိတ်လှချည်လားဟူသော အတွေးဖြင့် လှည့်ကြည့်လိုက်မိ၏။

''ဟင်...ဆောင်း...ဆောင်း။ ဘာပြစ်တာလဲ၊ ဘာဖြစ်တာလဲ ငါ့ကိုပြောစမ်းပါ''

အစပိုင်းတုန်းက ကိုတ်၍မျက်ရည်ကျနေသော ဆောင်းသံစဉ်သည် ဖြူဖြူအေး၏အမေးစကားကို ကြားရသောအခါ ရှိုက်သံများ ဆင့်ကာဆင့်ကာ ထွက်လာသည်။ ထို့နောက် ဝမ်းနည်းစွာ ငိုရှိုက်လေတော့သည်။ ဖြူဖြူအေးက ဘာမှန်းမသိရသေးသဖြင့် ငယ်ထိပ်မြွေတက်ပေါက်သကဲ့သို့ စိုးရိမ်သွားကာ ဆောင်းသံစဉ်၏ပခုံးကို အတင်းလှုပ်ခါရင်း မေးလိုက်သည်။

''ဆောင်း...ပြောစမ်းပါ၊ ဘာဖြစ်တာလဲ၊ နင်ဘာတွေဖြစ်နေတာလဲ၊ နင်တစ်ခုခုဖြစ်နေလိမ့်မယ်၊ ငါ့ကိုမညာနဲ့၊ နင်အခုလို တိတ်ဆိတ်ပြီးမျက်ရည်ကျလာတာ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲဟင်၊ နင် ရဲခေါင်နဲ့ပတ်သက်ပြီး.....''

''ဟုတ်တယ် ဖြူဖြူရယ်၊ ငါ့ကို မိုက်တယ်ဆိုပြီး သတ်ပစ်လိုက်ပါ ဖြူဖြူရယ်၊ ငါ.....ငါလေ သေပါရစေတော့၊ ငါရှက်တယ်၊ ငါအရမ်းရှက်တယ်''

''ဘာ.....''

စိတ်အထင်ဖြင့် မေးလိုက်မိသော အမေးကြောင့် ဆောင်းသံစဉ်၏ အမူအရာကို မြင်လိုက်ရသည်နှင့် ဖြူဖြူအေးမှာ ဆွံ့အသလိုဖြစ်သွားခဲ့ရသည်။

''နင်ဟာ ငါနဲ့အမြဲ အတူရှိနေတာပဲ၊ သူနဲ့...ဟိုလေ နင့်အမူအရာကြည့်ပြီး ငါ မယုံနိုင်ဘူး၊ ငါ့ကို အဲဒီလို မကျီစယ်ပါနဲ့ သူငယ်ချင်းရယ်၊ ဘေးလူတွေကြားသွားရင် မဟုတ်ဘဲ သိက္ခာကျနေပါဦးမယ်''

''ဟုတ်တယ် ဖြူဖြူ၊ ငါနင့်ကို ပြောပြမယ်၊ ငါလေ.....ငါ.....''

+ + +

အဲဒီနေ့က သူမနှင့်အတူ ဖြူဖြူအေး ရှိမနေခဲ့ပါ။ ဖြူဖြူအေးက နေမကောင်းသဖြင့် အဆောင်၌ကျန်နေခဲ့ပြီး ဆောင်းသံစဉ်ကတော့ ဘဏ်မှတစ်ဆင့် နယ်ရှိမိဘများထံ ငွေလွှဲပို့ရန် မြို့ထဲရောက်လာခဲ့သည်။

ငွေလွှဲပြီးသောအခါ ဆောင်းသံစဉ်က စူပါမားကတ်တစ်ခုသို့ ရောက်သွားခဲ့သည်။ ဖြူဖြူအေးမှာလိုက်သော ပစ္စည်းများနှင့် သူမအတွက် လိုအပ်သော အသုံးအဆောင်များကို ဝယ်ယူနေချိန် အမျိုးသားတစ်ဦး အနီးသို့ရောက်လာသည်။

''ဆောင်းသံစဉ်မဟုတ်လား''

အမေးသံကြောင့် ဆောင်းသံစဉ်က လှည့်ကြည့်မိလိုက်သည်။

အမယ်လေး သူမရဲ့အိပ်မက်သခင် ကိုရဲခေါင်ပါလား။ တိုက်တိုက်ဆိုင်ဆိုင် ဒီမှာလာတွေ့နေရတယ်နော်။ တော်ပါသေးရဲ့။ ဖြူဖြူအေး မပါလာလို့။ ဖြူဖြူအေးပါရင် သူမ အခု

www.burmeseclassic.com

လို နှုတ်ဆက်ခွင့်တောင်ရမှာမဟုတ်ပေ။

''ဟုတ်ပါတယ် ကိုရဲခေါင်၊ ကျွန်မ ဆောင်းသံစဉ်ပါ''

''ကြည့်စမ်း၊ ဆောင်းတောင်ကိုယ့်ရဲ့နာမည် မှတ်မိနေပြီ''

သူက သဘောကျစွာရယ်သည်။ တစ်ခါမှ သူရယ်တာကို မမြင်ခဲ့ဖူးသဖြင့် ဆောင်းအတွက် သူ့အရယ်၊ သူ့အပြုံး၊ သူ့စကားသံများ၌ သာယာနေခဲ့သည်။

စားသောက်ဆိုင်သို့လာတိုင်း ဖြူဖြူမှဖြူဖြူ ဖြစ်နေခဲ့သလောက် အခုတော့လည်း သူက ဖြူဖြူ့အကြောင်း တစ်ခွန်းတလေမှမမေးခဲ့ချေ။ ထိုနေ့တစ်နေ့လုံး ဆောင်းသံစဉ် ပျော်ခဲ့ရသည်။ သူနှင့် တစ်နေကုန်ရှိနေခဲ့ခြင်းက ဆောင်းသံစဉ်အတွက် ကံတရားကပေးသော ဆုလာဘ်ဟုပင် ထင်လိုက်ချင်သည်။

အဆောင်ပြန်ရောက်သည်ထိ အပျော်များက ရှိနေဆဲ။ ဘာတွေ ဒီလောက်ထိ ပျော်နေရသလဲဟု ဖြူဖြူအေးက မေးသောအခါ ဖြူဖြူအေးကို မပြောပြခဲ့မိပေ။ ဖြူဖြူအေးသိလျှင် ယောကျ်ားတို့သဘော ဘယ်လိုရှိတယ်၊ လိုချင်တာရှိရင် မျက်နှာချိုသွေးတာ စသဖြင့် ပြောသံဆိုသံ ကြားရပေဦးမည်။

မစွန်းရင်းကရှိ၊ ကန်စွန်းခင်းကငြိ ဆိုသကဲ့သို့ နဂိုကတည်းက သူ့ကို တိတ်တခိုးသဘောကျနေခဲ့သည့် ဆောင်းသံစဉ်မှာ ရဲခေါင်၏ ချစ်စကားတွေကို ငြင်းဆန်နိုင်သည့် အင်အားမရှိခဲ့ပေ။

ထို့ကြောင့် အချိန်တိုအတွင်း သူနှင့်ဆောင်းသံစဉ်တို့ ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ချစ်မိခဲ့ရသော ရဲခေါင်၏ တောင်းဆိုမှုများကို ငြင်းဆန်ရန် အင်အားမရှိခဲ့ခြင်းကပင် ဆောင်းသံစဉ်အတွက် အမှားများ ဖြစ်ခဲ့ရသည်။

ချစ်လွန်းလို့ ပုံအပ်ခဲ့ခြင်းဖြစ်ပေမယ့် သူကတော့ ဆောင်းသံစဉ်ကို အတွေ့မခံတော့ဘဲ ရှောင်ပုန်းနေခဲ့သည်။ ဒီကြားထဲ ဖြူဖြူအေးများ ရိပ်မိသွားမလား၊ နောက်ဆက်တွဲပြဿနာ ဘယ်တော့ပေါ်လာမလဲဟု စိုးရိမ်စိတ်များဖြင့် တထိတ်ထိတ်ဖြစ်နေခဲ့ရ၏။

+ + +

''ငါ့ကို ခွင့်မလွှတ်ပါနဲ့ ဖြူဖြူရယ်၊ ငါသေပါရစေ၊ သေပါရစေ''

''တော်စမ်း.....ဆောင်း''

စိတ်ကြမ်းလူကြမ်းအဖြစ် ငေးကြည့်နေခဲ့သည့် ဖြူဖြူအေးကိုကြည့်ရင်း ဆောင်းသံစဉ်မှာ ရင်ထဲမှ ခံစားချက်များကို ဆက်မပြောဝံ့ခဲ့ပေ။ ဖြူဖြူအေးက ဆောင်းသံစဉ်ကို ကြေကွဲစွာ သိုင်းဖက်ထားရင်း မျက်ရည်များ ကျနေခဲ့ရသည်။

ယောကျ်ားများသည် ငါ့ရည်းစားပဲ၊ ငါ့ချစ်သူပဲဟူသောအတွေးဖြင့် ချစ်သူ၏ ပန်းကောင်းအညွှန့်ကို အလွယ်တကူချိုးခဲ့သည်။ ပြီးလျှင် ယောကျ်ားပီပီ တာဝန်ယူဖို့မစဉ်းစားဘဲ လူယုတ်မာစိတ်ဖြင့် ထွက်ပြေးကြသည်။

ဤကိစ္စသည် မိန်းမသားတစ်ယောက်အတွက် ဘဝနှင့်ယှဉ်၍ ရင်းနှီးခဲ့ရသည့် အရှက်ဖြစ်သည်။ အလိုလောဘနှင့် အတ္တကြီးခဲ့သော ယောကျ်ားသားများက မိန်းမသားဘဝကို စာနာမှုမရှိခဲ့ပေ။

ဖြူဖြူအေးက ငါးစာကိုမြင်ပြီး ငါးမျှားချိတ်ကိုမမြင်သော ဆောင်းသံစဉ်ကိုလည်း စိတ်ရှိလက်ရှိ ပြောဆိုပစ်လိုက်ချင်သည်။ သို့သော် ထိုကဲ့သို့ မလုပ်ရက်ပေ။ နဂိုကတည်းကမှ သေဖို့တတွတ်တွတ်ပြောဆိုနေသော ဆောင်းသံစဉ်သည် သူမ၏ အပြစ်စကားတစ်ခွန်းအောက်၌ ပို၍ အရှက်ရကာ ဘဝကို ဆုံးရှုံးခြင်းခံလိုက်ပေတော့မည်။

တစ်သက်လုံး ရပ်တည်သွားရမည့် ဘဝအရှက်ထက် လူ့လောကထဲသို့ အပြစ်ကင်းစင်စွာ ရောက်ရှိလာရတော့မည့် လူသားက ပို၍ အရေးကြီးနေသည်ကို သတိပြုမိလိုက်ရ၍ ဆောင်းသံစဉ်အတွက် ဖြူဖြူအေးက စာနာစိတ်ထားရင်း ယောကျ်ားဆိုးများကို မည်သို့တုံ့ပြန်ရမည်ကိုသာ တွေးနေခဲ့မိ၏။

ရှင်လွန်းမယ်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## အုပ်ထိန်းသူက ဖြားယောင်းသွေးဆောင်မှုနဲ့တိုင်ကြားတဲ့ ရွယ်တူချင်း နိုးယူပေါင်းသင်းမှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်တွင် အမျိုးသမီးတစ်ဦးအား သွေးဆောင်ဖြားယောင်း အတင်းအဓမ္မ အနိုင်အထက်ပြုကာ နိုးယူပေါင်းသင်းခဲ့၍ အုပ်ထိန်းသူများက ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၃-၃-၂၀၁၄ ရက်နေ့၊ နံနက် ၃ နာရီ ၃၀ မိနစ် အချိန်ခန့်က ဦး---(၂၅ နှစ်)၊ (အရောင်းအဝယ်)၊ ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်နေသူ၏ မိခင် ဒေါ်---က ဖုန်းဖြင့်ဆက်သွယ်ပြီး ညီမဖြစ်သူ မ---၊ (၁၈ နှစ်)၊ ဒဂုံမြို့နယ်နေသူမှာ နေအိမ်မှပျောက်ဆုံးသွားကြောင်း ပြောပြခဲ့သည်ဆို၏။

အကြောင်းကြားချက် လက်ခံရရှိပြီးနောက် ညီမဖြစ်သူ မ--- နှင့် အဒေါ်ဖြစ်သူ ဒေါ်---တို့က လိုက်၍ရှာဖွေခဲ့ကြရာ မင်းခန့်၊ (၁၈ နှစ်)၊ တိုက်(၉)၊ အခန်း (၁၂)၊ --အိမ်ရာဝင်း၊ ဒဂုံမြို့နယ်နေသူက အတင်းအဓမ္မ သွေးဆောင်ဖြားယောင်း၍ အနိုင်အထက်ပြုကာ နိုးယူပေါင်းသင်းနေကြောင်း စုံစမ်းသိရှိခဲ့ရသည်ဆို၏။

ဦး---က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် ဒဂုံမြို့မရဲစခန်း (ပ) ၄၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၆၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် အောင်ဇော်မိုးက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေး၍ အမှုတည်ဆောက်လျက်ရှိကြောင်း သတင်းရရှိသည်။

## အရက်မူးရန်ဖြစ်ချိန်မှာ အသင့်ပါလာတဲ့ဓားနဲ့ အူထွက်သည်ထိ ထိုးခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် အရက်မူးပြီး စကားများရန်ဖြစ်ကြစဉ် အသင့်ပါလာသောဓားဖြင့် ထိုးခဲ့သဖြင့် အူထွက်ဒဏ်ရာရရှိသည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၈-၃-၂၀၁၄ ရက်နေ့၊ ည ၁၁ နာရီ၊ ၅၀ မိနစ်အချိန်က ဦးကျော်ဇော (၆၄ နှစ်)၊ (အရောင်းအဝယ်)၊ ကျိုက္ကဆံဝန်ထမ်းအိမ်ရာ၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေသူသည် ၎င်း၏နေအိမ်တွင်ရှိနေစဉ် အိမ်ချင်းကပ်လျက်နေထိုင်သူ ဦးတင်စိုး၏ ပြောပြချက်အရ ၎င်း၏နေအိမ်ရှေ့တွင် ဦးကျော်ဇော၏သားဖြစ်သူ တင်ထွန်းလေး (၃၃ နှစ်)မှာ ဓားထိုးခံရ၍ အူများထွက်နေသည်ဟု သိရှိခဲ့ရသည်။

ဦးကျော်ဇောက သွားရောက်ကြည့်ရှုရာ သားဖြစ်သူ တင်ထွန်းလေးမှာ ယာဘက်ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိလျက် အူများထွက်နေသည်ကို တွေ့ရှိခဲ့ရ၍ မေးမြန်းခဲ့ရာ သားဖြစ်သူနှင့် ခင်ဇော် (၃၈ နှစ်)၊ (ကျပန်း)၊ ကျိုက္ကဆံဝန်ထမ်းအိမ်ရာ၊ တာမွေကြီး (ခ)ရပ်ကွက်၊ တာမွေမြို့နယ်နေသူတို့ အရက်မူးပြီး စကားများခဲ့ကြစဉ် ခင်ဇော်က အသင့်ပါလာသော အရိုးအသွား (၈)လက်မခန့်၊ ဖြက် (၁) လက်မခန့်ရှိ ကော်ရိုးတပ် ဓားဦးချွန်ဖြင့် ထိုးခဲ့၍ ရရှိသောဒဏ်ရာဖြစ်ကြောင်း သိရှိခဲ့ရသည်။

ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ဆေးကုသမှု ခံယူခဲ့ရသောကြောင့် ဦးကျော်ဇောက တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် တာမွေမြို့မရဲစခန်း (ပ)၁၂၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၂၆ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ဒုရဲအုပ် အောင်ဗိုလ်ဗိုလ်က ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ဝန်သုံးလရှိမှ မူးမေ့စေသော အချိုရည်တိုက်ပြီး အဓမ္မပြုကျင့်မှုကို တိုင်ကြားအရေးယူခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်တွင် သူငယ်ချင်းဖြစ်သူနှင့် အလည်လိုက်သွားခဲ့သူ မိန်းမပျိုကို သူငယ်ချင်းဖြစ်သူ၏ မိတ်ဆွေလူငယ်အမျိုးသားက မူးယစ်စေသော ဆေးဝါးများ ဖျော်စပ်ထားသည့် အချိုရည် တိုက်ကျွေးခဲ့သဖြင့် အိပ်ပျော်သွားခိုက် သားမယားအဖြစ် ပြုကျင့်ခဲ့ရာ ကိုယ်ဝန်သုံးလရှိမှ မိဘ များကသိရှိ၍ အရေးယူခဲ့ရမှု ဖြစ် ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၁၆-၁၁-၂၀၁၃ ရက်နေ့က ဒေါ်---(၃၅ နှစ်)၊ တာမွေမြို့နယ်နေသူ၏ သမီးဖြစ်သူ မ---၊ (၁၇ နှစ်)သည် သူငယ်ချင်းဖြစ်သူ မဖြူဖြူသိန်းထွေး၊ မိုးကောင်း၊ ရန်ကင်းမြို့နယ်နေသူနှင့်အတူ တိုက်ကြီးသို့ အလည်လိုက်သွားခဲ့သည် ဆို၏။

၎င်းတို့သည် တိုက်ကြီးမြို့ ရှမ်းစုရပ်ကွက်၊ အမေ့အိမ်တည်းခိုခန်း၌ တည်းခိုနေထိုင်စဉ် မဖြူဖြူသိန်းထွေး၏ မိတ်ဆက်ပေးခဲ့မှုကြောင့် ချစ်မင်းဆိုသူနှင့် သိကျွမ်းခဲ့သည် ဆို၏။

စတင်သိကျွမ်းခဲ့သူ ချစ်မင်းက တည်းခိုခန်းသို့ ၁၇-၁၁-၂၀၁၃ ရက် နေ့ (သန်းခေါင်ကျော်)နံနက် ၀၀း ၃၀ နာရီအချိန်၌ ရောက်ရှိလာခဲ့ပြီး မ---အား အချိုရည်တိုက်ခဲ့သည်။ မ---မှာ အချိုရည်သောက်ပြီး မူးမေ့သွားစဉ် အလိုမတူဘဲ သားမယားအဖြစ်ပြုကျင့်ခြင်းခံခဲ့ရသည် ဆို၏။

သမီးဖြစ်သူမှာ ကြောက်ရွံ့ပြီး မိဘများအား ပြောဆိုခဲ့ခြင်းမရှိဘဲ ယခု ကိုယ်ဝန်သုံးလခန့်ရှိမှသာ မိဘ များ သိရှိခဲ့ရခြင်းဖြစ်ကြောင်း ပြော ပြခဲ့သည်။

အချိုရည်တိုက်ပြီး ကာမရယူခဲ့သူ ချစ်မင်းနှင့် မဖြူဖြူသိန်းထွေးတို့အပေါ် အရေးယူပေးရန် ဒေါ်--- က တရားလိုပြုလုပ်တိုင်တန်းခဲ့၍ တိုက်ကြီးမြို့မရဲစခန်း (ပ)၇၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၆/၃၆၆/၁၁၄ ဖြင့် အမှုရေးဖွင့်ပြီး အမှုစစ် ရဲအုပ်သန်းဦးက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

BURMESE CLASSIC .com

## အသက် (၁၄)နှစ်၊ တစ်လအရွယ်ရှိ မိန်းကလေးကို ချောင်းသာသို့ခေါ်သွားပြီးပေါင်းသင်းနေလို့ ဖခင်ဖြစ်သူက အမှုဖွင့်တိုင်ကြားခဲ့မှု

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်အတွင်း မိဘအုပ်ထိန်းမှုအောက်ရှိ အသက်မပြည့်သေးသည့် အရွယ်မရောက်သေးသူ မိန်းကလေးတစ်ဦးအား ချောင်းသာဘက်သို့ ခေါ်ဆောင်သွားပြီး သားမယားအဖြစ် ခိုးယူပေါင်းသင်းခဲ့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၅-၃-၂၀၁၄ ရက်နေ့၊ မွန်းလွဲ ၁၂ နာရီ၊ ၃၀ မိနစ်အချိန်ခန့်က ဦး---(၆၅ နှစ်)၊ ဝဇီရာ(-)လမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေသူသည် နေအိမ်၌ရှိနေစဉ် သမီးဖြစ်သူ မ---(၁၄ နှစ်)(၁)လသည် မုန့်သွားစားမည်ဟုပြောဆိုကာ နေအိမ်မှထွက်သွားခဲ့သည်ဆို၏။

ည ၈ နာရီ ၃၀ မိနစ်အချိန်ရောက်သည်အထိ မ---မှာ နေအိမ်သို့ ရောက်ရှိလာခဲ့ခြင်းမရှိသောကြောင့် လိုက်လံစုံစမ်းခဲ့ကြရာ တစ်ရပ်ကွက်တည်းရှိ ဝဇီရာ(၆)လမ်းနေ မင်းဇော်က ချောင်းသာဘက်သို့ ခေါ်ဆောင်သွားပြီး သားမယားအဖြစ် ပေါင်းသင်းနေထိုင်ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မင်းဇော်အား အရေးယူပေးပါရန် ဦး---က တရားလိုပြုလုပ်တိုင်တန်းခဲ့သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်း (ပ)၁၆၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် တင်ဝင်းထွန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းစီးပွား **အခက်အခဲ** **အနှောင့်အယှက်**၊ ပြိုင်ဘက်၊ရန်ဘက် ကြုံတွေ့တတ်သည်။ အထူးသတိထားပါ။ **မိမိ၏စီးပွားရေးဈေးကွက်**အတွင်းသို့ဝင်ပြီး လျှော့ဈေးနှင့်ရောင်းတတ်သည်။ ပညာသင်များ **ပညာရေးကြိုး**စားပါ။ စိတ်လေလွင့်မနေပါနှင့်။ ကြိုးစားမှ အောင်မြင်မည်။

**ကံကောင်းအရောင်** ခဲရောင်၊ သက်တံ့ရောင်ဝမ်းဆက် **ဝတ်ဆင်ပါ။**
**အချစ်ရေး** ခေတ္တအချစ်မျိုးမဟုတ်၊ **ထာဝရချစ်သူဖြစ်မည်။**
**ကျန်းမာရေး** နှလုံး၊ လေးဘက်နာ၊ ကျောက်ကပ် **သတိထားပါ။**
**ထီထိုးရန်** (က) ၄–၅၊ (ခ) ၄–၇၊ (ဂ) ၄–၉။
**ယတြာ** မွေးနံထောင့်တွင် ငွေပုံ့သကူလှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ရန်ဖြစ် မကောင်းကံသတ် ငါကံကောင်းပြီကွဟု စိတ်ကမှတ်ပြီး လုပ်ငန်းလုပ်ပါ။ အောင်မြင်မှုရမည်။ စိတ်ပျော့၊ စိတ်ညံ့၊ စိတ်အားငယ်မှုများကို ဖယ်ထုတ်ပါ။ ရာထူး၊ နေရာ၊ ဌာန တိုးတက်မှုရှိမည်။ အလုပ်မပျက်သင့်ပါ။ ပညာရေးကောင်းပြီး လူမှုရေးညံ့ကာ စီးပွားရေးကောင်းမည်။

**ကံကောင်းအရောင်** အဖြူထဲတွင် အဝါ၊ အပြာပန်းပွင့်ပါသောအရောင် ဝတ်ဆင်ပါ။
**အချစ်ရေး** ချစ်သံသယစိတ် ဖျောက်လိုက်ပါ။ သင့်အတွေးအခေါ် လွဲချော်နေသည်။
**ကျန်းမာရေး** အရိုးအက်၊ အရိုးပွရောဂါ သတိထားပါ။
**ထီထိုးရန်** (ဃ) ၅–၃၊ (င) ၅–၄၊ (စ) ၅–၉။
**ယတြာ** အိမ်ဘုရားတွင် အလင်းတိုင်၊ **အမွှေးတိုင်**၊ ရေသက်စေ့ ကပ်လှူပါ။

BURMESE CLASSIC

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘေးအပေါင်း၊ **ရန်အပေါင်း** အန္တရာယ်အပေါင်း ကင်းလွတ်ပြီမှတ်လိုက်ပါ။ စီးပွားရေးတွင် ငွေများများစိုက်ထုတ်ပြီး မရင်းနှီးသင့်ပါ။ သဲထဲရေသွန်ဖြစ်ကိန်းမြင်သည်။ ခရီးဝေးမသွားပါနှင့် ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီး ထိခိုက်တတ်သည်။ အထူးသတိထားပါ။ ရတနာပုံဆိုက်ကိန်းမြင်သည်။

**ကံကောင်းအရောင်**ရွှေဖလားရောင်၊ ငွေဖလားရောင်တွင် ဘော်ကြယ်ထိုး၍ ဝတ်ဆင်ပါ။
**အချစ်ရေး** ချစ်သူများနေသော်လည်း ချစ်သူအစစ် မတွေ့တတ်ပါ။
**ကျန်းမာရေး** နှလုံးတုန်၊ ရင်ခုန်၊ သွေးတိုးရောဂါ သတိထားပါ။
**ထီထိုးရန်** (တ) ၁–၈၊ (ထ) ၁–၅၊ (ဒ) ၁–၇။
**ယတြာ** ကျိုက်ထီးရိုးသွားမည့် ဘုရားဖူးများကို ငွေလှူဒါန်းလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ထူးခြားမှုမှာ တစ်ဆို့တားဆီးနေသော လုပ်ငန်းရန်ဘက်မှ သူ့အမှားကို ဝန်ခံလာတတ်သည်။ အိမ်၊ တိုက်၊ ခြံ၊ မြေပွဲစားလုပ်ငန်းများ ကံကောင်းနေမည်။ ဘာပဲလုပ်လုပ် သတိထားရန်လိုပါသည်။ လူမှားပြီး ရိုက်ခြင်းခံရတတ်သည်။ ညဘက်အပြင်မထွက်သင့်ပါ။ ရှောင်လိုက်ပါ။

**ကံကောင်းအရောင်** ရွှေအိုရောင်၊ မရမ်းစေ့ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** သင့်အချစ်က သုံးရာသီလုံး အရောင်ပြောင်းတတ်သူမျိုးဖြစ်သည်။

**ကျန်းမာရေး** ဆီးကျန်၊ ဆီးပူ၊ ဆီးညှောင်းကျရောဂါရတတ်သည်။ သတိပြုပါ။

**ထီထိုးရန်** (က) ၃-၂၊ (ဃ) ၃-၉၊ (စ) ၃-၈။

**ယတြာ** မရှိဆင်းရဲသူများကို အဝတ်အစား ဒါနပြုပေးပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အရက်၊ ဖဲ၊ မိန်းမမှုတို့ကြောင့် အမှုအခင်းဖြစ်ပြီး အချုပ်အနှောင်ခံရကိန်းမြင်သည်။ သတိနှင့်နေထိုင်ပါ။ မိမိတီထွင်ကြံဆထားသော အနုပညာ၊ တေးသီချင်း၊ ဒီဇိုင်း၊ ဝတ္ထုဇာတ်လမ်းတို့ကို ခိုးယူ၊ ဖက်ယူတတ်သည်။ ပညာရေးကောင်းပြီး လူမှုရေးညံ့ကာ စီးပွားရေးအထူးကောင်းနေမည်။

**ကံကောင်းအရောင်** နက်ပြာ၊ စိမ်းပြာဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** အချစ်နှင့်ဝေးဝေးတွင်နေရပြီး လွမ်းနေရတတ်သည်။

**ကျန်းမာရေး** ဝမ်းချုပ်၊ ဆီးချုပ်ဖြစ်တတ်သည်။

**ထီထိုးရန်** (န) ၂-၄၊ (ပ) ၂-၈၊ (ဗ) ၂-၅။

**ယတြာ** အထက်စက်တော်ရာဘုရားတွင် ပိုးသင်္ကန်း၊ ကတ္တီပါချုံထည်လှူပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း စီးပွားရေးလုပ်ငန်းများ ရပ်တန့်သွားမည်။ အမြတ်တော်ကြေးကိစ္စနှင့် လူမှုဖောက်ပြန်မှုကိစ္စပေါ်ပေါက်တတ်သည်။ သတိထားပါ။ အမှုအခင်း၊ တရားတပေါင် အရှုပ်အရှင်းပေါ်တတ်သည်။ အနေအထိုင်၊ အသွားအလာ ဆင်ခြင်ပါ။ မိဘဆွေမျိုးညာတိတို့နှင့် စီးပွားအတူတွဲလုပ်လျှင် အကျိုးရှိ အကြောင်းထင်လာမည်။

**ကံကောင်းအရောင်** မဲနယ်ရောင်၊ လိမ္မော်ရောင်ဝမ်းဆက် ဝတ်ဆင်ပါ။

**အချစ်ရေး** ချစ်သူနှစ်ဦးကြား အဖျက်ပေါ်တတ်သည်။ သတိရှိပါ။

**ကျန်းမာရေး** နှလုံးသွေးကြောကျဉ်းခြင်း၊ အာရုံကြော၊ ဇက်ကြောတင်းခြင်း ဖြစ်တတ်သည်။

**ထီထိုးရန်** (ပ) ၆-၄၊ (ယ) ၆-၈၊ (ရ) ၆-၉။

**ယတြာ** ဆွမ်းအတွက် သံဃာတော်များကို နဝကမ္မအလှူငွေလှူပါ။